# တိုင်းပြည်အနာဂတ်ကိုထုဆစ်ခြင်း

ခံတားမှုအတွေးတစု

ကိုကိုလင်း(အမေ့အိမ်)





ကြာသည် ရွံ့ညွန်၌ သန္ဓေတည်၏။ ထို့နောက် ထိုရွံ့ညွန်တို့ကို ထိုးဖောက်ထွက်ကာ ရေပေါ်၌ လှလှပပဖူး၏။ ပွင့်၏။ ကြာ၏ အခက်အခဲများကြားမှ မဆုတ်မနစ် ရုန်းထွက်သွားပုံလေးက ဘဝအခက်အခဲ၊ အဆီးအတားများကြောင့် စိတ်ပျက်အားငယ်မိနေတတ်သည့် ကျွန်တော်တို့အတွက် ဘဝအားမာန်ဖြစ်စေသည်။

(ရှင်သန်ခြင်း–မှ)

မိဘများသည် လက်ဦးဆရာများ ဖြစ်သည်နှင့်အညီ မိမိတို့သားသမီးများအား ငယ်စဉ်ကလေးဘဝမှစ၍ အမူအကျင့်ကောင်းလေးများကို သင်ကြားပြသပေးကြရပါမည်။

(ချစ်ပါ မနှစ်ပါနဲ့–မှ)

အချိန်ကို တန်ဖိုးထားသူသည် မိမိဘဝကို တန်ဖိုးထားရာလည်း ရောက်၏။ သို့ရာတွင် ကိုယ့်အချိန်ကို တန်ဖိုးထားသလို သူတစ်ပါး၏ အချိန်ကိုလည်း လေးစားတတ်ဖို့တော့ လိုပေလိမ့်မည်။

(အချိန်ယဉ်ကျေးမှု–မှ)

# တိုင်းပြည်အနာဂတ်ကို ထုဆစ်ခြင်း

(ခံစားမှုအတွေးစာစု)

ကိုကိုလင်း(အမေ့အိမ်)

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေခြင်း**

ပထမအကြိမ်

**ထုတ်ဝေသည့်ကာလ**

ဩဂုတ်လ၊ ၂၀၁၇။

**ထုတ်ဝေသူ**

ဒေါ်သီတာအေး၊ ခရီးလမ်းစာပေ (၀၁၄၄၁)

အမှတ် ၈၅၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

Main ပုံနှိပ်တိုက်(၀၁၁၁၉)

၁၉၁၊ ၃၉ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ဖြန့်ချိရေး**

၇၇၇၇ – စာပေ၊ ၃၈ လမ်းပလာဇာ

၃၈ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။

ဖုန်း– ၀၉၃၃၀၁၃၀၂၃၊ ၀၉၂၅၀၂၆၅၉၂၅။

**အုပ်ရေ–၁၀၀၀**

**တန်ဖိုး–၂၅၀၀**

# မာတိကာ

## မျိုးဆက်သစ်ပျိုးထောင်ရေး


၁။ မျိုးစေ့မှန်၍ အပင်သန်ပါစေ [redacted]
၂။ ဝါသနာနှင့်ယှဉ်ကြည့်ရာ [redacted]
၃။ အရောင်အသွေးစုံသော လောကဥယျာဉ်ဆီသို့ [redacted]
၄။ အရောင်မဆိုးကြစေချင်ပါ [redacted]
၅။ အရှုံးနှင့် မိတ်ဖွဲ့ခြင်း [redacted]
၆။ သွန်သင်မှုမပါသော ဆုံးမမှုများ [redacted]
၇။ ချစ်ပါ မနှစ်ပါနဲ့ [redacted]
၈။ လူငယ်တို့အတွက် ကဗျာလက်ဆောင် [redacted]
၉။ ရှင်သန်ခြင်း [redacted]


## ဆရာပျိုးထောင်ရေး


၁၀။ ဆရာဆိုတာ တပည့်တို့အတွက်စံပြ [redacted]
၁၁။ တိုင်းပြည်အနာဂတ်ကို ထုဆစ်ကြသူများ [redacted]
၁၂။ မေးခွန်းမေးခြင်း ယဉ်ကျေးမှု [redacted]
၁၃။ ဆရာနှင့် မေးခွန်းမေးခြင်း [redacted]
၁၄။ စာမစီကုံးမီ [redacted]
၁၅။ ရင်ထဲရောက်ဖို့လိုနေသော မြန်မာစာ [redacted]
၁၆။ ကဗျာခံစားမှုမှသည် အနာဂတ်လူ့ဘောင်ဆီသို့ [redacted]

၁၇။ အရသာပျက်သွားသော ကော်ဖီတစ်ခွက်
၁၈။ စေတနာ
၁၉။ မျိုးဆက်သစ်များအတွေးမြင့်မားကြစေဖို့
၂၀။ ပညာရေးမှာ ပြင်စရာ

## ကိုယ့်ကိုယ်ကိုယ် ပျိုးထောင်ရေး

၂၁။ ရွေးချယ်မှုနှင့် ကိုယ်ကျင့်တရား
၂၂။ ရွေးချယ်မှုအနုပညာ
၂၃။ အတွေ့အကြုံထဲက ၁၀၀၀ကျပ်တန် သင်ခန်းစာ
၂၄။ စာပေချစ်စိတ်မှသည် အနာဂတ်တိုင်းပြည်သို့
၂၅။ ကွက်လပ်ဖြည့် မှန်ပါစေ
၂၆။ ကလေးတွေ ကျောင်းနေပျော်ပါစေ
၂၇။ လူ့တန်ဖိုး
၂၈။ လူထဲက လူတွေ
၂၉။ အချိန်ယဉ်ကျေးမှု
၃၀။ ပျက်အစဉ် ပြင်ခဏာ

# ရင်ဖွင့်စကား

ကျွန်တော်သည် စာပေပညာရှင်ကြီး မဟုတ်ပါ။ ကျောင်းဆရာတစ်ဦးသာဖြစ်ပါသည်။ ထို့ကြောင့်လောကကို ကျောင်းဆရာအမြင်ဖြင့် ကြည့်မြင်မိသည်။ ဆရာဘဝအတွေ့အကြုံ အတွေးအမြင်လေးတွေကို မဂ္ဂဇင်း၊ စာစောင်များတွင် ရေးဖြစ်ခဲ့ပါသည်။ (စာမူများကိုဖော်ပြပေးခဲ့သော အယ်ဒီတာများကိုလည်း ကျေးဇူးတင်မိပါသည်)။ ယခု ထိုရေးမိသမျှတွေထဲက ကောင်းနိုးရာရာတို့ကို ရွေးထုတ်ကာ မျိုးဆက်သစ်လူငယ်များ၊ မိဘဆရာများအတွက်ရည်ရွယ်ပြီး ဤ 'တိုင်းပြည် အနာဂတ်ကို ထုဆစ်ခြင်း' ခံစားမှုအတွေးစာစုကို ဖန်တီးလိုက်ပါသည်။

ဤစာအုပ်လေးဖြစ်မြောက်အောင် မအားသည့်ကြားက အမှာစာရေးပေးကြသော ဆရာကြီး ဒေါက်တာခင်ဇော်နှင့် ဆရာကြီး တက္ကသိုလ်စိန်တင်၊ စကားပြေရေးဖို့ တိုက်တွန်းအားပေးခဲ့သော ဆရာမကြီး စိမ့် (ပညာရေး)နှင့် တီချယ်ချို၊ ကျွန်တော့်စာလေးတွေကို ဖတ်ရှုပေးခဲ့သော တီချယ်နိုင်၊ တီချယ်သီတာနှင့် မိတ်ဆွေများ၊ အစစအရာရာ ကူညီပေးခဲ့သော ဆရာဆူးခေတ်တို့ကို ဤစာအုပ်နှင့်အတူ ကျေးဇူးမှတ်တမ်းတင်လိုက်ရပါသည်။ ထို့အပြင် မရှိသည့်ကြားက ထုတ်ဝေသည်ကို နားလည်ပေးခဲ့သော ဇနီးကိုလည်း ကျေးဇူးအထူးတင်ပါသည်။ စာပေရေးသားနိုင်အောင် ပြုစုပျိုးထောင်ပေးခဲ့ကြသော မိဘဆရာအပေါင်းတို့ကို ဦးတင်ရှိခိုးလိုက်ပါသည်။

ဤစာအုပ်လေးက စာဖတ်သူတို့အတွက် တစ်စုံတစ်ရာကျန်ရှိနေပါစေဟု ဆန္ဒပြုလိုက်ပါသည်။

မေတ္တာမွန်ဖြင့်
ကိုကိုလင်း (အမေ့အိမ်)

# မှတ်တမ်းစကား

ကိုကိုလင်း (အမေ့အိမ်)၏ ဆောင်းပါးစုစည်းမှုဟူသော ပညာရေးစာစုအပုဒ် သုံးဆယ်ကို မိုးအေးအေးတွင် တစ်ထိုင်တည်း ဖတ်ကြည့်မိသည်။ ကောင်းပါ၏။ ယခင်က ကဗျာစပ်သန်လေသော ဆရာကလေးဟုသာ သူ့ကို ထင်မိခဲ့သည်။ စကားပြေလည်း အတော်သေသေသပ်သပ် လှလှပပရေးပြသွားခဲ့လေသည်။ တော်လှ၏။ တော်သည်၊ ကောင်းသည်ဟု သူနှင့် သူ့စာကို အားရပါးရ ဝမ်းပန်းတသာ ချီးကျူးဂုဏ်ပြုရင်း လူငယ်ခြေသွက်ကလေးများ၏ခေတ် ရောက်လာခဲ့ပြီဟု ကြိုဆိုလိုက်ရပါသည်။

တက္ကသိုလ်ဆရာကလေး သက်ကိုကိုထွေးဟု သိခဲ့သည့် ကိုကိုလင်း (အမေ့အိမ်)နှင့် ယခင်လေးငါးနှစ်ခန့်ကမှ ခင်မင်ရင်းနှီးမှုရခဲ့သည်။ တက္ကသိုလ် ပွဲလမ်းသဘင် ဖန်ရှင်များနှင့် ဟောပြောပွဲများအတွက် အိမ်တိုင်ရာရောက် ပို့ဆောင်ခေါ်ငင် ဒုက္ခခံပေးခဲ့သူပင်တည်း။ တက္ကသိုလ်ဆရာ/ဆရာမကလေးများဖြစ်ကြသည့် သူနှင့် မအိတို့ နှစ်ဦးမှာ ဤသို့သော ပို့ဆောင်ဆက်သွယ်ရေး အေးဂျင့်ကြီးများဖြစ်လာခြင်းကြောင့် မကြာခဏ မိမိနှင့်တွေ့ဆုံရပြီး အသက်အရွယ် နှစ်လေးငါးဆယ်ကွာ လှမ်းနေပါလျက် သွက်သွက်ပြင်းပြင်း ဆရာရင်းတပည့်ရင်းများ ဖြစ်ကုန်ကြလေတော့သည်။ ကိုကိုလင်းနှင့် သူ့ဆရာရင်းတို့မှာ ရင်တွင်းအနာလည်းတူ လောကအမြင်ပြင်းရှမှုကလည်း တူကြပြန်တော့ရာ တွေ့ဆုံသည်နှင့် ကြုံရာလေကန် မပြန်နိုင်ဖြစ်တတ်ပြီး လေအဖြတ် လွန်မင်းစွာခက်တတ်လေ့ရှိလေသည်။

ကိုကိုလင်း(အမေ့အိမ်)၏ စာများကို ဖတ်မိ၍နှစ်သက်အားရ

သဘောကျသည်က တစ်မျိုး၊ မိမိကိုယ်မိမိ မကျေမနပ် မအီမလည် ခံစားချက်ကလေးများကတစ်သွယ်၊ ပေါ်ထွက်ဝေစည်လာသည်။ ဆရာနှင့် တပည့်တွင် ဆရာက တရားလောက်သာ အဟောသန်၍ တပည့်က တိုတိုတည့်တည့် မဝေ့မဝိုက်၊ တိုက်ရိုက်ဖေါ်ညွှန်းတတ်၏။ အား နာမှုကဲပြီး Theoretical Education ခေါ် ပညာရေး(စာတွေ့) သီအိုရီအထူးပြုသည့် ဆရာက တရားစောင်းပေးဟောရင်း ညောင်းပြီး မောသရစ်သာ အဖတ်တင်သည်။ အရေးရှင်းသည့် တပည့် ကိုကိုလင်းက သင်ကြားပြသမှု နည်းပညာအထူးပြုခဲ့သူပီပီ အရေးကပါ ရှင်းလင်းလှရာ လွန်စွာဖတ်၍ သဘောပေါက် ထိရောက်စေပေ၏။

ပညာရေးပညာရပ်ကြီး Pedagogy သည် လွန်စွာ နက်ရှိုင်းပါ၏။ ကျယ်ပြန့်မှုလည်း များစွာရှိလေသည်။ ဤမျှကျယ်ဝန်းနက်ရှိုင်းလှသည့် ပညာရေးပညာရပ်၏ အဓိကသဘောတရားဒဿနများကို လိုတိုရှင်းဆရာခေါ် ကိုကိုလင်း(အမေ့အိမ်)က လိမ္မာပါးနပ်စွာ အတို့အထိ၊ အဖော့အဖိ၊ မိမိရရပြသလျက် ကိုယ်တွေ့လက်တွေ့ ဥပမာများနှင့် ထုံမွမ်းရှင်းလင်းဖော်ညွှန်းထားသည်မှာ ''တော်ပါပေ ဟေ့ မောင်လင်းရေ''ဟု ဟစ်ကြွေး ဩဘာပေးရန်သာရှိပါတော့သတည်း။

ဒေါက်တာခင်ဇော်
ပါမောက္ခချုပ်(ငြိမ်း)
ရန်ကုန်ပညာရေးတက္ကသိုလ်

# ဒီမိုကရေစီ ပညာရေးအတွက် တောထွက်ကောင်းတဲ့ ကိုကိုလင်း(အမေ့အိမ်)

(၁)

'တိုင်းပြည်အနာဂတ်ကို ထုဆစ်ခြင်း၊ ခံစားမှုအတွေးစာစု' ဆိုသော စာမူဖိုင်တစ်ခုကို ဆရာကိုကိုလင်း(အမေ့အိမ်)က စာရေးသူထံ လာပို့သည်။ အမှာရေးပေးပါဟုလည်း မေတ္တာရပ်ခံပါသည်။

ကိုကိုလင်း၏ ဆောင်းပါးများမှာ ပညာရေးဆိုင်ရာဂျာနယ်၊ မဂ္ဂဇင်းများတွင် ဖော်ပြပါရှိပြီးသော စာမူများဖြစ်၍ ပြောရလျှင် အယ်ဒီတာစားပွဲကို ဖြတ်သန်းပြီးစာမူများ ပြင်ဆင်ပြီးစာမူများဖြစ်သောကြောင့် ဆောင်းပါးအားလုံးမှာ မြန်မာစာအရေးအသား ချောမွေ့ပြေပြစ်လှပေသည်။

ကိုကိုလင်း(အမေ့အိမ်)၏ စာမူများမှာ အားလုံး(၃၀)ပုဒ်တိတိဖြစ်ပြီး ဆောင်းပါးစာမူများမှာ လူငယ်ပညာရေးသဘောတရားကို မီးမောင်းထိုးပြ ရေးသားပြုစုထားသည်ဟု ရှုမြင်သုံးသပ်ရပါသည်။

စဉ်းစားစရာရှိသည်မှာ ဤဆောင်းပါးစာမူမျိုးကို ကိုကိုလင်း (အမေ့အိမ်) ကဲ့သို့ စာရေးသူမျိုးက စာပေစေတနာ၊ စာပေသဒ္ဓါ၊ စာပေကရုဏာဖြင့် ရေးနိုင်မည်ဖြစ်သည်။ အကြောင်းမှာ ကိုကိုလင်း (အမေ့အိမ်) ကိုယ်တိုင်က ကျောင်းဆရာတစ်ဦး ဖြစ်သောကြောင့်ပင်။

အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီက ''စိတ်ကောင်း စေတနာကောင်းရှိမှ စာကောင်းထွက်မည်'' ဟု ဩဝါဒပေးခဲ့သည်။ မှန်ပါပေ၏။ ကိုကိုလင်း (အမေ့အိမ်)၏ စာမူ (၃၀) ပုဒ်လုံးတွင် စာရေး

သူဖြစ်စေချင်သော လောကလူမှုကိစ္စများအပေါ် ကျောင်းဆရာတို့ ရှုမြင်သုံးသပ်ချက် ပုံပိုးကူညီမှုနှင့် ထွန်းကားအောင်မြင်စေချင်သော စိတ်စေတနာ သဒ္ဓါတရားတို့ကို အားသွန်ဖြည့်စွက် ရေးချက်မိမိ ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

(၂)

ကိုကိုလင်း(အမေ့အိမ်)သည် စာပေလောကအတွက် တာထွက်ကောင်းသူဖြစ်ကြောင်း သူ့စာများက သက်သေခံသည်။ ဆောင်းပါးတိုင်းတွင် ပျင်းရိငြီးငွေ့စရာ အရေးအသားကင်း၍ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ရှုနေရသလို စကားပြောခန်းကလေးများ ကြားညှပ်ဖွဲ့နွဲ့ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

ထို့ပြင် ဆောင်းပါးစာမူအားလုံးနီးပါးသည် ပညာရေးဆိုင်ရာကျင့်ဝတ်နီတိ၊ သဘောတရားတို့ကို ဆေးခါးကြီးကျွေးသောပုံမျိုးမဟုတ်ဘဲ စာဖတ်သူဖတ်ချင်လာအောင် ပုံစံအမျိုးမျိုးဖြင့် တင့်တင့်တယ်တယ်၊ ဖွယ်ဖွယ်ရာရာ အနုပညာရသဖြင့် မွှမ်းထုံရေးဖွဲ့ထားသည်ဟု ဤစာရေးသူက ရှုမြင်သုံးသပ်ပါသည်။

(၃)

ချစ်စွာသော စာရှုသူ–

ဤအမှာစာသည် ဆရာကိုကိုလင်း (အမေ့အိမ်)၏ စာအုပ်ကိုကောင်းလှပါကြောင်း ချီးမွမ်းနေခြင်းမဟုတ်ပါ။ သို့သော်–––

ယနေ့ကဲ့သို့ နှစ်(၅၀)အာဏာရှင်စနစ်ကိုကျော်ဖြတ်ခဲ့ပြီး ဒီမိုကရေစီပညာရေးစနစ်သစ် မုခ်ဦးဆီသို့ ချီတက်နေကြသော အချိန် ကာလမျိုးတွင် မြန်မာ့ပညာရေးစနစ်နှင့် မြန်မာ့လူမှုရေးခေတ်သစ်အတွက်

အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ်ကိုကား စာရေးသူကိုကိုလင်း (အမေ့အိမ်) က ထုဆစ်ပုံဖော် ကူညီပေးနိုင်မည်ဟု ဤစာရေးသူ ယူဆပါသည်။

**တက္ကသိုလ်စိန်တင်**

မျိုးဆက်သစ်ပျိုးထောင်ရေး

# မျိုးစေ့မှန်၍ အပင်သန်ပါစေ

(၁)

ကျွန်တော်တို့ရွာမှာ ဒေါ်ပုမဆိုလျှင် မသိသူ မရှိ။ တစ်ရွာလုံး သိကြသည်။ တစ်ရွာလုံးက သူတို့သားအမိကို သနားကြ၏။ ခင်ပွန်းဖြစ်သူ ပိုးထိပြီး ဆုံးသွားကတည်းက ဒေါ်ပုမတစ်ယောက် လူမမည် သမီးငယ်လေးနှင့် လောကထဲ ကျန်ရစ်ခဲ့၏။ သွားသူက သွားလေပြီ။ ထို့ကြောင့် ကျန်လေသူ ဒေါ်ပုမခမျာ သမီးလေးရှေ့ရေးအတွက် ဈေးတောင်းခေါင်းရွက်ကာ ရွာထဲလှည့် ဈေးရောင်းရရှာလေသည်။

"ပဲပြုတ်"ဟူသော ဆွဲဆွဲငင်ငင် လေးလေးပင်ပင် အော်သံကို ကြားလျှင် ဒေါ်ပုမမှန်း ကျွန်တော်တို့ သိကြ၏။ နံနက် ဝေလီဝေလင်း၌ ဒေါ်ပုမ၏ ပဲပြုတ်ဟူသော အသံသည်ပင် ကျွန်တော်တို့အတွက် နှိုးစက် ဖြစ်ပါ၏။ သူ၏အသံကို ကြားသည်နှင့် အမေက "ဒေါ်ပုမ ပဲပြုတ်လာပြီ။ ထတော့။ မျက်နှာသစ်။ စာထကျက်"ဟု နှိုးတော့သည်။ ထိုအခါ ကျွန်တော်သည်လည်း အိပ်ရာက ထရလေပြီ။

ထို့ကြောင့် ရွာထဲရှိ ကျောင်းသားလူငယ်တိုင်းသည် ဒေါ်ပုမ၏ ကျေးဇူးနှင့် မကင်းပေ။

ဘာလိုလိုနှင့် ဒေါ်ပုမ၏ သမီးလေး ချစ်ပုံကလေးပင် လေးငါးတန်း အရွယ်ရောက်လာသည်။ ဒေါ်ပုမကား ရသမျှအလုပ်ကို မညည်းမညူလုပ်၏။ ချစ်ပုံလေးကို ဘွဲ့ရပညာတတ်ကြီး ဖြစ်စေချင်သည့် မိခင်မေတ္တာကား ကြီးမားလှပေ၏။ ချစ်ပုံလေးကလည်း မိခင်ကို သိတတ်၏။ ကျောင်းအားချိန်တွင် မအေကို ဝိုင်းကူ၏။ စာကို ကြိုးစား၏။ ထို့ကြောင့် ချစ်ပုံသည် အတန်းထဲ၌ ဆုရလေ့ရှိ သည်။ ဒေါ်ပုမကတော့ သူ့သမီးအတွက် ပျော်ရွှင်မဆုံး တပြုံးပြုံး ရှိနေ၏။

တစ်နေ့တော့ ဒေါ်ပုမတို့အိမ်ဘက်က ဆူညံသံတွေ ကြားနေရသည်။ ဒေါ်ပုမ၏ ဒေါသသံ၊ ချစ်ပုံလေး၏ ငိုသံတို့ကား ရောထွေးကာ ပေါ်ထွက်လာ၏။ သို့နှင့် အိမ်နီးနားချင်းများက အခြေအနေကို ဝင်ထိန်းပေးရှာသည်။

''ဘာဖြစ်လို့ ကလေးကို ဒီလောက်ရိုက်နေရတာတုံး''

''ကျုပ်က သူ့ကို ပညာတတ်စေချင်လို့ ပင်ပင်ပန်းပန်းနဲ့ ရွာထဲလှည့် ပဲပြုတ်ရောင်းပြီး ကျောင်းထားတာ။ သူက မကြိုးစားဘူးလေ''

''ချစ်ပုံက စာတော်ပါတယ်ဟ။ နှစ်စဉ်လည်း အတန်းထဲ ဆုတွေ ရနေတာပဲ မဟုတ်လား။ ခုဘယ်လိုဖြစ်လို့လဲ''

''သူ ဒီလ အဆင့်တွေ ကျသွားတယ်လေ။ ဒါနဲ့ ကျုပ် ဒေါသ ထွက်လို့ ရိုက်တာ''

''ခုက အဆင့်ဘယ်လောက်မို့တုံး''

''၂''

''ရှေ့လကကော အဆင့်ဘယ်လောက်လဲ''

''၁''

''ဟဲ့ အဆင့်က အဲဒါတက်လာတာလေ။ ကလေးက ပိုတော်လာတာဟဲ့''

"သိပါဘူးတော်၊ ကျုပ်က ၅ ကနေ ၂ ဆိုတော့ ကျသွားတယ် ထင်တာ"

ထိုအခါမှ အိမ်နီးချင်းများလည်း ဟင်းချနိုင်တော့သည်။ ၎င်းအား ထက် ရယ်အားသန်သွားကြ၏။ အဆင့် ၅ ထက် အဆင့် ၂ က သာကြောင်း မသိရှာသော မိခင်ဒေါ်ပုမနှင့် ပညာလိုလားပြီး စာကြိုးစားသော သမီးဖြစ်သူ ချစ်ပုံတို့၏ အဖြစ်ကား ရယ်စရာဟု ဆိုနိုင်ပါ၏။ သို့သော် ရယ်စရာ၏နောက်က မောစရာတို့ ကပ်ပါလာတတ်သည် မဟုတ်လား။ မျိုးစေ့မှန်၍ အပင်သန်အောင် ဒေါ်ပုမ မည်သို့မည်ပုံ ပြုစုပျိုးထောင်လေမည်နည်း။ မျိုးစေ့မှန်၍ အပင်မသန်မှာကို စိုးထိတ်နေမိပါသည်။

(၂)

ကျွန်တော်တို့ သင်ခဲ့ရသော နဝမတန်း မြန်မာစာသင်ရိုးထဲက သင်ခန်းစာတစ်ခုကို ပြေးသတိရမိပါသည်။ အားလုံးနှင့် ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်ပါသည်။ 'မင်းကတော်'။ အမျိုးသားပညာဝန် ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုတိုများထဲမှ ကောက်နုတ်ထားခြင်း ဖြစ်၏။ ဆရာကြီး၏ ရိုးရှင်းပြောင်မြောက်သော အရေးအဖွဲ့များကြောင့် 'မင်းကတော်'ကို ကျွန်တော်တို့ ရင်ထဲ၌ ထိထိခိုက်ခိုက် ခံစားခဲ့ရ၏။ ကိုယ်တွေ့ကို အခြေခံ၍ စိတ်ကူးဉာဏ်ဖြည့်စွက်ကာ တင်ပြပုံကောင်းကောင်းဖြင့် 'မင်းကတော်' ကို သေသပ်လှပစွာ ထုဆစ်ပုံဖော်ထားသည်ကို အားလုံးသိပြီးလည်း ဖြစ်ပါသည်။

မင်းကတော်သည် သားအမိနှစ်ဦးအကြောင်းကို အဓိကပုံဖော်ထားသည်။ သမီးလေးလူမမည်အရွယ်၌ ခင်ပွန်းသည် ဆုံးသွား၏။ ဒေါ်ခင်သည် ဖတဆိုးသမီးလေး ညွန့်မေကို သိပ်ချစ်၍ အလိုလိုက်၏။ သမီး လိုချင်တာမှန်သမျှ မဖြစ်ဖြစ်အောင် ဖြည့်ဆည်းပေးရှာ၏။ မရှိစကား မကြားရအောင် မိခင်တာဝန် ဖခင်တာဝန်ကို ကျေပွန်ခဲ့ရှာ၏။ တဲအိမ်ကလေး၏ရှေ့ကို အဖီလေးဆွဲချ၍ ဒေါ်ခင်သည် ဘူးသီး

ကြော် ရောင်း၏။ ရွာဦးကျောင်းဆရာတော် ဦးကုသလ၏ "ဟဲ့ ဒကာမကြီး။ နင့်သမီး ရာဇဖွားကလေးဟဲ့။ မင်းကတော် ဖြစ်လိမ့်မယ်"ဟူသောစကားသည် ဒေါ်ခင်၏ အိပ်မက်၊ ဒေါ်ခင်၏ မျှော်လင့်ချက် ဖြစ်လာတော့၏။ ထို့ကြောင့် ပင်ပန်းကြီးစွာ ရှာဖွေ၍ ရသမျှသည် ညွန့်မေ၏ ပညာသင်စရိတ်၊ အဝတ်အစားစရိတ်အတွက်သာ ဖြစ်သွားရရှာလေသည်။ မိမိက ဘဝနွံထဲရုန်းကန်နေရသော်လည်း သမီးဖြစ်သူကိုမူ ဘာဆိုဘာမှ မခိုင်းခဲ့ပေ။ မိခင်၏မေတ္တာကား ကြီးမားလှပေစွ။

ဒေါ်ခင်၏ အသက်သည် ညွန့်မေ။ ညွန့်မေဘဝ တောက်ပြောင်လာဖို့က သူ၏ ပန်းတိုင်။ သို့နှင့် သမီးလေးကို ဦးရွှေလူ၏ မြန်မာစာသင်ကျောင်း၌ ထား၏။ ထိုကျောင်းမှ ညွန့်မေ ခုနစ်တန်းအောင်သော် လူကုံထံသမီး ခင်ရွှေနှင့် သန်းမြင့်တို့ ဟင်္သာတမြို့ အင်္ဂလိပ်ကျောင်းတက်ကြသည်ကို အားကျကာ ညွန့်မေသည် မုဆိုးမ မအေကြီးကို အင်္ဂလိပ်ကျောင်းတက်ရဖို့ ပူဆာတော့၏။ ဒေါ်ခင်ခမျာ သမီးပူဆာမနေသာသည့်အတွက် နေရပ်ကို စွန့်ခွာ၍ ဟင်္သာတမြို့သို့တက်ပြီး ဘူးသီးကြော် ရောင်းရပြန်လေသည်။ သမီးလေးကို အင်္ဂလိပ်ကျောင်း၌ လေးတန်းကစထားနိုင်လေ၏။ သို့သော် အတန်းကြီးလာသော ညွန့်မေ၏ အသုံးစရိတ်တို့သည်လည်း ဒီရေအလား မြင့်တက်လာ၏။ ထို့ကြောင့် ဒေါ်ခင်သည် မွန်းတည့်ချိန်မှ ညနေအထိ အထက်တန်းလွှာတို့ဆီမှာ အစေခံလုပ်ရပြန်၏။ မနက် ဘူးသီးကြော်ရောင်းပြီး မွန်းတည့်မှ ညနေအထိ အစေခံလုပ်ရရှာသည့် ဒေါ်ခင်၏ ဘဝသည် ဆူးခင်းလမ်း။ ဖယောင်းလမ်း ဖြစ်ခဲ့သော်လည်း ညွန့်မေ၏ ဘဝသည်ကား ဖဲမွေ့ရာရွှေကော်ဇောနှင့် ပန်းခင်းလမ်းအတိ ဖြစ်ခဲ့ရ၏။ သူ၏ လိုအင်ဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးဖို့ အသင့်ရှိနေသော မိခင်ဒေါ်ခင် ရှိနေသည် မဟုတ်လား။

နောက်ဆုံး၌ ညွန့်မေသည် ဆယ်တန်းအောင်၍ ဟင်္သာတ

စာတိုက်ကြီး၌ စာရေးမအလုပ်ရသည်။ မကြာမီ မြို့အုပ်ဘရွှေနှင့် ချစ်ကြိုက်၍ မြို့အုပ်က အိမ်လည်လာ၏။ မြို့အုပ်က မီးဖိုချောင်ထဲက စုတ်ပြတ်နံချာလှသော ဒေါ်ခင်ကို ဘယ်သူလဲဟုမေးတော့ 'အစေခံ' ဟု ညွန့်မေက ဖြေသည်။ ထို့နောက် မြို့အုပ်နှင့် ညွန့်မေ လက်ထပ်သွား၏။ ဒေါ်ခင်မှုကား ထိုသတင်းကိုသာ ကြားရပြီး မင်္ဂလာပွဲသို့ တက်ခွင့်မရခဲ့ရှာပေ။

ညွန့်မေသည် မြို့အုပ်မင်းက ဒေါ်ခင်ကို အမေမှန်း သိသွားမှာ စိုးရိမ်နေ၏။ ထို့ကြောင့် ဘူးသီးကြော် ရောင်းနေရသည့် မုဆိုးမ အမေအိုကို ဘူးသီးကြော် မရောင်းဖို့ ပြော၏။ ဒေါ်ခင်သဘောပေါက် လိုက်သည်။ သမီးဖြစ်သူက အမေကို အမေဟု အသိမခံလိုတာကို သူသိ၏။ ထို့ကြောင့် တောရပ်ဌာနေသို့ ပြန်သွားခဲ့ရရှာလေသည်။ လေးရက်အကြာ၌ ညွန့်မေသည် အမေ့အိမ်ကို ပြန်လာ၏။ သို့သော် အမေကို မတွေ့။ အိမ်တံခါး စေ့ထားသည်ကိုသာ တွေ့ရ၏။ ရေထမ်းကုလား နာစယားထံမှ ဒေါ်ခင် ရေးပေးခဲ့သော စာကိုဖတ်ပြီး သမီးမိုက်ညွန့်မေ သတိသံဝေဂရလာ၏။ နောင်တရလာ၏။ ထို့ကြောင့် မိမိအဖြစ်ကို လင်တော်မောင်အား ဖွင့်ဟဝန်ခံကာ မိခင်ရှိရာ ကားဖြင့် ထွက်လာခဲ့၏။

ဒေါ်ခင်ဆီသို့ ညွန့်မေတို့ ဇနီးမောင်နှံ ရောက်လေပြီ။ ဒေါ်ခင်ကား သုသာန်တစပြင်ကဲ့သို့ ရှိနေသော တဲစုတ်လေးအတွင်း နီးဖျာစုတ်လေး ပေါ်၌ ပက်လက်ဖြစ်နေပြီ။ အသက်ကိုပင် ရှူရခက်သည့် အခြေအနေ ရောက်နေလေပြီ။ သမီးဖြစ်သူကို မျက်လုံးလေး ဖွင့်ကြည့်ကာ "သမီး လိမ်လိမ်မာမာ နေရစ်နော်"ဟု မှာပြီး ဘူးသီးကြော်သည် အစေခံဘဝ ဖြင့်ပင် ဆုံးသွားရှာလေ၏။ သူ၏ ရင်ဘတ်ပေါ်၌ကား ညွန့်မေ၏ ရက်ချုပ်လေးကို ထွေးပိုက်လို့။

ညွန့်မေသည် မိမိအမှားကို ပြန်လည်ပြုပြင်ခဲ့ရှာ၏။ မိမိကဲ့သို့ နောက်လူတွေ မဖြစ်စေရန် ဟောပြောပေး၏။ မိဘကို ပစ်ထားသူများ

ကို ပောာပြောဆုံးမပေး၏။ သားမြေးမရှိဘဲ ဒုက္ခရောက်နေရသူ သက်ကြီးရွယ်အိုများကို ဖေးမကူညီပေး၏။ မင်းကတော်များနှင့် မိန်းမငယ်များကို ဖိတ်ကြား၍ 'အထက်တန်းစားမိန်းမ'တရားကို ဟောပြောပေး၏။ ကွယ်လွန်သူ မိခင်ကြီးအတွက် အလှူအတန်းများ ပြုလုပ်ပေး၏။ သို့သော် ဒေါ်ခင်ကား ကုသိုလ်ကောင်းမှုအဖို့ကို သာဓု မှ ခေါ်နိုင်ပါလေစ။

ကျွန်တော်တို့သည် ဤမင်းကတော်ဝတ္ထုကို သင်ယူခဲ့စဉ်ကတည်း က နှစ်ခြိုက်စွဲလမ်းခဲ့ပါသည်။ ဖတဆိုးသမီးလေးအတွက် မိမိဘဝကို လမ်းခင်းပေးခဲ့သူ ဒေါ်ခင်ကို လေးစားခဲ့၏။ ထို့အတူ မိခင်ကို မိခင် မှန်းမသိသူ ညွန့်မေကို စက်ဆုပ်ရွံရှာခဲ့၏။

ကျွန်တော်၏ အမြင်အရ ညွန့်မေကို လက်တွေ့ဘဝနှင့် ကင်းကွာ အောင်ထားခဲ့သော မိခင်ဖြစ်သူ ဒေါ်ခင်၏ ပြုစုပျိုးထောင်နည်း မှားယွင်းခဲ့သည်ဟု မြင်မိပါသည်။ အတန်းပညာမရှိရှာသော ဒေါ်ခင်ကို အပြစ်ဖွဲ့ဆိုနေခြင်းကား မဟုတ်ပေ။ ကိုယ်တိုင်အတန်း ပညာမသင်ခဲ့ရသော်လည်း သမီးဖြစ်သူကို အင်္ဂလိပ်ကျောင်းပင် ထားပေးနိုင်ခဲ့သော သူ၏ မေတ္တာကို လေးစားတန်ဖိုးထားမိပါသည်။ သို့သော် သမီးဖြစ်သူကို ဘဝဆိုတာ၊ လောကဆိုတာ ဘာမှန်းမသိစေ ခဲ့၍ သမီးသည် မိခင်ကို အစေခံဟု ပြောလိုပြော၊ မိခင်၌ ရှိမှန်းမသိ မရှိမှန်းမသိဘဲ၊ မုဆိုးမမိခင်ကြီး၏ ရုန်းကန်နေရပုံကို မသိတော့ဘဲ မိမိလိုဘကိုသာ အတင်းဖွတ်တောင်းဆို၏။ ထိုသို့ဘဝကို မသိ၊ မိမိတို့လက်ရှိအခြေအနေကို နားမလည်သော သမီးကို နားလည် လာအောင် ဒေါ်ခင်သည် ပြုပြင်ပေးနိုင်မှုအားနည်းခဲ့ရာ၏။ ထို့ကြောင့် မျိုးစေ့မှန်သော်လည်း အပင်မသန်သည့် အဖြစ်များ ဖြစ်ပေါ်နေရခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာ့လူ့ဘောင်၌ မိဘတို့သည် သားသမီးတို့ကို မပူမပင် မကြောင့်မကြထားကြသည်။ သားသမီးတို့၏ အနာဂတ်ပန်

တိုင်လမ်းမှာ သူတို့သည် ကျောခင်းပေးတတ်ကြ၏။ သားသမီးလေးတွေ ဘာလိုလဲ။ ဘာစားချင်လဲ။ သားသမီးများ မျက်နှာမညှိုးစေရ။ သူတို့ ဖြည့်ဆည်းပေးတတ်ကြ၏။ တစ်ဖက်၌ သားသမီးတို့သည် ဘဝနှင့် ကင်းကွာသွားကြသည်ကို သတိပြုရပေမည်။ လက်ရှိအခြေအနေကို မေ့၊ ကိုယ့်ပတ်ဝန်းကျင်ကို မေ့သွားတတ်ကြ၏။ ထို့ကြောင့် မိဘတို့က အစစအရာရာ ဖြည့်ဆည်းပေးနေသဖြင့် သားသမီးတို့သည် မိမိတို့ လိုအင်မပြည့်သည့်အခါ မိဘကို အရွဲ့တိုက်တော့သည်။ မိမိ၏ဘဝကို ရေစုန်မျှောပစ်ကြ၏။

ကျွန်တော့်ပတ်ဝန်းကျင်၌ ဒေါ်ခင်ကဲ့သို့ မိဘများကို အများအပြားတွေ့ရလေ့ရှိသည်။ ဆယ်တန်းကို ဖန်ပြီး မိဘကို မကူချင်၊ မိဘခိုင်းတာ မလုပ်ချင်၊ ဘာဆိုဘာမှ မလုပ်ချင်ကြသည့် မျိုးဆက်သစ်လေးများကို တွေ့မြင်နေရသည်မှာ စိတ်မကောင်းစရာပေ။

ပတ်ဝန်းကျင်၌ ငယ်စဉ်က ပညာတော်ပြီး ကြီးလာတော့ ချော်သွားရှာသူ တချို့ကို မြင်ဖူးပါသည်။ မျိုးစေ့ကား မှန်ပါ၏။ သို့သော် အပင်ကား မသန်ရှာခဲ့ပေ။ အကြောင်းရင်းကို ဆန်းစစ်ကြည့်မိတော့ မိခင်လုပ်သူက သားဖြစ်သူ လိုချင်တာမှန်သမျှ ဖြည့်ဆည်းပေး၏။ စက်ဘီးဆို စက်ဘီး၊ ဆိုင်ကယ်ဆို ဆိုင်ကယ်၊ အဝတ်အစားဆို အဝတ်အစား၊ သူတစ်ပါးထက်သာအောင် အမြဲဖြည့်ဆည်းပေးတတ်၏။ သားဖြစ်သူသည် ပညာထက် ပကာသနဘက်ကို ပို၍ အာရုံရောက်သွားကာ ပညာလမ်းမှ ဘေးထွက်ခဲ့ရရှာတော့သည်။ မိခင်သည် သင့်တော်၏၊ မတော်၏ကို မစဉ်းစားဘဲ သား၏လိုသမျှကို ဖြည့်ဆည်းပေးခဲ့သဖြင့် ပန်းကောင်းတစ်ပွင့်သည် မဝေမီက ကြွေခဲ့ရရှာ၏။ ဩော် မျိုးစေ့မှန်၍ အပင်မသန်ခဲ့ရှာတကား။

တစ်ဖန် ဆရာကြီးရွှေဥဒေါင်း၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်သော 'တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' ဟူသည့် စာအုပ်ထဲက အကြောင်းအရာတချို့ကိုလည်း သတိထားမိလာသည်။

ဆရာကြီးက သူငယ်စဉ်ဘဝ၌ ရင်ထဲမှာ ဆူးများတစ်ချောင်းပြီး တစ်ချောင်း ဖြစ်ပေါ်လာပုံကို ဖွင့်ဟပြထားပါသည်။ မိဘများနှင့် ပတ်သက်သော ဆူးတစ်ချောင်း ပေါ်ပေါက်လာပုံကိုလည်း ဖော်ပြထား သည်။ ဆရာကြီးသည် ခုနစ်တန်း ကျောင်းသားဘဝ၌ သူငယ်ချင်းနှင့် အတူ ကျောင်းပြေးကာ နော်မန်ကျောင်းသူလေးများကို ပိုးပန်းကြ သည်။ ထိုသတင်းကို မိဘများ သိသွားသည့်အတွက် ဆရာကြီး၏ မိဘနှစ်ပါးသည် မောင်ဖေသိန်းလေးအား အဝတ်များ ဆွဲချွတ်ကြကုန် ၏။ ဆရာကြီးက ရုန်းကန်တော့ အလုပ်သမားနှစ်ယောက်ကို ချုပ်ကိုင်ထားစေလိုက်၏။ သို့နှင့် ကိုယ်လုံးတီးဖြစ်သွားရှာသော မောင် ဖေသိန်းအား အိမ်ရှေ့ရေတွင်းရှိ တိုင်၌ ချည်နှောင်ထားလေ၏။ လမ်းသွားလမ်းလာ ကြီးငယ်ရွယ်လတ်အပေါင်းတို့က ဆရာကြီးကို ကြည့်ကာ လှောင်ပြောင်ရယ်မောကြကုန်၏။ ဆရာကြီးသည် ထိုသို့ တိုင်၌ နာရီဝက်လောက် ချည်နှောင်ခံရသည်မှာ တစ်နှစ်ကြာသည်ဟု ခံစားမိကြောင်း ဖော်ပြထားရှာသည်။ ထို့ပြင် ဖိုလ်ကေကိုလည်း ခေါင်းတုံးရိတ်ခံခဲ့ရရှာလေသည်။ ထိုကဲ့သို့ မိဘများ၏ အမြော်အမြင်မဲ့ ဆုံးမမှုနှင့်ပတ်သက်၍ ဆရာကြီးက ဤသို့ မှတ်ချက်ပြုထား၏။

**ဤသို့သော ဆုံးမနည်းကြောင့် ကျွန်ုပ်၏သဘောတွင် "ဆူးကြီး"တစ်ချောင်း ပေါ်ပေါက်လာရုံမျှမက နုံသောစိတ်ဓာတ် (Inferiority Complex) ဝင်လာခြင်းကို သတိပြုမိပေရာ ကြီးပြင်းလာသောအခါတွင် အနောက်တိုင်းမှ စာကောင်းပေ ကောင်း ကြီးများကို ဖတ်ရှုကာ ဆင်ခြင်သုံးသပ်ခွင့်ရသောအခါမှ အတော်အတန် လျော့ပါးသွားသည်ဟု ထင်မိပါသည်။ နားမလည် ရှာ၍ စေတနာကောင်းနှင့် (လိမ္မာအောင်) ဆုံးမကြသော မိဘနှစ်ပါး အပေါ်၌ စိတ်နာခြင်း မရှိသော်လည်း ကျွန်ုပ်၌ ရံဖန်ရံခါ ပေါ်တတ် သည့် နုံနဲ့ပျော့ညံ့သော သဘာဝကို တွေ့ရသည့်အခါတိုင်း အထက် ပါ အဖြစ်အပျက်ကို သတိရ၍ ငါ၏ ကံမကောင်းခြင်းပေတည်းဟု**

အောက်မေ့မိပါတော့သည်။

လူငယ်သဘာဝ ဖြစ်လေ့ရှိသော အကြောင်းကိစ္စငယ်လေး တစ်ခု အပေါ် မိဘတို့၏ အဆင်ခြင်မဲ့ ဆုံးမမှုကြောင့် သားဖြစ်သူ၏ ရင်ထဲ၌ ဒဏ်ရာ အနာတရ ဖြစ်ခဲ့ရှာသည်။ အသက် ၁၅ နှစ်အရွယ်လူငယ်တို့ ၏ ဖွံ့ဖြိုးတိုးတက်မှု၊ စိတ်ပါဝင်စားမှုတို့ကို မသိဘဲ လူငယ်၏ ခံစားချက်ကို လူကြီးအမြင်ဖြင့်သာမြင်လျက် ဆိုဆုံးမခြင်းသည် ဘေး ထွက်ဆိုးကျိုး များစေနိုင်၏။ ဆရာကြီးခမျာ ထိုသို့ အရှက်ခွဲခံရပြီး နောက် လူပုံအလယ် မျက်နှာမပြရဲတော့ပေ။ လူတောထဲ မတိုးဝံ့ရှာ တော့ပေ။ ထိုအငံ့စိတ်သည် လူကြီးဘဝ ရောက်လာသည့်တိုင် မပျောက်ပျက်သွားကြောင်း ဖွင့်ဟထားပါသည်။ မိဘတို့သည် သားသမီးကို နည်းမှန်လမ်းမှန်ဖြင့် ဆိုဆုံးမပဲ့ပြင်တတ်မှသာလျှင် မျိုးစေ့မှန်၍ အပင်လေးများ သန်လာမည်ကို သတိပြုမိကြစေလို ပါသည်။

(၃)

မျိုးစေ့ကား ကောင်း၏။ ပတ်ဝန်းကျင်မြေဆီသြဇာလည်း ကောင်း၏။ သို့သော် အပင်မသန်ပေ။ အကြောင်းမှာ ပျိုးထောင် နည်း မှားယွင်းနေသောကြောင့် ဖြစ်ပါသည်။ ပန်းကိုလို အပင် ပျိုးတတ်ရပေမည်။ ထို့အတူ တိုင်းပြည်၏ အနာဂတ်သည် လူငယ်မျိုးစေ့လေးများ ဖြစ်ပါ၏။ ထိုလူငယ်မျိုးစေ့လေးများ လောကအလယ် ငွားငွားစွင့်စွင့် ဖူးပွင့်လာစေဖို့ မိဘဆရာတို့ သည် နည်းမှန်လမ်းမှန်ဖြင့် ဆုံးမလမ်းညွှန်တတ်ရန် လိုပေသည်။ သို့မှသာ မျိုးစေ့မှန်၍ အပင်သန်မည်ဖြစ်ပါသည်။

**Eternal Light Magazine**
**July, 2017**

# ဝါသနာနှင့် ယှဉ်ကြည်ရာ

(၁)

"သူငယ်ချင်းရေ ... နင်က ကျောင်းမှာ တာဝန်ကျနေတာ ဆိုတော့ ငါ M.Ed (မဟာပညာရေး) တက်ချင်လို့။ အဲဒါ ဘယ် ဘာသာယူရင် အဆင်ပြေမလဲ။ ဘယ်ဘာသာယူရင် ဘယ်လိုရှိလဲ"

နွေရာသီရောက်လို့ သကြံန်နီးရင် ထိုသို့သောမေးခွန်းများကို နယ်မှ သူငယ်ချင်းများ၊ ညီ၊ ညီမများက ကျွန်တော့်ကို မေးတတ်ကြ ပါသည်။ ထိုသို့ အမေးခံရတိုင်း ကျွန်တော်စိတ်ဆင်းရဲရပါသည်။ အခက်တွေ့ရပါသည်။ ထိုသို့ အမေးခံရတိုင်း ကျွန်တော်သည် "ကိုယ် ကြိုက်ရာ ကိုယ်ဖြေပါ"ဟုသာ ပြန်ဖြေပေးတတ်ပါသည်။ အမေးနှင့် အဖြေ သဟဇာတမဖြစ်တာကို စာဖတ်သူလည်း သတိထားမိနိုင်ပါ သည်။ ကျွန်တော့်ဆီက သူတို့ကြားချင်သည်က "ဘယ်ဘာသာရပ်က လွယ်တယ်။ ဘယ်ဘာသာရပ်ယူရင် ချောင်မယ်။ သက်သာမယ်။ အနေအစားချောင်လည်မယ်။ သင်ပြသူဆရာတွေက ဘယ်သို့ ဘယ် နှယ်" စသည်။ ထိုသို့သော အဖြေမျိုးကို ကျွန်တော်သည် ဘယ်

တော့မှမဖြေ။ "သူငယ်ချင်း၊ ငါ M.Ed ကို ဘယ်ဘာသာနဲ့ တက်ချင်တယ်။ လိုအပ်တဲ့စာအုပ်စာတမ်း ညွှန်းပါဦး" ဟုဆိုလျှင် ကျွန်တော်သည် ဝမ်းသာအားရ ကူညီပေးပါလိမ့်မည်။ အခုတော့ ကျွန်တော့်အဖြေက သူတို့လိုချင်တာ မဟုတ်။

ကျွန်တော်၏ ယုံကြည်ချက်က ဘာသာရပ်တိုင်းမှာ နက်နဲမှုရှိကြ၏။ ကိုယ့်ဝါသနာ၊ ကိုယ့်ယုံကြည်ရာကိုသာ တစိုက်မတ်မတ် လေ့လာပြီး ကြံ့မည့်အခက်အခဲတွေကို ရင်ဆိုင်ကျော်ဖြတ်။ ဒါပါပဲ။ ဘယ်အရာကိုမှ ကိုယ်က အားမစိုက်ထုတ်ဘဲ အချောင်လိုချင်လို့ မရနိုင်ပေ။

မဟာပညာရေး (M.Ed) တက်လိုလျှင် ပညာရေးဘွဲ့ (B.Ed) တွင် qualified ဖြစ်ရပါမည်။ ထို့ပြင် အခြေခံပညာကျောင်းများ၌ စာသင်လုပ်သက်အနိမ့်ဆုံး တစ်နှစ်ရှိရမည်။ ဝင်ခွင့်၌ ပညာရေး(၃) ဘာသာ(ပညာရေးသဘောတရား (Educational Theory) ပညာရေးစိတ်ပညာ(Educational Psychology)နှင့် သင်ပြနည်း– Methodology) ထဲမှ မိမိနှစ်သက်ရာ တစ်ဘာသာနှင့် အင်္ဂလိပ်စာတို့ကို ဖြေရပါသည်။ ကျွန်တော်ပြောလိုသည်မှာ ဆရာလုပ်သက် တစ်နှစ်တောင်ရှိနေပြီးသား ဆရာ၊ဆရာမတို့က မိမိဘာဝါသနာပါသည်ကို မသိ။ သိရင်လည်း ယုံကြည်ချက်ရှိရှိ လျှောက်လှမ်းရကောင်းမှန်း မသိ။ ကိုယ်တိုင် ယောင်ဝါးဝါးနှင့် သာရာလိုက်နေတတ်ခဲ့ပါမူ ကိုယ့်တပည့်လေးများကို မည်သို့လမ်းညွှန်ကြမည်နည်း။ ဆရာဟူသည် တပည့်တို့၏ ဝါသနာအဖူး အညွှန့်လေးများကို မြေတောင်မြှောက်ပေးရမည် မဟုတ်လား။

အခြေခံပညာကျောင်းများ၌ ကျွန်တော် တာဝန်ထမ်းဆောင်စဉ်က တပည့်လေးများကို မကြာခဏ မေးဖြစ်သည်။ "မင်းတို့ကြီးလာရင် ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ" ဟုမေးရာ ကျွန်တော့်တပည့်ဆယ်ကျော်သက် လူငယ်လေးများသည် ထိုမေးခွန်းများအတွက် အဖြေပေး

ရ ခက်နေတတ်ကြသည်။ ကိုယ့်ဝါသနာကို ပြောဖို့ ရှက်နေတာလား။ သို့မဟုတ် ကိုယ်ဘာဝါသနာပါမှန်းမသိဖြစ်နေတာလား။ မကွဲပြားပါပေ။ ထိုအခါ ကိုယ့်ဘဝအတွက် ဘာဖြစ်ချင်လဲဆိုသည့် အတွေးလေးများ ထားရှိဖို့ သတိပေးဖြစ်၏။

ဟုတ်ပါသည်။ လူငယ်တို့သည် ရည်မှန်းချက်မရှိ၊ ဦးတည်ရာမဲ့နေလျှင် တိုင်းပြည်အနာဂတ်အတွက် ရင်လေးစရာဖြစ်ပါသည်။ စာဖတ်သူသည်လည်း ကိုယ့်ပတ်ဝန်းကျင်ရှိ လူငယ်များကို သူတို့ဘာဖြစ်ချင်ကြလဲဆိုတာ မေးမြန်းကြည့်ပါ။ ထိုအခါ တိုင်းပြည်အနာဂတ်ကို ကြိုတင်ဟောကိန်း ထုတ်နိုင်ပါလိမ့်မည်။

ကျွန်တော်တို့ငယ်စဉ် ကိုးတန်းကျောင်းသားဘဝက ဘာသာရပ်ရွေးချယ်ခဲ့ပုံကို ပြန်သတိရမိပါသည်။ အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်တော်တို့သည် ကိုယ့်ဝါသနာက ဘာမှန်းမသိခဲ့။ သိအောင်လုပ်ရကောင်းမှန်းလည်း မသိခဲ့။ ဆရာမိဘတွေကလည်း "မင်း ဘာဝါသနာပါလဲ။ မင်း ဘယ်ဘာသာကို ခုံမင်လဲ။ ဘယ်ဘာသာကတော့ဘယ်လို"ဟူ၍ ကျွန်တော်တို့ကို မမေးမြန်းဖူးခဲ့။ သူငယ်ချင်းတွေက အတွဲ ၂ယူကြလို့ ကျွန်တော်တို့ လိုက်ယူခဲ့ကြ၏။ နှစ်စဉ် ဟိုအတွဲယူကြည့်လိုက်ပြီး ခက်မည်ထင်လျှင် နောက်အတွဲ ပြန်ပြောင်းလိုက်ကြပြန်သည်။ အလွယ်အောင်မည့် ဘာသာရပ်နောက်ကို လိုက်ခဲ့ကြ၏။ သူများယောင်လို့ ကိုယ်လိုက်ယောင်ခဲ့ကြသည့် ကျွန်တော်တို့သည် ငယ်စဉ်ကတည်းက ကိုယ့်ဝါသနာ၊ ကိုယ့်ယုံကြည်ချက်တို့ကို လျစ်လျူရှုထားမိခဲ့ကြသည်မှာ ကြီးမားသောဆုံးရှုံးနစ်နာမှုကြီးပင်ဖြစ်တော့သည်။

(၂)

**"ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာဆို ဖြစ်ချင်တာပဲ လုပ်။ အဲဒီအတွက် ခင်ဗျားမှာ ရစရာ နှစ်ခုရှိတယ်။ ကျေနပ်မှုနဲ့ ပျော်ရွှင်မှု၊ ဖြစ်ချင်တာကို လုပ်လိုက်လို့ နောင်တရတယ်**

**ထင်တဲ့သူက ဘယ်အရာကိုမှ ဖြစ်မြောက်အောင် လုပ်နိုင်မယ့်သူ မဟုတ်ဘူး"**

Bollywood ကြယ်ပွင့် Aamir Khan ၏ မှတ်သားဖွယ် စကားတစ်ခွန်းဖြစ်ပါသည်။ ဖြစ်ချင်တာနှင့် ဖြစ်သင့်တာယှဉ်လာလျှင် ဖြစ်သင့်တာပဲ ဦးစားပေးလုပ်နိုင်းတတ်သည့် ကျွန်တော်တို့ မြန်မာ လူ့ဘောင်၏ အယူအဆနှင့် တက်တက်စင်အောင် လွဲနေ၏။ မိဘက တောင်းဆိုလို့ သူတို့ပေးစားသူနှင့် ကျွန်တော်တို့ ယူလေ့ရှိ၏။ မိဘက အဆင်မပြေလို့ ကိုယ်ဝါသနာပါရာ ပညာရပ်ကို စွန့်ခဲ့ကြ၏။ ၎င်းတို့၏ နောက်ဆက်တွဲကား မပျော်ရွှင်မှုပင် ဖြစ်သည်။

ကိုယ်မနှစ်သက်သည့်အရာကို နှစ်သက်သလို နေထိုင်ရခြင်းသည် မည်မျှစိတ်ဆင်းရဲစရာကောင်းသနည်း။ ကိုယ်လေ့လာချင်သည့် ဘာသာရပ်အစား တခြားဘာသာရပ်ကို လေ့လာရခြင်းသည် မည်မျှ ဒုက္ခများ သနည်း။ ကျွန်တော်တို့၏ အဓိကအားနည်းချက်မှာ ကိုယ် နှစ်သက်ရာ၊ ကိုယ်ယုံကြည်ရာ၊ ကိုယ်ဝါသနာပါရာတို့ကို ရဲဝံ့စွာ လုပ်ကိုင်ဆောင်ရွက်ဖို့ တွန့်ဆုတ်ကြောက်ရွံ့နေတတ်ခြင်းပင် ဖြစ်ပါ သည်။ ထို့ကြောင့် ကျွန်တော် တို့သည် ကိုယ်ဝါသနာပါရာနယ်ပယ်၌ ထူးချွန်ထက်မြက်ပြီး ကျွမ်းကျင်သူများဖြစ်မလာဘဲ မနှစ်သက်သော နယ်ပယ်၌သာ ဝမ်းဝရုံဘဝဖြင့် ကျေနပ်နေကြရခြင်းဖြစ်ပါသည်။

(၃)

ကျွန်တော်သည် တက္ကသိုလ်စရောက်လာသည့် ကျောင်းသား လေးများကို စာသင်ပေးရတတ်ပါသည်။ သူတို့နှင့်ဆုံသည့်အခါ ကျွန်တော်သည် "မင်းတို့ ဒီကျောင်းကို ဝါသနာပါလို့ လာတက်တာ လား"ဟု မေးဖြစ်ပါသည်။ ထိုအခါ "မိဘတက်ခိုင်းလို့၊ အမှတ်မီလို့၊ ကျောင်းပြီးရင် အလုပ်တန်းရလို့"ဟူသော အဖြေများကိုလည်း ကြားရ တတ်ပါသည်။ တပည့်တစ်ယောက်ဆိုလျှင် အနုပညာဝါသနာပါသည့် အတွက် ငယ်စဉ်ကတည်းက ဗဟိုအဆင့် မယ်ဒလင်နှင့် ဂစ်တာ

အတီးပြိုင်ပွဲများ၌ ရွှေတံဆိပ်၊ ငွေတံဆိပ်များ ဆွတ်ခူးခဲ့သည်။ သူသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်ကို တက်ချင်ခဲ့သော်လည်း မိဘများက "အနုပညာကျောင်းဆင်းပြီးလျှင် အလုပ်အာမခံချက်မရှိကြောင်း၊ ဘီအီးဒီဘွဲ့ရရင် အလုပ်တန်းရကြောင်း၊ ဆရာဆိုလျှင် အိမ်ဦးခန်း၌ နေရာပေးကြောင်း" စသည်ဖြင့် ဖျောင်းဖျပြောဆိုကာ ပညာရေးတက္ကသိုလ်ကို တက်စေခဲ့သည်။ "ဆရာအလုပ်ကို မင်းကကော ဝါသနာပါရဲ့လား"ဟု ကျွန်တော်က မေးတော့ "အစက မပါပေမယ့် ခုတော့ ဝါသနာပါလာပါပြီ"ဟု ဖြေရှာသည်။ သို့သော် သူ့မျက်ဝန်း၌မူ အနုပညာအပေါ် လွမ်းဆွတ်နေဟန်တွေ့ရ၏။ ဘာပဲပြောပြော အနုပညာအဖူးအညွန့်လေးတစ်ခုသည် မှေးမှိန်သွားခဲ့ရလေသည်။

ဝါသနာကို အရင်းခံ၍ ယုံကြည်ချက်ခိုင်မာစွာ လုပ်ဆောင်မှသာလျှင် အောင်မြင်လာနိုင်ပါသည်။ ဝါသနာ၊ ယုံကြည်ချက်တို့မပါဘဲ ဘွဲ့ရဖို့ ရည်ရွယ်ချက်တစ်ခုတည်းဖြင့်၊ လစာရရုံရည်ရွယ်ချက်တစ်ခုတည်းဖြင့် ပညာသင်ယူပါက ထိုပညာရပ်နယ်ပယ်သည် တိုးတက်မှုမရှိနိုင်သည်ကို သတိပြုသင့်ပါသည်။ ဝါသနာမပါဘဲ ကျောင်းဆရာလုပ်လျှင် ထိုဆရာသည် မိမိသင်ကြားရေး တိုးတက်ကောင်းမွန်လာရန် အားထုတ်မည်မဟုတ်။ ထို့ကြောင့် သူ၏တပည့်များမှာ ဒုက္ခရောက်နိုင်၏။ ထို့အတူ ဝါသနာမပါဘဲ ဆရာဝန်လုပ်လျှင် ငွေရရေးတစ်ခုသာ ကြည့်ပြီး လူနာများအပေါ် စေတနာ ထားနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် သူ၏လူနာများမှာ စိတ်ဆင်းရဲရနိုင်ပါသည်။ မည်သည့်အလုပ်၌မဆို ဝါသနာကို အရင်းခံတည်ဆောက်မှသာလျှင် ဘဝ၌ ပျော်ရွှင်ကျေနပ်မှုရရှိပြီး အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိလာနိုင်ပါသည်။

(၄)

ကျွန်တော်နှစ်သက်မိသော အိန္ဒိယဇာတ်ကားတစ်ကား ရှိပါသည်။

ပြန်ကြည့်တိုင်း မရိုးနိုင်ပေ။ ကြည့်လိုက်တိုင်း ခံစားမှုအသစ်များကို ပေးစွမ်းနိုင်သည်။ ပညာရေးသမားများ၊ မိဘဆရာများ မဖြစ်မနေ ကြည့်ရှုသင့်သော ဇာတ်ကားလည်း ဖြစ်ပါသည်။ ဘောလီဝုဒ်တွင်သာမက ဟောလီဝုဒ်အထိပါ အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သော ဇာတ်ကားတစ်ကား ဖြစ်ပါသည်။ ကြက်တူရွေးပညာရေး၏ အနှစ်သာရမရှိပုံ၊ ဆရာတို့၏ မှားယွင်းသောသင်ပြနည်းနာများကို ပြတ်ပြတ်သားသား ဝေဖန်ထောက်ပြထားသော ဇာတ်ကားကောင်းလည်း ဖြစ်ပါသည်။ ၎င်းကားကို ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ရုံတင်ပြသခဲ့ရာ ဒေါ်လာ သန်း ၁၀၀ အထိ ရရှိခဲ့ပြီး ဂျပန်ရုပ်ရှင်အဖွဲ့၊ အမေရိကရုပ်ရှင်အဖွဲ့တို့က ဆုပေါင်းများစွာ ချီးမြှင့်ခဲ့၏။ ထိုကား၏ ကုန်ကျငွေမှာ ဒေါ်လာ ၁၄ သန်းမျှသာ ဖြစ်ပေသည်။

Three Idiots ငတုံး ၃ ယောက်ဟု မြန်မာပြန်ရကောင်းမလား။ ဇော် ၃ ဇော်ဟု ပြန်ရကောင်းမလား။ ကြိုက်ရာသာ ပြန်ကြည့်ပါ။ ခေါင်းဆောင် မင်းသားမှာ ဘောလီဝုဒ်တွင် အနုပညာကြေးအမြင့်ဆုံးရသည့် Aamir Khan ဖြစ်ပြီး မင်းသမီးမှာ Kareena Kapoor ဖြစ်သည်။ ဒါရိုက်တာက Hirana ၊ စာရေးဆရာမှာ Joshi ၊ ထုတ်ဝေသူမှာ Chopra ဖြစ်၏။ ဇာတ်လမ်း၌ အဓိက ဇာတ်ကောင်များမှာ နည်းပညာတက္ကသိုလ်ကျောင်းသားများဖြစ်ကြသည့် ရန်ချို (Aamir Khan) ၊ ရာဂျူးနှင့် ဖာဟာန်တို့ဖြစ်သည်။ ရန်ချိုသည် နည်းပညာကို ဝါသနာထုံလွန်းသူဖြစ်ပြီး အတန်းထဲ၌ အဆင့် ၁ အမြဲရသူ၊ ရာဂျူးမှာ နည်းပညာကို ဝါသနာပါသော်လည်း အကြောက်တရား၊ စိုးရိမ်မှုလွန်ကဲသည့်အတွက် ထင်သလောက် မပေါက်သူ၊ ဖာဟာန်မှာမူ ဓာတ်ပုံပညာကို ဝါသနာထုံသော်လည်း မိဘတို့၏ ဆန္ဒအရ စိတ်မပါဘဲ နည်းပညာကျောင်းတက်နေရသူဖြစ်သည်။

အခု ကျွန်တော်တင်ပြလိုသည်မှာ ဖာဟာန်အကြောင်း ဖြစ်ပါ သည်။

ဖာဟန်သည် ဓာတ်ပုံပညာကို စိတ်ဝင်စားသည်။ ဝါသနာကြီး သည်။ သို့သော် သူ့ကို မွေးဖွားလာကတည်းက မိဘများက 'ငါ့သား အင်ဂျင်နီယာ ဖြစ်ရမယ်'ဟု တံဆိပ်ခတ်နှိပ်ခံထား ရရှာသူဖြစ်သည်။ အင်ဂျင်နီယာဆိုတာ ဘာမှန်းမသိသေးသည့် ကလေးဘဝကတည်းက ဖာဟန်၏ မိဘများသည် သူ့အား အင်ဂျင်နီယာမဖြစ်ဖြစ်အောင် တွန်းအားပေးခဲ့ကြသည်။

မိဘတို့၏ဆန္ဒကို မလွန်ဆန်နိုင်သော ဖာဟန်သည် နည်းပညာ ကျောင်းကို တက်ခဲ့ရသည်။ ကျောင်းသာတက်နေရသော်လည်း ဖာဟန်ခမျာ ကျောင်းစာ၌ အတော်ရုန်းကန်နေရ၏။ အောင်စာရင်း၌ အဆင့်နောက်ဆုံးဖြင့် အောင်ခဲ့ရသူဖြစ်သည်။ သို့နှင့် နောက်ဆုံးနှစ်သို့ရောက်သည်နှင့် အလုပ်ပေးမည့် ကုမ္ပဏီများက သင်တန်းသားများကို အင်တာဗျူးဖို့ ဖြစ်လာခဲ့သည်။ ဖာဟန်၏ မိဘများက သူတို့ဆန္ဒ ပြည့်မြောက်တော့မည်ဖြစ်သဖြင့် ထိုနေ့၌ ရင်ခုန်နေကြ၏။ သားဖြစ်သူ အလုပ်ရလျှင် သုံးရန် Laptop လေးပင် ဝယ်ပေးထားရှာသည်။ ဖြစ်စေချင်သည့် မိဘတို့၏ မေတ္တာကြီးမားလှပါ၏။ (သို့သော် မိမိတို့သားသမီးလေးများ၏ အထုံဗီဇဝါသနာကို မငဲ့ကွက်ဘဲ မိမိတို့ ဖြစ်စေချင်သည့် ဆန္ဒတစ်ခုတည်းကိုသာ ရှေ့တန်းတင်ထားခြင်း သည်ကား သားသမီးတို့၏ ဝါသနာမျိုးစေ့ကို သတ်လိုက်ရာ ရောက် နေသည်ကို သတိပြုသင့်သည်။)

ထိုအချိန်၌ ပြည်ပနိုင်ငံတစ်ခုက ကမ်းလှမ်းထားသည့် ဓာတ်ပုံ ပညာကို သွားသင်သင့်ကြောင်း၊ မိဘများကို မိမိဖြစ်ချင်တာကို ဖွင့်ပြောသင့်ကြောင်း၊ မဟုတ်လျှင် တစ်သက်လုံး နောင်တရနေမည် ဖြစ်ကြောင်း ရန်ချိုက ဖာဟန်ကို တိုက်တွန်းအားပေး၏။ ထို့ကြောင့် ဖာဟန်သည် အင်တာဗျူးမဖြေဘဲ အိမ်ပြန်လာကာ မိဘများအား အဖြစ်မှန်ကို ဖွင့်ပြောပြရှာ၏။ အဆုံး၌ မိဘများသည် သားဖြစ်သူ ဆန္ဒကို လိုက်လျောပေးခဲ့သဖြင့် ဖာဟန်သည် ဓာတ်ပုံပညာရပ်၌

စာအုပ်များ ထုတ်ဝေလာနိုင်သည်အထိ အောင်မြင်ကျော် ကြားလာခဲ့ပါသည်။

သားသမီးများ၏ ဝါသနာမျိုးစုံများ ရှင်သန်ကြီးထွား၍ လောကအလယ် ဖူးပွင့်တင့်တယ်လာစေရေး၌ မိဘတို့၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း မီးမောင်းထိုးပြလိုခြင်းဖြစ်ပါ၏။ လူတိုင်း အများမကင်းကြသည့်လောက၌ လူငယ်တို့သည် မိမိတို့ ဝါသနာအလျောက် ကြိုးပမ်း ဆောင်ရွက်ကြရာ၌ အမှားပါလာလျှင် လူကြီးမိဘများက နားလည်ခွင့်လွှတ်ပေးရန် လိုပါသည်။ နည်းမှန်လမ်းမှန်သို့ ရောက်အောင် လမ်းညွှန်ပြသပေး ကြရပေမည်။ အရေးကြီးသော အချက်တစ်ခုမှာ လူကြီးမိဘများသည် သားသမီးလေးများ၏ ယုံကြည်ချက်၊ ဝါသနာကို ပြက်ရယ်မပြုဖို့၊ အထင်မသေးဖို့ဘဲ ဖြစ်ပါသည်။

ကျွန်တော့်အသိ ဆရာမတစ်ဦးသည် ငယ်စဉ်က စာအတော်ဖတ်၏။ ထို့နောက် ဝတ္ထုတိုလေးတွေ စမ်းရေးလာသည်။ သူရေးသော ဝတ္ထုတိုလေးတွေကို လူကြီးများက ဖတ်ပြီး ဇာတ်လမ်း၊ ဇာတ်ဆောင်များကို သရုပ်ဆောင်ပြကာ ရယ်ပွဲဖွဲ့ကြ၏။ ပြက်ရယ်ပြုကြ၏။ ထိုအချိန်မှစ၍ သူသည် စာရေးဝါသနာ ကွယ်ပျောက်လာခဲ့ကြောင်း ပြောပြရှာသည်။ စာပေလောကအတွက် စာပေကြယ်တစ်ပွင့်သည် အချိန်မတိုင်မီကပင် ကြွေလွင့်သွားခဲ့ရသည်မှာ နမြောစရာကောင်းပါဘိ။ လူကြီးမိဘများ သတိထားဆင်ခြင်စရာ ဖြစ်ပါ၏။

(၅)

လောက၌ အတတ်ပညာတိုင်းသည် သူ့တန်ဖိုးနှင့်သူ ရှိလေ၏။ ကျွန်တော်တို့သည် ဘယ်ပညာရပ်ကိုမှ အထင်မသေးမိဖို့ အရေးကြီးလှပါသည်။ ကျွန်တော်တို့သည် လူငယ်ပီပီ မိမိတို့ဝါသနာပါရာ၊ ယုံကြည်ရာတို့ကို ဖွဲလုံ့လအပြည့်ဖြင့် ရဲရဲဝံ့ဝံ့ ကြိုးပမ်းကြလျှင် တစ်နည်းအားဖြင့် (ဆရာကြီးသခင်ကိုယ်တော်မှိုင်းစကားအရ) ပန်းပဲရှာမှာ အပ်ရောင်းနိုင်အောင် ကြိုးစားနိုင်လျှင် တစ်နေ့ အောင်ပွဲခံနိုင်မည်မှာ

ကောင်းကျိုးဖြစ်ပါသည်။ ဈေးတွက်တွက်ကာ ဝါသနာမပါသည့် ပညာရပ်ကို မလေ့လာကြဖို့ သတိပြုရာ၏။ အကြောင်းမှာ ဝါသနာနှင့် ယုံကြည်ချက်တို့သည် အောင်မြင်မှု၏ သော့ချက်ဖြစ်သောကြောင့် ဖြစ်ပါ၏။ တစ်ဖန် မိဘတို့သည်လည်း မိမိတို့သားသမီးများ မျိုးစေ့မှန်၍ အပင်သန်လာစေဖို့ နည်းမှန်လမ်းမှန် ပြုစုပျိုးထောင်ပေးကြဖို့ လိုမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**Eternal Light Magazine**
**May, 2017**

# အရောင်အသွေးစုံသော လောကဥယျာဉ်ဆီသို့

(၁)

ဆရာကြီးအောင်သင်း၏ စာအုပ်တစ်အုပ်ထဲက အကြောင်းအရာတစ်ခုကို ဖတ်မိတော့ ကျွန်တော် ထိတ်လန့်မိပါ၏။ ဆရာကြီးက သူ့တပည့်လေးတွေကို မြန်မာစာသင်ကြားရင်း တွေ့ရသော အတွေ့အကြုံလေးကို ပြောပြထားခြင်းဖြစ်ပါသည်။ သူက ဆောင်းရာသီ၏ အကြောင်းကို စာစီစာကုံး ရေးခိုင်းရာ တပည့်လေးတွေက ဆောင်းရာသီ၏ အေးချမ်းပုံကို အချုပ်တန်းဆရာဖေ၏ ဆောင်းရတုပွဲကဗျာက ဘယ်လိုဘယ်ပုံဆိုထား၍ ဘယ်လိုဘယ်ပုံ ခံစားရသည်ဟု ကိုးကားဖြေဆိုထားကြသည်။ ဤတွင် ဆရာကြီး၏ မှတ်ချက်က ပညာရေးသမားကျောင်းဆရာဖြစ်သော ကျွန်တော့်ကို အမြင်ကျယ်စေခဲ့သည်ဟု ဝန်ခံပါသည်။ ကိုယ်တိုင်ဆောင်းတွင်းမှာ နေထိုင်ပြီး ဆောင်းရာသီ၏ အေးချမ်းပုံကို ကိုယ်ကိုယ်တိုင် ဘယ်လို ခံစားရသလဲဆိုတာ မရေးတတ်ကြဘူးဟု ဆရာကြီးက သူ့အတွေ့အကြုံကို

ဝမ်းနည်းဖွယ် ပြောပြထားလေ၏။

ယနေ့ခေတ် မြန်မာ့ပညာရေး၏ အားနည်းချက်မှာ ပုံတူတွေသာ မွေးထုတ်နေခြင်း ဖြစ်ပါသည်။ ဆောင်းရာသီကို အချုပ်တန်းဆရာဖေ ခံစား ဖော်ပြသည့်အတိုင်းသာ ခံစားတတ်ကြ၏။ ဆရာက ပြောပြထားသည့် ဂုဏ်၊ အလင်္ကာ၊ ရသတို့လောက်ကိုသာ ပြန်ရေးတတ်ကြ၏။ ကဗျာတစ်ပုဒ်ကို ဘယ်လိုခံစားရလဲ၊ ဝတ္ထုတစ်ပုဒ်ပါ ဇာတ်ကောင်များကို ဘယ်လို မြင်လဲ၊ ဝတ္ထုအရေးအသား တင်ပြပုံကို ဆန်းစစ်ပြပါ စသည့် ကိုယ်ပိုင်အတွေး၊ ယူဆချက်ကို မေးသည့် မေးခွန်းများအတွက် အဖြေရှာမရ ဖြစ်နေတတ်ကြသည်။ စာတစ်ပုဒ်ကို သင်ရိုးကုန်တွေထဲကအတိုင်းသာ ရှုမြင်တတ်ကာ မိမိကိုယ်ပိုင်အမြင်များ လျော့ပါးလာကြ၏။

ဒါသင်၊ ဒါကျက်၊ ဒါမေး၊ ဒါဖြေ၊ ဒါတွေး စနစ်ဖြင့်သာ ပညာရေးကို ရှေ့ဆက်နေသရွေ့ တင်းပြည့်ကျပ်ပြည့် မျိုးဆက်များ ပေါ်ထွန်းလာမည် မဟုတ်ပေ။ အောင်ချက်မြင့်မားရေး ခေါင်းစဉ်အောက်တွင် အချိန်တန် အောင်မှာပဲဟူသော ရေသာခိုစိတ်များသည် ကျောင်းသားလူငယ်တို့ထံတွင် ကိန်းအောင်းသွားနိုင်ပေသည်။(မျိုးဆက်သစ်လူငယ်များ၌ တီထွင်ကြံဆလိုစိတ်များ၊ ကိုယ်ပိုင်အတွေးအမြင်၊ ခံစားချက်များ၊ မိမိကိုယ်ကို အားကိုးလိုစိတ်များ လျော့ပါးလာခြင်းသည် တိုင်းပြည်အနာဂတ်အတွက် မကောင်းသော လက္ခဏာရပ်များပင် ဖြစ်ပါသည်။ လူငယ်များ၌ ကိုယ့်လမ်းကိုယ်ဖောက်လိုစိတ်များ ကင်းမဲ့ကာ တစ်ပါးသူကို မှီခိုလိုစိတ်များ များပြားလာခြင်းအတွက် ပညာရေးသမားများ ဆန်းစစ်အဖြေရှာသင့်နေသည်မှာ ကြာလှပေပြီ။)

(၂)

ကျောင်းသားလူငယ်တို့သည် ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်လမ်းကိုယ်ဖောက်သူများ (Independent Learners) ဖြစ်ရန် လိုပေသည်။ အတွေးအခေါ်တို့ လွတ်လပ်ရမည်။ အမှီအခိုကင်းကင်းဖြင့်

ကိုယ့်အားကိုယ်ကိုး လာနိုင်ရမည်။ ဆရာကပြောမှ လုပ်တတ်သည့် အကျင့်များ ပပျောက်သင့်ပြီ။ ဆရာမိဘတွေကို အားမကိုးဘဲ မိမိသွားမည့်လမ်း မိမိဘာသာဖောက် နိုင်ရပေမည်။ လမ်းဖောက်ရင်း လမ်းကောက်သွားလျှင် ဆရာမိဘတို့က တည့်မတ်ပေးရပေမည်။ လူငယ်များသည် မိမိရည်မှန်းချက်ကို မမိုတ်မသုန် ယုံကြည်ချက်ဖြင့်ရဲရဲဝံ့ဝံ့ ကြိုးစားအားထုတ်ကြရန် အရေးကြီးပေ၏။ ထိုသို့ လူငယ်များ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်ခံယူချက်များဖြင့် ကိုယ့်ဘဝကို ကိုယ့်ခြေထောက်ပေါ် ရပ်တည်နိုင်အောင် ဆရာမိဘတို့က ပြုစုပျိုးထောင် ပေးရပေမည်။

ကျွန်တော့်တပည့်လေးများကို စာသင်ရင်း "မင်းတို့ ကြီးလာရင် ဘာလုပ်မလဲ၊ ဘာဖြစ်ချင်လဲ"ဟု မေးလေ့ရှိပါသည်။ ထိုသို့မေးတိုင်း တပည့်လေးများမှာ ကျွန်တော့်ကို ကြောင်ကြည့်နေတတ်ပါသည်။ သူတို့၌ ပြောစရာစကား ရှားပါးနေတတ်ပါသည်။ ကိုယ်ဘာလုပ်ရမယ်၊ ဘာဖြစ်ချင်တယ် စသော ကိုယ့်ဘဝရည်မှန်းချက်များ ဝေဝါးနေသည်ကို စိတ်မကောင်းစွာ တွေ့မြင်ရပေ၏။ လမ်းပျောက်နေသော လူငယ်လေးများကို မြင်တိုင်း စိတ်မကောင်းဖြစ်ရပါသည်။ ဆယ်တန်းအောင်လျှင် သူတို့၏ တာဝန်ကျေပြီဟု ယူဆကာ လမ်းမတွေပေါ်၌ အချိန်ကို အကျိုးမဲ့စွာ ကုန်ဆုံး နေကြသည်ကို မြင်နေရသည်။ လက်ဖက်ရည်ဆိုင်များ၌ ညအချိန်မတော် ဘောလုံးပွဲကြည့်၊ ဆေးလိပ်ကလေး လက်ကြားညှပ်၊ ကွမ်းကလေး တမြုံ့မြုံ့နှင့် ကိုယ့်အနာဂတ်ကို အကျည်းတန်စွာ ပုံဖော်နေကြသည်ကို မြင်နေရသည်မှာ စိတ်မချမ်းသာစရာ ဖြစ်ပါ၏။

လူငယ်တို့၏ လမ်းပျောက်နေခြင်းသည် တိုင်းပြည်အနာဂတ် ပျောက်ဆုံးခြင်းလည်း ဖြစ်ပေသည်။ ထို့ကြောင့် ကိုယ့်လမ်းကိုယ်ဖောက်၍ ကိုယ့်အားကိုယ်ကိုးလိုစိတ်ရှိသော မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ရေးသည် ပညာရေး၏တာဝန်တစ်ရပ်ဟု ဆိုရ

ပေမည်။ ထိုပညာရေး၌ ပါဝင်ပတ်သက်သူအားလုံး၌တာဝန်ရှိပေ၏

(၃)

ကျွန်တော့်အသိ စာရေးဆရာတစ်ဦး၏အဖြစ်ကို ဖောက်သည်ချလိုပါသည်။ သူ့တွင် အသက် ၃၀ ကျော် သမီးတစ်ဦးရှိသည်။ ဘွဲ့ရ၍ အစိုးရဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ သမီးဖြစ်သူမှာ အလုပ်ကျရာ နယ်မြို့၌ နေထိုင်လျက်ရှိပြီး ဖခင်က ရန်ကုန်၌ နေထိုင်လျက်ရှိပါသည်။

တစ်နေ့တော့ သမီးဖြစ်သူက ဖခင်ထံ ဖုန်းလှမ်းဆက်၏ "သူနယ်သာလန်ပညာသင်ဆု လျှောက်လိုကြောင်း၊ လျှောက်လွှာကို သံရုံး၌ ယူပေးစေလိုကြောင်း၊ ဘာတွေပြင်ဆင်ထားသင့်ကြောင်း" တို့ကို ပြောပါသည်။ ထိုစဉ် ကျွန်တော့်အသိ စာရေးဆရာသည် "သမီးကိုယ်လုပ်မယ့် အလုပ်ကို ကိုယ့်ဘာသာလုပ်လေ၊ နယ်သာလန်သံရုံးမှာ ဖေဖေတို့အသိ ဦးမောင်ရှိန် ရှိတာပဲ၊ သူ့ဆီ ဆက်သွယ်မေးမြန်းပါ"ဟု ပြန်ဖြေလိုက်ကြောင်း သူနှင့်အတူ လက်ဖက်ရည်သောက်တုန်းက ကျွန်တော့်အား ပြောပြပါသည်။

အသက်အားဖြင့် လူလတ်ပိုင်းအရွယ်ထိ ရောက်နေသော သမီးက ဖခင်ကို မှီခိုလွန်းနေသဖြင့် မိမိကိုယ်ကို အားကိုးလိုစိတ်များ ပျောက်ကင်းနေသည်ကို သတိထားမိပါသည်။ "ဆရာရယ် ကျွန်တော့်သမီးအခုလိုဖြစ်နေတာ ကျွန်တော်တို့ တာဝန်မကင်းပါဘူး။ ကျွန်တော်တို့ ပြုစုပျိုးထောင်တာ မှားခဲ့တာပေါ့။ ကျွန်တော်က ကိုယ့်အားကိုယ်ကိုးတတ်အောင် ခိုင်းရင်တောင် မအေက အကုန်လိုက်လုပ်ပေးနေတော့ အခုလို မှီခိုလိုစိတ်တွေ များနေတာပေါ့ ဆရာရယ်"ဟု ကျွန်တော့်ကို ရင်ဖွင့်ရှာပေသည်။

အမှီရှိရင် မှီချင်တာ လူ့သဘာဝပင် ဖြစ်ပါသည်။ သို့သော် ကိုယ့်အားကိုယ်ကိုးလိုစိတ်များ ကင်းမဲ့ကာ နေရာတကာ သူများအပေါ် မှီခိုလို စိတ်များ များပြားခြင်းသည်ကား မသင့်တော်လှပေ။ လဲကျရင်

ထုမပေးဘဲ ပြန်ထတတ်အောင် ကျွန်တော်တို့ ဆရာမိဘများက လမ်းညွှန်ပေးရမည်။

ဆရာများအနေဖြင့် တပည့်များသည် ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ်ကို ကိုယ်ပိုင်ခံစားမှုအတွေးဖြင့် ရေးသားတတ်အောင် လေ့ကျင့်ပေးသင့်လှသည်။ တပည့်တို့၏ မတူညီသော ရှုထောင့်များ၊ ခံစားမှုအတွေးများ ပေါ်ထွက်လာအောင် မှန်ကန်သော ချဉ်းကပ်သင်ကြားနည်းများ အသုံးပြု၍ လမ်းဖွင့်ပေးရပေမည်။ တပည့်တို့၏ အတွေးအစုံစုံ၊ ခံစားမှုအဖုံဖုံကိုလည်း လက်ခံပေးရပေမည်။ တန်ဖိုးထားမှုစံများ လွဲမှားနေလျှင် စေတနာ အရင်းခံ၍ ပြုပြင်ပေးကြရပေမည်။ အသင့်ကိုင်သင်ရိုးကုန်များ၊ စာစီစာကုံးစာအုပ်များထဲကအတိုင်း ပြန်လည်ကူးယူတင်ပြခြင်းတို့ကို အားမပေးဘဲ ကိုယ်ပိုင် အတွေးအခေါ် အယူအဆဖြင့် လောကကို ကြည့်တတ်မြင်တတ်အောင် လေ့ကျင့်ပျိုးထောင်ပေးသင့်လှသည်။

ဆရာ ခံစားပြသည့်အတိုင်းသာ ခံစားတတ်၍ ရေးသားတတ်ပါလျှင် ဘယ်မှာလျှင် ကိုယ်ပိုင်ဟန်များ၊ ကိုယ်ပိုင်အတွေးအခေါ်များ၊ ပေါ်ထွက်လာနိုင်မည်နည်း။ ဆရာက တပည့်တို့၏ နှလုံးသားကို အလုပ်ပေးနိုင်ရပေမည်။ ဦးနှောက်ကို အလုပ်ပေးနိုင်ရပေမည်။ ထိုသို့ဖြစ်အောင် မည်သည့်သင်ကြားနည်းကို သုံးပါဟူ၍ ပုံသေကားကျပြောရန် ခက်ပေ၏။ သင်ခန်းစာများ၏ ရည်ရွယ်ချက်များ၊ သင်ကြားရသည့် ကျောင်းသား၏အခြေအနေ၊ သင်ကြားရသည့် အခြေအနေ အချိန်အခါတို့နှင့် လိုက်လျောညီထွေဖြစ်မည့် သင်ကြားနည်းစနစ်ကို သုံးရန်သာဖြစ်ပါသည်။ အဓိကမှာ တပည့်တို့၏ ဦးနှောက်နှင့် နှလုံးသားနှစ်ခုစလုံးကို မိမိတို့၏ သင်ကြားမှု၌ ပါလာအောင် သင်ကြားလမ်းညွှန်ပေးရန်သာ ဖြစ်ပါသည်။ သို့မှသာ တပည့်များသည် မိမိကိုယ်ကို ယုံကြည်ချက်များ၊ ကိုယ့်အားကိုယ်ကိုးလိုသည့် အလေ့အကျင့်များဖြင့် လောကကြီးဝိုင်းအတွင်း ရဲဝံ့စွာ ရပ်တည်နိုင်

ပေမည်။

လက်ဦးဆရာများဖြစ်သော မိဘတို့၏ လေ့ကျင့်ပျိုးထောင်မှုသည် အင်မတန် အရေးပါလှပေသည်။ မိမိတို့၏ သားသမီးများအား မှန်ကန်သော အလေ့အကျင့်များ၊ မှန်ကန်သော အတွေးအခေါ်များ ဖြစ်ထွန်းလာစေရန် မှန်ကန်သော ပြုစုပျိုးထောင်နည်းကို အသုံးပြုရပေမည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်၌ မိဘများသည် သားသမီးများ၏ လိုအင်ဆန္ဒအားလုံးကို ဖြည့်ဆည်းပေးတတ်ကြသည်။ သားသမီးတို့ မျက်နှာမငယ်ရအောင် အစစအရာရာ လုပ်ပေးတတ်သည်ကို တွေ့ရပေသည်။ ဆယ်တန်းတက်နေသူများသည် ကိုယ့်အဝတ်အစား ကိုယ်မဖွတ်ရ၊ ထမင်းဟင်း မချက်ရ၊ ဈေးမသွားရ၊ မီးပူမတိုက်ရ၊ ထမင်းခူးစားစရာမလို၊ အားလုံး အဆင်သင့်ဖြစ်အောင် မိဘက လုပ်ပေးတတ်ကြသည်ကို ကျွန်တော်တို့ မြင်တွေ့နေရတတ်ပါသည်။ ထို့ကြောင့် သားသမီးများမှာ စာတစ်ခုမျှသာ သိ၍ ပတ်ဝန်းကျင်လောက အကြောင်း အသိနောက်ကျသွားရပါသည်။ လောကလူသားတို့ အကြောင်း မသိတတ်ကြတော့ပေ။ မိဘအိမ်အရိပ်က လွန်လျှင် မိမိကိုယ်ကို ရပ်တည်နိုင်ဖို့ မစွမ်းနိုင်အောင် ဖြစ်သွားတတ်ကြပါသည်။

မိဘများ၏ စေတနာအလွဲများကြောင့် သားသမီးများမှာ အမျိုးသား ပညာဝန် ဦးဖိုးကျား၏ မင်းကတော်ဝတ္ထုထဲက ညွန့်မေကဲ့သို့ အဖြစ်မျိုး ရောက်သွားတတ်သည်ကို မိဘများ သတိပြုရာသည်။ ထို့ကြောင့် မိဘများသည် မိမိတို့၏ သားသမီးများကို ကိုယ့်အားကိုယ်ကိုးတတ်သူများ၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်သူများဖြစ်အောင်၊ လောက သဘာဝ၊ လူ့သဘာဝကို သိနားလည်အောင် လေ့ကျင့်ပျိုးထောင်ပေးဖို့ လိုပါသည်။

ကျွန်တော့်အသိတစ်ယောက်အကြောင်း ပြောပြချင်ပါသည်။ မိဘက သူ့ကို သိပ်ဂရုစိုက်သည်။ ဘယ်ကိုမှ တစ်ယောက်တည်း

မလွှတ်။ အဖော် ထည့်ပေး၏။ ဘာအလုပ်မှ မနိုင်။ အစစအရာရာ ပြည့်စုံအောင် ဖန်တီးပေး၏။ စာကိုပဲ အာရုံစိုက်စေ၏။ စာဖတ်နေလျှင် ကျေနပ်နေတတ်၏။ မိဘများသည် ပညာမသင်ခဲ့ရ၍ သားသမီးတို့အား ပညာတတ်ကြီးများ ဖြစ်စေလိုကြ၏။ မိဘမေတ္တာ ကြီးမားလှပါ၏။ သို့သော် သူ့မှာ မိဘအရိပ်က လွန်သည်နှင့် ဘယ်ကိုမှ မသွားရဲ၊ မလာရဲတော့ပေ။ အဖော် မပါလျှင် မသွားတတ်တော့ပေ။ လောကသဘာဝ၊ လူ့သဘာဝတို့ကို မသိနားမလည်သဖြင့် လက်တွေ့အလုပ်ခွင်၌ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်မှု အားနည်းသွား၏။ မိမိကိုယ်ကို အားကိုးလိုစိတ်များ လျော့ပါးလာကာ သူတစ်ပါး အပေါ် မှီခိုလိုစိတ်များ ကြီးမားလာသည်ကို သတိထားမိပါသည်။ ထို့ကြောင့် မိဘများသည် ရေရှည်ကို မျှော်တွေးလျက် သားသမီးတို့အား ပြုစုပျိုးထောင်တတ်ရန် လိုအပ်ပေသည်။

ဆရာကြီးအောင်သင်း၏ တပည့်လေးများကဲ့သို့ ကျွန်တော်တို့၏ တပည့်လေးများသည် သူတစ်ပါးခံစားချက်ကို ကိုယ့်ခံစားချက်အဖြစ်သာ ဖော်ထုတ်နေပါလျှင် အနာဂတ်တိုင်းပြည်၌ ပုံတူတွေသာ ပွားများလာနိုင်ပေ၏။ အရောင်တူတွေသာ များလာနိုင်ပေ၏။ သူများခင်းထားသည့် လမ်းကိုသာ လျှောက်ချင်ကြပြီး ကိုယ့်လမ်းကိုယ်ဖောက်ဖို့မေ့လျော့နေသူတွေသာ များလာနိုင်ပေသည်။ သူများယောင်လို့ ကိုယ်လိုက်ယောင်တတ်သူများသာ တိုးပွားလာနိုင်ပေမည်။ ကိုယ်ပိုင်ဖန်တီးမှု၊ ကိုယ်ပိုင်အတွေးခံစားမှု၊ ကိုယ်ပိုင်ယုံကြည်ချက်နှင့် ကိုယ့်အားကိုယ်ကိုးချင်စိတ်များ လျော့ပါးလာနိုင်သည်ကို သတိထားသင့်လှပေသည်။

ပညာရေးသမားပီပီ ကျွန်တော်သည် ပညာရေးအမြင်ဖြင့်သာ ရှုမြင်တတ်ပါသည်။ လူငယ်များသည် ကိုယ့်ခံစားချက်က ဘာလဲ၊ ကိုယ့်ရည်ရွယ်ချက်က ဘာလဲဆိုတာ သိအောင်၊ ကိုယ်ပိုင်ရပ်တည်ချက်နှင့် ကိုယ့်အားကိုယ်ကိုးလိုစိတ်များ ဖြစ်ထွန်းလာအောင်

ပညာရေးက လေ့ကျင့်ပျိုးထောင်ပေးရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ပညာရေး၌ ပါဝင်သော ဆရာတို့သည် တပည့်လေးများ၏ ခံစားမှု၊ အတွေး၊ ယုံကြည်ချက်တို့ကို တိုးတက်အောင် နည်းမှန် လမ်းမှန် သွန်သင်ညွှန်ပြပေးရန် လိုပေသည်။ တစ်ဖန် မိဘများ သည်လည်း သားသမီးများကို နည်းမှန်လမ်းမှန် ပြုစုပျိုးထောင် ပေးတတ်ရန်လိုပေသည်။ သို့မှသာ အရောင်တူ၊ ပုံတူများ မဟုတ်ဘဲ အရောင်စုံ၊ အသွေးစုံ၊ အလှစုံသည့် လောကဥယျာဉ်ကြီးကို ကိုယ့်အားကိုယ်ကိုးလိုသော၊ အမှီအခိုကင်းသော လူငယ်များ (Independent Learners) ဖြင့် ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**Eternal Light Magazine**
**May, 2017**

# အရောင်မဆိုးကြစေချင်ပါ

(၁)

Experience is the best teacher ဟူသော စကားတစ်ရပ်ရှိသည်။ အတွေ့အကြုံသည် အကောင်းဆုံးဆရာဟူ၏။ မှန်ပါသည်။ အတွေ့အကြုံရှိသူသည် အတွေ့အကြုံမှ ဘဝသင်ခန်းစာရသည်။ အတွေ့အကြုံမှ အတွေးအကြံရသည်။ ကိုယ်တိုင်ကြုံတွေ့ပြီးရသည့် ဘဝအသိဖြစ်၍ စွဲမြဲတတ်ကြသည်။ ကြုံတွေ့လာရမည့် ဘဝပုစ္ဆာများအတွက် အတွေ့အကြုံများသည် များစွာအထောက်အပံ့ဖြစ်စေသည်။ အတွေ့အကြုံနည်းပါးပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားနည်းနေသူများကို 'အတွေ့အကြုံက သင်သွားလိမ့်မယ်' ဟုပင် အားပေးတိုက်တွန်းတတ်ကြသည်။ သို့သော် ကျွန်တော်တို့သည် အတွေ့အကြုံများမှ သင်ခန်းစာယူတတ်ဖို့တော့ လိုပါလိမ့်မည်။ လောကသဘာဝ၊ လူ့သဘာဝကို ကြည့်တတ်၊ မြင်တတ်၊ ရှုတတ်၊ ခံစားတတ်ဖို့တော့ လိုပါသည်။

ကျွန်တော့်ဘဝအတွေ့အကြုံကို ပြန်တွေးဆင်ခြင်မိပါသည်။ အများစုကို မေ့ပျောက်သွားတတ်သည်က များပါသည်။ သို့သော်

အတွေ့အကြုံ လေးတစ်ခုသည်ကား နှလုံးသားတွင် မှတ်မှတ်ထင်ထင် စွဲကျန်နေမိပါသည်။ တက္ကသိုလ်ကျောင်းသားဘဝ နေ့ရက်များထဲက ဖြစ်ပါသည်။

ကျွန်တော် ဆယ်တန်းအောင်တော့ ရန်ကုန်မှာ ပညာရေး တက္ကသိုလ် တက်ဖြစ်ပါသည်။ ယခုလို စတက်တက်ချင်း အဆောင် တွေ မပေးနိုင်သေးသည့်အတွက် ထိုစဉ်က နယ်မှလာသူများသည် နေရေးထိုင်ရေး အတော်ဒုက္ခများကြရသည်။ အပြင်မှာ ငှားနေကြရသူ လည်းရှိသည်။ ထို့ကြောင့် နေစရိတ်ကုန်ကျရသည့်အတွက် နယ်မှလာသော ချို့တဲ့သူများမှာ တက္ကသိုလ်တက်ဖို့ အတော်လေး ခက်ခဲသည်ဟု ဆိုနိုင်ပါသည်။ ကျွန်တော်ကတော့ ရန်ကုန်ရှိ အစ်ကို့ အိမ်မှာနေပြီး ကျောင်းတက်ရသည်။ ထို့ကြောင့် နေစရိတ်၊ စားစရိတ် မကုန်ပေ။ အစ်ကို့အိမ်၌ နေစဉ်က အတွေ့အကြုံလေးကို စာဖတ်သူ အား ပြန်လည်မျှဝေပေးချင်၍ ဤဆောင်းပါးကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။

(၂)

အစ်ကိုက တပ်မတော်အမှုထမ်း၊ အစ်ကို့ဇနီးက ကျောင်းဆရာမ။ နှစ်ဦးစလုံးက ဝန်ထမ်းတွေ။ သူတို့မှာ ၃ နှစ်လောက်ရှိသည့် သမီးက လေး တစ်ယောက်ရှိသည်။ မိဘနှစ်ပါးစလုံးမှာ ဝန်ထမ်းများဖြစ်သည့် အတွက် တူမလေးကို နေ့ကလေးထိန်းကျောင်းပို့ရသည်။ ရုံးဖွင့်ရက် မနက်ခင်းများဆို အစ်ကိုက အလုပ်သွားဖို့ပြင်ရ၊ အစ်မကလည်း ကျောင်းသွားဖို့ ပြင်ရနှင့် အိပ်နေသောသမီးလေးကို အတင်းနှိုးကာ ပြင်ဆင်ပေးပြီး ကျောင်းပို့ရသည်။ မိသားစုအတူရှိချိန်မှာ ညပိုင်းများ နှင့် ရုံးပိတ်ရက်များသာ ဖြစ်ပါသည်။ ဝန်ထမ်းတို့၏ သားသမီးလေး များမှာ ထိုသို့နှင့်နှင့် ကြီးပြင်းလာကြရပါသည်။

"ငါ့မောင်ရေ၊ နင့်တူမကို ကျောင်းပို့ပေးပါဦး။ ငါ ဂျူတီကျလို့၊ နင့် အစ်ကိုလည်း အချိန်မီသွားရမှာမို့"

အစ်မက ပြောလည်းပြော သွားဖို့ပြင်ဆင်နေသည်။ အစ်ကိုက တော့ အလုပ်သွားပြီ။ တူမလေးကို ကျွန်တော် ကျောင်းပို့ရတော့မည်။ သို့နှင့် တူမလေးကိုနို့၊ ရေချိုးပေး၊ သနပ်ခါးလိမ်းပေး၊ ထမင်းကျွေးတို့ လုပ်ပေးရ ပါသည်။ စားပြီးသောက်ပြီးတော့ အထုပ်အပိုးတွေနှင့် တူဝရီးနှစ်ယောက် ထွက်လာကြသည်။ ကျောင်းသွားသည့်လမ်း၌ မုန့်ဝယ်ပေးရသေးသည်။

သို့နှင့် မုန့်ဈေးတန်းလေးရောက်တော့ ကျွန်တော်က "သမီး ဘာမုန့်စားမလဲ" ဟု ပြောရင်း မုန့်တွေကို ညွှန်ပြပါသည်။ သူက စားချင်သည့် မုန့်ကို လက်ညှိုးလေးထိုးပြသည်။ ထို့နောက် ဆိုင်ရှင်ကို "အဲဒီမုန့်လေး ၂ ထုပ်ပေးပါ" လို့ ပြောလိုက်တော့ တူမလေးက "ဟင့်အင်း ဦးဦး မီးကို တစ်ခုပဲပေးပါ" ဟုပြောသည်။ ကျွန်တော့် တူမလေး ဘာဖြစ်လို့ ပြောင်းလဲသွားတာပါလိမ့်။ ကျွန်တော် သိချင် စိတ်ကို မျိုသိပ်ကာ သူ့ကို ကျောင်းလိုက်ပို့ပေးလိုက်ပါသည်။

ဤသို့ဖြင့် ညဘက် မိသားစုထမင်းဝိုင်းလေး၌ မနက်က သိချင် တာလေးကို မေးမိပါသည်။

"အစ်မရေ ကလေးက ခါတိုင်းမုန့်ဝယ်ရင် သူ့သူငယ်ချင်း အတွက်ပါဆိုပြီး နှစ်ခုဝယ်နိုင်းနေကျ။ ခုမနက်ကျတော့ တစ်ခုပဲ ဝယ်နိုင်းတယ်"

အစ်မကလည်း ဘာကြောင့်လဲအဖြေကို သိချင်နေသည်။ ဖခင် ဖြစ်သူကလည်း သူ့သမီးလေးကို အကဲခတ်နေသည်။

"သမီးလေးက ဘာဖြစ်လို့ မုန့်ကို တစ်ခုပဲဝယ်နိုင်းရတာလဲ"

အမေက မေးလေပြီ။ အားလုံးက ထမင်းကို ဆက်မစားနိုင်ဘဲ ကလေး၏အဖြေကို ငံ့လင့်နေကြသည်။

"မီးကို သူတို့မုန့်ကျတော့ မကျွေးကြလို့ မီးမုန့်ကိုလည်း မကျွေး ချင်တော့ဘူး။ ဒါကြောင့် တစ်ခုပဲ ဝယ်နိုင်းတာပါ"

ကျွန်တော်တို့လူကြီးတွေ ငိုင်ကျသွားသည်။ ကျွန်တော်တို့က

တူမလေးကို သူငယ်ချင်းနှင့်တည့်အောင်နေဖို့၊ ကိုယ်ရှိတာလေးကို သူများကို မျှဝေပေးဖို့ အမြဲသွန်သင်ပေးဖြစ်သည်။ ယခင်က သူငယ်ချင်းတွေအတွက်ပါ မုန့်ဝယ်ခိုင်းတတ်သည့် တူမလေးက ခုတော့ မဝယ်ခိုင်းတော့ပြီ။ သူ့ သူငယ်ချင်းတွေက သူတို့၏မုန့်ကို တူမလေးကို မကျွေးကြ၊ ဝှက်စားကြတော့ တူမလေးကလည်း သူ့မုန့်ကို ပြန်မကျွေးတော့ပြီ။ ကိုယ့်မုန့်ကို မျှမပေးချင်သည့်ရပ်ဝန်းမှာ ကျွန်တော့် တူမလေး၏ အဖြူရောင်နှလုံးသားလေးသည် အစွန်းထင်းခံလိုက်ရသည်။ အရောင်ဆိုးခံလိုက်ရသည်။

ထိုနေ့က ''သမီးရယ်၊ သူတို့မကျွေးလည်း ကိုယ်ကကျွေးလိုက်နော်'' ဟု ကျွန်တော်တို့ ဖျောင်းဖျပြောဆိုပေးလိုက်ရသည်ကို ယနေ့တိုင် မှတ်မိနေပါသေးသည်။

(၃)

ကျွန်တော်တို့သည် ပတ်ဝန်းကျင်၏ အရောင်ဆိုးမှုကို အနည်းနှင့်အများဆိုသလို ခံကြရပါသည်။ တစ်ခါတလေ သတိမထားလိုက်မိစဉ်မှာပင် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုက ကိုယ့်ဆီမှာ ရောက်နေတတ်သည်။ ကောင်းတာလည်း ပါလိမ့်မည်။ ဆိုးတာလည်း ပါလိမ့်မည်။ ဘယ်ဟာ ပိုများမယ်ဆိုတာတော့ သတိထားကြည့်သင့်ပါသည်။

ငယ်ငယ်က ကျွန်တော်တို့သည် ဖြူစင်ခဲ့ကြ၏။ ရိုးသားခဲ့ကြ၏။ ငယ်ငယ်က ကျွန်တော်တို့ လိမ်မပြောတတ်ကြပေ။ ငယ်ငယ်က ကျွန်တော်တို့ သူ့ဥစ္စာမခိုးတတ်ပေ။ ငယ်ငယ်က ကျွန်တော်တို့ မာယာတွေ မရှိခဲ့ကြပေ။ ငယ်ငယ်က ကျွန်တော်တို့ ဟန်မဆောင်တတ်ကြပေ။ ငယ်ငယ်က ကျွန်တော်တို့ ဆဲဆိုရကောင်းမှန်း မသိကြပါပေ။ ပတ်ဝန်းကျင်ရှိ လူကြီး သူမတချို့က ''သားရေ လက်သီးဆုပ်ပြလိုက်၊ သူ့ကိုရိုက်လိုက်၊ သူ့ကိုဆဲပြလိုက်'' စသဖြင့် သင်ပေးတတ်ကြသည်။ ကလေးတွေက အဆဲလေးတွေ တတ်လာကြ၏။ ထိုသို့ ဆဲဆိုပြမှုလျှင် လူကြီးတို့၏ သဘောကျနှစ်သက်မှုကို ရကြသည်။ ကောင်း၏။

ဆိုး၏ သူတို့မသိ။ ထို့နည်းတူ သင်ပေးသူများကိုယ်တိုင်လည်း နောက်ဆက်တွဲ ဆိုးကျိုးများကို မတွေးတောမိကြပေ။ လူကြီးတွေ၏ မဟုတ်မမှန်သော လမ်းညွှန်ပေးမှုတချို့ကြောင့် ဖြူစင်သော နှလုံးသားလေးတွေ ညစ်ထေးခဲ့ကြရသည်။ အဖြူထည်လေးများမှာ အရောင်မျိုးစုံရောယှက်ကုန်ကြသည်။

ဘာမှန်းမသိဘဲ ကျွန်တော်တို့ ကလေးငယ်များ၏ ဖြူစင်သည့်နှလုံးသားလေးများ စွန်းထင်းသွားကြသည်။ နောက်ဆက်တွဲအနေဖြင့် ကျွန်တော်တို့သည် အမှားကို အမှန်ထင်မိသွားတတ်ကြ၏။ မာယာများ၊ အကွေ့အကောက်များဖြင့် ကျွန်တော်တို့၏ လူမှုဆက်ဆံရေးသည်လည်း လှည့်ပတ်ဖြားယောင်းခြင်းတွေ သိပ်များလှပါသည်။ ရိုးသားဖြူစင်မှု၊ အပြန်အလှန် ယုံကြည်မှုတို့မှ သွေဖည်ထားသောလူ့ဘောင်အနာဂတ်သည်ကား အန္တရာယ်များလှပါသည်။

ကျွန်တော်တို့၏ မွေးရာပါ ရိုးသားဖြူစင်သော နှလုံးသား များကိုပကတိအတိုင်းရှိနေဖို့ အားလုံး၌ တာဝန်ရှိပါ၏။ ကိုယ့် ကြောင့်အဖြူထည် လေးများ အရောင်မစွန်းထင်းရလေအောင်သတိထားဆင်ခြင်ရပါမည်။ ကိုယ့်ကြောင့် ပတ်ဝန်းကျင် အရုပ်ဆိုး၊ အကျည်းတန်မသွားအောင် ဆင်ခြင်ရပါမည်။ အယူအဆအမှား၊ အတွေးအခေါ်အမှား၊ အပြုအမူအမှားများကို မျိုးဆက်သစ်လူငယ်များအား မပေးမိဖို့ မိမိတို့ ကိုယ်တိုင် ပညာသတိအမြဲရှိနေကြရပါမည်။ သို့မှသာ ဖြူစင်ခြင်း၊ ရိုးသားခြင်းတို့ဖြင့်ထုံမွှမ်းထားသော အနာဂတ်လူ့ဘောင်သစ်ကို တည် ဆောက် နိုင်မည်ဖြစ်ပါသည်။

(၄)

ကျွန်တော်တို့ ကျောင်းဆရာများမှာ ကျွန်တော်တို့၏ တပည့်များနှင့် ထိတွေ့ချိန်သည် မိဘများနှင့် သူတို့သားသမီးများ ထိတွေ့ချိန်ထက် ပိုများနေတတ်ပါသည်။ တစ်ပတ် ၇ ရက်မှာ ၅ ရက်သည်

ကျောင်းဖွင့်ရက်များ ဖြစ်နေတတ်ပါသည်။ ထို့ကြောင့် ဆရာတို့၏ တပည့်များအပေါ် သွန်သင်မှုကဏ္ဍသည် အင်မတန်အရေးပါနေ၏။

**ဆရာတို့သည် လောကသဘော၊ လူ့သဘောကို မသိနားမလည်သေးသော တပည့်ကလေးများအား အခြေခံလူ့ကျင့်ဝတ်တို့ကို မျိုးစေ့ချ ပေးကြရပေမည်။ ရေလောင်းပေါင်းသင်ပေးရမည်။ အယူအဆမှန်၊ အတွေးအခေါ်မှန်အောင် ငယ်စဉ်ကတည်းက သင်ကြားပေးကြရပေမည်။ နုငယ်ဖြူစင်သော ကလေးသူငယ်များ၏ စာရိတ္တမဏ္ဍိုင် ခိုင်မတ်နေအောင် အလေးထား ပြုစုပျိုးထောင်ပေးရန်လည်း ယနေ့ခေတ်၏ အဓိကလိုအပ်ချက်ဖြစ်ပါသည်။**

(၅)

သူငယ်ချင်းက မုန့်မကျွေးလို့ သူလည်း ပြန်မကျွေးတော့ဘူးဟု ပြောပြရှာသည့် ကျွန်တော့်တူမလေးလို ကလေးတွေ ပတ်ဝန်းကျင်၌ မည်မျှရှိလေမည်နည်း။ ပတ်ဝန်းကျင်၏ အရောင်ဆိုးမှုကြောင့် စွန်းထင်းသွားခဲ့ကြရရှာသော အဖြူထည်လေးများ မည်မျှရှိမည်နည်း။ စာဖတ်သူကော၊ ကျွန်တော်ကော ပတ်ဝန်းကျင်၏ အရောင်ဆိုးမှုကို မည်မျှခံခဲ့ရသနည်း။ ကျွန်တော်တို့ကကော ပတ်ဝန်းကျင်ကို မည်မျှ အရောင်စွန်းထင်းစေခဲ့ပြီနည်း။ ပြန်လည်ဆန်းစစ်ကြည့်စေချင်မိပါသည်။

သူ မကောင်းလည်း ကိုယ်က ကောင်းရမည်ဆိုသော စိတ်ဓာတ်မျိုးကို ကျွန်တော့်တူမလေးအပါအဝင် ကျွန်တော်တို့ လူ့ဘောင်ရပ်ဝန်း၌ ရှင်သန်စေချင်မိပါသည်။ ဖြူစင်သော နှလုံးသားလေးများသည် ပတ်ဝန်းကျင်ကြောင့် အရောင်ပြောင်းမသွားကြဘဲ ဆက်လက်ဖြူစင်သွားအောင်၊ စာရိတ္တမဏ္ဍိုင် မတ်မတ်ခိုင်အောင် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကြိုးစားကြရပေဦးမည်တကား။

**Eternal Light Magazine** မေ၊ ၂၀၁၇

# အရှုံးနှင့် မိတ်ဖွဲ့ခြင်း

(၁)

လောကကြီးသည် တရားမျှတပါပေ၏။ အကောင်းရှိ၏။ အဆိုးရှိ၏။ အမှန်ရှိ၏။ အမှားရှိ၏။ အတော်ရှိ၏။ အညံ့ရှိ၏။ သနားခြင်းရှိ၏။ ရက်စက်ယုတ်မာခြင်းလည်းရှိ၏။ အောင်မြင်ခြင်းရှိ၏။ ကျရှုံးခြင်းလည်း ရှိနေပြန်၏။ ဤသို့လျှင် ဆန့်ကျင်ဘက်တရားတို့သည် လောက၌ ဒွန်တွဲလျက်ရှိကြလေ၏။

လူသည်ကား လူသားဆန်လွန်း၏။ အကောင်းကိုသာ လိုချင်တမ်းတ၏။ မျှော်လင့်တောင့်တ၏။ အဆိုးများကို အလိုမရှိ၊ အကောင်းနှင့် အဆိုး ယှဉ်တွဲနေသည့်အနက် အကောင်းလောကဓံကိုသာလျှင် ရယူလိုကြ၏။ အဆိုးလောကဓံများကိုမူကား မရလိုကြ။ မကြားပင် မကြားလိုကြပေ။ ရွှေအိမ်ရွှေနန်းနှင့် အာဏာ၊ စည်းစိမ်များ၊ အခြွေအရံများ ဝန်းရံထားသော မိဖုရားဖွားစောသည်ပင် သူ၏ အလှူမှတ်တမ်းတင် ကျောက်စာထဲ၌ သူ့ကိုယ်သူ လူသားဆန်ကြောင်း

ဖွင့်ပြခဲ့ပေး၏။ "မရှိ စကား ငါမကြားလို" ဆိုသတဲ့။ သာမန်ပြည်သူများအဖို့ကား ပြောနေရန်ပင် မလိုပေ။ အဆိုးလောကဓံ၊ တစ်နည်းအားဖြင့် ကျရှုံးခြင်းသည်ကား သူတို့အတွက် ရန်သူ။

ကျရှုံးခြင်းသည်ကား ရန်သူ မဟုတ်။ ရန်သူကဲ့သို့ တစိမ်းဆန်နေလျှင် တစ်နေ့၌ ကျရှုံးခြင်းက ကိုယ့်ဆီရောက်လာသည့်အခါ အကျနာတတ်၏။ မိအေးနှစ်ခါနာ အဖြစ်မျိုး ရောက်သွားတတ်ပါ၏။ ရှောင်လွှဲမရသည့် ဤအရှုံးကို လက်ခံနိုင်အောင်၊ ယဉ်ပါးအောင် ကြိုးစားထားရပေမည်။

အမှန်စင်စစ် အရှုံးသည်ကား လူသားတို့၏ မိတ်ဆွေသာ ဖြစ်၏။ မိတ်ဆွေသည် မိမိကောင်းရာကောင်းကျိုးကို လမ်းညွှန်ပေး၏။ မှားမိသည့် အမှားမျိုး နောက်တစ်ခါမမှားအောင် သတိထားမိစေ၏။ အမှားနည်းသွားလျှင် အမှန်နှင့် နီးစပ်လာမည်။ အမှန်နှင့် နီးစပ်လျှင် လမ်းမှန်သို့ ရောက်လာမည်။ သို့သော် အမှားထဲက၊ အရှုံးထဲက သင်ခန်းစာ ယူတတ်ဖို့တော့ လိုပါမည်။ ကိုယ့်ဟာကွက်တွေကို ပြန်ဆန်းစစ်ပြီး ရှေ့ဆက်လျှင် တစ်နေ့အောင်မြင်မှုပန်းတိုင်သို့ ရောက်နိုင်သေး၏။ ဖွဲ၊ လုံ့လ၊ ဝီရိယ မလျှော့ဖို့ပဲ လို၏။

အက်ဒီဆင်ကို လူအများက တီထွင်မှုစုန်းကဝေကြီးဟု တင်စားကြသည်။ သူတီထွင်လိုက်တိုင်း ဖြစ်နေသည်ကိုး။ ဤကား အပြင်လူတို့၏ အမြင်သာ ဖြစ်၏။ တကယ့် အက်ဒီဆင်ကိုယ်၌ အောင်မြင်မှုရဖို့ မည်သို့ရင်ဆိုင် ကြိုးပမ်းခဲ့ရသနည်း။ တကယ်တော့ အက်ဒီဆင်သည် တီထွင်မှုတစ်ခု အောင်မြင်ဖို့ အကြိမ်ပေါင်း ရာထောင်ချီ စမ်းသပ်ရသည်။ တစ်ကြိမ်မအောင်မြင်လျှင် မအောင်စေသည့် ဟာကွက်ကို မှတ်၏။ နှစ်ကြိမ်မအောင်မြင်လျှင် မအောင်မြင်စေသည့် အကြောင်းရင်းကို ဆန်းစစ်မှတ်သား၏။ ဤသို့ဖြင့် အကြိမ်ထောင်ချီ၍ စမ်းသပ်ပြီးနောက် သူသည် အမှားလုပ်နည်းများစွာကို သိလာ၏။ ထို့နောက် အမှားလုပ်နည်းများကို ရှောင်လွှဲ၍ အမှန်လုပ်နည်းကို

တွေ့ရှိသွား၏။ အမှားများမှ သင်ခန်းစာကိုယူ၍ မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့သည်သာ သူတို့ အောင်မြင်စေခဲ့၏။ အကြိမ်တစ်ထောင်လုပ်၍ မအောင်မြင်ရင် (၁၀၀၁) မြောက်၌ ရှေ့က အမှားမျိုးကို သတိထားပြီး ဆက်ကြိုးစားလျှင် အောင်မြင်မှုပန်းတိုင်သို့ ရောက်နိုင်မည်ဆိုသော သူ၏ သံမဏိစိတ်ဓာတ်။

(၂)

ကြံစည်သမျှ အရာတိုင်း၊ ဆောင်ရွက်သမျှ ကိစ္စတိုင်းသည် အောင်မြင်သည် မဟုတ်။ တစ်ခါတလေ အောင်မြင်၏။ တစ်ခါတလေ ကျရှုံး၏။ အောင်မြင်သည့်အခါ ပြုံးပျော်ကြည်နူး၏။ ကျရှုံးသည့်အခါ ယူကျုံးမရ ဝမ်းနည်းပက်လက်ဖြစ်၏။ တမြေ့မြေ့ ခံစားရ၏။ တမှိုင်မှိုင် တငိုင်ငိုင်ဖြစ်သွားရ၏။ ထို့ကြောင့် ရှေ့ဆက်ရမည့်ခရီးသည် ကြန့်ကြာသွားရတော့သည်။ တကယ်တော့ အကောင်းအဆိုးမျှတစွာ ဖန်တီးပေးထားသည့် လောကကြီး၌ အကောင်းနှင့် ကြုံကြုံ၊ အဆိုးနှင့် ဆုံဆုံ ရင်ဆိုင်နိုင်အောင် ကြိုးစားထားသင့်ပါသည်။

လူ့ဘဝ၌ လဲကျလျှင် ပြန်ထဖို့သာ လိုပါသည်။ ဘဝမှာ အကြိမ်ကြိမ်လဲကျဖူးပါလိမ့်မည်။ ထိုသို့လဲကျတိုင်း ပြန်ထခဲ့သည် မဟုတ်လား။ ငိုကြွေးခြင်း၊ မှိုင်တွေခြင်းတို့ ဖြစ်မိပါသလား။ မဖြစ်ပါ။ လဲကျရင် ပြန်ထပြီးဖုန်ခါ။ ပြီးလျှင် လိုရာခရီးဆက်ကြသည်ပဲလေ။ ဘာငိုကြွေးစရာရှိလဲ။ နောက်တစ်ကြိမ် ထပ်မလဲကျချင်ရင် လမ်း၌ ဆူးငြောင့်ခလုတ်တွေကို သတိထားရုံပင် ရှိ၏။

ဘောပွဲတွေ ကိုယ်တိုင်လည်း ကန်ဖူးကြမည်။ ကြည့်ဖူးကြမည်။ အမြဲတမ်း နိုင်မည်ဟု သတ်မှတ်ထားလို့ ရမလား ပြန်စဉ်းစားကြည့်။ နိုင်သည့်အခါ နိုင်သည်။ ရှုံးသည့်အခါ ရှုံးသည်။ ကမ္ဘာကျော် ရီးရဲ မက်ဒရစ်အသင်း၊ ချယ်ဆီးအသင်းတွေတောင် တန်းတက်အသင်းလေးတွေကို ရှုံးသည့်အခါ ကြုံရသည်ပဲ။ အရှုံးဆိုတာ ဘာဆန်းလဲ။ ကိုယ်နှင့်အကျွမ်းတဝင် ရှိပြီးသား။ ထိုအရှုံးကို ပြုံးပြုံးကြီး လက်ခံ

တတ်အောင် လေ့ကျင့်ထားရုံသာရှိ၏။

လူတို့သည် အရှုံးနှင့် ရင်ဆိုင်ရမှာကို သေမင်းနှင့် ရင်ဆိုင်ရမလောက် စိုးကြောက်ကြ၏။ (လူ့သဘာဝမျှသာ ဖြစ်၏။ ထို့ကြောင့် အပြစ်ဟု မဆိုသာ။) တချို့သည် အလုပ်မစမီကပင် အရှုံးကို ကြောက်နေကြ၏။ အလုပ်ဟူသည် လုပ်ကြည့်မှ သူ့သဘာဝကို သိမည်။ အရှုံးနှင့် ရင်ဆိုင်ရမှာ ကြောက်နေရုံဖြင့် အောင်မြင်လာမည် မဟုတ်။ အရှုံးကို ရင်မဆိုင် နိုင်သရွေ့ အောင်မြင်မှုနှင့် ဝေးနေဦးမည်သာ ဖြစ်၏။

လောက၌ မကျရှုံးဖူးသူဟူ၍ မရှိ။ ဘုရားရှင်သည်ပင် တရားကို ချက်ချင်းတွေ့ရှိသည် မဟုတ်။ အမှားကို သတိဝင်၊ အလွဲကို ပြန်ပြင်ပြီး ကျင့်တော့မှ တရားထူး တရားမြတ်ရကာ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိခဲ့၏။ ထို့ကြောင့် မှားမှာကို ရှုံးမှာကို တွေးကြောက်မနေဘဲ ရဲရဲဝံ့ဝံ့ လုပ်ဆောင်ကြရပေမည်။ မှားဖူးမှ အမှန်ကို ရောက်မည်။ ရှုံးဖူးမှ အောင်မြင်၏။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်တတ်မည်။

(၃)

လောကဓံကို တွေးကြောက်နေသူနှင့် လောကဓံကို ရဲရဲရင်ဆိုင်တတ်သူတို့အကြောင်း အတွေးစာလေးတစ်ပုဒ်ကို ပြေးသတိရမိသည်။ ဆရာဖေမြင့်ရေးသည့် နှလုံးသားအာဟာရထဲမှာ ဖြစ်၏။ မျိုးစေ့လေးနှစ်စေ့အကြောင်း။ တစ်စေ့ကို လောကဓံကို တွေးကြောက်နေသူအဖြစ် သရုပ်ဖော်ထား၏။ ကျန်တစ်စေ့ကို လောကဓံကို ကြံ့ကြံ့ခံသူအဖြစ် တင်စားထား၏။ တစ်နေ့သ၌ ပထမမျိုးစေ့က ''မြေလွှာထုကို ထိုးဖောက်ရဦးမည်။ မိုးဒဏ်လေးဒဏ်ကို ရင်ဆိုင်ရဦးမည်။ အစို့အငြှောင့်လေး ပေါက်လာပြန်ရင် ကြက်တွေ၊ ဝက်တွေ အန္တရာယ်ကို ရင်ဆိုင်ရဦးမည်။ တော်ပြီ။ မြေကြီးထဲမှာ ဒီအတိုင်းပဲ နေမယ်''ဟု တွေးကာ အပင်မပေါက်ဘဲ နေသည်။ မကြာမီပင် ကြက်တစ်စုက အစာရှာထွက်ရင်း သူ့ကို တွေ့တော့ စားလိုက်၏။ အပင်မဖြစ်လိုက်

ဘဲ ကြက်စာဖြစ်သွားရရှာ၏။ ဒုတိယမျိုးစေ့က "မျိုးစေ့အဖြစ်မှ မထူးဘူး။ အပင်ဖြစ်ကို ဖြစ်ရမယ်။ အဲဒီအတွက် မြေလွှာကို ထိုး ဖောက်၊ ကျရောက်လာမယ့် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံ၊ ကြက်၊ ဝက် တွေကို မကြောက်မရွံ့ ရင်ဆိုင်ပြီး လောကအလယ် အလှကြွယ်တဲ့ အပင် ဖြစ်အောင် ကြိုးစားမယ်" ဟု ယုံကြည်ချက်ဖြင့် လောကကို ရင်ဆိုင်၏။ အခက်အခဲတွေကို ကျော်ဖြတ်ပြီးနောက်ဆုံး လောကအတွက် အကျိုးဖြစ်ထွန်းစေသည့် သစ်ပင်တစ်ပင်ဖြစ်လာ၏။

မျိုးစေ့ဖြစ်မှတော့ အပင်ဖြစ်ရပေမည်။ တွေးကြောက်နေလို့ မရ။ စမ်မရောက်မီ မြားကုန်နေလို့ မဖြစ်။ ကြုံလာမည့် အတားအဆီးတွေကို ကြံ့ကြံ့ခံရပေမည်။ လဲကျလျှင် ပြန်မတ်ရဦးမည်။ ဦးငိုက်လျှင် ပြန်မော့ရပေမည်။ မျိုးစေ့သည် အပင်ဖြစ်ဖို့ တာဝန်ရှိ၏။ လူဖြစ်လာမှတော့ ကြုံလာရမည့် အကောင်း၊ အဆိုးတို့ကို လက်ခံနိုင်ရပေမည်။ ဒုတိယမျိုးစေ့ကဲ့သို့ နှလုံးသွင်းတတ်အောင် ကြိုးစားရပေမည်။ သို့မှသာ လောကကောင်းကျိုး၊ မိမိကောင်းကျိုးအတွက် ဆောင်ရွက်နိုင်သည့် လူသားတစ်ယောက် ဖြစ်လာပေမည်။

(၄)

မျိုးစေ့မှန်၍ အပင်သန်ရန် လို၏။ မျိုးစေ့မှန်ပြီး အပင်မမှန်လျှင် ပျိုးထောင်သူတို့၌ တာဝန်ရှိ၏။ မျိုးစေ့လေးများအား အမှားကို၊ အရှုံးကို၊ အခက်အခဲ အဆီးအတားတွေကို ကျော်ဖြတ်ရဲသည့် စိတ်ဓာတ်မျိုးရှိအောင် လေ့ကျင့်ပျိုးထောင်ပေးရမည်။ ပျိုးထောင်သူများသည် အမှားဆုံလျှင် မဆူမိဖို့ လိုမည်။ အရှုံးနှင့် ကြုံလျှင် အပြစ်မပြောမိဖို့ လိုမည်။ အမှားမကင်းသော လူ့ဘဝ၌ အမှားထဲက၊ အရှုံးထဲက သင်ခန်းစာယူပြီး ပန်းတိုင်ခရီးသို့ သတ္တိရှိရှိ ရှေ့ဆက်တတ်အောင် မျိုးစေ့လေးများကို လေ့ကျင့်ပေးထားရန် လိုပေမည်။

လမ်းခုလတ်၌ပင် အပင်ဖြစ်မသွားရှာသော မျိုးစေ့လေးများကို တွေမြင်နေသည်မှာ စိတ်မကောင်းစရာ ဖြစ်ပါ၏။ အမှားကို ရင်မ

ဆိုင်ရဲ၍၊ အရှုံးကို လက်မခံနိုင်၍ ဘဝကို အဆုံးသတ်သွားရှာသော မျိုးစေ့လေးအတွက် ရင်ထုမနာဖြစ်ရ၏။ စာမေးပွဲရှုံး၍ တိုက်ပေါ်က ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သူလေတွေ၊ စီးပွားရှုံးလို့ မိမိကိုယ်ကိုယ် ဆုံးစီရင်သူတွေ၊ ချစ်သူက စွန့်သွား၍ ဘဝကို ရပ်ပစ်သူတွေကို တွေ့ဖူးကြပေလိမ့်မည်။ စာမေးပွဲလေးလည်း ဘဝမဟုတ်။ ငွေသည်လည်း ဘဝမဟုတ်။ အချစ်သည်လည်း ဘဝမဟုတ်ကြသည်ကို မတွေးတတ်ကြတော့ပေ။ ဘဝခရီး၌ ရှေ့ဆက်ရမည့် လုပ်ငန်းတာဝန်တွေက ကျန်ရှိနေသေးသည်ကို သတိထား ဆင်ခြင်စေလို၏။

(၅)

အရှုံးသည် အဆုံးသတ် မဟုတ်ပါပေ။ အရှုံးသည် ရန်သူမဟုတ်ပါပေ။ အရှုံးကို မိတ်ဆွေဖွဲ့၍ အရှုံးထဲက သင်ခန်းစာယူတတ်ရန်သာ လိုပေ၏။ အကောင်းချည်းပဲလိုချင်၍ မရသော လောကကြီး၌ အဆိုးများနှင့်လည်း ကြုံရတတ်သည်ဖြစ်ရာ ဆရာကြီးမင်းသုဝဏ်၏ ပျဉ်းမငုတ်တိုကဗျာထဲက ပျဉ်းမငုတ်တိုကဲ့သို့ ကျင့်ကြံနေထိုင်သွားရန်သာ ဖြစ်ပေ၏။

## ပျဉ်းမငုတ်တို

ဖုထစ်ရှုတ်တွ ငုက်လင်းတသို့
ပျဉ်းမငုတ်တို သက်ကျားအိုသည်
ကုန်းမိုထက်တွင် တစ်ပင်တည်း။
ခွဆုံအကွေး သစ်ခေါင်းဆွေးလည်း
အဖေးတက်လာ အိုင်းအမာသို့
ကျယ်စွာဟက်ပက် ခြံအိမ်ပျက်။
ကုန်းမိုကမ်းပါး မြေပပ်ကြားတွင်
သစ်သားခမောက် ပိန်ခြောက်ခြောက်လည်း

စစ်ရောက်စခန်း လက်ပြည့်နွှန်း။
ထိုပင်ငုတ်တို ပျဉ်းမအိုသည်
စစ်ကိုလည်းကြုံ ခြအုံလည်းဖြစ်
ဓားထစ်လည်းခံ နေလှုံလည်းတိုက်
လေပြင်းခိုက်လျက် မငိုက်ဦးခေါင်း
နွေသစ်လောင်းသော်
ရွက်ဟောင်းညှာကြွေ ရွက်သစ်ဝေ၍
လေပြည်ထဲတွင် ငယ်ရုပ်ဆင်သည်
အသင် ယောက်ျားကောင်းတကား။ ။

မင်းသုဝဏ်
(တာရာမဂ္ဂဇင်း၊ ၁၉၄၉)

# ညွှန်သင်မှုမပါသော ဆုံးမမှုများ

(၁)

"ဆရာ ဒါပြီးရင် အိမ်ကို ခဏလောက် ကြွပေးပါနော်"

ယခုနှစ် ဆယ်တန်းအောင်မြင်သွားသည့် တပည့်ကျော် မင်းခန့်ဇော်က ပြော၏။ ကျွန်တော်လည်း ဝမ်းသာအားရ ခေါင်းညိတ်ပြလိုက်ပါသည်။

မရောက်တာကြာပြီဖြစ်သည့် မွေးရပ်မြေသို့ ပြန်လာဖြစ်၏။ အိမ်သို့ရောက်ပြီး မကြာမီဆိုင်ကယ်လေးဖြင့် တာဝန်ကျခဲ့ရာ ရွာကလေးသို့ ထွက်လာ၏။ ကျောင်းမှာ ကျွန်တော့်အလာကို တပည့်လေးတွေ စောင့်နေပြီလေ။ သူတို့နှင့်ပြန်ဆုံတော့ တစ်ချိန်က စာသင်ခန်းထဲမှာ ကျွန်တော်နှင့် သူတို့ စာသင်ခဲ့ကြတာကို ပြန်မြင်ယောင်မိသေးတော့၏။ ဆူလိုက်၊ ရိုက်လိုက်၊ ချော့လိုက်၊ ခြောက်လိုက်ဖြင့် သူတို့လေးတွေကို ကြိုးစားသင်ပြပေးခဲ့သည်ကို ပြန်တွေးတိုင်း ကြည်နူးပီတိဖြစ်ရပါ၏။ ဆရာတို့သည် တပည့်တွေ၏ အနာဂတ်တွေ

လင်းလက်လာအောင် ကြိုးစားပေးရင်း မိမိတို့၏အနာဂတ်ကို မေ့နေတတ်၏။ သို့သော် နောင်တမရ။

ကျွန်တော့်ရည်ရွယ်ချက်က ဆယ်တန်းအောင်မြင်သွားကြသည့် တပည့်လေးတွေ ရှေ့ဆက်ဘာတွေလုပ်ကြမလဲဆိုသည့် သူတို့ရည်ရွယ်ချက်တွေကို နားထောင်ပေးဖို့ ဖြစ်ပါ၏။ တချို့က စစ်ဗိုလ်၊ တချို့က မြေတိုင်းစာရေး၊ တချို့က ကိုယ်ပိုင်စီးပွားရေး စသည်ဖြင့် အနာဂတ်အတွက် ပန်းတိုင်ကိုယ်စီရှိနေတာ မြင်ရ၊ ကြားရတော့ ကျေနပ်မိပါသည်။

**"တပည့်တို့ ပညာသင်ယူတာ ထမင်းစားလက်မှတ်ရဖို့မျှ မဟုတ်ဘူး။ မင်းတို့ဘဝကို လူ့လောကထဲ ဘယ်လိုဖြတ်သန်းသွားမလဲ။ ဘဝ ပုစ္ဆာတွေကို ဘယ်လိုအဖြေရှာမလဲ၊ ဒါတွေကို တတ်သိနားလည်အောင် လေ့လာသင်ယူရမယ်။ အင်္ဂလိပ်စာနဲ့ နေ့ကျောင်းဆက်တက်မယ်ဆိုရင်လည်း စာမေးပွဲမှာ ပါတာလေး ဖြေ၊ အောင်။ ဘွဲ့ရ။ ပညာသင်ယူတာ ဒီလောက်နဲ့ မပြည့်စုံဘူးနော်။ ဘာသာစကားရဲ့ သဘောသဘာဝကို သိနားလည်ပြီး လက်တွေ့ပြန်လည်အသုံးချနိုင်တဲ့အထိ ကြိုးစား လေ့လာရမယ်ကွ"**

သူတို့လေးတွေ၏ ပန်းတိုင်ခရီး အသီးသီးကို နားထောင်ပေးအပြီး၌ ကျွန်တော်က အထက်ပါအတိုင်း ပညာသင်ယူနည်းမှန်ဖို့ သတိပေးစကားလေး ပြောဖြစ်ပါသည်။ သူတို့လေးတွေ မျှော်လင့်ချက်တွေ ပိုမိုတောက်ပလာတာကို မြင်လိုက်ရ၏။ ဝမ်းသာအားရ ဖြစ်ရပါသည်။

(၂)

သူတို့နှင့် စကားဝိုင်းပြီးတော့ မင်းခန့်ဇော်တို့အိမ်သို့ ဆက်ရပြန်ပါသည်။ တာဝန်ထမ်းဆောင်စဉ်က သူတို့အိမ်တွေကို မကြာခဏ ရောက်ဖူးပါသည်။ မိဘများက ရိုးသားရာသည်။ တောသူတောင်သား ပီပီ ပကာသန မရှိ။ ဆရာကိုလည်း ရိုသေ၏။ မင်းခန့်ဇော်

နေမကောင်းလို့ ကျောင်းမလာသည့်အတွက် ကျွန်တော် သူတို့အိမ်ကို စရောက်ဖြစ်ခဲ့သည်မှစပြီး ခင်မင်ရင်းနှီးခဲ့၏။ ထို့အတူ တခြားသော တပည့်လေးတွေ၏ အိမ်တွေကို သူတို့မိသားစုအခြေအနေ၊ သူတို့ကြိုးစားမှု အခြေအနေတွေကိုသိဖို့ ရောက်ဖြစ်ပါသည်။ အထူးသဖြင့် ထည်ထည်ဝါဝါ၊ ပပလွှားလွှား မရှိတတ်သော တပည့်လေးတွေဆီသို့ အရောက်များသည်ကို ဝန်ခံပါ၏။

သို့ဖြင့် ဆိုင်ကယ်ဖြင့် ၁၅ မိနစ်လောက်သွားလိုက်သည်နှင့် သက်ကယ်မိုး၊ ထရံကာအိမ်လေးကို တွေ့ရတော့သည်။ ခြံအဝင်ဝရှိ ကုက္ကိုပင်ကြီးက အေးမြမှုဖြင့် ဆီးကြိုလို့။ မိဘတွေကလည်း ပြုံးလို့ရွှင်လို့။ တပည့်ကျော်က အိမ်ပေါ်က ပြေးဆင်းကြိုလို့။ ကျေးလက်က ကျောင်းဆရာဘဝကို အပြည့်အဝ ခံစားခဲ့ရသည်ကို ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပေ။ မှတ်ဉာဏ်တွေ ကွယ်ပျောက်သွားပါစေ။ တောမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ဆရာတစ်ယောက်၏ ပီတိမျိုးကို မှတ်မှတ်ရရ ခံစားနေမိမည်သာ ဖြစ်ပါ၏။

အိမ်ပေါ်ရောက်တော့ ကျွန်တော့်မှာ အံ့သြရပြန်၏။ ဖျာကြမ်းလေးပေါ်မှာ ထမင်းပွဲလေးက အဆင်သင့်။ လာခေါ်တုန်းက ထမင်းစားကြပါဟုမဆိုဘဲ ရုတ်တရက် ထမင်းဝိုင်းလေးကို မြင်လိုက်ရတော့ မှင်သက်မိသည်က အမှန်ပင်။ အချိန်ကိုလည်း ကြည့်လေ။ ညနေ (၃) နာရီပင် ထိုးနေပြီ။ တပည့်လေးတွေနှင့် ကျွန်တော် တွေ့ဆုံစဉ်ကတည်းက ထမင်းပွဲ ပြင်ထားကြောင်း သိရ၏။ နာရီပေါင်းများစွာ ထမင်းပွဲလေးအနားမှာပဲ ယပ်တောင်လေးကိုင်ကာ ယင်မောင်းနေရသဖြင့် အားနာမိတော့သည်။ သို့သော် မိဘတွေကတော့ ကျွန်တော် လာလည်သည်ကိုပင် ကျေနပ်နေရှာသည်။

''အားနာစရာဗျာ။ ကျွန်တော်က စကားလေးပြောရအောင်ပဲ လာတာပါ။ ထမင်းတော့ မစားပါရစေနဲ့''

''ဟာ မစားလို့ မရဘူးဆရာ။ အောင်စာရင်းထွက်တော့ ကျောင်း

က ဆရာတွေ၊ ရွာထဲလူတွေကို မုန့်ဟင်းခါးချက်ကျွေးပြီးပြီ။ အဲဒီတုန်းက ဆရာကမရှိလို့''

''ကျွန်တော် မစားပါရစေနဲ့ဗျာ''

''ဆရာပဲ ပြောထားတယ်လေ။ မင်း ဆယ်တန်းအောင်မှ ငါ ထမင်းစားမယ်လို့''

ကျွန်တော်က ပြောပြီးစကား မေ့လေပြီ။ သို့သော် သူတို့ရင်ထဲ၌ မမေ့။ ကျွန်တော် ငြင်းလို့မရသည့် အခြေအနေကို နားလည်သဘော ပေါက်မိလိုက်ပါသည်။

ဟင်းတွေက စားပွဲဝိုင်းလေးပေါ်မှာ အပြည့်။ ကြက်သားဟင်း (တောကြက်)၊ ငါးကြော်၊ သရက်သီးသုပ်၊ ငါးပိရည်၊ တို့စရာ စုံလှ၏။ မြို့ကြီး ရန်ကုန်၌ စားရခဲ့သော အစားအစာများပင်ဖြစ်၏။ အိမ်က စားခဲ့ပြီးသော်လည်း ကျွန်တော် ထပ်စားလိုက်ရပါသည်။ မဆာဘဲ စားလိုက်ရသော်လည်း အရသာရှိလှ၏။ ဩော် စေတနာတွေနှင့် ထုံမွမ်းထားသည်ပဲ။

''ဒါနဲ့ ခေါင်းရင်းအိမ်က လူတွေလည်း မတွေ့ပါလား''

မင်းခန့်ဇော်အိမ်၏ ခေါင်းရင်းတွင် မိစုတို့အိမ် ရှိ၏။ မင်းခန့်ဇော် ဆီ လာရင် သူ့ဆီပါ သွားဖြစ်၏။ ယခုမူ သူတို့အိမ်က ဘာသံမှ မကြား။ တိတ်ဆိတ်နေ၏။ ထို့ကြောင့် ကျွန်တော် မေးလိုက်ခြင်းဖြစ် ၏။

''ဆရာလာမယ်ဆိုတာသိလို့ မိစုမိဘတွေ ရွာထဲသွားနေတယ်။ ဆရာ့ကို မျက်နှာမပြရဲလို့တဲ့''

ကျွန်တော် စိတ်မကောင်းဖြစ်ရသည်။ မိစုလေးခမျာ ကြိုးစား သော်လည်း စာမေးပွဲကျသွားရှာသည်။ အင်္ဂလိပ်တစ်ဘာသာကို ၂၉ မှတ်တည်းဖြင့် ကျသွားသည်။ ကျွန်တော် မိစုကို အားပေးစကားပြော ဖို့ ကြိုးစားသော်လည်း သူတို့ တစ်ယောက်မှမရှိ။

''ဆရာရယ် အောင်စာရင်းထွက်တဲ့နေ့က မိစုမိဘတွေက မိစုကို

အသေရိုက်တာ။ ကျွန်မတို့က ကြားနေရတော့ စိတ်မကောင်းဘူး။ ဟောပြောရင်းဆိုရင်း မိစုအမေ ပြန်လာပြီ''

ကျွန်တော် မိစုအမေဆီ သွားလိုက်သည်။ ကျွန်တော့်ကို သူ မျက်နှာပူနေရှာသည်။

''ကလေးကို ရိုက်တယ်ဆို။ ဘာဖြစ်လို့ရိုက်တာလဲဗျ''

''ဆရာရယ် ကျွန်မတို့က သူ့ကိုမျှော်လင့်ထားတာ။ သူများတွေ အောင်ပြီး သူကျတော့ အရှက်ရတယ်။ ဒါနဲ့ ရိုက်မိတာပါ''

''မိဘလုပ်သူတောင် ရှက်ရင် ကာယကံရှင်ခမျာ ဘယ်လောက် ထိခိုက် ခံစားရမလဲ။ သူငယ်ချင်းတွေအောင်ပြီး သူကျလို့ ဘယ်လောက်ဝမ်းနည်း အားငယ်နေရှာမလဲ။ သူလည်း စာအတော်ကြိုးစားတာပဲ။ ကျွန်တော်သိတာပေါ့။ နောက်ပြီး သမီးလေးက အရွယ်ရောက်နေပြီ။ ဒါကို အော်ကြီးဟစ်ကျယ်နဲ့ ရိုက်ပုတ်တာဟာ ကလေးကို အရှက်ခွဲနေသလိုပဲဗျ။ ပတ်ဝန်းကျင်မှာ အားငယ်နေရှာတဲ့၊ စိတ်ဓာတ်ကျနေရှာတဲ့ သမီးလေးကို မိဘတွေက အားပေးနှစ်သိမ့်ပေးရမယ့် အစား ထပ်ဆူရိုက်နေတော့ သူ ဘယ်လောက် ထိခိုက်ခံစားရမလဲဗျာ''

ကျွန်တော် ရင်ထဲကစကားတွေကို မနားတမ်းပြောလိုက်သည်။ မိစု၏ မိခင်လည်း မျက်နှာလေး ညှိုးငယ်သွားရှာသည်။ သူ့သမီးလေးအတွက် စိတ်မကောင်းဖြစ်နေရှာသည်။ သူ့အမှားကို သတိပြုမိသွားပုံရသည်။ ''ကလေးကို အားပေးပါ။ နှစ်သိမ့်ပေးပါ။ ဖွဲမလျှော့ဘဲ ကြိုးစားဖို့ လှုံ့ဆော်ပေးပါ'' လို့ ကျွန်တော်ပြောပြီး အားလုံးကို နှုတ်ဆက်ကာ ပြန်ခဲ့၏။ အပြန်လမ်းမှာတော့ အတွေးမျှင်တွေက တသီတတန်း ကပ်ပါလျက်။

(၃)

လဲကျသူကို ထူပေးဖို့၊ ပြန်ထအောင် အားပေးဖို့၊ အားငယ်သူကို အားပေးဖို့ ကျွန်တော်တို့ ဆရာတွေ၊ မိဘတွေမှာ တာဝန်ရှိ၏။

လူတိုင်းသည် ဘဝမှာ တစ်ကြိမ်တစ်ခါတော့ ခလုတ်တံသင်းနှင့် တိုက်မိပြီး လဲကျဖူးပါလိမ့်မည်။ လဲကျရင် ပြန်ထခဲ့ရသည်ပဲ မဟုတ်လား။ မှိုင်တွေ၊ ငိုင်နေလို့ ဘာမှဖြစ်မလာပေ။ ဝမ်းနည်းငိုကြွေးနေရင် အားကုန်ရုံပဲရှိမည်။ ထို့ကြောင့် လဲကျနေသူ၊ အားငယ်နေသူကို ပြစ်တင်မာန်မဲနေမည့်အစား အမှားထဲက သင်ခန်းစာယူပြီး ပြန်ထဖို့ ကျွန်တော်တို့ အားပေးကြရပေမည်။

စာမေးပွဲကျလို့ အားငယ်နေသူကို မိဘက အားပေးစကား မပြောဘဲ ရိုက်နှက်နေခြင်းသည် သားသမီးကို ပတ်ဝန်းကျင်၌ သိမ်ငယ်မှု၊ အရှက်တရားတို့သာ ဖြစ်ပေါ်စေနိုင်၏။ သားသမီးက စာမကြိုးစားလို့ ကျလျှင်ကား မပြောသာ။ သားသမီးခမျာ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် အားထုတ်ကြိုးပမ်းရှာသော်လည်း မအောင်သည်ကို ကျွန်တော်တို့သည် အပြစ်မဆိုသင့်ပေ။ ကြိုးစားတိုင်း အောင်မြင်သည် မဟုတ်ပေ။ ကြိုးစားတိုင်းအောင်မြင်နေလျှင် အကျ၊ အရှုံးဟူသော စကားပေါ်ထွန်းလာမည် မဟုတ်ပေ။ ကံ၊ ဉာဏ်၊ ဝီရိယတို့ တိုက်ဆိုင်မှသာ အောင်မြင်နိုင်ပါသည်။ မိဘက ရက်ရမ်းရမ်းကာ သားသမီးကို အသုံးမကျရကောင်းလားဆိုပြီး ဆူပူရိုက်နှက်နေလျှင် ဘယ်သူက ကိုယ့်သားသမီးကို အသုံးကျသည်ဟု ပြောမလဲ စဉ်းစားကြစေလိုသည်။

**ဆုံးမ၊ သွန်သင်** ဟူသော စကားတစ်ရပ် မြန်မာ့လူမှု ပတ်ဝန်းကျင်၌ ရှိပါသည်။ ဆုံးမခြင်းတစ်ခုသာ မိဘတွေ ပြုလုပ်လေ့ရှိသည်ကို ဆရာကြီး လူထုစိန်ဝင်းက ဆိုပါသည်။ သွန်သင်မှုက နောက်က ပါမလာကြောင်း ထောက်ပြဝေဖန်ဖူးသည်။ မှန်၏။ အကြောင်းနှင့် အကျိုး၊ အဆိုးနှင့် အကောင်းကို သားသမီးလေးတွေ နားလည်သဘောပေါက်အောင် သွန်သင်ညွှန်ပြမှုမရှိဘဲ ဆုံးမနေရုံဖြင့် သားသမီးတို့သည် လိမ္မာယဉ်ကျေးလာမည် မဟုတ်ပေ။ မိဘဆရာတွေ သားသမီး၊ တပည့်လေးတွေကို အဆုံးအမ၊

အသွန်အသင်မတတ်လို့ ကလေးတွေ၏ အနာဂတ်တို့ မှေးမှိန်ဝေဝါးသွားနိုင်သည်ကို သတိပြုသင့်လှပါ သည်။ ဆုံးမတတ်ပါစေ၊ သွန်သင်တတ်ပါစေဟုသာ ဆန္ဒပြုလိုက်ရပါ တော့သည်။ ။

# ချစ်ပါ၊ မနှစ်ပါနဲ့

(၁)

ကျွန်တော် ဆယ်တန်းအောင်တော့ ရန်ကုန်မှာ တက္ကသိုလ်ဆက်တက် ဖြစ်ပါသည်။ ရန်ကုန်က အစ်ကိုအိမ်မှာနေဖြစ်ပါသည်။ အစ်ကိုက တပ်မတော်အမှုထမ်း၊ အစ်ကို့ဇနီးက ကျောင်းဆရာမ။ သမီးလေးတစ်ယောက်၊ တစ်ဦးတည်းသောသမီးလေးမို့ မိဘ၊ ဦးလေးတွေက သိပ်ချစ်ကြသည်။ အကဲပိုကြသည်ဟုဆိုလျှင် ပိုမှန်ပါလိမ့်မည်။

မိဘနှစ်ပါးလုံးက ဝန်ထမ်းတွေဖြစ်တဲ့အတွက် ကျွန်တော့်တူမလေးက ရုံးဖွင့်ရက်နေ့ပိုင်းများ၌ မိဘနှင့် အတူနေခွင့်မရရှာပေ။ မိဘနှစ်ပါးလုံးက မနက်မိုးလင်းသည်နှင့် တာဝန်ကျရာသွားဖို့ ပြင်ကြဆင်ကြပြီး၊ အိပ်မောကျနေရှာသည့် ကျွန်တော့်တူမလေးမှာ နေမြင့်အောင် အိပ်စက်ခွင့်မရရှာ။ မိဘများ အလုပ်သွားရမှာမို့ သူ့ကိုနှိုးရ

သည်။ နေ့ကလေးထိန်းကျောင်း ပို့ရမည်မဟုတ်လား။ စားဝတ်နေရေး ကုန်ကျစရိတ်မြင့်မားလှသော ရန်ကုန် မြို့ကြီး၌ ဝန်ထမ်းမိသားစုလေး တွေသည် ထိုသို့နှင်နှင် ရှုန်းကန်ရပ်တည် ကြရပါသည်။

မိဘများသည် အလုပ်မသွားမီ တူမလေးကို ကျောင်းပို့ရေးကို ဦးစွာ လုပ်ရသည်။ အိပ်နေတဲ့ သမီးလေးကို အသာနှိုးရသည်။ တစ်ခါတလေ အတင်းနှိုးရသည်။ ကလေးတစ်ယောက်၏အိပ်ချိန် (၁၈) နာရီ ရှိရမည်ဟူသော ပညာရှင်တို့ ဆိုစကားသည် တူမလေးလို ဝန်ထမ်းသားသမီးအတွက် မှန်ပါလေစ။ ကလေးနိုးလျှင် ဖခင်က ရေချိုးပေး၊ မိခင်က သနပ်ခါးလိမ်းပေး၊ ထမင်းကျွေး၊ အထုပ်အပိုး ပြင်ပေးကြရပါသည်။ သမီးလေးကို ကျောင်းပို့ပေးပြီးမှ မိမိတို့အလုပ် သို့ သွားကြရသည်။ ထိုသို့ တူမလေးကို ကျောင်းလိုက်ပို့သည့်မြင်ကွင်း လေးက ကျွန်တော့်မှာ စိတ်မချမ်းသာ။ တူမလေးကို စာနာသနားမိပေ သည်။ တောက သူ့အရွယ်ကလေးတို့သည် ခုနေအခါ အိပ်ရာထက်၌ သာ ရှိနေပေဦးမည်တကား။

တစ်နေ့တော့ သူ့မိဘတွေ အလုပ်အစောသွားကြရတဲ့အတွက် ဦးလေးဖြစ်သူ ကျွန်တော်က ကျောင်းလိုက်ပို့ရသည်။ သူ့ကိုနှိုး၊ ရေချိုး ပေး၊ ခါးခါး လိမ်းပေး၊ ထမင်းကျွေး၊ အဝတ်အစားလဲပေးပြီး မိဘတွေ ပြင်ပေးခဲ့သည့် အထုပ်ဆွဲ၊ ကျောင်းသွားကြရသည်။ အထုပ်အပိုးတွေ က ကလေးတစ်ဦးအဖို့ များလှသည်။ လက်ဆွဲခြင်းထဲ၌ ရေဘူး၊ လက်သုတ်ပုဝါ၊ ထမင်းချိုင့် နှင့် မုန့်ထုပ်လေးတွေ အပြည့်ပါသည်။ သူ့လွယ်အိတ်ကလည်း ဆယ်တန်းကျောင်းသူ လွယ်အိတ်လို အရုပ် တွေနဲ့ ပြည့်နေသည်။

''သမီးသွားကြရအောင်၊ ဦးကို အထုပ်တွေပေး၊ လက်ဆွဲခြင်း ပေး''

ကျွန်တော်က ကူသယ်ပေးဖို့ ပြင်လိုက်ပါသည်။ ထိုအခါ တူမလေး ပြန်ပြောလိုက်သောစကားတစ်ခွန်းက ဆရာလောင်းဖြစ်သူ

ကျွန်တော့် ရင်ဘတ်ကို လာထိပါသည်။ လာငြိပါသည်။

"မသယ်ပေးပါနဲ့ဦးငယ်၊ မိုးမိုးက သမီးကို ကိုယ့်အထုပ်ကို သယ်ရမယ်တဲ့။ ဒါမှ ထူးချွန်လိမ္မာတဲ့သူဖြစ်မှာတဲ့"

တူမလေးက ပြောပြောဆိုဆိုနှင့် အထုပ်အပိုးတွေ ကောက်ပိုးလိုက်ပါသည်။ ပြီးလျှင် ကျွန်တော့်လက်ကိုဆွဲပြီး ကျောင်းသွားဟန်ပြင်လိုက်သည်။ ကျွန်တော်လည်း အိမ်ကိုသော့ခတ်ပြီး သူ့အားနေ့ကလေးထိန်းကျောင်းသို့ လိုက်ပို့ပေးလိုက်တော့သည်။

ကျောင်းဆရာပီပီ သူ့ကလေးကို အမူအကျင့်ကောင်းလေးတွေကို မြုစု ပျိုးထောင်ပေးတတ်သော အစ်ကို့ဇနီး (ကျွန်တော့်အစ်မ)အားလေးစားမိပေသည်။ နုနယ်လှသည့် ယခုလို ကလေးဘဝကတည်းက သားသမီးတို့ကို ကောင်းမြတ်သည့်စိတ်နေသဘောထား၊ အလေ့အကျင့်ကောင်းများကို သင်ကြားပြသပေးရမည်။ ငယ်စဉ်ကတည်းက သင်ပေးလိုက်လျှင် ဘဝတစ်သက်တာလုံး စွဲမြဲသွားတတ်ပါသည်။ ကျွန်တော့်အစ်မကား ကလေးကို ချစ်တတ်ပါပေ၏။ ကိုယ့်ဝန်ကိုယ်ထမ်းတတ်တဲ့စိတ်၊ သူတစ်ပါးကို အားမကိုးဘဲ မိမိကိုယ်ကို အားကိုးချင်စိတ်လေးကို သူ့သမီးငယ်လေးအား သွန်သင်ပေးလိုက်ပုံက မိဘများ အတုယူစရာ ကောင်းလှတော့သည်။

(၂)

ကျောင်းဆရာဖြစ်သည့် ကျွန်တော့်မှာ တပည့်တွေပေါများလွန်းလှပါသည်။ နေ့စဉ်နှင့်အမျှ အာပေါက်မတတ် သင်ရသည်။ ဆူရသည်။ ဆဲရသည်။ ထို့ထက်ဆိုးလျှင် ကြိမ်နှင့် မိတ်ဆက်ပေးရသည်။ စာလည်းသင်ရ၊ လူလည်းပြင်ရသည့် ဆရာဘဝမို့ ကျွန်တော့်၌ သူတို့နှင့်ပတ်သက်၍ ပြောစရာတွေ အများအပြားရှိနေတတ်ပါသည်။

ကျောင်းသားမိဘတွေက သူတို့သားသမီးတွေ စာမကြိုးစားလျှင် တိုင်တောကြသည်။ ညည်းပြသည်။ "ဆရာရယ်" ဟု အစချီပြီး ညည်းခန်းစလေတော့သည်။ ကျွန်တော့်မှာ "အင်း၊ အဲ၊ ဟုတ်ကဲ့"

လိုက်ကာ စိတ်ရှည်လက်ရှည် နားထောင်ပေးရသည်။ ကောင်းတော့ ကောင်းသည်။ ကိုယ့်တပည့်တွေအကြောင်း အလုံးစုံသိရှိသွားသည်။ ထို့နောက် စာသင်ခန်းသို့ရောက်လျှင် အနာနှင့်ဆေး သင့်အောင်ပေးရလေသည်။

"ကဲ မောင်ပိစိ ထစမ်းပါဦး၊ မင်းမိဘက ငါ့ကိုပြောပြီ။ မင်းစာ မလုပ်ဘူးတဲ့"

ပိစိဆိုတဲ့ ငနဲလေး လန့်နေသည်။ ဆရာ ငါ့အကြောင်း သိသွားပြီဟု သဘောပေါက်သွားသည်။ လိမ်လို့မဖြစ်တော့။ လိမ်မှ အမှုထပ်တိုးနေပေရော့မည်။ ပိစိ ခေါင်းမညိတ်။ သို့သော် မခါ။ ဒါ ကျောင်းသားရဲ့ ဝန်ခံခြင်းတစ်မျိုးပဲ။ ကျွန်တော် ဆက်ပြောသည်။

"မင်းအိမ်မှာ ဘာလုပ်ပေးရလဲ။ မိဘကို ထမင်းချက်ကူလား။ ရေခပ်ကူလား။ စီးပွားရှာကူရလား" ကျွန်တော်က သိသိနဲ့မေးသည်။ ပိစိ ခေါင်းခါသည်။ "ဒီလို မိဘက မပူမပင်၊ မကြောင့်မကျနဲ့ ပညာသင်ပေးတာတောင် မင်းက စာလေးကို ဖြစ်မြောက်အောင် မကြိုးစားချင်ဘူးပေါ့။ မင်း မိဘနေရာက နေကြည့်။ ဒါဖြစ်သင့်လား။ မင်းစဉ်းစားကြည့်"

ကျွန်တော်ပြောတော့ ပိစိခမျာ မျက်ရည်လေးစမ်းစမ်းနဲ့ သူ့အမှားသူ သိသွားပုံရသည်။

"နောက်မဖြစ်စေရပါဘူး။ စာကြိုးစားပါ့မယ်" ဟု ကတိပေးရာသည်။

"ကဲ–အားလုံးနားထောင်ကြ။ ဒီရှေ့ကစပြီး မင်းတို့ ကိုယ့်အဝတ်ကိုယ် လျှော်ဖွတ်ရမယ်။ ကိုယ့်တာဝန်ကိုယ်ယူတတ်ရမယ်။ နောက်နေ့ မင်းတို့ မိဘတွေကိုမေးလို့ မလုပ်ဘူးဆိုလို့ကတော့ ဟောဒီကြိမ်သာ ကြည့်ထားကြ"

ကျွန်တော်က ကြိမ်လည်းပြ၊ သင်ပုန်းကိုလည်း တဖြန်းဖြန်းရိုက်လိုက်တော့ ငနဲသားလေးတွေ "ဟုတ်ကဲ့" ဆိုတဲ့ကတိတွေပေး

လိုက်ကြတာ ပလူပျံလို့။ ဟုတ်၊ မဟုတ်ကတော့ စောင့်ကြည့်ရဦးမည်။

တကယ်တော့ ကျွန်တော့်တပည့်များသည် အိမ်၌ ဘာဆိုဘာမှ မလုပ်ရ။ အလုပ်မလုပ်ရဖို့ ဆယ်တန်းဆိုတာကြီးနှင့် သူတို့က ကိုင် ပေါက်သည်။ မိဘတွေကလည်း ဆယ်တန်းမို့ ဘာမှမခိုင်း။ ကိုယ့် အကျီတောင် မဖွတ်လျှော်ခိုင်း။ ယုတ်စွအဆုံး အတွင်းခံဘောင်းဘီကို ပင် မိဘတွေက ဖွတ်ပေးကြသည်။ ကိုယ်စားမယ့်ထမင်းလည်း ကိုယ် တိုင်မခူးရ။ မိဘကခူးပေး၊ ခပ်ပေးပြီးသား။ လက်ဆေးဇလုံက အဆင်သင့်။ စားပြီးထမင်းပန်းကန် မဆေးခိုင်း။ ထားခဲ့ရုံပဲ။ စာကျက် ချင်အောင် မိဘတွေက အစစအရာရာ လိုလေသေးမရှိအောင် ပံ့ပိုး ပေးထားကြသည်ကို ကျွန်တော်အသိဖြစ်ပါသည်။ သူတို့သားသမီးတွေ (ကျွန်တော့်တပည့်တွေ) ဘာမှမလုပ်ချင်၊ မကိုင်ချင်ဘဲ ပျင်းနေကြ သည်ကိုလည်း မျက်မြင်ကိုယ်တွေ့ဖြစ်ပါသည်။ ကိုယ့်အား ကိုယ်ကိုး ချင်စိတ်တွေ ပျောက်ဆုံးကာ သူတစ်ပါးကို မှီခိုချင်စိတ် လွှမ်းကဲနေတာ ကို ဝမ်းနည်းဖွယ်တွေ့မြင်နေရသည်။ ပြဿနာအသေးအဖွဲလေးများ ကိုပင် ကိုယ့်ဘာသာကိုယ်မဖြေရှင်းချင်။ မဖြေရှင်းတတ်တော့ပေ။ ထိုသို့ ဖြစ်သွားကြသည်မှာ မိဘတို့၏ စေတနာအမှားများကြောင့် ဖြစ်ပေသည်။ ဝမ်းနည်းစရာကောင်းလေစွ။

(၃)

တက္ကသိုလ်ကျောင်းသားကြီး ဖြစ်သည့်တိုင် စားပြီးသော ကိုယ့်ထမင်းပန်းကန် ကိုယ်မဆေး။ လက်ဖြင့် မစားတတ်သည့်သူကို မြင်တွေ့ဖူးပါသည်။ အံ့ဩရပါသည်။ မိဘဖြစ်သူကိုယ်တိုင်က သား ဖြစ်သူ ထိုသို့ လက်ဖြင့်မစား၊ ဇွန်းခက်ရင်းဖြင့်သာ စားတတ်သည်ကို ပင် ဂုဏ်ယူနေပြန်၏။ ထပ်မံအံ့ဩသွားရပြန်ပါသည်။

မိဘများသည် လက်ဦးဆရာများဖြစ်သည်နှင့်အညီ မိမိတို့သားသမီးများအား ငယ်စဉ်ကလေးဘဝမှစ၍ အမူအကျင့် ကောင်းလေးများကို သင်ကြားပြသပေးကြရပါမည်။ မိမိမုန့်ကို

သူငယ်ချင်းကို မျှဝေကျွေးတတ်အောင်၊ သူတစ်ပါးကို ကူညီရိုင်းပင်းတတ်အောင်၊ သူ့ဥစ္စာမခိုးယူမိအောင် စသည်ဖြင့် လောကကျင့်ဝတ်၊ လူ့ကျင့်ဝတ်တို့ကို ကလေးအရွယ်နှင့် မျှတအောင် သင်ကြားပေးကြရပါမည်။

မိဘတို့သည် သားသမီးများကို ချစ်တတ်ကြရပါမည်။ ချစ်နည်းမှန် ရပါမည်။ ရေရှည်ကို မျှော်တွေးလျက် ချစ်တတ်ကြရပါမည်။ မိမိတို့၏ ချစ်ခြင်းက သားသမီးတို့၏ဘဝကို နှစ်ခြင်းမဖြစ်ဖို့တော့ သတိထားသင့် လှပေသည်။

**မိဘများ သားသမီးတို့ကို ချစ်တတ်ကြပါစေသတည်း။**

ပညာရေးဂျာနယ်
မတ်၊ ၂၀၁၇

# လူငယ်တို့အတွက် ကဗျာလက်ဆောင်

(၁)

လောကကြီး၌ အကောင်းနှင့် အဆိုးတို့သည် ယှဉ်တွဲရှိနေတတ်ပါသည်။ အမှန်နှင့် အမှား၊ အမြင့်နှင့် အနိမ့်၊ သုခနှင့် ဒုက္ခ စသည် ဖြင့် ဆန့်ကျင်လျက် ရပ်တည်နေကြသည်။ အကောင်းလောကမံ သာမက အဆိုးလောကခံကိုပါမျှတစွာ ဖန်တီးပေးထားသော လောက ကြီးလည်း ဖြစ်ပေသည်။

ယနေ့ခေတ်ကာလကြီးသည် မမျှော်လင့်ထားသော၊ မထင်မှတ်ထားသော အဖြစ်များ၊ အပျက်များကို ရှင်သန်စေပါသည်။ မောင်းသူမဲ့လေယာဉ်၊ အထာမြူလက်နက်များ၊ မိုဘိုင်းဖုန်းစသည်ဖြင့် ပဥ္စလက်ဆန်ဆန် ပေါ်ထွန်းလာခဲ့ပေပြီ။ ကမ္ဘာတစ်လွှား ဖြစ်ပျက်ပြောင်းလဲနေ

သမျှကို မိမိနေရာ၌ပင် ခလုတ်ကလေး တစ်ချက်နှိပ်လိုက်ရုံဖြင့် မြင်တွေ့ခံစားနိုင်ကြပေ၏။ နည်းပညာတိုးတက်လာခြင်း၏ ပြယုဂ်များပင်ဖြစ်သည်။ ထိုသို့ တိုးတက်ခြင်းများ၏ အခြားတစ်ဖက်၌ ဆုတ်ယုတ်ခြင်းများကလည်း အခန့်သားနေရာယူ လာကြပါသည်။ ကွန်ပျူတာများပေါ်လာသဖြင့် လက်ရေးစာများ ရှားပါးလာပေပြီ။ လူမှုကွန်ရက်စာမျက်နှာများ အသုံးတွင်ကျယ်လာမှုကြောင့် လူငယ်များ စာအုပ်ဆိုင် အသွားကြဲလာကြသည်။ စာဖတ် နည်းလာကြသည်။ တိုးတက်ပြောင်းလဲခြင်းများကို တားဆီး၍ မရသကဲ့သို့ ဆုတ်ယုတ်မှုများကိုလည်း လက်ခံလာရမည်မှာ မဆန်းကြယ်လှပေ။ ဆုတ်ယုတ်မှုတကာတို့တွင် အဆိုးဆုံးသည်ကား အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ၏ စိတ်ဓာတ်များ ဆုတ်ယုတ်လာခြင်းပင် ဖြစ်ပေသည်။

(၂)

လူမှုကွန်ရက်စာမျက်နှာများ၊ သတင်း မီဒီယာများတွင် မြင်တွေ့နေရသော သတင်းတချို့မှာ စိတ်မကောင်းစရာ ကောင်းလှပါ၏။ စစ်လက်နက်များဖြင့် တစ်ဖက်နှင့် တစ်ဖက် အနိုင်မခံ အရှုံးမပေး တိုက်နေကြသည့် ပြည်တွင်းစစ်ပွဲများ။ စစ်မြေပြင်မှ အနိဋ္ဌာရုံများ။ အိမ်မဲ့ အိုးမဲ့၊ အနာဂတ်တွေမဲ့နေကြသော စစ်ဘေးရှောင်ပြည်သူများ။ ခေါင်းလောင်းသံတိတ်ကာ တံခါးပိတ်ထားကြရရှာသည့် စာသင်ကျောင်းများ။ အတွင်းချင်းပြိုင်ကြသည့် ထိုစစ်ပွဲများ၌ ကြွေလွင့်သွားကြရရှာသည့် တိုင်းပြည်၏ သားကောင်းသမီးမွန်များ။ ကာမဘီလူးများက အသက်မပြည့်သေးသော သမီးငယ်လေးများကို အညှာတာမဲ့ အကြင်နာမဲ့ ရက်စက်ဖျက်ဆီးလိုက်သည့် စိတ်ပျက်စရာသတင်းများ။ ထိုသို့သောသတင်းများသည် စာဖတ်သူအပေါင်း၏ စိတ်ကို ညစ်ညူးစေသည်မှာ အမှန်ပင်။ ထိုကဲ့သို့ စိတ်ပျက်စရာသတင်းများထဲတွင် အချစ်ကိုအကြောင်းပြု၍ ဖြစ်ပေါ်နေသော သတင်းများကလည်း စိတ်ဝင်စားစရာကောင်းလှပါ၏။

လူငယ်သည် အချစ်နှင့် မကင်းနိုင်ကြပေ။ မှန်ပေ၏။ အချစ်သည် လူငယ်တို့ အားထားရာ လက်နက်တစ်ခုလည်း ဖြစ်ပေသည်။ အချစ်သည် ခွန်အားဖြစ်စေ၏။ အခက်အခဲ၊ အဆီးအတားတို့ကို ကျော်ဖြတ်နိုင်စေသည်။ ထိုသို့ အချစ်သည် အစွမ်းပကား ကြီးမားလှသော်လည်း လူငယ်အချို့၏ အချစ်နှင့်ပတ်သက်၍ လူမှုကွန်ရက်များ၊ သတင်းမီဒီယာများ၌ မြင်တွေ့နေရသော သတင်းများမှာ စိတ်မကောင်းစရာပင်။ (ချစ်ခြင်းမေတ္တာတရားကို ရလိုမှုတစ်ခုမျှသာ ဖွင့်ဆိုတတ်သည့် လူငယ်အချို့သည် စွန့်လွှတ်မှုနှင့် ကြုံဆုံလာလျှင် စိတ်ကို မထိန်းသိမ်းနိုင်ကြပေ) ကိုယ်ချစ်ရသူကို လက်လွှတ်လိုက်ရလျှင် ဖြစ်စေ၊ မိမိချစ်သူက ထားခဲ့လျှင်ဖြစ်စေ၊ လူငယ်တချို့သည် ဆောက်တည်ရာမရဖြစ်ကာ မိမိကိုယ်ကိုယ် အဆုံးစီရင် လိုက်သည့် သတင်းများ၊ မိမိကိုထားခဲ့သည့် ချစ်သူကို ဓားဖြင့်ထိုးသည့် သတင်းများမှာ မကြာခဏ ကြားလာ၊ မြင်လာရပါသည်။

ဩော် ချစ်ခြင်း မေတ္တာကို ရလိုမှုတစ်ခုဟုသာ နားလည်ဖွင့်ဆိုတတ်ပြီး စွန့်လွှတ် အနစ်နာခံခြင်း၊ ပေးဆပ်ခြင်းဟု မသိခြင်း၊ နားမလည်ခြင်း၏ နောက် ဆက်တွဲများပင် ဖြစ်ပါသည်။ မျိုးဆက်သစ်လူငယ်များ ထိုသို့ အချည်းနှီး ဘဝနိဂုံး ချုပ်သွားခြင်းသည် တိုင်းပြည်အတွက် ဆုံးရှုံးနစ်နာခြင်းများပင် ဖြစ်ပါသည်။

(၃)

လယ်တောကပြန်
ပန်ချင်တယ်ခရေဖူးဆိုလို့
မောင်ခူးကာပေး။
နံနက်တုန်းဆီက
ကြော့ဆုံးကို မောင်မြင်တော့
သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့
ဂုဏ်တင့်တယ်လေး။ ။

ဤကဗျာလေးသည် မြန်မာစာပေ လေ့လာလိုက်စားသူတို့နှင့် အလှမ်းမဝေးလှပေ။ လက်ပွန်းတတီးရှိပါသည်။ ကဗျာ ခေါင်းစဉ်က နှင်းဆီပွင့်။ စာပေလေ့လာသူ၊ စာပေချစ်မြတ်နိုးသူ လူငယ်တို့ နှုတ်တက်ရွရွ ရွတ်ဆိုလေ့ရှိသော ကဗျာတစ်ပုဒ်လည်းဖြစ်ပါသည်။ ရေးဖွဲ့သူမှာ ဆရာကြီးမင်းသုဝဏ် ဖြစ်ပါ၏။ ဆရာကြီး၏ ကဗျာများမှာ ရိုးရိုးလေးနှင့် လှပနူးညံ့သည်။ လေးနက်သိမ်မွေ့သော အကြောင်းအရာများကို ရိုးရှင်းသော၊ အများတကာတို့ နားလည်လွယ်သော နေ့စဉ်သုံး စကားလုံးတို့ဖြင့် ရေးဖွဲ့တတ်သည်ကို သတိပြုမိသည်။ စကားလုံးရွေးချယ်မှုတွင် ပြောင်မြောက်သည့်အတွက် ဆရာကြီး၏ ကဗျာများမှာ လူသိများ ထင်ရှားလှသည်။ သပြေညို၊ သူမှာတမ်း ကဗျာတို့မှာ ယနေ့ထိပြန်ဖတ်တိုင်း မရိုးနိုင်အောင်ရှိလှပါသည်။ ငယ်စဉ်ကလေး ဘဝက တပျော်တပါး ရွတ်ဆိုခဲ့ရသော သပြေသီးကောက်၊ ဥပုသ်စောင့် စသည့် ကဗျာလေးများမှာလည်း ယနေ့ကလေးငယ်တို့၏ နှုတ်ဖျား၌ နေရာယူထားဆဲ ကဗျာများ ဖြစ်ပါ၏။ ဆရာကြီး၏ ကဗျာများကို ဝေဖန်ပြနေခြင်း မဟုတ်ပါ။ ဝေဖန်နိုင်လောက်သည့် စွမ်းရည်လည်း ကျွန်တော့်တွင် မရှိပါ။ ကျွန်တော် နှစ်သက်မိသည်တို့ကို ဖွင့်ဟနေမိခြင်း ဖြစ်ပါ၏။

ယခု နှင်းဆီပွင့် ကဗျာပါ အကြောင်းအရာလေးကား ရိုးရှင်းလှပါသည်။ ရွတ်ဖတ်ခံစားကြည့်ရုံမျှဖြင့် အလွယ်တကူ ခံစားနားလည်နိုင်ပါသည်။ ခံစားနိုင်မှု အတိုင်းအဆသည်ကား စာဖတ်သူ၏ အခံနှင့်သာ ဆိုင်ပါ၏။

ကျွန်တော်သည် ဤနှင်းဆီပွင့် ကဗျာကို အဘယ်ကြောင့် နှစ်သက်ရပါသနည်း။ အကြောင်းရင်း ၂ ခုရှိမည်ဟု ထင်မိပါသည်။ တစ်ခုကား ဆရာကြီး၏ ကဗျာဖန်ဆင်းမှုအတတ်ပညာ၊ အနုပညာကြောင့် ဖြစ်မည်ထင်သည်။ စကားအသုံး ရိုးရှင်းမှု၊ လှပမှု၊ အသံသာယာမှုစသည်တို့ကြောင့် ဖြစ်ပါသည်။ ဒုတိယအချက်မှာ ကဗျာရည်

ရှယ်ချက်ကြောင့်ဟု ထင်မိပါသည်။ တစ်နည်းအားဖြင့် ဆရာကြီး ဖန်ဆင်းလိုက်သော ဇာတ်ကောင်၏ စိတ်နေသဘောထား ကြီးကျယ် မြင့်မြတ်မှု၊ နားလည်ခွင့်လွှတ်နိုင်မှုတို့ကြောင့်ဟု ဆိုရပါမည်။

ကြည့်ပါ။ ကဗျာ၌ ချစ်သူကောင်မလေးက သူ၏ ချစ်သူ ကောင်လေး (ဇာတ်လိုက်) ကို ခရေပန်းမှာလိုက်သည်။ ကောင်လေး မှာ လယ်အလုပ်များနှင့် ပင်ပန်းနေသည့်ကြားမှပင် ချစ်သူမှာလိုက် သည့် ခရေပန်းလေးများကို တခုတ်တရ ခူးယူပေးခဲ့သည်။ ကဗျာ ပထမအပိုဒ်တွင်–

'လယ်တောကပြန်

ပန်ချင်တယ် ခရေဖူးဆိုလို့

မောင်ခူးကာပေး' ဟုဆိုထားရာ ချစ်သူကောင်လေးသည် သူ၏ ချစ်သူပန်ဖို့ ခရေဖူးလေးများ ခူးဆွတ်ပေးခဲ့သည်ကို တွေ့ရသည်။ ချစ်သူ့အလိုကို ဖြည့်ဆည်းပေးတတ်သည့် ဇာတ်ဆောင်အပေါ် လေး စားမိသည်မှာ အမှန်ပင်။ (ဤတွင် ခရေဖူးကို ခူးသည့်အလေ့ကား ယနေ့ခေတ်တွင် အတော်ရှားသွားပြီဟု ဆိုနိုင်ပါသည်။ မျက်မှောက်၌ ခရေကို ကြွေကျမှသာ ကောက်ယူကာ ကြိုးဖြင့်သီလေ့ရှိကြပါသည်။ သို့သော် ဆရာကြီးတို့ခေတ်ကမူ ခရေဖူးများကိုခူး၍ ဆန်ကောတွင် ထည့်ကာ ရေစွတ်ထားသည့် ပိတ်ပါးဖြင့် ညဉ့် ဖုံးထားကြရသည်။ မနက်ရောက်၍ ပိတ်ပါးကို လှပ်လိုက်လျှင် လန်းဆန်းစွာ ပွင့်နေကြ သော ခရေပန်းကလေးများကို စိတ်ကြည်နူးဖွယ် မြင်တွေ့ရပေသည်။ ထိုသို့သော ရနံ့သင်းပျံ့ပြီး လန်းလန်းဆန်းဆန်းရှိနေသည့် ခရေပန်း ကလေးများကို ဘုရားတင်လှူလေ့ရှိကြသည်၊ ပန်ဆင်ကြသည်ဟု ဆရာကြီးတင်မိုးရေးသည့် ခုနစ်စဉ်ကြယ် စာအုပ်၌ မှတ်သားမိပါ သည်။)

ကဗျာ ဒုတိယအပိုဒ်ကို ဆက်လက် ခံစားကြည့်ပါအုံး။ စာဖတ်သူ ၏ စိတ်တွင် ဘယ်လိုခံစားရမည် မသိသော်လည်း ကောင်မလေး အပေါ်

အမျက်ဒေါသထွက်မိမှာတော့ သေချာပါသည်။ ကြည့်လေ။ ပန်ချင်တယ်ဆိုပြီး ကောင်လေးကို ခရေပန်းရှူးခိုင်းခဲ့ပြီးမှ မပန်ဆင်။ မပန်ဆင်သည့် ထက်ပိုဆိုးသည်က ခရေကိုတော့ မပန်ဘဲ နှင်းဆီပန်းကိုကျ ပန်ဆင်ထားလေပြီ။

'နံနက်တုန်းဆီက
ကြွေဆုံးကို မောင်မြင်တော့
သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့
ဂုဏ်တင့်တယ်လေး'

ခရေကဲ့သို့ ဂုဏ်ငယ်သည့် အညတရ မိမိဘဝကို ပစ်ခွာပြီး နှင်းဆီကဲ့သို့ မျက်နှာကြီး၊ ဂုဏ်ကြီးသူနောက်သို့ ကောက်ကောက်ပါသွားသည့် အဖြစ်မျိုးကို ဇာတ်ကောင်သည် မည်သို့တုံ့ပြန်လိုက်သနည်း။ ဇာတ်ဆောင် တုံ့ပြန်လိုက်ပုံက လေးစားလောက်ပါပေ၏။ ကိုယ့်ကို ပစ်ခွာသွားခဲ့သည့် ချစ်သူအပေါ် စိတ်မနာရက်။ ပြစ်မတင်ရက်ခဲ့ပေ။ ခွင့်လွှတ်နားလည်ပေးခဲ့သည့်အပြင် ကိုယ့်ထက်သာသည့် သူနှင့် ရွှေလက်တွဲကာ ချစ်ပွဲဝင်ပြီး ကောင်းစားသွားသည့် ချစ်သူ အပေါ် မုဒိတာစိတ် အပြည့်ထားလိုက်နိုင်ပုံလေးက ကြည်နူးစရာ၊ လေးစားစရာ၊ ဦးညွှတ်ချင်စရာ ကောင်းပါ၏။ 'ဂုဏ်တင့်' ဆိုသည့် စကားက ဇာတ်ဆောင်၏ စိတ်နေမြင့်မြတ်ပုံကို ထင်ဟပ်ပြနိုင်ခဲ့ပါ သည်။ တစ်နည်းအားဖြင့် ဤကဗျာ ဖန်တီးအသက်သွင်းသူ ဆရာကြီးမင်းသုဝဏ်၏ အနုပညာမြောက် အသုံးကောင်းတစ်ခုဟုပင် ဆိုနိုင်ပေသည်။ မည်သို့ပင်ဆိုဆို မာယာရှင် မိန်းကလေး အပေါ် စက်ဆုပ်မိပေသည်။ အခြား တစ်ဖက်၌ ပင်ပန်းသည့်ကြားက ချစ်သူအတွက် ခရေဖူးလေးတွေ ရှူးပေးရှာသည့် လယ်သမားလေးအပေါ် ကရုဏာသက်မိသည်။ လေးစားမိပေသည်။ ဩော် အချစ်ကို ရယူလို့မှထက် စွန့်လွှတ်အနစ်နာခံကာ ပေးဆပ်တတ်သည့် မွန်မြတ်စိတ်ထားပိုင်ရှင်ပေတကား။

(၄)

မပြောင်းလဲသော ပြောင်းလဲခြင်းက ပြောင်းလဲခြင်းပင် ဖြစ်ပါ၏။ မှန်ပေ၏။ အချိန်နှင့်အမျှ အရာရာသည် အံ့သြလောက်အောင် ပြောင်းလဲနေပေသည်။ ထိုပြောင်းလဲမှုအောက်တွင် ကောင်းမြတ် သော၊ မွန်မြတ်သော စိတ်ဓာတ်များ အတိုက်စားမခံရဖို့ မပြောင်း လဲသွားဖို့တော့ အလွန်အရေးကြီးလှပါသည်။ ထိုသို့သော စိတ်ထား အလှတရားများ မပျောက်ပျက်သွားစေရန် အားလုံးဝိုင်းဝန်း ထိန်း သိမ်းကြရပေမည်။

ဪ–အချစ်ကို ရယူခြင်းဟုသာ ဖွင့်ဆိုတတ်ပြီး စွန့်လွှတ်မှုနှင့် ကြုံလာသည့်အခါ မိမိတို့ဘဝ အချည်းနှီး ကုန်ဆုံးစေခဲ့သူ၊ ကုန်ဆုံးနေ သူ လူငယ်အပေါင်းကို ဆရာကြီးမင်းသုဝဏ်၏ ဤနှင်းဆီပွင့် ကဗျာ လေးအား ဖတ်စေချင်မိပါတော့သည်။ ။

ပညာရတနာဂျာနယ်
အတွဲ(၃)၊ အမှတ်(၅)၊ ၂၀၁၇

# ရှင်သန်ခြင်း

(၁)

ပတ်ဝန်းကျင်ရှိ သတ္တဝါများ၊ သစ်ပင်ပန်းမန်များ၏ ရှင်သန်ခြင်းများက စိတ်ဝင်စားစရာ ကောင်းလှပါသည်။ ၎င်းတို့၏ ထူးခြားသော ရှင်သန်ပုံတွေကို စာရေးဆရာ၊ ကဗျာဆရာ၊ တေးရေးဆရာနှင့် ဒဿနဆရာများက တခမ်းတနား စာဖွဲ့လေ့ရှိကြသည်။ သူတို့သည် ဖွဲ၊ လှံ့လနှင့် စည်းလုံးမှု အကြောင်း ပြောလိုသည့်အခါ အချင်းချင်း မခိုမကပ်ဘဲ စည်းစည်းလုံးလုံးနှင့် မဆုတ်မနစ် ကြိုးစားတတ်သည့် ပုရွက်ဆိတ်ကလေးတွေနှင့် နှိုင်းနှိုင်း တင်စားတတ်၏။ သစ္စာခိုင်မြဲခြင်းကို ပြောလိုသည့်အခါ အချစ်ကြီးမားပြီး သစ္စာမြဲသည့် အောက်ချင်းငှက်တွေနှင့် နှိုင်းနှိုင်းတတ်ကြပါသည်။ သူတို့၏ ပတ်ဝန်းကျင်ကို လေ့လာဆန်းစစ်မှု၊ အားထုတ်မှုကြောင့် ကျွန်တော်တို့မှာ အသိတရား

တွေ တိုးလာကြပေသည်။

(၂)

ကြာ

ငယ်ငယ်ကတည်းက အကျွမ်းတဝင်ရှိသော ကြာ။ ရေကန်တွေထဲ တွေ့ရတတ်သော ကြာ။ ဘုရားတင်လှူဖို့ ရေကန်ထဲမှ ခူးလေ့ရှိခဲ့သော ကြာ။ ကြာရိုး၊ ကြာစွယ်တွေကို ဆစ်ပိုင်းပြီး ကစားစရာ ကြာပုတီးအဖြစ် ပြုလုပ်ခဲ့ဖူးသော ကြာ။ ဘဝအဓိပ္ပာယ် လေးနက်မှုကို မီးမောင်းထိုးနေတတ်သော ကြာ။

ရုက္ခဗေဒအမြင်ဖြင့် မမြင်မကြည့်ဘဲ သဘာဝအတိုင်း ရေမှာ ပေါက်တတ်သော ကြာဟုသာ မြင်ကြည့်စေလိုပါသည်။ ကြာအမျိုးအမည်တွေကိုလည်း မေ့ထားပြီး သူ၏ရှင်သန်ပုံလေးကိုပဲ သတိထားကြည့်စေလိုပါ၏။ မကြည့်တတ်လို့ နှစ်ပေါင်းများစွာ မမြင်ခဲ့သော ကြာပန်း၏ အမူအကျင့်တွေက ကျွန်တော်တို့ သက်ရှိလူသားများ အတွက် ဘဝအသိတစ်စုံတစ်ရာ ပေးနေသည်ဟု ခံစားမိလာပါသည်။ (ကြာ၏အမူအကျင့်၊ ရှင်သန်ပုံလေးတွေကို ဆရာနန္ဒာသိန်းဇံ၏ အသွင်သဏ္ဌာန်တို့ နောက်ကွယ်၌ စာအုပ်ကို ဖတ်ရာမှ သိရှိလာခြင်း ဖြစ်ပါသည်။)

ကြာသည် ရွှံ့ညွှန်၌ သန္ဓေတည်သည်။ ထို့နောက် ထိုရွှံ့ညွှန်တို့ကို ထိုးဖောက်ထွက်ကာ ရေပေါ်၌ လှလှပပဖူး၏။ ပွင့်၏။ ကြာ၏ အခက်အခဲများကြားမှ မဆုတ်မနစ် ရုန်းထွက်သွားပုံလေးက ဘဝအခက်အခဲ၊ အဆီးအတားများကြောင့် စိတ်ပျက်အားငယ်မိနေတတ်သည့် ကျွန်တော်တို့အတွက် ဘဝအားမာန်ဖြစ်စေသည်။ ကြာပန်းလေးများ၏ ဖူးပွင့်မှုကြောင့်၊ ရနံ့သင်းမှုကြောင့် ရှင်သန်ရာ ပတ်ဝန်းကျင်ဖြစ်သည့် ကန်ရေပြင်သည်လည်း ဂုဏ်တက်ရသည်။ ရှင်သန်နေစဉ် အတွင်း မိမိကြောင့် မိမိပတ်ဝန်းကျင်အလှ တိုးမြင့်အောင် စွမ်းဆောင်ကြရမည်ဟူသော ကောင်းမြတ်သည့် စိတ်ထားလေးတွေ ကျွန်တော်

တို့ ထားရှိသင့်ကြောင်း ပြောနေသည်နှင့် တူပေတော့သည်။

ကြာ၌ လေးစားစရာ၊ အတုယူစရာတစ်ခု ရှိနေပြန်သည်။ ရွံ့ဗွက် ညွန် စသည့် မကောင်းသော ပတ်ဝန်းကျင်၌ ရှင်သန်ခဲ့ရသော်လည်း ကိုယ့်ကိုယ်ကိုယ်ကောင်းအောင် ရှင်သန်ရပ်တည်ရမည်ဟူသော ဘဝ အသိပင် ဖြစ်ပါသည်။ ဘဝပေးကံကြမ္မာအရ မကောင်းသည့် ပတ်ဝန်း ကျင်၌ ကျွန်တော်တို့ ရှင်သန်ကြရတတ်ပါသည်။ ထိုသို့သော ပတ်ဝန်း ကျင်၌ ကျင်လည်ကြရသည့်အခါ ပတ်ဝန်းကျင်ကို အကြောင်းပြု၍ မိမိဘဝကို အညစ်ထေးမခံ သင့်၊ အရောင်ဆိုး မခံသင့်ဘဲ မိမိပန်းတိုင် သို့ တစိုက်မတ်မတ် လျှောက်လှမ်းသွားကြရမည်။ "သူမကောင်းလို့ ကိုယ်လည်းမကောင်းဘူး။ အများ မိုးခါးရေသောက်လို့ ကိုယ်လည်း လိုက်သောက်မယ်" ဆိုသည့် မကောင်းသော အတွေးအကြံ၊ စိတ်နေ စိတ်ထားမျိုး မထားသင့်ကြောင်း ရွံ့ညွန်၌ ဘဝစကာ ရေပြင်ထက်၌ အခြေကျနေသော ကြာပန်းလေးက မီးမောင်း ထိုးပြနေခြင်းဖြစ်ပါ သည်။ ရင်ထဲ၌ ကြာ၏ အမူအကျင့်လေးတွေကို လေး စားကြည်ညိုမိ ရာမှ 'ကြာ' ဟူသော ကဗျာတစ်ပုဒ်ကို ဖွင့်ထုတ်မိပါသည်။

ကြာ
သန္ဓေတည်ရ
နွံဗွက်ကတည့်။
အနေကြည်မြ
နွံကင်းကြ၍
လှပဖူးပွင့် တတ်ရှာ၏
ဘဝထူးတင့် မြတ်ပါဘိ။ ။

(၃)

**ခရေ**

ခရေသည်လည်း ကျွန်တော်တို့နှင့် ရင်းနှီးပါသည်။ ငယ်ငယ်က တည်းက အကျွမ်းတဝင်ရှိသော မိတ်ဆွေလည်း ဖြစ်ပါသည်။ ဆောင်း

ရောက်လာသည်နှင့် ခရေကို အတွေ့ရများတတ်ပါသည်။ လမ်းသွားရင်း ခရေတန်းကို ဖြတ်သည့်အခါ ခရေသင်းနံ့မွှေးမြမြကို ခံစားမိတတ်ကြပါသည်။

ခရေကို လူသိများစေခဲ့သည်မှာ ဆရာကြီး မင်းသုဝဏ်၏ နှင်းဆီပွင့် ကဗျာကြောင့်ဟု ဆိုနိုင်ပါသည်။ ဥစ္စာခနေ ဂုဏ်ထည်ဝါသူအဖြစ် နှင်းဆီပန်း၊ မထင်မရှား အညတရ အရိုးခံလေးအဖြစ် ခရေပန်းတို့ကို တင်စားကာ မဆုံနိုင်ခဲ့သော ချစ်သူနှစ်ဦး၏ အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ ထိုကဗျာလေးကို ခံစားရာမှ ခရေကို သတိထားမိလာသည်။ ခရေဘက်က ရပ်တည်လာခဲ့ပါသည်။

ခရေသည် သဇင်ကဲ့သို့ ကိန်းခန်းမကြီးတတ်ပေ။ ပင်မြင့်၌ မစံ။ ခူးဆွတ်ရန် မခက်။ မလို။ အလိုအလျောက်ကြွေသော ခရေကို အလွယ်တကူ ကောက်ရုံမျှသာ။ ခရေသည် သူများနှာခေါင်းပေါက်နှင့် မရပ်တည်။ ကိုယ့်မူကိုယ့်ဟန်ဖြင့် ရပ်တည်ကာ ရိုးရိုးရှင်းရှင်းရှင်သန်တတ်သော အညတရပန်းလေးသာ ဖြစ်ပါ၏။ သို့သော် ထိုအညတရပန်းကလေး၌ လူသားတို့အတွက် အဖိုးဖြတ်မရသော ဘဝအသိများ ရှိနေပြန်၏။

ခရေ၏ ဝိသေသတစ်ခုရှိ၏။ တစ်ပွင့်တည်းဖြင့် ပန်၍၊ လှူ၍မတင့်။ တစ်ပွင့်ချင်းကို စီစီညီညီ ကြိုးဖြင့်သီမှ ပန်လို့လည်းလှ၊ လှူလည်းလှသည်။ အသိုင်းအဝိုင်း အဖွဲ့အစည်းများနှင့် နေထိုင်ရသော ကျွန်တော်တို့အား စည်းလုံးညီညွတ်ဖို့ သတိပေးနေသည်ဟု ခံစားမိပါသည်။

ခရေသည် လူ့ဘောင်လောကအတွက် ဘဝအသိတစ်ခုကိုလည်း လှစ်ဟပြနေပြန်ပါသေးသည်။ ထိုကား ခရေသည် ဝေစဉ်လည်းမွှေး၍ ကြွေစဉ်လည်း မွှေးခြင်းပင် ဖြစ်ပါသည်။ ရှင်သန်စဉ် ကိုယ်ကျင့်သီလကောင်းမွန်ခြင်း၊ ပညာဉာဏ်မြင့်မားခြင်း၊ လူ့ဘောင်ကောင်းကျိုးဆောင်ရွက်ခြင်းစသည်ဖြင့် ကောင်းသတင်းမွှေးပျံ့အောင် နေထိုင်

သွားပြီး သေဆုံးသည့်အခါ၌လည်း ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုများဖြင့် တမလွန်အထိ ယူဆောင်သွားနိုင်အောင် ကြိုးစားကြရပါမည်။ လူ့ဘောင်၌ ရှင်သန်နေထိုင်နည်းကို ခရေပန်းကလေးက ညွှန်ပြနေခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သည် ခရေ၏ ရှင်သန်ခြင်းမျိုးဖြင့် ဘဝကို ရှင်သန်သွားနိုင်လျှင် လူ့ဘောင်ပတ်ဝန်းကျင်သည် အစဉ်ထာဝရ အေးချမ်းသာယာမည် မလွဲပေ။

**အဓိပ္ပာယ်ရှိရှိ ရှင်သန်ခြင်း**

ဝေစဉ်လည်းမွှေး
ကြွေလည်းမွှေးသည့်
ခရေ၏ဂုဏ်
ရန့်ထုံလျက်
လူ့ဘုံအတွင်း
ထည်ဝါခြင်းဖြင့်
ပျံ့သင်းကြိုင်လှိုင် ရှိစေသော်။ ။

(ကိုကိုလင်း (အမေ့အိမ်) ၏ သစ်ပင်တွေရဲ့ နှလုံးသားနှင့် အခြားကဗျာများမှ –)

## (၄)

**ဗေဒါ**

ဘဲအုပ်မှာ တစ်ရာနှစ်ရာ
ဗေဒါက တစ်ပင်တည်း
အယက်အကန်ခံလို့
ဗေဒါပျံ အံ့ကိုခဲ
ပန်းပန်လျက်ပဲ။

အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏ ကျော်ကြားလှသည့် ဗေဒါလမ်း ကဗျာစုပါ 'ပန်းပန်လျက်ပဲ' ကဗျာမှ စာသားတချို့ ဖြစ်ပါ

သည်။ ဆရာကြီး၏ ကျေးဇူးကြောင့် ပေဒါသည် ပန်းအဖြစ်မှ လောကကြိုးဝိုင်းအတွင်းရှိ လူသားတစ်ယောက် ဖြစ်လာပါသည်။ မြစ်ချောင်းကန်များ၌ တွေ့ရတတ်သော ပေဒါပန်းကလေးများ၏ ဘဝရပ်တည်မှုကို လေးစားဖွယ် သတိပြုမိလာတော့သည်။ ရေအစီး၌ မျောပါရ၏။ မျောပါရာခရီးမှာ ဘဲအုပ်နှင့် တွေ့၍ အထိုးအဆိတ်ခံရ၏။ သို့သော် မပေဒါသည် ဘဝခရီးကို စိတ်ပျက် အားလျော့ခြင်းမရှိဘဲ ခိုင်မာသောစိတ်ဓာတ်ဖြင့် ခရီးပန်းတိုင်သို့ ဆက်လက် ချီတက်နေသည်မှာ လေးစားဦးညွှတ်စရာ ကောင်း၏။ အားကျအတုယူစရာ ကောင်းလှတော့သည်။

ဘဝသည် ပန်းမွေ့ရာ ရွှေကော်ဇောခင်းထားသည့် လမ်းမဟုတ်။ ဆူးငြောင့်ခလုတ်များဖြင့် ပြည့်နေတတ်၏။ အခက်အခဲ၊ အဆီးအတားများဖြင့် ပြည့်နေတတ်၏။ ဘဝဟူသည် ရုန်းကန်ခြင်း (Life is struggle) ဟုပင် ဆိုစမှတ်ပြုထားကြသည်။ အသက်တစ်ရာနေရဖို့ မသေချာပေမယ့် အမှုတစ်ရာတော့ ရင်ဆိုင်ရဖို့ သေချာသည်ဟု ဆိုကြသည့် လူ့ဘဝ၌ ရည်မှန်းချက်ပန်းတိုင်သို့ လျှောက်လှမ်းကြရပေမည်။ ကြုံလာရမည့် ဘဝပုစ္ဆာများကို ကြံ့ကြံ့ခံရင်ဆိုင် ကျော်ဖြတ်ကြရပေမည်။ ထိုသို့ ရင်ဆိုင်ကြရာ၌ ပေဒါပန်း၏ အမူအကျင့်၊ ရှင်သန်ပုံလေးသည် ကျွန်တော်တို့ကို ခွန်အား ဖြစ်စေသည်။ အားမာန် ဖြစ်စေပါသည်။

တွေဝေငေးမှိုင်ခြင်း၊ စိတ်ပျက်အားလျော့ခြင်းတို့ကို ခဝါချ၍ အားမာန်အပြည့်ဖြင့် ပေဒါကဲ့သို့ပင် ခရီးပန်းတိုင်သို့ ဆက်လက် ချီတက်ကြရမည်သာ ဖြစ်ပါသည်။

(၅)

အမှန်စင်စစ် ပတ်ဝန်းကျင်၌ သင်ယူစရာတွေ များပြားလှပါ၏။ ပတ်ဝန်းကျင်ကို လေ့လာသင်ယူခြင်းမှ ရရှိသည့် ကောင်းမြတ်သော အမူအကျင့်၊ စိတ်ဓာတ်တို့ဖြင့် ဘဝကို ရှင်သန်ရပ်တည်သွားကြရပါ

မည်။ မကောင်းသည့် အဝန်းအဝိုင်း၌ ဘဝစခဲ့သော်လည်း ဘဝကို လှပစွာ ရှင်သန်တတ်သော ကြာပန်း၊ ဝေစဥ်လည်း မွှေးပြီး ကြွေလည်းမွှေးကာ လောကကို အလှဆင်တတ်သော ခရေနှင့် လောကဓံ၏ အရိုက်အပုတ်၊ အထုအထောင်းများကြား ဦးခေါင်းမညွတ်ဘဲ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် ပန်းတိုင်သို့ ခရီးဆက်နေသည့် ဗေဒါပန်းတို့၏ အမူအကျင့်များကို အတုယူလျက် ကျွန်တော်တို့၏ ဘဝကို အလှပဆုံး ထုဆစ်သွားရပေမည်။ မွန်မြတ်သော ရှင်သန်ခြင်းဖြစ်ဖို့ ကျွန်တော်တို့ ကြိုးစားသွားကြရမည် ဖြစ်ပေသည်။

**Eternal Light Magazine**
ဧပြီ၊ ၂၀၁၇

# ဆရာပျိုးထောင်ရေး

# ဆရာဆိုတာ တပည့်တို့အတွက် စံပြ

(၁)

"ကျွန်တော့်ကို ဆရာမတစ်ယောက်က ခေါ်ပြတယ်။ သူပြရာ ကျွန်တော် ကြည့်လိုက်တော့ ငါးတန်းကျောင်းသူလေး ချစ်စု။ အတန်းနားချိန်မှာ အပြင်ထွက်သွားတဲ့ မြင်ကွင်းလေးပါ။ သူ့အတန်းပိုင်ဆရာမ ဆံပင်သပ်ဆင်လှန်တင်တဲ့အတိုင်း ဆံပင်ကိုတင်လိုက်ပြီး လမ်းလျှောက်ခဲတော့ သူ့ အတန်းပိုင်ဆရာမနဲ့ တစ်ထေရာတည်းပဲဗျ"

နေ့လယ်ဘက် လက်ဖက်ရည်ဝိုင်းလေးမှာ ဆရာဦးလှဝေ၊ ဆရာမောင်ဖူးငုံ (ကညွတ်ကွင်း) နှင့် ကျွန်တော်တို့ ဆုံဖြစ်ကြစဉ် ဆရာဦးလှဝေက သူ့အတွေ့အကြုံကို ဖောက်သည်ချနေခြင်းဖြစ်ပါသည်။ ဆရာဦးလှဝေ၊ ဆရာမောင်ဖူးငုံတို့သည် ရန်ကုန်ပညာရေးတက္ကသိုလ်၌ နေ့ရာသီစာပေးစာယူသင်တန်း လာတက်ကြသူများဖြစ်၏။ ကျွန်တော်က မြန်မာစာသင်ပြနည်းကို ဗိုချရတော့ သူတို့နှင့် ဆုံတွေ့ကြသည်။ သူတို့သည်ကား စာတွေ့ အားနည်းသော်ငြား ငါတွေ့ကားမခေလှပေ။ လုပ်သက်နှစ်ဆယ်ကျော်သူများဖြစ်၏။ ထို့ကြောင့် စာ

တွေ့များပြီး ငါတွေ့နည်းနေသော ကျွန်တော်က သူတို့ဆီမှ ပြန်သင်ယူနေရပါသည်။

"The teacher is an example. တဲ့။ ဆရာဆိုတာ တပည့်တွေအတွက် စံပြဖြစ်ရမယ်လို့ဆိုတယ်။ ကလေးတွေဟာ သူတို့ဆရာတွေကို အမြဲအကဲခတ်နေကြတယ်။ လေ့လာနေကြတယ်။ အတုယူတတ်ကြတယ်။ ဆရာမက လက်သည်းဆေးဆိုးရင် သူတို့လည်းလိုက်ဆိုးတယ်။ ဆရာက အဝတ်အစားကို ဂရုစိုက်ရင် သူတို့လည်းဝတ်ချင်စားချင်လာတယ်။ နုနယ်သေးတဲ့ တပည့်တွေရဲ့ နှလုံးသားလေးတွေမှာ ဆရာတွေဆီက ကောင်းမြတ်တဲ့ အမူအကျင့်လေးတွေရရှိသွားစေချင်တယ်"

ဆရာဦးလှဝေက လေးလေးနက်နက်ပြောဏ်။ ကျွန်တော်တို့ကလည်း သူ့စကားကို အသေအချာ နားထောင်နေဏ်။ ထို့နောက်သူ့စကားကို ထောက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြကြဏ်။ ဆရာကိုတပည့်လေးတွေက အတုခိုးလေ့ရှိကြသည်။ ထို့အတွက် တပည့်တွေစံထားအတုယူလောက်အောင် ဆရာက အနေအထိုင်၊ အပြောအဆို၊ အတွေးအကြံ၊ စိတ်အထားအသိတွေ ကောင်းမွန်နေရမည် ဖြစ်ပေဏ်။

"ကျွန်တော်လည်း ဆရာဦးလှဝေပြောလို့ ပြောရဦးမယ်"

ဆရာမောင်ဖူးငုံက သူ၏ ဆရာဘဝ အတွေ့အကြုံတွေကို ပြန်လည်တူးဆွရင်း စကားဟလာဏ်။ ကျွန်တော်တို့က သူဘာဆက်ပြောမလဲ သိချင်နေကြပြီ။

"ကျွန်တော့်ကို ကလေးမိဘက တိုင်တယ်။ သူ့သမီးလေးကိုဆံပင်ညှပ်ခိုင်းတာ မရဘူး။ သူ့ဆရာမလို ဆံပင်ထားမှာတဲ့။ နောက်မှသိရတယ်။ သူ့ဆရာမက အသက်ငယ်ငယ်ပါပဲ။ သူက ဆံပင်ကိုဘယ်ဘက်ရှေ့ချပြီး အကွေ့အဝိုက်လေး လုပ်ထားတယ်"

ဆရာမောင်ဖူးငုံက သူ့အပြောကို ပေါ်လွင်အောင် အမူအရာလုပ်ပြဏ်။ ဆံပင်ကို ဘယ်ဘက်ရှေ့ချပြီး ခွေရစ်ပုံကို လုပ်ပြဏ်။ ထို့နောက်

ဆရာသည် ရေနွေးတစ်ကျိုက် သောက်လိုက်၏။ သူက ဆက်ပြောပြန်သည်။

"ဆရာတစ်ယောက်ဟာ သူ့ကို တပည့်တွေ အမြဲအတုယူနေတယ်ဆိုတာ သတိထားကြရပေမယ်။ ဒါကြောင့် အစစအရာရာ သတိထား ဆင်ခြင်ရမယ်တဲ့"။

သူတို့၏ဘဝနှင့် ရင်းပြီးရလာသော သင်ခန်းစာတွေကို ကျွန်တော် မှတ်သားနေမိသည်။ ထိုသင်ခန်းစာများသည် ကျွန်တော့်အတွက် အဖိုးဖြတ်မရပေ။ ထို့နောက် ကျွန်တော်သည် ဆရာဆိုတာ ဂုဏ်ပုဒ် ကြီးကျယ်ခမ်းနားသလို စောင့်ထိန်းရတာတွေလည်း များလွန်းလှပါ တကားဟု နှလုံးသွင်းလိုက်မိပါသည်။

ဩော် ဆရာဆိုတာ တပည့်တို့အတွက် စံပြတဲ့။

(၂)

၂၀၁၂ ခုနှစ်၊ ဖွန်လ ၁ ရက်သည် ကျွန်တော့်အတွက် အမိပညာရေးတက္ကသိုလ်မှ ပညာများကို မျိုးဆက်သစ်များသို့ ဖြန့်ဝေခွင့်ရခဲ့သောနေ့ ဖြစ်၏။ ဘဝပင်လယ်ထဲ၌ စတင်ကူးခတ်ရသော ကာလလည်းဖြစ်၏။ ပတ်ဝန်းကျင်အသစ်မှာ ကျွန်တော် ခြေချခဲ့ရ၏။ စစ်တောင်းမြစ်ကမ်းနဖူးပေါ်က ကျောင်းရွာဆိုသည့် ရွာကလေး၌ အလယ်တန်းပြဆရာဘဝဖြင့် ဘဝကို စခဲ့ရ၏။ အသက်လေးက နှစ်ဆယ်စွန်းစအရွယ်။ ပညာမာန်စွယ်လေးက ငေါငေါထွက်စ။ လမ်းလျှောက်လျှင် ခြေဖဝါးသည် မြေကြီးနှင့် မထိခဲ့သော ကာလ၏ အတိတ်ပုံရိပ်အချို့ကို တရေးရေးမြင်ယောင်လာမိတော့သည်။

တပည့်လေးများနှင့် ရပ်ရွာက ကျွန်တော့်ကို ဆရာလေးဟုသာ ခေါ်ကြ၏။ ဆရာတွေထဲ၌ ကျွန်တော်သည် အငယ်ဆုံးပေကိုး။ ကျွန်တော့်ကို တပည့်လေးတွေက ချစ်ခင်ကြပါ၏။ သူတို့ကို သူငယ်ချင်းလို၊ အစ်ကိုလို၊ မိဘလို၊ ဆရာလို စိတ်ထားကာ သင်ပြပေးခဲ့၏။

နံနက်အစော အချိန်ပို။ ညနေအချိန်ပိုတွေ ခေါ်သင်ပေးသည်။ ကျေး လက်က တပည့်လေးများကို ကျွန်တော် ငယ်ငယ်ကလို အင်္ဂလိပ်စာ အခြေခံမပါမှာစိုးသောကြောင့် အားထည့်သင်၏။ တပည့်လေးတွေ၊ မိဘတွေကလည်း လမ်းတွေ့လျှင် ဆရာလေးဟု ခေါ်ပြောနှုတ်ဆက် ကြသည်။ စေတနာအကျိုးပေးသည်ဟု ခံစားလာရသည်။

ကျွန်တော့်ခံယူချက်တစ်ခုရှိ၏။ ဆရာဆိုတာ ကြောက်ဖို့မဟုတ်။ ရှိသေဖို့သာ လို၏။ ဆရာကို ကြောက်နေလျှင် တပည့်လေးတွေ စာမမေးရဲ၊ မဆိုရဲဖြစ်လာမည်။ ဤကား ကျွန်တော်မကြိုက်ဆုံးဖြစ်၏။ ဆရာကို မေးရဲ၊ မြန်းရဲ၊ တွေးရဲခေါ်ရဲသည့် မျိုးဆက်များကို မွေးထုတ် ပေးနိုင်မှ တိုင်းပြည် တိုးတက်မည်ဟု ခံယူမိသည်။ ထို့ကြောင့် တပည့်တွေကို အကြောက်တရားဖြင့် မအုပ်ချုပ်ပေ။ စာသင်လျှင် သေချာအာရုံစိုက်စေ၏။ မသိလျှင် မေးမြန်းစေ၏။ စာသင်ခန်းထဲ၌ ကျွန်တော်သည် သူတို့အတွက် ဆရာဖြစ်၍ စာသင်ခန်းပြင်ပတွင် သူတို့မိတ်ဆွေ သူငယ်ချင်းဖြစ်သွား၏။ ထို့ကြောင့် အတန်းအားလျှင် ဘောလုံးဒိုင်လုပ်ဖို့ လာခေါ်တတ်ကြ၏။ ထိုသို့ လာခေါ်လျှင် ဘောင်း ဘီတိုဝတ်၊ ဝီစီကိုင်ကာ လိုက်ရတော့သည်။ ဘောလုံး စည်းကမ်းမသိ ဘဲ ဒိုင်လုပ်ပေးခဲ့ရဖူးသည်။ ပြန်တွေးတိုင်း ကြည်နူးမိပါ၏။

ကျွန်တော့်မှာ အကျင့်တစ်ခုရှိ၏။ ကိုယ်မှန်တယ်ထင်သော အရာ ကို ဘယ်သူတွေ ဘာပြောပြော လုပ်တတ်ခြင်းဖြစ်၏။ ထို့ကြောင့် အင်္ကျီကော်လာကို ထောင်ဝတ်၏။ လူငယ်ပီပီ စတိုင်ထုတ်ခြင်းဖြစ်၏။ သို့သော် ကျွန်တော်သည် ဆရာတစ်ယောက်၊ ကျွန်တော့်နောက်မှာ တပည့်တွေရှိတာကို မေ့လျော့နေခဲ့၏။ ကျွန်တော့်ကို အတုခိုးနေသော တပည့်လေးတွေကို မေ့နေခဲ့၏။ ထို့ကြောင့် အင်္ကျီကော်လာထောင်၍ ဝတ်မြဲဝတ်၏။

"အင်္ကျီကို ကော်လာချဝတ်ပါ ကောင်လေး"ဟု ခင်မင်သည့် လုပ်ဖော်ကိုင်ဖက်တွေက စေတနာဖြင့် လမ်းပြသွန်သင်၏။ သို့သော်

ကျွန်တော်က ''ပြင်ပအဝတ်အစားတွေပဲ လိုက်ကြည့်ပြီး အတုယူနေရင်တော့ မတတ်နိုင်ဘူး'' ဟု ဆင်ခြေတွေပေးကာ ငြင်းခဲ့၏။ ကျွန်တော်ကတော့ ထိုအကျင့်ကို ဆက်ကျင့်နေခဲ့၏။

သို့နှင့် ကျောင်းစာသင်နှစ်ဝက်သို့ ရောက်လာ၏။ တပည့်များနှင့် ကျွန်တော်၊ မိဘများနှင့် ကျွန်တော်၊ လုပ်ဖော်ကိုင်ဖက်များနှင့် ကျွန်တော်တို့ ပိုရင်းနှီးလာကြ၏။

''ဆရာလေးရေ ဟိုမှာကြည့်ပါဦး။ နင့်တပည့် ယောက်ျားလေးတွေ နင့်ကိုအတုယူပြီး အင်္ကျီကော်လာတွေ ထောင်ထားကြတယ်''

ဆရာမဒေါ်သီ ညွှန်ပြရာသို့ ကျွန်တော် ကြည့်လိုက်တော့ တပည့်ကျော် မောင်ပိစိတို့အဖွဲ့ ဖြစ်နေ၏။ သို့သော် ကျွန်တော် မသိဟန်ဆောင်လိုက်သည်။ မကြာမီ ဆယ်တန်းက ဆရာမတစ်ဦးက ''ငါ့တပည့်တွေလည်း အင်္ကျီကော်လာတွေ လိုက်ထောင်ကုန်ပြီ'' ဟု ကျွန်တော့်ကို ပြောလာ၏။ ထိုသို့ အပြောခံရဖန်များတော့ ကျွန်တော့်လုပ်ရပ်ကို ပြန်ဆန်းစစ်မိ၏။ ထို့နောက် ကျွန်တော်ရှက်လာ၏။ ပြင်လိုက်၏။ ယနေ့အထိ အင်္ကျီကို ကော်လာထောင်မဝတ်တော့ပေ။

(၃)

ကလေးတို့သည် နုလုံးသားဖြူစင်၏။ ထို့အတူ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာ သင်ယူ၏။ မိဘများထက် ဆရာများကို အတုယူတတ်ကြ၏။ ဆရာမက လက်သည်းရှည်ထားလျှင် သူတို့လိုက်ထား၏။ ဆံပင်အရောင်ဆိုးလျှင် သူတို့လိုက်ဆိုး၏။ ဆရာက သည်လိုလမ်းလျှောက်ရင် သူတို့ လိုက်လျှောက်၏။ ဆရာ၏ စကားပြော လေယူလေသိမ်းအတိုင်း သူတို့ ပြောဆိုတတ်ကြပါ၏။ ဆရာက အင်္ကျီကော်လာထောင်လျှင် သူတို့လိုက်ထောင်၏။ နုနယ်သော နုလုံးသားလေးများ။ မရင့်ကျက်သေးသော ဦးနှောက်အတွေးအခေါ်တို့က အမှားနှင့် အမှန်ကို ဝေဖန်ပိုင်းခြားမှု နည်းပေလိမ့်မည်။ ထို့ကြောင့် တပည့်လေးများသည် သူတို့လေးစားအားကျသည့် ဆရာတို့ကို အစဉ်အမြဲ အတု

ယူတတ်ကြသည်။

ဗုဒ္ဓဘာသာဝင်များဖြစ်သည်နှင့်အညီ အဇာတသတ် ဘုရင်အကြောင်းကို အားလုံးသိပြီးဖြစ်ကြပါသည်။ အဖသတ်မင်းဟု သမိုင်း၌ နာမည်ဆိုး ကျန်ရစ်သော ဘုရင်ဖြစ်၏။ အဘယ်ကြောင့် ထိုသို့ အဖကို ပြန်သတ်ရသနည်း။ အကြောင်းကား ရှင်းပါ၏။ ဆရာပေါင်းမှား၍ဖြစ်၏။ ဒေဝဒတ်က ဘုရားရှင်ကို လုပ်ကြံသလို အဇာတသတ်ကိုလည်း ဖခင် ဗိမ္ဗိသာရမင်းအား သတ်စေ၏။ နည်းပေးလမ်းပြမှားသော ဆရာကြောင့် တပည့်သည် အတုယူမှားခဲ့၏။ ထို့ကြောင့် သံသရာတစ်ခုလုံး မှောက်မှားခဲ့ရတော့သည်။ ဆိုလိုသည်မှာ ဆရာသည် တပည့်များကို ကောင်းမွန်သောအလေ့အကျင့်များကို လေ့ကျင့်ပျိုးထောင်ပေးရပေမည်။ ထို့အတူ မိမိကိုယ်တိုင်က တပည့်တို့ စံထားလောက်အောင် ဖြစ်နေရပေမည်။ တပည့်များကို ကွမ်းမစားနှင့်ဟု ဆိုလျှင် ဆရာကိုယ်တိုင်က မစားမှ သင့်ပေ၏။ သို့မှသာ တပည့်များသည် ဆရာ့ကို အတုယူလေးစားလာကြပေမည်။

ကျွန်တော်တို့ မြန်မာ့လူ့ဘောင်တွင် ဆရာကို အထွတ်အမြတ်ထားကာ ဘုရားနှင့်တစ်ဂိုဏ်းတည်း ထားကြ၏။ လေးစားတန်ဖိုးထားကြ၏။ အိမ်ဦးခန်း၌ နေရာပေးတတ်ကြ၏။ အပြင်လူတို့ အရက်သောက်တာ မဆန်းလှသော်လည်း ဆရာတစ်ယောက် အရက်သောက်လျှင် ပတ်ဝန်းကျင်က လက်မခံနိုင်ပေ။ အကြောင်းမှာ ထိုဆရာ၏နောက်တွင် သူ့ကိုအတုယူ နေကြမည့် တပည့်လေးများရှိနေသောကြောင့် ဖြစ်ပါ၏။ ထို့ကြောင့် ကျွန်တော်တို့ဆရာများသည် တပည့်လေးများအတွက် အမူအကျင့်ကောင်းများကို မျိုးစေ့ချပေးနိုင်သော စံပြဆရာများဖြစ်အောင် ကြိုးစားကြရပေမည်။ ။

# တိုင်းပြည်အနာဂတ်ကို ထုဆစ်ကြသူများ

## (၁)

(၅၅၀) ဇာတ်နိပါတ်တို့သည် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များနှင့် အကျွမ်းတဝင် ရှိပါသည်။ ထိုဇာတ်နိပါတ်များထဲတွင် တိလမုဋ္ဌိဇာတ်သည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ တိလမုဋ္ဌိဇာတ်ကို သတ္တမတန်း၊ မြန်မာစာသင်ရိုး၊ ဇာတက ဝတ္ထုများ၌ ပြဋ္ဌာန်းထားသည့်အတွက် ကျွန်တော်တို့ ပို၍ မှတ်မိနေတတ်ကြပါသည်။ အထူးသဖြင့် ကျောင်းဆရာတစ်ဦးဖြစ်သော ကျွန်တော့်အဖို့ကား တပည့်များအား ပြန်လည်ဖောက်သည်ချစရာ၊ ဆုံးမလမ်းညွှန်စရာတစ်ခုဟုဆိုကား မမှားနိုင်ပါပေ။

ခေါင်းစဉ်လေးက 'နှမ်းခိုး၍ စားသော မင်းသား'။ ရှေးက ဗာရာဏသီမင်း၏ သားတော်သည် တက္ကသိုလ်ပြည်၌ ပညာသင်သွားခဲ့ရာမှ ဤဇာတ်လမ်းလေး စတင်သန္ဓေခဲ့သည်။ တစ်နေ့သ၌ မင်းသား

သည် အမယ်အိုလှန်းထားသော နှမ်းကို စားလိုသဖြင့် တစ်ဆုပ်မျှ ပိုင်ရှင်မသိအောင် ခိုးယူစားလိုက်သည်။ အမယ်အိုကား သိသော်လည်း မပြောခဲ့။ သို့နှင့် မင်းသားလည်း ရှေ့ကအတိုင်း နှမ်းတစ်ဆုပ်မျှ ခိုးစားလာရာ (၃) ရက်မြောက်နေ့သို့ ရောက်လျှင် အမယ်အိုက ဆရာကြီးအား မင်းသားငယ် နှမ်းခိုးစားကြောင်းကို တိုင်ကြားတော့သည်။ ထို့ကြောင့် ဆရာကြီးသည် မင်းသား၏ကျောကို ဝါးခြမ်းစိတ်ဖြင့် သုံးချက်ရိုက်၍ ဆုံးမလိုက်၏။

ဇာတ်လမ်းကို အတိုချုပ်ကြပါစို့။ မင်းသားသည် ဘုရင်ဖြစ်လာသည်နှင့် ဆရာကို ပြန်သတ်ဖို့ လုပ်တော့သည်။ ဤတွင် ဆရာကြီးက ပြန်လည်ဆုံးမ လမ်းညွှန်ပြရာ မင်းကြီးလည်း 'ဆရာ့ အဆုံးအမကြောင့်သာ သူခိုးအဖြစ်မှ လွတ်ကင်းကာ မင်းအဖြစ်သို့ ရောက်ရှိလာပုံ'ကို ဆင်ခြင်မိပေသည်။ နောက်ဆုံးတွင် ဆရာ့ ကျေးဇူးကို ဆပ်သောအားဖြင့် စည်းစိမ်ချမ်းသာတို့ကို ဆရာအား ပေး၏။ ထို့ပြင် ဆရာကိုလည်း မင်းဆရာအဖြစ်ထားကာ တစ်သက်လုံး ဆည်းကပ်ကိုးကွယ်လေသတည်း။

ဤသို့ ဆရာတို့၏ ဆုံးမသွန်သင်မှု၊ လမ်းညွှန်ပေးမှုတို့ကြောင့် ဗုဒ္ဓဝင် ဇာတ်နိပါတ်များ၊ မြန်မာ့ရာဇဝင်များ၌ တပည့်တို့၏ အနာဂတ်များ လင်းလက်တောက်ပခဲ့ကြပါသည်။ ငါးခြောက်ပြားကို အထိန်းအသိမ်းညံ့ဖျင်းသည့်အတွက် ဆရာတော် ဦးစန္ဒိမာ၏ အမုန်းခံ ဆုံးမသွန်သင်ပေးမှုကြောင့် မင်းတုန်းမင်းသားလေး မောင်လွင်သည်လည်း ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးအဖြစ် မြန်မာ့သမိုင်း၌ ထည်ဝင့်ခဲ့ရပေသည်။ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မြတ်ဆရာတို့၏ ကျေးဇူးကား ကြီးမားလှပေ၏။

(၂)

ဆရာဟူသော အလုပ်သည် မွန်မြတ်လှ၏။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသော အသက်မွေးဝမ်းကျောင်း ဖြစ်၏။ ထိုအလုပ်ဖြင့်

အသက်မွေးကြသူ ဆရာအပေါင်းသည်လည်း ကိုယ်စိတ်နှစ်ပါး အေးချမ်းကြရသည်။ လူ့လောကအလယ်၌ တင့်တယ်စွာ ရပ်တည်ကြရသည်။ မွန်မြတ်သော အလုပ်နှင့် မွန်မြတ်သောဆရာများ ဖြစ်ပါသည်။

မြန်မာ့လူမှုအသိုင်းအဝိုင်း၌ ဆရာတို့ကို အမျိုးမျိုးတင်စားတတ်ကြပါသည်။ ထိုအထဲမှ 'ဥယျာဉ်မှူး' နှင့် တင်စားပုံမှာ နှစ်သက်ဖွယ်ဖြစ်ပါသည်။ မှန်ပေ၏။ ဥယျာဉ်မှူးမည်သည် မိမိတို့ စိုက်ပျိုးသော ပန်းတိုင်းကို ဖူးစေချင်သည်။ ပွင့်စေချင်သည်။ ပန်းကမ္ဘာအလယ် ဝင့်ထည်စေလို၏။ ထို့နည်းတူ ဆရာသည်လည်း မိမိတို့တပည့် အပေါင်းတို့ကို ထူးချွန်စေချင်သည်။ တော်စေချင်သည်။ ကောင်းစေချင်သည်။ လူ့လောကအလယ် တင့်တယ်စေချင်သည်။ ပွင့်သော ပန်းတိုင်း လန်းစေချင်ကြသော မွန်မြတ်သော နှလုံးသားချင်း တူညီကြပေသည်။

ဥယျာဉ်မှူးနှင့် ဆရာတို့သည် ဆောင်ရွက်ရသည့် လုပ်ငန်းသဘာဝချင်း တူညီကြပေသည်။ ပန်းကလေးများသည် မျိုးမတူသည်နှင့်အမျှ အကြိုက်မတူတတ်ပေ။ တချို့က ရေကြိုက်၏။ တချို့က မကြိုက်။ တချို့က နေကြိုက်၏။ တချို့က မကြိုက်။ ထိုမတူကွဲပြားမှုတို့ကို ဥယျာဉ်မှူးသည် သိရှိနားလည်လျက် ပျိုးထောင်ပေးကြရသည်။ ထို့အတူ ကျောင်းသားလူငယ်များသည်လည်း တစ်ဦးနှင့်တစ်ဦး အကြိုက်၊ စရိုက်များ မတူကြပေ။ တချို့က ချော့ပြော၍ရ၏။ တချို့က ခြောက်ပြောမှ ရ၏။ ထိုသဘောသဘာဝတို့ကို သိရှိနားလည်လျက် ဆရာသည် အနာနှင့်ဆေး သင့်အောင် ပေးကြရရှာပေ၏။

ဤတွင် ဥယျာဉ်မှူးနှင့် ဆရာတို့၏ ပျိုးထောင်ပေးကြရသည့် အရာချင်းကား မတူပေ။ ဥယျာဉ်မှူးကား ပန်းကလေးများကို ပျိုးထောင်ပေးသည်။ ဆရာကား လူသား မျိုးဆက်သစ်များကို လေ့ကျင့်

သွန်သင်ပေးသည်။ သက်ရှိလူသားများကို ပျိုးထောင်သူ ဆရာတို့၏ အလုပ်သည်သာ၍ ခက်ခဲရာ၏။ နှလုံးသားများကို ပြုပြင်ပေးရသည့် အလုပ်သည်ကား တိုင်းပြည်၏ အနာဂတ်ကို ထုဆစ်နေခြင်း ဖြစ်ပါ၏။

(၃)

လူ့ဘဝသည် ရခဲပါသည်။ ရဟန်း ဘဝသည် ပို၍ ခက်ခဲသည်ဟု စာပေ ကျမ်းဂန်၌ လာ၏။ ထို့အတူ စေတနာ၊ ဝါသနာ၊ အနစ်နာတို့ဖြင့် ဘဝကို ရှင်သန်နေကြသည့် ဆရာ့ဘဝသည်လည်း ရရန်ခဲခက်လှသည်ဟု ဆိုချင်ပါ၏။ ရောင့်ရဲနိုင်မှ ဆရာဖြစ်နိုင်သည်။ တင်းတိမ်နိုင်မှ ဆရာဖြစ်နိုင်သည်။ ပေးဆပ်နိုင်မှ ဆရာဖြစ်နိုင်သည်။ နှလုံးသားလှမှသာ မွန်မြတ်လှသည့် ဆရာ့ဘဝကို ရရှိနိုင်ပါသည်။ ထို့ကြောင့်လည်း မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ဆရာမြတ်တို့အား ဘုရားနှင့် တစ်ဂိုဏ်းတည်းထားကြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဆရာများကို လေးစားကြသည်။ အားထားကြသည်။ ကျောင်းသားမိဘများသည် သူတို့ကလေးများကို ဆရာတို့ထံ ယုံကြည်စွာ အပ်နှံကြသည်။ တစ်နေ့တာကာလ၌ ကလေးတို့၏ အိမ်၌ မိဘနှင့် အတူရှိချိန်ထက် ကျောင်း၌ ဆရာများနှင့် အတူရှိချိန်က ပိုများနိုင်ပေသည်။ ထို့ကြောင့် မိဘတို့သည် သူတို့သားသမီးများ လိမ္မာရေးခြားရှိစေရန် ဆရာများကို အားကိုးကြသည်။ ဆရာတို့၏ ဆုံးမသွန်သင်မှုကြောင့် တပည့်တို့၏ဘဝများ လမ်းမှန်သို့ ရောက်ရှိကာ လောကအလယ် တင့်တယ်ကြရသည် မဟုတ်လား။

စာသင်ရုံမျှဖြင့်ကား အာစရိယ မြတ်ဆရာ မဖြစ်နိုင်ပေ။ စာသင်ဆရာမျှသာ ဖြစ်ပေမည်။ စာကိုလည်းသင် လူလည်း ပြင်ပေးမှသာ လူ့ဘောင်က အလေးထားကြသည့် ဆရာမြတ်တို့ ဖြစ်နိုင်ပါမည်။ ဤသို့ လူသားတို့၏ စိတ်ကို ပြုပြင်ပေးနေသည့် ဆရာတို့၏ ပြောဆိုဆုံးမ၊ သွန်သင်မှုသည် အင်မတန်အရေးကြီးလှတော့သည်။ စေတနာ

ကို အရင်းခံ၍ နည်းလမ်းမှန်စွာ ဆိုဆုံးမတတ်ရန် လိုအပ်လှသည်။ အနုပညာဆန်လှသည့် ဆရာအတတ်ပါတကား။

(၄)

အချိန်ကား ၁၉၄၆ ခုနှစ်။ သူ့ကျွန်ဘဝမှ လွတ်မြောက်ရန် ဖဆပလ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် လွတ်မြောက်ရေးတိုက်ပွဲများ အရှိန်ပြင်းထန်နေသည့် အခါသမယလည်း ဖြစ်ပါသည်။ ထိုအချိန်တွင် မြန်မာတစ်ပြည်လုံးရှိ အစိုးရအထက်တန်းကျောင်းများမှ ကျောင်းသားသမဂ္ဂအဖွဲ့များသည်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ လုပ်ဆောင်ချက်များကို ထောက်ခံရန် သပိတ်မှောက်ဆန္ဒပြကြရာ မင်းဘူးမြို့ အစိုးရအထက်တန်းကျောင်းသည်လည်း မင်းဘူးမြို့ ဓာတ်တော်ကုန်း စေတီတော်ပရဝဏ်၌ သပိတ်စခန်းဖွင့်ကာ ဆန္ဒပြလျက်ရှိကြသည်။

ထိုအခြေအနေမျိုးတွင် အမြော်အမြင်ရှိသော မင်းဘူးမြို့ အစိုးရအထက်တန်းကျောင်းမှ ၉/၁၀ ကျောင်းသူကြီးများက မျိုးဆက်သစ်တို့ကို လက်ဆင့်ကမ်းပညာအမွေ ဖြန့်ဝေပေးလျက်ရှိ၏။ မျိုးချစ်စိတ်ကို အရင်းခံကြသည့် ပြည်သူ့ချစ်သမီးများ ဖြစ်ပါသည်။ လေးစားဂုဏ်ယူထိုက်ပါ၏။

"ကဲ --- သားတို့ သမီးတို့အားလုံး မင်္ဂလာပါ"

တတိယတန်းကျောင်းသားလေးများသည် ဆရာမ၏ အသံကြောင့် ရုတ်တရက် မှင်တက်မိသွားကြ၏။ ဆရာမမှာ အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် နုနယ်ပျိုမြစ်သူတစ်ဦးဖြစ်သည်။ အသက်က ၂၀ စွန်းရုံမျှသာ ရှိသေး၏။ သို့သော် ရင်ဖုံးအင်္ကျီဖြူ လက်ရှည်၊ ထဘီစိမ်းတို့က သူ၏ ငယ်ရွယ်မှုကို တည်ငြိမ်မှုက ဦးဆောင်ထားလိုက်သည်။ မျက်နှာက သနပ်ခါးလေးနှင့် မြန်မာဆန်ဆန်ယဉ်လှ၏။ ဖြူမွတ်သောပါးနုပြင်နှင့်သနပ်ခါးရည်ကျဲလေးက ပနံရနေ၏။

တိုင်းပြည်အရေးကြုံနေခိုက် ၉/၁၀ တန်း ကျောင်းသူကြီးများက

အတန်းငယ်သေးသည့် မောင်လေး ညီမလေးများ၏ ပညာရေး အတွက် တစ်ဖက်တစ်လမ်းမှ ဝိုင်းကူပေးနေကြ၏။

''မင်္ဂလာပါဆရာမ''

(၃)

ဆရာမလေး ဒေါ်မြမြသည် အတန်းဝင်စမို့ ဘာသင်ရမည်။ ဘယ်လိုသင်ရမည်တွေးလျက် အခက်တွေ့နေ၏။ နောက်ဆုံး သူ ဆုံးဖြတ်ချက်ချလိုက်သည်။ ဟုတ်ပြီ။ စာစီစာကုံး ရေးခိုင်းရမည်။

''ကဲ . . . သားတို့ သမီးတို့ စာအုပ်ထုတ်လိုက်ကြကွာ။ နှစ်သက်ရာခေါင်းစဉ်နဲ့ စာစီစာကုံးတစ်ပုဒ်စီ ရေးကြရမယ်။ ဆရာမ ကဖတ်ပြီး လိုတာလေးတွေ ဖြည့်ပေးမယ်''

တတိယတန်းကျောင်းသားလေးများ သည် ဆရာမအသစ်လေး၏ စေခိုင်းမှုကို တစ်သဝေမတိမ်း လိုက်နာကြ၏။ ကျောင်းသားအားလုံး ကြိုးစားကြ၏။ ပြီးလျှင် ဆရာမလေးထံ သွားပြကြ၏။ ဆရာမလေး ကဖတ်ပြီး လိုတာဖြည့်စွက်ပေးပြီး မှတ်ချက်ပေး၏။

ကျောင်းသားလေး မောင်စိန်တင်သည်လည်း သူ၏ စာစီစာကုံး လေးကို ဆရာမထံ သွားပြ၏။ ဆရာမက အသေအချာဖတ်၏။ ပြီးလျှင် အားရကျေနပ်စွာ ပြုံး၏။ ဆရာမလေးက မောင်စိန်တင်၏ စာစီစာကုံးအောက်တွင် မှတ်ချက်ပေးလိုက်၏။ 'တော်' ဟူ၍။ ထို့နောက်ဆရာမလေးသည် တစ်တန်းလုံးကို ပြောလိုက်သည်။

''မောင်စိန်တင်ရေးတဲ့ မင်းဘူး၊ မန်းရွှေစက်တော်ဘုရားဆူး စာစီစာ ကုံးက သိပ်ကောင်းတယ်။ ဆရာမတို့ မသိသေးတဲ့ အကြောင်းအရာ၊ သမိုင်းမှတ်တမ်းတွေ ပါတယ်။ အဲဒီစာစီစာကုံးကို လက်ရေး လှလှ လေးနဲ့ ပြန်ကူးပြီး ဂျာနယ်တစ်စောင်စောင်ကို ပို့လိုက်ပါလား''။

တစ်တန်းလုံးက မောင်စိန်တင်ကို ဝိုင်းကြည့်ကြ၊ ချီးမွမ်းကြ၏။ ဆရာမ၏ ချီးမွမ်းစကားကြောင့် မောင်စိန်တင်လေး ဝမ်းသာပျော်ရွှင် နေ၏။ ကျေနပ်၏။ ထို့နောက် ဆရာမစကားအတိုင်း စာစီစာကုံး ကို လက်ရေးလှပြန်ရေးကာ ရန်ကုန်မြို့၊ အမှတ် (၅)၊ အင်းစလမ်း၊

သတင်းစုံ ဂျာနယ်တိုက်သို့ ပေးပို့လိုက်သည်။ မကြာမီမှင် မောင်စိန်တင်၏ ဆောင်းပါးလေး ဂျာနယ်၌ပါလာ၏။ ခေါင်းစဉ်က 'ကြည်ညို ကောင်းလို့ ခညောင်းတဲ့ပူဇော်၊ မန်းရွှေစက်တော်'။ ရေးသူမှာ 'မောင်စိန်တင်၊ တတိယတန်း၊ အစိုးရအထက်တန်းကျောင်း၊ မြင်းခြံ မြို့' ဖြစ်ပေ၏။

ထိုအချိန်က မောင်စိန်တင်လေးသည် ယနေ့ နိုင်ငံကျော်စာရေးဆရာကြီး တက္ကသိုလ်စိန်တင် ဖြစ်လာ၏။ ဆရာမလေး ဒေါ်မြမြ၏ အားပေးစကားလေးတစ်ခွန်းက မောင်စိန်တင်ကို တက္ကသိုလ် စိန်တင် ဖြစ်သွားစေခဲ့သည်။ ထိုကျေးဇူးကို သိတတ်သောတပည့် မောင်စိန်တင်လေးသည် သူ၏ အနာဂတ်လမ်းကို ဖြောင့်တန်းစေခဲ့သူ ဆရာမ ဒေါ်မြမြကို အမြဲကန်တော့၏။ ထွက်သမျှသော သူ့စာအုပ်များကို ဆရာမထံ ပေးပို့၏။ အသက် (၉၄)နှစ်အရွယ် ဆရာမကြီး ဒေါ်မြမြသည် ယနေ့တိုင် သက်ရှိထင်ရှားရှိနေဆဲ ဖြစ်ပါသည်။

ဆရာကောင်းတပည့် ပန်းကောင်းပန်လိုက်သည့် အထင်ကရ သာဓကတစ်ခု ဖြစ်ပါ၏။

(၅)

ဆရာတို့၏ စကားသည် အစွမ်းထက် လှပေစွ။ ထို့ကြောင့် ထိန်းမရ၊ ပြောမရသော သားသမီးများကို မိဘတို့က ဆရာတို့ထံ အပ်နှံနေကြခြင်း ဖြစ်ပေသည်။ ချစ်စရာ့ မြန်မာ့ယဉ်ကျေးမှုလည်း ဖြစ်ပါသည်။

ခေတ်ကာလတို့ ဘယ်လောက်ပြောင်းပြောင်း၊ နည်းပညာတို့ ဘယ်လောက်တိုးတက်တိုးတက်၊ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာမြတ်တို့၏ အခန်းကဏ္ဍသည်ကား ဘယ်တော့မှ လျော့ကျမသွားနိုင်ပေ။ ဆရာတို့၏ အဆုံးအမ၊ အသွန်အသင်များသည် ကျွန်တော်တို့ မြန်မာလူမျိုးများ၏ နှလုံးသား၌ ထာဝရရှင်သန်နေမည်သာ ဖြစ်ပါ၏။ ထိုဆရာတို့၏ အနစ်နာခံပေးဆပ်မှု၊ အမုန်းခံ ဆုံးမသွန်သင်မှု

တို့ဖြင့် မြန်မာ့အနာဂတ်ကောင်းကင်သည် အစဉ်ထာဝရ ထွန်းလင်းတောက်ပနေမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတို့ကား တိုင်းပြည် အနာဂတ်ကို ပုံဖော်ထုဆစ်ပေးနေကြသူများ ဖြစ်ပေတော့သတည်း။ ။

ပညာရတနာဂျာနယ်
အတွဲ(၃)၊ အမှတ်(ဂ)၊ ၂၀၁၇

# မေးခွန်းမေးခြင်း ယဉ်ကျေးမှု

(၁)

ပုံပြင်ချစ်သူတိုင်း နဂါးနိုင်မင်း မောင်ပေါက်ကျိုင်းအကြောင်း သိရှိကြပြီး ဖြစ်ပါလိမ့်မည်။ အင်မတန် ထုံထိုင်းလှသော မောင်ပေါက်ကျိုင်းကို ရှင်ဘုရင်ဖြစ်စေခဲ့သော စကားကြီး (၃) ခွန်းကိုလည်း မှတ်မိကြမည် ထင်ပါသည်။ 'မအိပ်မနေ အသက်ရှည်'၊ 'မေးပါများ စကားရ' နှင့် 'သွားပါများ ခရီးရောက်'တို့ ဖြစ်ကြ၏။ 'မေးပါများ စကားရ' ဆိုသော စကားအကြောင်းက ယခုတလော ကျွန်တော်၏ စိတ်၌ တဝဲလည်လည်ရှိနေပါသည်။

ကလေးငယ်တို့၏ ဗီဇတစ်ခုမှာ အမေးအမြန်းထူခြင်းဖြစ်ပါသည်။ ပတ်ဝန်းကျင်ကို စူးစမ်းလိုစိတ်ကြောင့် မေးမြန်းကြခြင်းဖြစ်ပါသည်။ ကောင်းသော လက္ခဏာရပ်တစ်ခု ဖြစ်ပါသည်။ ပညာသင်ယူမှု၌

ထားရှိရမည့် အခြေခံစိတ်ထားဖြစ်သောကြောင့် ဖြစ်ပေ၏။ သို့သော် အမြော်အမြင်နည်းသော မိဘ၊ ဆရာတချို့၏ပယောဂကြောင့် ထို အမေးအမြန်းထူသည့် အလေ့အကျင့်လေးများ ဆိတ်သုဉ်းသွားကြရပါသည်။ ကြီးမားသော ဆုံးရှုံးနစ်နာမှုပင် ဖြစ်သည်။

ကျောင်းစာသင်ခန်းပြင်ပ၌ အမေးအမြန်းထူတတ်သည့် ကလေးများသည် စာသင်ခန်းထဲသို့ရောက်လျှင် နှုတ်ဆိတ်သွားတတ်ကြသည်ကို ဆရာများ သတိပြုမိကြပါလိမ့်မည်။ အဘယ့်ကြောင့်နည်း။ ကျွန်တော်တို့ ဆရာများ ဆန်းစစ်အဖြေရှာကြရမည့် ပြဿနာတစ်ခုဖြစ်ပါသည်။ ကျွန်တော်၏ အမြင်တချို့ကို တင်ပြပါရစေ။

ကျောင်းသားလူငယ်များ ဆရာအား မေးခွန်းမေးရန် တုံ့ဆိုင်းတတ်သော ပထမအချက်မှာ ဆရာကို ကြောက်ရအောင် သွန်သင်ပေးတတ်သည့် တချို့သော ယဉ်ကျေးမှု အကောက်လွဲမှားမှုကြောင့် ဖြစ်ပါသည်။ ဆရာကို ကြောက်စရာအဖြစ် မြင်နေသည့်အတွက် လမ်းတွေ့လျှင် နှုတ်ဆက်ဖို့ထက် အဝေးမှ ရှောင်ဖယ်ကွေ့ပတ်သွားတတ်ကြပါသည်။ ထိုသို့ ကြောက်ရွံ့နေသော ကျောင်းသားလူငယ်များသည် ဆရာကို ဘယ်မှာလျှင် မေးအံ့မြန်းအံ့တော့မည်နည်း။

ဒုတိယအချက်မှာ ဆရာတချို့၏ အမှားအယွင်းကြောင့်ဟု ထင်မြင်မိပါသည်။ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအရ ဆရာတချို့သည် တပည့်က မေးခွန်းမေးလျှင် မကြိုက်တတ်ကြပေ။ "ငါ့ကို ပညာစမ်းတာလား။ နင်က ငါ့ထက်တတ်လို့လား။ နင်က ဆရာလား၊ ငါက ဆရာလား။ ငါပြောတဲ့ အတိုင်းလုပ် အရစ်မရှည်နဲ့" ဟုဆိုသော ဆရာအချို့၏ မပြည့်ဝမှုကြောင့် ထိုသို့ အပြောခံရသော တပည့်လေးများမှာ နောက်ထပ်မေးရန် တွန့်သွားတတ်ကြပါသည်။ အမှန်စင်စစ် ထိုဆရာများသည် တပည့်တို့၏ သိလိုစိတ်ကို မနိုးဆွပေးသည့်အပြင် ရှိပြီးသား သိလိုစိတ်လေးကိုပင် အညွန့်ချိုးရာရောက်ပါသည်။ ထိုသို့ အပြောခံလိုက်ရသော တပည့်လေးများသည်

သင်ကြားမှု၌ စိတ်မပါလက်မပါ ဖြစ်လာတတ်ကြသည်ကို ဆရာများ သတိပြုသင့်ပါသည်။

တကယ်တော့ ဆရာ၏တာဝန်မှာ တပည့်တို့၏ သိလိုစိတ်ကို နှိုးဆွပေးရန်သာ ဖြစ်ပါသည်။ ဆော့ခရတ္တိ၏ အလိုအရ ဆရာသည် ဝမ်းဆွဲဆရာသာ ဖြစ်ပါသည်။ ဝမ်းဆွဲဆရာသည် ကိုယ်ဝန်ဆောင်သူ မိခင် နှင့် ရင်သွေးငယ်တို့ နှစ်ဦးစလုံး အန္တရာယ်မဖြစ်အောင် ဆောင် ရွက်ပေးရသကဲ့သို့ ဆရာသည်လည်း တပည့်တို့၏ အတွေးများကို အမေးအဖြေများဖြင့် ဆွဲထုတ်ပေးရပေမည်။ "ဟင်းစားမပေးနဲ့ ကွန်ချက်သာပြ" ဟူသော စကားအတိုင်း ဆရာသည် တပည့်တို့၏ သိလိုစိတ်ကို နှိုးဆွပေးကြရပေမည်။ အကြောင်းမှာ ဆရာသည် လည်း အလုံးစုံတတ်သိသူ မဟုတ်သောကြောင့် ဖြစ်ပေသည်။ ထို့ ကြောင့် တပည့်တို့၏ သိလိုစိတ်ကို မြှင့်တင်ပေးရန် ဆရာနှင့်တပည့် အပြန်အလှန် အမေးအဖြေများလုပ်ကြရာ၌ တပည့်တို့မေးခွန်းအား မသိလျှင် မသိသေးဟုသာ အရှိအတိုင်း ရိုးသားစွာ ဝန်ခံလိုက်ရုံသာ ရှိပါသည်။ ရှက်စရာဟု မမြင်သင့်ပေ။ "ဆရာ ဒါတော့ မသိသေးဘူး။ ပြန်လေ့လာပြီး ပြောပေးမယ်" ဟုဆိုသော ဆရာ့အပေါ် ဘယ်တပည့် မှ အထင်သေးမည် မထင်ပေ။ မသိတာကို သိသလိုလုပ်မှသာ ကဲ့ရဲ့ခံရနိုင်ပါသည်။ ဆိုလိုသည်မှာ ဆရာနှင့် တပည့် ဆက်ဆံရေးကို ရိုးသားမှုဖြင့် အခြေခံတည်ဆောက်လျှင် သင်ယူမှု ပတ်ဝန်းကျင် ကောင်းတစ်ခု ဖြစ်လာနိုင်ပါသည်။ အပြန်အလှန် နားလည်မှု ရှိလာ နိုင်ပါသည်။ ဆရာသည် မိမိမသိခြင်းကြောင့် တပည့်တို့အပေါ် အကြောက်တရားဖြင့် မအုပ်ချုပ်မိရန် လွန်စွာအရေးကြီးလှပါသည်။

အကြောက်တရားကင်းမှသာလျှင် တပည့်သည် ဆရာအား မသိ နားမလည်သည်တို့ကို မေးမြန်းလာပါမည်။ အမှန်တရားကို ထောက်ပြ ဝေဖန်လာရဲပါမည်။ ကျောင်းစာသင်ခန်းမှစ၍ တပည့်များ၌ မေးရဲ မြန်းရဲ ပြောရဲဆိုရဲသည့်သတ္တိများ ရှင်သန်ကိန်းအောင်းလာမှသာလျှင်

လူ့ဘောင်လောက၌ အမှန်တရားသစ်ပင်များ ဒေသမရွေး၊ အချိန်မရွေး ထာဝရ ရှင်သန်ပေါက်ရောက်နေပေလိမ့်မည်။ ထိုသို့ ဖြစ်ထွန်းလာစေရန် စာသင်ခန်းများ၌ မေးခွန်းမေးသည့် ယဉ်ကျေးမှုကို လက်ခံကျင့်သုံးကြရပေမည်။ ပေါ်ထွန်း လာအောင်လည်း လမ်းခင်းပေးကြရမည်မှာ ဆရာတို့၏ ကြီးမားသော တာဝန်တစ်ရပ်ဖြစ်ပါသည်။

တပည့်တို့၏ အမေးပိတ်ခံရခြင်း နောက်ဆုံးအကြောင်းရင်းတစ်ခုမှာ စာမေးပွဲစနစ် တစ်နည်းအားဖြင့် အမှတ်ရရေး ဦးစားပေးစနစ်ကြောင့်ဟု မြင်မိပါသည်။ ဆရာတို့၏ တာဝန်ကား များပြားလှသည်။ စာသင်ပေးရသည်။ လူပြင်ပေးရသည်။ လိမ္မာရေးခြားရှိအောင် ဆိုဆုံးမပေးရသည်။ တစ်ဖက်၌လည်း လပိုင်းမာတိကာနှင့်အညီ သင်ခန်းစာအမီ ပြီးအောင် အားထုတ်ရသည်။ အမှန်တကယ် တတ်မြောက်ရေးထက် အမှတ်က အဓိကကျသောကြောင့် စာမေးပွဲမေးခွန်း၌သာပါသော အကြောင်းအရာတို့လောက်သာ အလေးထား သင်ကြားပေး ဖြစ်သွားကြပါသည်။ ထို့ပြင် တချို့သော အဓိပ္ပာယ်မဲ့ စာရင်းဇယား များကိုလည်း မလစ်ဟင်းအောင် လုပ်ရသေး၏။ ဂိတ်စောင့်၊ ဖုန်းစောင့်ရသည့်အလုပ်လည်းပါ လိုက်သေးသည်။ မြန်မာစာဆရာ၊ သမိုင်းဆရာဆိုလျှင်ကား အခါရာသီအလိုက် ဟောပြောပွဲများ၊ စာစီစာကုံး၊ ကဗျာပြိုင် ပွဲများကိုလည်း ဦးစီးပေးကြရပြန်သည်။ ထိုသို့သော အခြေအနေများကြောင့် ဆရာသည် တပည့်တို့၏ မေးမြန်းမှုကို အချိန်ပေး မဖြေဆိုနိုင်ကြခြင်း ဖြစ်ပါသည်။

(၂)

ကျွန်တော်၏ ကိုယ်တွေ့လေးတစ်ခုကို ပြောပြချင်မိပါသည်။ ကျွန်တော်သည် အလယ်တန်းပြဆရာ၊ အထက်တန်းပြ ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်ပြနည်းဌာန၌ ဆရာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ဆရာလောင်းလေးများကို ပြုစုပျိုးထောင်ပေးနေသော ဆရာအတတ်

ပညာသင်ကျောင်းလည်း ဖြစ်ပါသည်။ ကျွန်တော်က မြန်မာစာသင်ပြနည်းကို သင်ကြားပို့ချပေးပါသည်။

တစ်နေ့တွင် အထက်တန်းဆင့် မြန်မာစာသင်ကြားရခြင်း ရည်ရွယ်ချက်တို့ကို မည်သို့ပေါက်မြောက်အောင် ချဉ်းကပ်သင်ကြားသင့်ကြောင်းကို တတိယနှစ်၊ မြန်မာစာအထူးပြု သင်တန်းသားများနှင့် ဆွေးနွေးဖြစ်ပါသည်။ စာဖတ်သူများ ဗဟုသုတတိုးပွားရန် ၎င်းရည်ရွယ်ချက် (၅) ချက်ကို ဖော်ပြပေးပါရစေ။

(၁) စကားပြေကို လေ့လာရာတွင် အကြောင်းအရာ၊ အရေးအသားနှင့် အလင်္ကာတန်ဆာဆင်မှုတို့ကို သိရှိနားလည်စေရန်၊ (၂) ကဗျာလေ့လာရာတွင် ကဗျာ့အဓိပ္ပာယ်၊ ကဗျာ့ရည်ရွယ်ချက်နှင့် အလင်္ကာတန်ဆာဆင်မှုတို့ကို သိရှိနားလည်စေရန်၊ (၃) ဝေါဟာရကြွယ်ဝစေရန် နှင့် ကျွမ်းကျင်စွာ သုံးနှုန်းတတ်စေရန်၊ (၄) စာကို ပြေပြေပြစ်ပြစ်နှင့် တန်ဆာဆင်ရေးတတ်စေရန်နှင့် (၅) စာစီစာကုံးလေ့ကျင့်ပေးရန်တို့ ဖြစ်ပါသည်။

"ကဲ ရည်ရွယ်ချက်တစ်ကို ပေါက်မြောက်အောင် မင်းတို့ဘယ်လိုသင်မလဲ။ စာတစ်ပုဒ်ကို ဘယ်လိုချဉ်းကပ်မလဲ။ ကိုယ့်အမြင်ကို ထပြောနိုင်တယ်။ မင်းတို့ပြောသမျှ ငါလက်ခံတယ်။ လွဲနေရင် တည့်ပေးမယ်ကွာ"

ကျွန်တော် တစ်တန်းလုံးကို မေးလိုက်ပါသည်။ တစ်တန်းလုံးငြိမ်ကျသွားသည်။ ပြီးလျှင် ခေါင်းချင်းဆိုင် တီးတိုးဆွေးနွေးကြသည်။ အချိန်အတော်ကြာသည်အထိ တစ်ဦးမှ ထမပြောကြသေးပေ။ သူတို့မသိလို့ မဟုတ်တန်ရာ။ မပြောရဲတာ။ မှားမှာ ကြောက်တာကြောင့်သာ ဖြစ်ပါသည်။ ကျွန်တော်က ပြောချင်ရာပြောဖို့ အားပေးတိုက်တွန်းတော့မှ ကျောင်းသားတစ်ယောက် မတ်တတ်ရပ်လိုက်ပါသည်။

"ကဲ ရည်ရွယ်ချက်တစ်ထဲက စကားပြေတစ်ပုဒ်သင်ကြားပြီးရင် တပည့်တွေ ရင်ထဲ အဲ့ဒီစကားပြေပါ အကြောင်းအရာကို မှတ်မိနေ

အောင်၊ စွဲမြဲနေအောင် ဘယ်လိုသင်ရင် ကောင်းမလဲ''

သူပြောရဲအောင် ကျွန်တော်က လမ်းစပေးလိုက်ပါသည်။

''စကားပြေပါ အကြောင်းအရာတွေကို တပည့်တွေ စွဲမြဲသွားအောင် သင်ကြားမယ့် အကြောင်းအရာနဲ့ နီးနွယ်တဲ့ လက်တွေ့ဘဝက အဖြစ်အပျက်၊ အကြောင်းအရာတွေနဲ့ စတင်ချဉ်းကပ်သင်ကြားသင့်ပါတယ်ဆရာ''

''ဥပမာပေးပါဦး''

''ဥပမာ–မိခင့်သောက ဝတ္ထုစကားပြေကို မသင်ကြားမီ မိဘမေတ္တာတရားကို တပည့်တွေကိုယ်တိုင် ခံစားနားလည်လာအောင် သူတို့မိဘတွေရဲ့ သူတို့အတွက် ပေးဆပ်အနစ်နာခံပုံ၊ မေတ္တာတရားကြီးမားပုံတွေနဲ့ စသင့်ပါတယ် ဆရာ''

''အေး ကောင်းပြီ၊ အဲဒီလိုသင်ရင် ဘာအကျိုးရနိုင်လဲ''

ကျန်သော ကျောင်းသားများက ငြိမ်ပြီးနားထောင်နေသည်။ ကျွန်တော့်အမေးကို ထိုကျောင်းသား ဘယ်လိုဖြေမလဲဆိုတာ စိတ်ဝင်တစား နားစွင့်နေကြသည်။ ''အဲဒီလို သင်ခြင်းအားဖြင့် တပည့်တွေရဲ့ စိတ်ဝင်စားမှုကို ရရှိပြီး သင်ခန်းစာရှေ့ ဆက်ဖို့ အလားအလာ ကောင်းသွားပါတယ်ဆရာ။ ပြီးတော့ တပည့်တွေကိုယ်တိုင် စိတ်ပါဝင်စားစွာနဲ့ သင်ယူလာတဲ့အတွက် သင်ခန်းစာကို ပိုမိုမှတ်မိစေပါတယ်။ စွဲမြဲစေပါတယ်ဆရာ''

ခေါင်းညိတ်ကာ ကျွန်တော် အသိအမှတ်ပြုလိုက်ပါသည်။ ထို့နောက် တစ်တန်းလုံးဘက်လှည့်ကာ ''သူပြောတာလေးတွေ မှန်တယ်။ ဒါကို ဆရာတို့ စာမသင်မီ သင်မယ့်အကြောင်းအရာကို တပည့်တွေ စိတ်ဝင်စားလာအောင် ကနဦး လုပ်ဆောင်ရတဲ့အဆင့်လို့ ခေါ်တယ်။ စိတ်ကို ညှို့လိုက်တဲ့သဘောပေါ့။ အင်္ဂလိပ်လိုတော့ Set Induction လို့ ခေါ်တယ်။ ဒါမှ ရှေ့ဆက်မယ့်သင်ခန်းစာကို ပေါက်မြောက်အောင် သင်ကြားပေးနိုင်မယ်။

ဆရာ ဥပမာတစ်ခု ထပ်ပြောပါ့မယ်။ မင်းတို့ ဆယ်တန်းတုန်းက စီးချင်းတိုက်ပွဲ စကားပြေ သင်ရတယ်မဟုတ်လား"

"သင်ရပါတယ်ဆရာ" ဟု အားလုံး တညီတည်း ဖြေကြသည်။

"ဒါဆို စီးချင်းတိုက်ပွဲရဲ့ ရည်ရွယ်ချက်က ဘာလဲ"

"သူ့ရဲကောင်းတွေရဲ့ စိတ်ဓာတ်ကို အားကျလေးစားတတ်ရန်၊ အတုယူတတ်ရန် ဖြစ်ပါတယ်ဆရာ"

အတန်းရဲ့ နောက်ဆုံးနားက ကျောင်းသူတစ်ယောက်က ထပြောသည်။ ထိုအချိန်တွင် သူတို့နှင့် ကျွန်တော် အပြန်အလှန် မေးရဲမြန်းရဲ၊ ပြောရဲဆိုရဲ ရှိလာကြပါပြီ။

"ကောင်းပြီ အဲဒီစကားပြေထဲက ရာဇာဓိရာဇ်က ဘယ်သူလဲ။ ဗျည်းနွဲ့က ဘယ်သူလဲ။ လဂွန်းအိမ်ကကော ဘယ်သူလဲ။ မြောင်းမြ စားလောက်ဖြားကို ရာဇာဓိရာဇ်က ဘာလို့စစ်တိုက်ရတာလဲလို့ မင်းတို့ ဆယ်တန်းတုန်းက ဆရာကို ပြန်မေးဖူးကြလားကွ။ မေးဖူးရင် လက်ထောင်ကွာ။ နောက်ပြီး ဆရာက ဒါတွေကိုပြောပြရင် လက်ထောင်ကွာ"

ကျွန်တော့်အတန်းသားတွေ မဖြေကြ။ ၉၀ ရာနှုန်းကျော်လောက်က လက်မထောင်ကြတော့ပေ။ ဆရာကို မေးခွန်းထုတ်ဖို့ မေ့နေကြတာလား။ ဆရာကပဲ မပြောဘဲ ချန်ထားခဲ့တာလား။ တကယ်တော့ ကျွန်တော့် အတန်းသားများသည် ဉာဏ်ရည်မနိမ့်ကြပါ။ ဆယ်တန်း၌ အမှတ်လေးရာကျော်ဖြင့် အောင်လာကြသူများ ဖြစ်ပါသည်။

"မင်းတို့ စဉ်းစားကြည့်။ အဲဒီထဲက အမည်တွေကို မင်းတို့မသိဘဲ၊ သူတို့တွေကြား ဆက်နွယ်ပုံကိုမသိဘဲ ဘယ်လိုလုပ် ဇာတ်ရည်လည်ပါ့မလဲ။ တကယ်တော့ ဆရာက ကောက်နုတ်ချက်မှုရင်း ရာဇာဓိရာဇ် အရေးတော်ပုံကြမ်းကို ကြိုတင်ဖတ်မှတ်ထားသင့်တယ်။ ပြီးမှ ဇာတ်ဆောင်တွေရဲ့ အနေ၊ အကြမ်း စရိုက်တွေ၊ ဆက်နွယ်ပုံတွေကို ပြောပြမှ တပည့်တွေ စိတ်ဝင်စားလာမှာပေါ့။

•

ဒါက စကားပြေပါ အကြောင်းအရာကို တပည့်တွေ မှတ်မိလာအောင် ချဉ်းကပ်သင်ကြားပုံနဲ့ပတ်သက်ပြီး အစောက ကျောင်းသားပြောတာကို ထပ်ဖြည့်ပေးတာပါ။ ကျန်တဲ့ရည်ရွယ်ချက်တွေ ပေါက်မြောက်အောင် ဘယ်လိုသင်မလဲဆိုတာ စဉ်းစားလာခဲ့ကြကွာ။ နောက်မှ ထပ်ဆွေးနွေးကြစို့ကွာ။''

ဤအဖြစ်အပျက်လေးကနေ ကျောင်းသားလူငယ်တို့သည် ဆရာကို မေးခွန်းမေးရမှာ မေ့နေကြပုံ၊ ကြောက်နေကြပုံ တစ်ဖန် ဆရာ့ဘက်ကလည်း တပည့်များ မေးရဲမြန်းရဲလာအောင် လမ်းမဖွင့်ပေး၊ အားမပေးပုံတို့ကို ဖော်ပြလိုခြင်းသာဖြစ်ပါသည်။

(၃)

အနောက်နိုင်ငံက စာသင်ခန်းများကို မြင်ဖူးကြားဖူးကြပါလိမ့်မည်။ တပည့်တို့သည် သိလိုသမျှကို ဆရာအား ရဲရဲဝံ့ဝံ့ မေးမြန်းတတ်ကြသည်။ အားမနာတတ်ကြပေ။ ထို့နည်းတူ ဆရာကိုယ်တိုင်ကလည်း ထိုသို့ အမေးခံရ၍ စိတ်မဆိုး။ မေးလာသည်ကို ကြည်ကြည်သာသာ ရှင်းပြကြပါသည်။ ထိုသို့ မေးမြန်းလာအောင်လည်း အားပေးကြသည်။ လမ်းဖွင့်ပေးထားကြသည်။ ''မေးပါများ စကားရ'' ဆိုသော မောင်ပေါက်ကျိုင်း၏ လက်စွဲစကားအတိုင်း သိလိုစိတ်ကြောင့် တပည့်တို့၏ မေးမြန်းလာခြင်းကို ကျွန်တော်တို့ဆရာများက နှစ်ထောင်းအားရ ကြိုဆိုကြရပေမည်။ တကယ်တော့ ဆရာဆိုတာ တပည့်တို့၏ သိလိုစိတ်ကို နှိုးဆွပေးဖို့ပဲ မဟုတ်လား။

ပညာရတနာဂျာနယ်
အတွဲ(၃)၊ အမှတ်(၁၀)၊ ၂၀၁၇

# ဆရာနှင့် မေးခွန်းမေးခြင်း

(၁)

မြန်မာ့လူမှုအသိုင်းအဝိုင်းသည် ဆရာ၊ ဆရာမတို့ကို အလေးထား နေရာပေးလာသည်နှင့်အမျှ ထိုဆရာတို့၏ ဆရာအတတ်ပညာစွမ်းရည်သည်လည်း မြင့်မားလာရပါသည်။ ဆရာတစ်ယောက်၌ ရှိအပ်သော ဆရာအတတ်ပညာကား များပြားလှပါ၏။ မိမိသင်ကြားသည့် ဘာသာရပ်အကြောင်းအရာကို တစ်ဖက်ကမ်းခတ်ရ၏။ မိမိသင်ကြားထိတွေ့နေရသည့် ကျောင်းသားလူငယ်တို့၏ စိတ်အခြေအနေ၊ သဘောထားတို့ကိုလည်း သိရှိနားလည်ထားရ၏။ သင်ပြနည်းနာများကိုလည်း နှံ့စပ်ရ၏။ အတန်းထိန်းတတ်ရ၏။ ပုံပြင်၊ ဟာသ၊ အပြောအပြော၊ စည်းရုံးရေး စသည်တို့၌လည်း ဆရာသည် ကျွမ်းကျင်ရပြန်ပါ၏။ ဤကား ထင်သာမြင်သာသော ဆရာအတတ်များပင် ဖြစ်ပါ၏။

မထင်သာ၊ မမြင်သာသော ဆရာ့အတတ်၊ ဆရာ့အရည်အသွေး တို့ကား မရေတွက်နိုင်အောင် များပြားလှပါသည်။ မြန်မာ့ယဉ်ကျေးမှု၌ ဆရာဟုဆိုလျှင် စေတနာ၊ ဝါသနာနှင့် အနစ်နာတို့ရှိအပ်ကြောင်း ယူဆလက်ခံထားပါသည်။ မွန်မြတ်သော စိတ်နှလုံးသားရှိကြသူများဟု ဆိုနိုင်သည်။ လခဖြင့် ရောင့်ရဲနိုင်ရ၏။ တင်းတိမ်နိုင်ရ၏။ ဆင်းရဲခြင်း ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရာ၏။ တပည့်တို့၏ ခံစားချက်တို့ကို မျှဝေခံစား ပေးကြရသည်။ တပည့်တို့ကောင်းစားလျှင် ပျော်ရွှင်ကြည်နူးရသကဲ့သို့ တပည့်တို့ဘဝ အခြေမကျပြန်လျှင်လည်း ဆရာတို့မှာ စိတ်မကောင်း ဖြစ်ကြရပြန်၏။

ထို့ကြောင့် ဆရာတစ်ယောက်၏ အရည်အသွေး၊ ဆရာ့အတတ် ပညာများအား တိကျစွာ သတ်မှတ်ခြင်းငှာ မသင့်တော်ပေ။ ကောင်း မြတ်သော အရည်အသွေးမှန်သမျှ၊ လေးစားအတုယူထိုက်သော အပြု အမူမှန်သမျှ ဆရာတို့၌ ရှိသင့်သည်ဟုသာ ဆိုချင်ပါသည်။

(၂)

ယခုဆောင်းပါးတွင် ဆရာအတတ်ပညာများ၌ တစ်ခုအပါအဝင် ဖြစ်ပြီး ဆရာ၊ ဆရာမများ နေ့စဉ် စာသင်ခန်းတွင်း အသုံးပြုနေရ သည့် မေးခွန်းမေးခြင်းအကြောင်း တင်ပြသွားပါမည်။ ဆရာတိုင်း စာသင်ရင်း တပည့်များအား မေးခွန်းမေးမြန်းကြပါသည်။ ဤသို့လျှင် မေးခွန်းမေးမြန်းခြင်း၏ သဘောသဘာဝ၊ ရည်ရွယ်ချက်နှင့် နောက် ဆက်တွဲများအကြောင်း သိရှိထားသင့်ပါသည်။

မေးခွန်းမေးခြင်းသည် ဆရာတိုင်းအတွက် အင်မတန် အရေးပါလှ ၏။ မှန်ပေ၏။ ဆရာတိုင်းသည်လည်း မေးခွန်းကောင်းများ မေးတတ် ရန် လိုပါသည်။ သင်ခန်းစာ၏ ဦးတည်ချက်သို့ရောက်အောင် မေးခွန်း များကို အချိတ်အဆက်မိမိ မေးမြန်းတတ်ရပါသည်။ သို့မှသာ မိမိ သင်ကြားမှုပန်းတိုင်သို့ ရောက်ရှိနိုင်ပါမည်။ မေးခွန်းမေးခြင်းကြောင့် သင်ခန်းစာနှင့်ပတ်သက်သည့် တပည့်တို့၏အမြင်၊ ယူဆချက်၊ အတွေး

တို့ကို သိရှိလာစေနိုင်သည်။ မေးခွန်းအပေါ် တပည့်တို့၏ တုံ့ပြန်ဖြေဆိုမှုအပေါ်မူတည်၍ ဆရာက လိုတိုး၊ ပိုလျှော့လုပ်ကာ သင်ခန်းစာ၏ ရည်ရွယ်ချက်သို့ရောက်အောင် ဆောင်ရွက်ကြရသည်မဟုတ်လား။

ကောင်းပါပြီ။ အောင်မြင်သော ဆရာတစ်ယောက်ဖြစ်ဖို့ မေးခွန်းမေးခြင်းအတတ်သည် မရှိမဖြစ် လိုအပ်ပါသည်။ မေးခွန်းမေးခြင်း၏ ရည်ရွယ်ချက်ကား အသို့နည်း။ စဉ်းစားပြီး ဖြေကြည့်ပါမည်။ ကျောင်းသားများ၏ အတွေးကို တိုးမြှင့်ပေးရန်၊ လမ်းဖွင့်ပေးရန်ဟု မြင်မိပါ၏။ အတွေးအခေါ် မှန်ကန်ဖို့၊ နည်းလမ်းတကျ တွေးတတ်ဖို့သည်ကား ယနေ့ပညာရေး၌ အလွန်အရေးကြီးလာပေသည်။ အချက်အလက်ကို မေးရသည်လည်း ရှိနိုင်ပါ၏။ ထိုမျှနှင့် မလုံလောက်သေး။ ကျောင်းသား၏ ကိုယ်ပိုင်အတွေး၊ ထင်မြင်ချက်၊ သုံးသပ်ချက်တို့ ပေါ်ထွက်လာသည်အထိ မေးမြန်းရပါသည်။ (မေးခွန်းအမျိုးအစားများအပေါ်မူတည်၍ ရလာသည့် တုံ့ပြန်ချက် အဖြေကား အမျိုးမျိုးကွဲပြားသွားနိုင်ပါသည်။ ဤအကြောင်းကို သီးသန့်ထပ်ရေးပါဦးမည်။)

မေးခွန်းမေးရာ၌ ဆရာများ သတိပြု ဆင်ခြင်စရာများစွာရှိပါသည်။

(၁) မေးခွန်းကို ရှင်းလင်းစွာတည်ဆောက်ရပါမည်။ မေးခွန်းရှင်းမှသာ အဖြေလည်းရှင်းပါမည်။ သို့မဟုတ်လျှင် မေးခွန်းကြောင့် ဖြေဆိုသူမှာ အခက်တွေ့နိုင်ပါသည်။

(၂) မေးခွန်းမေးရာ၌ ကျောင်းသားများအတွက် စဉ်းစားချိန်ပေးရပါမည်။ တချို့ဆရာများသည် မေးခွန်းမေးပြီး ကျောင်းသားများအား စဉ်းစားချိန်၊ စဉ်းစားခွင့် မပေးမိကြပေ။ မှား၏။ စဉ်းစားချိန် ၃ စက္ကန့်မှ ၅ စက္ကန့် အထိ ပေးရမည်။ သို့မှသာ ကျောင်းသားများ ကောင်းမွန်စွာ ဖြေဆိုနိုင်ပါလိမ့်မည်။

(၃) ကျောင်းသားများအားလုံးကို မေးရမည်။ ဤအချက်သည် သိပ်အရေးပါသည်။ တချို့ဆရာများသည် စာတော်သူ ကျောင်းသား

တချို့ကို သာမေး၏။ ကျန်သော ကျောင်းသားများ၌ စိတ်ဒဏ်ရာရသွားနိုင်သည်။ ဆရာကိုလည်း အထင်သေးသွားနိုင်ပြီး သူတို့သည် သင်ကြားရေး၌ စိတ်မပါဖြစ်သွားနိုင်သည်။ ထိုမှဆက်လျှင် ထိုဆရာ စာသင်ချိန်တိုင်း ဝဋ်ခံနေရသလို ခံစားမိလာနိုင်ပါ၏။ ဆရာများဘက်က ကြည့်ပြန်လျှင်လည်း စာညံ့သူများကို မေးနေလျှင် သင်ခန်းစာသည် ဤတစ်သက် ပြီးဖို့မမြင်။ စာညံ့သူကျောင်းသားများလည်း ပါဝင်လာအောင် လွယ်ကူသော မေးခွန်းများ မေးမြန်းရပေမည်။ သို့မှသာ အားလုံးပါဝင်သည့် သင်ကြားမှုဖြစ်လာပြီး ဆရာတပည့် ဆက်ဆံရေးမှာ ကောင်းမွန်လာပေတော့မည်။

(၄) မေးခွန်းကို ကျောင်းသားများဖြေဆိုပြီးနောက် ဆရာ၏ တုံ့ပြန်မှုသည် အရေးကြီး၏။ ကျောင်းသား၏ အဖြေက လိုရင်းမရောက်သေးလျှင် မေးခွန်းကို ချိတ်ဆက်ထပ်မေးရသည်။ ကျောင်းသားက မဖြေနိုင်ဘဲ ထစ်နေလျှင် တခြားကျောင်းသားတစ်ယောက်ကို ၎င်းမေးခွန်းကိုပင် ဖြေစေရာ၏။ ဤသို့ ဖြေစေရာ၌ ဆရာများသတိထားရပါမည်။ မဖြေနိုင်သည့် ကျောင်းသား၏စိတ်ညှိုးငယ်မသွားအောင်၊ သိက္ခာမကျသွားအောင် သတိပြုရပါသည်။ ထို့ကြောင့် တခြားကျောင်းသားအား အကူခိုင်းသည့် ပုံစံဖြင့်သာ မေးမြန်းရပါသည်။ အကောင်းဆုံးကား မူလကျောင်းသားဖြေဆိုနိုင်ရန် ပံ့ပိုးပေးခြင်းဖြစ်သည်။ တစ်ခါတစ်ရံ မိမိမေးခွန်း တည်ဆောက်ရာ၌ သုံးထားသော စကားအသုံးများ မြင့်နေသည့်အတွက် ကျောင်းသားအများစု မဖြေနိုင်ပါက မူလမေးခွန်းကို အများနားလည်နိုင်သော စကားလုံးများဖြင့် ပြန်လည်တည်ဆောက်ရပါမည်။ နောက်ဆုံးလုပ်ဆောင်ရမည်မှာ ကျောင်းသားအား အဖြေပြောပြလိုက်ရခြင်း ဖြစ်ပါသည်။

(၅) မေးခွန်းမေးရာ၌ ဆရာများ နောက်ဆုံးသတိပြုရမည့် အချက် တစ်ခုရှိပါသေးသည်။ ၎င်းမှာ မိမိကသာ ကျောင်းသားများကို မေးမြန်းခြင်းမဟုတ်ဘဲ ကျောင်းသားများကလည်း မိမိကို ပြန်လည်

မေးမြန်းခွင့်ပြုရန်ဖြစ်ပါသည်။ သို့မှသာ တစ်လမ်းသွားမဟုတ်ဘဲ နှစ်လမ်းသွားမေးခွန်း မေးမြန်းခြင်းဖြစ်လာပြီး ဆရာတပည့်အကြား ဆက်ဆံရေးလည်း တိုးတက်ကောင်းမွန်လာပေမည်ဖြစ်ပါ၏။ ထိုသို့ ဖြစ်လာစေရန် ဆရာများက တပည့်များ မေးမြန်းရဲအောင် လမ်းဖွင့် ပေးရပါမည်။

(၃)

ကျွန်တော့်အသိ စာရေးဆရာ ဆရာမင်းမြတ်ဘုန်း (ညောင်လေး ပင်) ၏ အတွေ့အကြုံလေးကို ပြန်လည်ဖောက်သည်ချပါရစေ။

၂၀၀၄ ခုနှစ်ဝန်းကျင်က ဖြစ်ပါသည်။

ဆရာသည် မူလတန်းကျောင်းအုပ်အဖြစ် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ပဒဲကောကျေးရွာအုပ်စုထဲက စွယ်တိန်ဆိုသည့် မငြိမ်းချမ်းသည့် ရွာလေးတစ်ရွာသို့ တာဝန်ကျသည်။ ကရင်နီနှင့် တပ်မတော်တို့ စစ်ခင်းကြရာ စစ်တလင်းဖြစ်ရာ ကရင်ကျေးရွာ ကလေး။ ရွာကရွှေ့ရပြောင်းရနေတာကြောင့် စာသင်ခန်းတဲထိုးသင်ရ သည်။ ရောက်ခါစမို့ ဆရာသည် ဒုတိယတန်းကျောင်းသားလေးများကို စာဟူ၍ မည်မည်ရရမသင်ဘဲ သချာအမြှောက်သင်ခန်းစာထဲက ၂ အလီကို စာပြန်နွှေးပေး၏။

"ကဲ တပည့်တို့ အမြှောက်ဆိုတာ အပေါင်းတွေ ထပ်ခါထပ်ခါ ပေါင်းခြင်းပဲကွဲ့။ ဥပမာ– ၂ နှစ်လီ ၄ ဆိုတာ ၂ ကို ၂ ခါပေါင်းထား တာ မဟုတ်လား"

ဒေသအခက်အခဲ၊ ဘာသာစကားအခက်အခဲကြားမှ ဆရာသည် ကြိုးစားပမ်းစား သင်ပြရှာပေ၏။

"ဟုတ်ကဲ့ပါ ဆရာရီး"

ဆရာအားရကျေနပ်သွား၏။ သို့နှင့် တပည့်မလေးတစ်ယောက်ကို စာမေးကြည့်လိုက်သည်။ ကလေးမလေးက မတ်တတ်ရပ် လက်ပိုက် လို့။

"ကဲ ဖိုးမူ ၂ ငါးလီ ဘယ်လောက်လဲ"

ကျောင်းသူလေးသည် သူ၏လက်ချောင်းလေးများကို ချိုးရေလိုက်သည်။ သူအဖြေရသွားပြီ။

"၂ ငါးလီ ၈ ပါ ဆရာရီး"

ဆရာ မျက်နှာပျက်သွားသည်။ ဘယ်လိုကြောင့်ပါလိမ့်။ လိုချင်သည့် အဖြေမရသဖြင့် ဆရာက လမ်းစပေးသည်။

"လူတစ်ယောက်မှာ ခြေနှစ်ချောင်းရှိတယ်။ ဖိုးမူ့အိမ်မှာ လူ ၅ ယောက် ရှိတယ်မလား"

"ဟုတ်ပါတယ် ဆရာရီး"

"အေး ဒါဆို ခြေချောင်းက ၁၀ ချောင်းရှိရမှာလေ။ ဘယ်လိုကြောင့် ၈ ချောင်းပဲ ရှိရတာတုန်း"

ကျောင်းသူ့လေး မျက်နှာညှိုးသွားသည်။

"သမီး ပါးပါးနဲ့ ပါးတိုတို့မှာ မိုင်းထိထားလို့ ခြေတစ်ဖက်ပဲရှိတယ်။ အဲဒါကြောင့် လူငါးယောက်မှာ ခြေရှစ်ချောင်းပဲရှိတာပါ ဆရာရီး"

ဆရာမှင်တက်သွားသည်။ ကလေးမလေးကို ပြန်ပြောဖို့ စကားရှာမရ ဖြစ်သွားသည်။ ဆွံ့အသွားသည်။ အဖြေက မှားနေပြီ။ လူ ၅ ယောက်မှာ ခြေ (၈) ချောင်း အဖြေက မှားနေတဲ့အကြောင်း ဘယ်လိုပြန်ပြောရမလဲ။ အဖြေမှားနေကြောင်း ဘယ်လိုခွန်အားနှင့် ဘယ်လိုနှလုံးသားနှင့် ပြန်ရှင်းပြရပါ့။

(၄)

ဆရာသည် မိမိသင်ကြားမှုကို တပည့်တို့နားလည်၏၊ မလည်၏ကို သိလို၍ မေးခွန်းမေးသည်။ တပည့်တို့၏ အတွေးအခေါ်များ တိုးတက်စေရန် မေးခွန်းမေးကြသည်။ မည်သည့်အကြောင်းကြောင့်မေးမေး ဆရာသည် တပည့်တို့၏ မေးခွန်းအပေါ် တုံ့ပြန်ချက်အဖြေတို့အား အလေးဂရုပြုရပါသည်။ ထိုအဖြေရအောင် တပည့်တို့ ဘယ်လို

တွေးလဲဆိုတာကို အလေးထားရသည်။ တပည့်တို့၏ အတွေးဖြစ်စဉ် ပေါ်မူတည်ပြီး ရလာသည့်အဖြေများ လွဲမှားနေလျှင် ဆရာက တည့် မတ်ပေးရသည်။ လမ်းမှန်၊ အတွေးမှန်သို့ ညွှန်ပြပေးရပေသတည်း။

ပညာ့ဓေတ်
အတွဲ (၆)၊ အမှတ် (၄)၊ ဧပြီ၊ ၂၀၁၇

# စာမခိုက်ပုံးမိ

## (၁)

ငယ်စဉ်က စာစီစာကုံးဟု ဆိုလိုက်လျှင် တီကောင်ကို ဆားနှင့် တို့လိုက်သလို၊ လမ်းသွားရင်း မြွေမြင်လိုက်သလို ခံစားခဲ့ရသည်။ တကယ်ပါ။ စာစီစာကုံးသင်ရသည့် အချိန်တွေသည် ကျွန်တော့် အတွက် ငရဲကျခံနေရသည့် အချိန်တွေသာ ဖြစ်ခဲ့ပါသည်။ စာသင် ခန်းထဲက ထွက်သာပြေးလိုက်ချင်စိတ်များ တဖွားဖွားဖြစ်လာ၏။ ထိုစိတ်ကို မျိုသိပ်ကာ ကြိတ်မှိတ် သည်းခံခဲ့ရသည်။ စာစီစာကုံးဆို တာ ကျွန်တော်၏ ကြည်နူးအပြုံးတွေ ဆုံးရှုံးစေသော နတ်ဆိုးဟုသာ မှတ်ယူမိခဲ့တော့သည်။

စာစီစာကုံးရေးဖို့ ဆရာမက ခေါင်းစဉ်လေး ချပေး၏။ ဘယ် အချက်တွေပါအောင် ထည့်ရမည်။ ဘယ်လိုရေးရမည်စသည်ဖြင့်

ပြောပြပေးရာ၏။ သို့သော် အကြောင်းအရာတစ်ရပ်၊ ခေါင်းစဉ်တစ်ပုဒ်ကို ဘယ်က ဘယ်လို အစထုတ်ရမလဲ ကျွန်တော်မသိ။ ဘယ်လို အစဆွဲဆန့်ရမလဲ မသိ။ ဘယ်လို အဆုံးသတ်ရမလဲ မသိ။ ခေါင်းကုတ်စိတ်ရှုပ်ခဲ့ရ၏။ တစ်ခါတလေ ကိုယ်နှင့်ရင်းနှီးကျွမ်းဝင်နေသော ကိုယ့်အကြောင်း၊ ကိုယ့်မိသားစုအကြောင်း၊ ကိုယ့်ပတ်ဝန်းကျင် အကြောင်းလေးများကို စာမစီတတ်ခဲ့ပေ။ သိတော့သိ၏။ သို့သော် ကိုယ့်အသိကို ချမပြနိုင်ခဲ့။ ထို့ကြောင့် စာတစ်ပုဒ် ရေးလိုက်တိုင်း လက်ကအလိုလို နိဂုံးသို့ ရောက်သွားခဲ့ရ၏။ မှတ်မိသေးပါသည်။ ကျွန်တော် ဆယ်တန်းကျောင်းသားဘဝ။ တက္ကသိုလ်ဝင် စာမေးပွဲကြီး၌ ညနေဆည်းဆာဟူသော စာစီစာကုံးတစ်ပုဒ်ကိုရေးရင်း စာမျက်နှာ ၂ မျက်နှာခွဲအရောက်၌ လက်ကတန့် သွား၏။ ရှေ့ဆက် ရေးစရာ ရှာမရ။ သို့နှင့် နိဂုံးချုပ်မည်ဟု လုပ်ပြန်တော့ ကိုယ့်စာက နိဂုံးကို ရောက်နေနှင့်ပြီ။ စာဖြေချိန်ကား မိနစ် ၂၀ လောက် ကျန်နေသေးသော်လည်း ကျွန်တော့်မှာ ငုတ်တုတ်မေ့နေခဲ့ဖူး၏။

ကိုယ်တိုင် စာမစီကုံးတတ်သူ ကျွန်တော့်အတွက် လုပ်စရာတစ်ခုသာ ရှိပါ၏။ ထိုကား သူများရေးပြီးသား စာစီစာကုံးတို့ကို ကူးရေးခြင်းသာဖြစ်၏။ သို့နှင့် စာစီစာကုံးသည် ကျွန်တော်နှင့် အနားနီးလျက် မရင်းနှီးခဲ့ပေ။ ကျက်ဖို့မလိုသော အဆိုပါစာစီစာကုံးကို အတန်းတင် စာမေးပွဲ၌ ကျက်ဖြေခဲ့ရသည်မှာ ရင်နာစရာ ဖြစ်ပါ၏။ ဆရာက စာမေးပွဲ၌မေးမည့် ခေါင်းစဉ်ကို ကြိုပေး၏။ ကျွန်တော်တို့က ကြိုတင်ပြင်ဆင် ကူးချ၊ ပြီးလျှင် ကျက်ထားသမျှ ပြန်အန်ချခဲ့၏။ ကိုယ်ပိုင်မဟုတ်သောဝါကျများဖြင့် စာမေးပွဲများကို ကျော်ဖြတ်လာခဲ့ရတော့သည်။

ကျွန်တော့် အတွေ့အကြုံလေးတွေကို စာဖတ်သူကို မျှဝေပေးလိုသည့်အတွက် ယခုလို ရေးသားရခြင်း ဖြစ်ပါ၏။ ကျွန်တော့်လို ကျောင်းသားတွေ ဘယ်လောက်ရှိနိုင်မလဲ။ ကျွန်တော့်လို စာစီစာကုံး

ရေးရမှာ သေမလောက်ကြောက်ခဲ့ရသူ ဘယ်လောက်ရှိမလဲ။ ကျွန်တော့်လို ဝါကျတစ်ကြောင်းကို စိုးရိမ်ကြီးစွာ ရေးသားခဲ့ရသူ ဘယ်မျှ ရှိလေမလဲ။ စာဖတ်သူကော ကျွန်တော့်လို ကြုံဖူးလား။ ကျွန်တော့်လို လူငယ်လေးတွေ ပတ်ဝန်းကျင်မှာ မြင်ဖူးပါသလား။ သူတို့၏ ခံစားချက်ကို မျှဝေခံစား နားလည်ပေးနိုင်မလား။ သူတို့အတွက် အဖြေကို ရှာပေးဖူးပါသလား။ ယခု ကျွန်တော် တင်ပြနေတာတွေ အရေးမကြီးဟု မြင်ရင်လည်း မြင်နိုင်ပါ၏။ သို့သော် စာလေးတစ်ကြောင်း၊ ဝါကျလေးတစ်ကြောင်းကိုပင် ဖြောင့်အောင် မစီကုံးတတ်သူသည် သူ၏အနာဂတ်ဝါကျတွေကို ဘယ်လိုစီကုံးကြမလဲဆိုတာ တွေးမိကြစေလိုပါသည်။

(၂)

စာစီစာကုံးဟူသည် အဘယ်နည်း။ စာဖတ်သူလည်း ဖြေကြည့်ပါ။ အဖြေအမျိုးမျိုး ထွက်လာပါလိမ့်မည်။ တူညီသော အဖြေတစ်ခုကား စာစီစာကုံးဟူသည် ကျက်ဖြေစရာ မဟုတ်ဟူ၍။ တကယ်တော့ စာစီစာကုံးသည် ကိုယ်သိသမျှ၊ ကိုယ်ခံစားမိသမျှတို့ကို အစီအစဉ်တကျ ရေးသားရသော စကားပြေတစ်ပုဒ်သာ ဖြစ်ပါ၏။ စာစီစာကုံးဟူသည် မိမိတို့၏ ကိုယ်ရည်ကိုယ်သွေးကို ထုတ်ဖော်ပြခွင့်ပေးသော လေ့ကျင့်ရေးကွင်းတစ်ခုဟုလည်း ဆိုနိုင်ပါ၏။ စာစီစာကုံး၌ ကိုယ့်အတွေး၊ ကိုယ့် အယူအဆတို့ကို လွတ်လပ်စွာ ချပြခွင့်ရကြသည်။ ဘယ်လိုဘယ်ပုံ ချပြကြမလဲဆိုတာ အရေးကြီးပေ၏။

ကိုယ်တိုင် မြန်မာစာသင်ပြနည်း ဆရာတစ်ယောက်ဖြစ်လာတော့ ငယ်စဉ်က ဆရာများ စာစီစာကုံး သင်ကြားပေးခဲ့ကြပုံတို့ကို ပြန်လည်ဆန်းစစ်ကြည့်မိပါသည်။ ဦးစွာ စာစီစာကုံးဆိုတာ ဘယ်လိုဘယ်ညာဟူ၍ စဖွင့်တတ်ကြ၏။ ထိုအစ၌ပင် ကျွန်တော်တို့စိတ်၌ စာစီစာကုံးကို လန့်သွားတော့၏။ စာစီစာကုံး အမျိုးအစားတွေက ဘာတွေညာတွေစသည့် သီဝရီ (သဘောတရား)တို့ ပိကာ လက်တွေ့

ရေးဖို့ လန့်သွားကြသည်ဟု မြင်မိပါသည်။ (ရေကူးတတ်လိုလျှင် ရေကူးနည်းသိဖို့လို၏။ သဘောတရားသိရုံဖြင့် ရေကူးတတ် လာမည် မဟုတ်။ လက်တွေ့ ရေထဲဆင်းကူးဖို့က ပိုအရေးကြီးသည်ဟု မြင်မိ၏။) သဘောတရားတွေများပြီး လက်တွေ့အားနည်းသည်ဟု သုံးသပ်မိပါ၏။ တစ်ပတ်ကို တစ်ပုဒ်ရေးဖို့ပင် အခွင့်မသာ။ ဆရာတို့၌ အလုပ်တွေ များလွန်းလှ၏။ လပိုင်းမာတိကာပြီးဖို့၊ အတန်းတင်စာမေးပွဲ၌ ပိုင်သေမေးခွန်းများကို ဖြေနိုင်ဖို့၊ တခြား ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဟောပြောပွဲ စသည်ဖြင့် အလုပ်များလှပေ၏။ ထို့ကြောင့် ခေါင်းစဉ်အတိအကျ မသိသော စာစီစာကုံးအတွက် အချိန် မပေးနိုင်ကြပေ။ ထို့ပြင် ကျောင်းသား ၆၀ လောက်၏ စာစီစာကုံးများကို သေချာဖတ်ပြီး ဝေဖန်အကဲဖြတ်ရေးကလည်း မလွယ်လှပေ။ ထို့ကြောင့် တစ်လလျှင် စာစီစာကုံး တစ်ပုဒ်စ၊ နှစ်ပုဒ်စ လေ့ကျင့်ပေးနိုင်လျှင်ပင် အတော်ဟုတ်လှပြီ ဆိုရမည်။ ထို့ကြောင့် စာစီစာကုံးရေးတတ်စေဖို့ လက်တွေ့များများ လေ့ကျင့်ပေးရန် လိုပေသည်။

ကျွန်တော့်အနေဖြင့် စာစီစာကုံး ရေးနည်း၊ တွေးနည်းများကို မရေးလိုပါ။ စာစီစာကုံးနှင့် ပတ်သက်၍ ပညာရှင်ကြီးများ ထုတ်ဝေထားသည့် စာအုပ်များ အများအပြားရှိပါသည်။ ဆရာကြီးမောင်ခင်မင် (ဓနုဖြူ) ၏ စာစီစာကုံးသင်ကြားရေး၊ ဆရာကြီး ပျဉ်းမနားမောင်နီသင်း၏ စာစီစာကုံး အတွေးနှင့် အရေး၊ ဆရာကြီး လယ်တွင်းသားစောချစ်၏ ပန်းရည်ဘဏ်တိုက်၊ ဆရာကြီးဦးအောင်သင်း၏ ရှင်ရှင်ပြုံးပြုံး စာစီစာကုံး၊ ကိုယ်တွေ့ စာစီစာကုံး စသည်ဖြင့် စာစီစာကုံး စာအုပ်များ ရှိပါသည်။ ထိုစာအုပ်များက စာစီစာကုံးတစ်ပုဒ်ကို ဘယ်လိုတွေးပြီး ဘယ်လိုရေးရမည်ကို အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။ ယခု ကျွန်တော်တင်ပြလိုသည်မှာ စာမစီကုံးမီ ကြိုတင်ပြင်ဆင်ထားစရာလေးတွေကို အကြံပြုထောက်ပြလိုခြင်း ဖြစ်ပါသည်။

ဆရာအများစုသည် စာစီစာကုံး မသင်မီ ကြိုတင်ပြင်ဆင်ပေးဖို့ မေ့နေတတ်ကြသည်။ စာစီစာကုံးဆိုတာ ဘာညာစဖွင့်ပြီး သင်ပေးတတ်ကြ၏။ သို့ဆိုလျှင် စာမစီကုံးမီ ကျောင်းသားကို ဘာတွေ ကြိုပြင်ပေးထားသင့်သလဲ။ ကျွန်တော် ဥပမာပေး ဖြေကြည့်ပါမည်။ စာစီစာကုံး ခေါင်းစဉ်က "ပညာ" ဆိုပါစို့။ ဤ ခေါင်းစဉ်ကို ရေးမည်ဆိုလျှင် ပညာ၏ အဓိပ္ပာယ်၊ ပညာ၏ သဘော၊ ပညာနှင့် ပတ်သက်သည့် ပညာရှိတို့၏ အဆိုအမိန့်များ၊ ပညာရှိခြင်း၊ ပညာမဲ့ခြင်း၏ အကျိုးအပြစ်များ၊ ကိုယ့်ပတ်ဝန်းကျင်မှ ပညာနှင့်ပတ်သက်သည့် အတွေ့အကြုံများ၊ ကိုယ်ပိုင်သုံးသပ်ချက်များ စသည်ဖြင့် ထည့်ရေးရမည်ဟု ယူဆမိပါသည်။ ကောင်းပြီ။ ပညာ့အဓိပ္ပာယ်ကို ဘယ်မှာ ရှာမလဲ။ ပညာ့သဘောကို ဘယ်လိုဝေဖန် ဆန်းစစ်မလဲ။ ပညာရှိခြင်း၏ အကျိုးတရား၊ ပညာမဲ့ခြင်း၏ ဆိုးကျိုးများကို ထောက်ပြဖို့ စာပေထဲက အထင်ကရ အဖြစ်အပျက်များ၊ လက်တွေ့ဘဝထဲက အဖြစ်အပျက်များကို ဘယ်လိုရှာမလဲ။ ဆိုလိုသည်ကား **စာတွေ့နှင့် ငါတွေ့** လိုအပ်ကြောင်း ထောက်ပြလိုခြင်း ဖြစ်ပါ၏။

စာတွေ့အတွက် ဆရာတို့က တပည့်များကို စာဖတ်ဝါသနာကို ဦးစွာ လေ့ကျင့်ပျိုးထောင်ပေးရပေမည်။ ဤကား အဓိက အသက်ဟု ဆိုနိုင်ပါသည်။ စာဖတ်ရင်း စာပေဗဟုသုတ၊ ဘဝအသိတို့ တိုးပွားလာမည်။ ထို့ပြင် စာရေးနည်းတို့ကို သတိပြု မိလာနိုင်ပါသည်။ စာတစ်ပုဒ်ကို စာရေးဆရာက ဘယ်လိုချိတ်ဆက်ရေးသွားလဲ ဆိုတာ ရိပ်မိလာမည်။ ထိုမှတစ်ဆင့် မိမိသည်လည်း စာတစ်ပုဒ်ကို အချိတ်အဆက်မိမိ သီကုံးဖွဲ့နွဲ့လာနိုင်မည်ဟု ယုံကြည်ပါသည်။

ဤဆောင်းပါး၏အစ၌ ကျွန်တော် စာစီစာကုံးကို ကြောက်ရွံ့နေခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ အကြောင်းကား စာမဖတ်သောကြောင့် ဖြစ်ပါ၏။ စာမဖတ်၍ စာတွေ့မရှိ။ ဗဟုသုတနည်း။ ဘဝအသိ သင်ခန်းစာဗလာ။ ထိုကဲ့သို့ ဝမ်းစာအားနည်းသည့်အတွက် စာစီ

စာကုံးမရေးနိုင်ခြင်း ဖြစ်ပါသည်။ အမှတ်ရရေး ဦးစားပေး စနစ်အောက်၌ စာဖတ်ဝါသနာမျိုးစေ့များ ရှင်သန်ပေါက်ဖွားခွင့် မသာခဲ့ပေ။ စာကြည့်တိုက်သည် သော့ခတ်ထား၏။ စာအုပ်တို့သည် မှန်ဗီရိုအတွင်း နေရာမယွင်း။ ဆရာတို့သည်လည်း စာမေးပွဲအတွက်သာ လုံးပမ်းရင်းဖြင့် တပည့်များ ဘဝတစ်သက်တာအတွက် အကျိုးများစေရန် စာဖတ်ဖို့ တိုက်တွန်းနိုင်ခြင်း လျော့ပါးခဲ့ရလေတော့သည်။ သို့ဆိုလျှင် အတွေးလည်းလှ၊ အရေးကျသော စာစီစာကုံးတစ်ပုဒ်ဖြစ်လာဖို့ စာဖတ်ရပေလိမ့်မည်။ ဆရာသည် မိမိကိုယ်တိုင် စာဖတ်သလို တပည့်များကိုလည်း စာဖတ်ချင်လာအောင် တိုက်တွန်းအားပေးရပေမည်။

စာဖတ်သက်တမ်းရင့်လာသည်နှင့်အမျှ ပတ်ဝန်းကျင်လောကကို သတိထား တတ်လာမည်။ စာအုပ်ထဲက ဇာတ်ဆောင်များ၏ အမူအကျင့်နှင့် တကယ့်ပတ်ဝန်းကျင်မှလူတို့ကို နှိုင်းယှဉ်တတ်လာမည်။ စာထဲက သိလိုက်သော မိတ်ဆွေကောင်း အင်္ဂါရပ်တွေကို အခြေခံ၍ လက်တွေ့ ဘဝက မိတ်ဆွေတို့ကို မိတ်ဆွေကောင်း ပီသ၏၊ မပီသ၏ စသည်ဖြင့် ခွဲခြမ်းတတ်လာနိုင်ပါသည်။ အကောင်းနှင့် အဆိုး၊ အမှားနှင့် အမှန်ကို ကောင်းစွာ နားလည်သဘောပေါက်လာမည်။ ထို့ကြောင့် စာမစီကုံးမီက တပည့်များ စာဖတ်လာအောင် ဦးစွာလေ့ကျင့်ပေးသင့်လှသည်။

(၃)

"ကျွန်တော်တို့အဖို့ ရှင်းသော၊ ပြေပြစ်သော၊ အကျိုးအကြောင်းဆက်စပ်ပြတတ်သော၊ အချက်အလက်ပြည့်ပြည့် တင်ပြတတ်သော၊ စိတ်ဝင်စားဖွယ်ကောင်းသော၊ ကိုယ်ပိုင်လက်စလက်န ပြသော၊ ဖတ်နေရင်း စိတ်ကိုဆွဲဆောင်သွားတတ်သော စာစီစာကုံးမျိုးကိုသာ ဖတ်လိုပါသည်"

ဤကား ဆရာကြီး ပါမောက္ခဦးမောင်မောင်ကြီး၏ စာစီစာကုံးနှင့်

ပတ်သက်သော မှတ်ချက် ဖြစ်ပါသည်။ အဆိုပါ မှတ်ချက်ကိုကြည့်ခြင်းအားဖြင့် ဆရာကြီးသည် ပုံစံတူ စာစီစာကုံးအများစုကိုသာဖတ်နေရသည်ဟု ထင်မိပါသည်။ ဆရာကြီး၏ မှတ်ချက်စကားအရ စာကို ရှင်းရှင်းလင်းလင်း ရေးတတ်ရမည်။ ပြေပြေပြစ်ပြစ် ရေးတတ်ရမည်။ အကျိုးအကြောင်း ချိတ်ဆက်တတ်ရမည်။ စလယ်ဆုံး သုံးပါးညီညွတ်နေရမည်။ ခေါင်းစဉ်၊ အကြောင်းအရာကို ပေါ်လွင်အောင် အချက်အလက်၊ အကိုးအကား ပြည့်စုံခိုင်လုံရပေမည်။ ထိုအချက်အလက်များကို ပြွတ်သိပ်မရေးဘဲ စာဖတ်သူကို စိတ်ဝင်စားလာအောင် တင်ပြနိုင်ရမည်။ ကိုယ်ပိုင်အတွေးယူဆချက်၊ တင်ပြပုံရှိရမည်။ စာဖတ်သူကို စာတစ်ပုဒ်လုံး ဆုံးသွားသည့်တိုင် ဆုံးသွားသည်ဟူ၍ မသိအောင် ဆွဲခေါ်သွားနိုင်ရပေမည်။ ဆရာကြီးမင်းသုဝဏ်၏ စကားအတိုင်း 'စု၊ တု၊ ပြု' လမ်းစဉ်အတိုင်း လေ့ကျင့်သွားရန်သာ လိုပါသည်။

ဤတွင် စာစီစာကုံးနှင့် ပတ်သက်၍ တို့ကျောင်းသား စာစီစာကုံး။ ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်ကလည်း စိတ်ဝင်စားစရာကောင်း၍ ဖော်ပြပေးလိုက်ပါသည်။ ကျောင်းသား၏ လက်ရေး၊ စာလုံးရေ၊ ခေါင်းစဉ်မျဉ်းသားခြင်း၊ မသားခြင်း စသည်တို့ကို ထည့်မစဉ်းစားထားသည်ကို သတိပြုရာ၏။

"စာစီစာကုံးကို ကြည့်လိုက်ရုံဖြင့် ကျောင်းသား၏ ပင်ကိုဉာဏ်စွမ်းကို အကဲခတ်နိုင်၏။ စိတ်ကူးကောင်းသူ ဟုတ်၊ မဟုတ်။ စကားလုံးအသုံးအနှုန်း ကျွမ်းကျင်၊ မကျွမ်းကျင်။ စာဖတ်အလေ့အထများ၊ မများ။ နားလည်သမျှ ပြန်ရေးပြနိုင်စွမ်း ရှိ၊ မရှိ။ စူးစမ်းဆင်ခြင်ဉာဏ် သုံး၊ မသုံး စသော အချက်အလက်များသည် စာစီစာကုံး၌ အထင်းသား ပေါ်လွင်လျက်ရှိ၏"

(၄)

မြန်မာစာသင်ကြားခြင်း၏ ရည်ရွယ်ချက်များတွင် "မိမိသိနား

လည်သမျှကို မှန်ကန်တိကျ ရှင်းလင်းပြေပြစ်စွာ ရေးတတ်ရန်''ဟူ၍ ပါရှိပါသည်။ ထို့ကြောင့် စာစီစာကုံးသည် ကျောင်းသားများ မိမိ သိရှိနားလည်ခံစားမိသည်တို့ကို ဖွင့်ဟနိုင်သောအရာ ဖြစ်ပေ၏။ စာစီစာကုံးသည် ကြောက်စရာမဟုတ်။ စာစီစာကုံးသည် ကျက်ဖြေစရာမဟုတ်။ ထို့ကြောင့် စာစီစာကုံးကို ကိုယ်ပိုင်ဝါကျများ၊ ကိုယ်ပိုင်အတွေးများဖြင့် စီကုံးနိုင်စေရန် စာမစီကုံးမီ သတိထား ပြင်ဆင်စရာအချို့ကို တင်ပြလိုက်ရပါသည်။ ။

ပညာရေးတနာကျွန်ုပ်
အတွဲ(၄)၊ အမှတ်(၄)၊ ၂၀၁၇

# ရင်ထဲရောက်ဖို့လိုနေသော မြန်မာစာ

(၁)

တစ်ခါက အသိဆရာကြီးတစ်ဦးနှင့်တွေ့တော့ "ကျောင်းတစ်ကျောင်းကို အဓိကထိန်းပေးနိုင်တာ ဘယ်ဆရာလဲ" ဟု မေးပါသည်။ သူက ကျောင်းဆရာဘဝမှာ အတော်ကျင်လည်ခဲ့သူဖြစ်ပြီး တိုင်းပညာရေးမှူးရုံး၌ ရာထူးကြီးကြီးဖြင့် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်၏။ ယခုတော့ အငြိမ်းစားယူပြီး ကျောင်းပြင်ပပညာရေးအတွက် တစ်တပ်တစ်အား ပါဝင်ကူညီပေးလျက်ရှိ၏။

"မြန်မာစာဆရာပါ ဆရာကြီး"

"ဟုတ်တယ်ကွ။ မြန်မာစာက အနာဂတ်မျိုးဆက်သစ်လေးတွေကို လိမ္မာရေးခြားရှိအောင်၊ တိုင်းပြည်နဲ့လူမျိုး၊ ဘာသာစာပေ ရိုးရာယဉ်ကျေးမှုတွေကို တန်ဖိုးထား လေးစားတတ်အောင်၊ ဘဝ

အသိပညာတွေ တိုးပွားစေပြီး အတွေးအခေါ်အယူအဆတွေ မှန်ကန်လာအောင် လုပ်ပေးနိုင်တယ်။ မြန်မာစာဆရာကောင်းရင် တိုင်းပြည်အနာဂတ်အတွက် စိတ်အေးရမယ်။ လူပီသတဲ့ လူတွေကို မွေးထုတ်ပေးလာနိုင်တယ်ကွ''

နှစ်ပေါင်းများစွာ မြန်မာစာသင်ကြားနေခဲ့သူ အငြိမ်းစားဆရာကြီးတစ်ဦး၏ အဖိုးတန်စကား။ စာဖတ်သူတို့လည်း စဉ်းစားမိကြစေလိုပါ၏။ မြန်မာစာ၏ အခန်းကဏ္ဍ ဘယ်လောက်ထိအရေးပါ အရာရောက်သလဲ။ ဆရာသည် ''စာကိုလည်းသင် လူလည်းပြင်'' ဟု ကျွန်တော်တို့အားလုံး လက်ခံထားကြ၏။ မန်လည်ဆရာတော်ကြီး၏ စကားအရဆိုလျှင် ''ပညာပြည့်ဝ နှလုံးလှ'' သူများ ဖြစ်ရေးသည် ပညာရေး၏ အဓိကတာဝန်ပင် ဖြစ်ပေ၏။ အနာဂတ်မျိုးဆက်သစ်များ၏ နှလုံးသားများ လှပလာစေဖို့၊ လူကိုပြင်ပေးဖို့ကား မြန်မာစာဆရာများ အပေါ်၌ မူတည်နေ၏။ ဆရာသည် စာသက်သက်မျှသာမဟုတ်ဘဲ စာပါအကြောင်းအရာများကို တပည့်တို့၏ လက်တွေ့ဘဝနှင့် ချိတ်ဆက်သင်ကြားပေးနိုင်ရပေမည်။ သို့မှသာ တပည့်များသည် မိမိတို့ ပတ်ဝန်းကျင်ကို သတိပြုလေ့လာမိပေမည်။ စာတွေ့နှင့် ငါတွေ့ကို နှိုင်းယှဉ်ဝေဖန်လာနိုင်ပြီး ပတ်ဝန်းကျင်ကို ကြည့်တတ်၊ မြင်တတ်၊ ခံစားတတ်လာပေမည်။ အဆုံး၌ မြန်မာစာကို စိတ်ဝင်စားလာပြီး မြတ်နိုးတန်ဖိုးထားတတ်လာမည်။ စာပေကို ချစ်စိတ်မှသည် တိုင်းပြည်နှင့် လူမျိုး၊ ဘာသာတရားနှင့် ယဉ်ကျေးမှုတို့ကို လေးစားတန်ဖိုးထားတတ်လာပေမည်။

ဆရာကြီး၏စကားကို ထောက်ခံသည့်အနေဖြင့် ကျွန်တော့်ကိုယ်တွေ့လေးတစ်ခုကို တင်ပြလိုပါသည်။ ၂၀၁၁ ဝန်းကျင်လောက်က ဖြစ်၏။ ကျွန်တော် ပညာရေးတက္ကသိုလ် စတုတ္ထနှစ် ကျောင်းသားဘဝ။ စတုတ္ထနှစ်ရောက်သည်နှင့် ရန်ကုန်ရှိ အထက်တန်းကျောင်းများ၌ တန်းပြ (bloc teaching) ဆင်းရပါသည်။ ကျွန်တော်တို့အဖွဲ့က

ဗဟန်း အထက (၁) ၌ တန်းပြဆင်းရ၏။ အဖွဲ့ဝင် ၁၀ ဦးလောက် ရှိ၏။ သို့နှင့် တန်းပြဆင်းဖို့ ကျောင်းရှိ သက်ဆိုင်ရာ ဘာသာရပ်ဆရာ တို့နှင့် တွေ့ရသည်။

ဆရာမများ နားနေခန်းသို့ ကျွန်တော်တို့သွားကြတော့ ကျွန်တော် စိတ်မကောင်းဖြစ်ရ၏။ ဘယ်သူက အင်္ဂလိပ်စာ သင်မှာလဲ။ ဘယ်သူက သင်္ချာသင်မှာလဲ စသည်ဖြင့် မေးမြန်းခေါ်ထုတ်အပြီးမှာ တော့ ကျွန်တော်တစ်ယောက်ပဲ ယောင်ချာချာ ဖြစ်ကျန်ခဲ့၏။ ဘယ် ဆရာကမှ ကျွန်တော် ဘာသင်မလဲ မမေး။ ထို့အတူ သူငယ်ချင်းများ ကလည်း မပြော။ နောက်ဆုံး ကျွန်တော်ကပဲ အနီးရှိ ဆရာမတစ်ဦးကို "ကျွန်တော်က မြန်မာစာသင်မှာပါ။ မြန်မာစာဆရာနဲ့ တွေ့ပါရစေ" ဟု ပြောတော့မှ "ဩော် မြန်မာစာ ဆရာမက ခဏအပြင်ထွက် သွားလို့။ ခဏနေ ပြန်လာပါလိမ့်မယ်" ဟု ပြန်ဖြေ၏။ အားငယ်ရ သော မြန်မာစာဆရာဘဝပါပင်။

"သားရေ စိတ်ကြိုက်သာ သင်ပါ။ သင်ခန်းစာမပြီးလည်း ရတယ်။ ဆရာမ ဆက်သင်လိုက်မယ်။ အကောင်းဆုံးသင်ပါ" ဟု မြန်မာစာဆရာမကပြောတော့ ကျွန်တော်လည်း အစွမ်းကုန် ကြိုးစား အားထုတ်၏။ ကျောင်းတော်ကြီးက သင်ပေးလိုက်သည့် ဆရာ အတတ်ပညာကို အပြည့်အဝ အသုံးချ၏။ သို့နှင့် စာသင်ကာလ နှစ်ပတ်သည် ဘယ်လိုကုန်မှန်းမသိခဲ့။ တပည့်လေးတွေနှင့် ခွဲရတော့ မည်။ နှစ်ပတ်အတွင်း စကားပြေတစ်ပုဒ်နှင့် သဒ္ဒါသင်ခန်းစာတစ်ခု သာ ပြီးခဲ့၏။ သို့နှင့် ပြန်ခါနီး ကျွန်တော်တို့ကို တပည့်လေးများက နှုတ်ဆက်ကန်တော့ကြ၏။ လက်ဆောင်တွေ ပေးကြ၏။ တပည့်လေး များသည် အခြားဆရာများထက် ကျွန်တော်နှင့် ဓာတ်ပုံအရိုက် များသည်ကို သတိထားမိပါသည်။ ပြန်တွေးတိုင်း ကျေနပ်ပီတိ ဖြစ် ခဲ့ရပါ၏။

ဟုတ်ပါသည်။ မြန်မာစာဆရာကောင်းလျှင် တပည့်တွေ လိမ္မာ

၏။ တပည့်များသည် အဟောအပြော အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် သင်ပြနိုင်သော မြန်မာစာဆရာကို နှစ်သက်ရာမှ မြန်မာစာကို ချစ်တတ်လာမည်။ ထိုမှတစ်ဆင့် စာပေဝါသနာမျိုးစေ့တွေ အပင်ပေါက်လာကြပေမည်။ တိုင်းပြည်အတွက် ပညာပြည့်ဝ နှလုံးလှသည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာပေမည် ဖြစ်သည်။

(၂)

"ဆရာရယ်၊ ကျွန်မတပည့်က မြို့နယ်စာစီစာကုံးပြိုင်ပွဲမှာ ခေါင်းစဉ်ကို မျဉ်းသားမိလို့ ဆုမရဘူး။ ကလေးရဲ့ စာစီစာကုံးက ကောင်းပေမယ့် အဲဒါကြောင့် ဆုမရဘူး ဆရာရယ်"

နွေရာသီ စာပေးစာယူသင်တန်း လာတက်နေသည့် နယ်မှ ဆရာမတစ်ဦးက သင်တန်းပို့ချသူ ကျွန်တော့်အား ရင်ဖွင့်လာသည်။ ခေါင်းစဉ်ကို မျဉ်းသားလိုက်တာက စာစီစာကုံးကို အရုပ်ဆိုး၊ အကျည်းတန်သွားစေသလားဆိုတာ စဉ်းစားကြစေလိုပါ၏။ "ခေါင်းစဉ်မျဉ်းမသားရဟူသည့် စည်းကမ်းချမှတ်ထားလား။ အဲဒီစည်းကမ်းကို ပြိုင်ပွဲဝင်တွေကို ကြိုတင်အသိပေးထားသလား။ စည်းကမ်းချထားတယ်ဆိုရင်တော့ ဆရာမတို့ အမှား။ စည်းကမ်းမချထားဘူးဆိုရင် သူတို့အမှား" လို့ ကျွန်တော်ဖြေလိုက်၏။

**စာစီစာကုံး၌ ခေါင်းစဉ်မျဉ်းသားခြင်း၊ မသားခြင်းက အဓိကကျပါသလား။ ပေးထားသည့်ခေါင်းစဉ်ကို အံဝင်ခွင်ကျဖြစ်အောင် အချက်အလက်စုံစုံလင်လင်၊ အချိတ်အဆက်မိမိ၊ စိတ်ကူးဉာဏ်ကောင်းကောင်း၊ တင်ပြမှုကောင်းကောင်းဖြင့် ရေးသားနိုင်ခြင်းက အဓိကမဟုတ်လော။ စာစီစာကုံးတစ်ပုဒ်ကို စာမျက်နှာ ဘယ်လောက်ပါမှ၊ စာလုံးရေ ဘယ်လောက်မှ တန်းဝင်သည်ဆိုသော အသုံးမကျသည့် စည်းကမ်းချက်များ ရှိကြောင်းလည်း မြင်ကြားနေရ၏။ စိတ်မကောင်းစရာပါပေ။**
ကျွန်တော်၏အမြင်အရ စာကို တိုတို ထိထိမိမိ ရေးနိုင်ခြင်းက

ပို၍ ခက်ခဲပေသည်။ စာမျက်နှာများခြင်း၊ စာလုံးရေများခြင်းတို့ထက် အကြောင်းအရာတစ်ရပ်ကို ထိထိမိမိရေးသားနိုင်ခြင်း၊ တင်ပြပုံကောင်းမွန်ခြင်း၊ စိတ်ကူးယဉ် ဖန်တီးနိုင်ခြင်းတို့က ပိုမိုစံထားသင့်သည်ဟု မြင်မိပါသည်။ စာမျက်နှာများအောင်၊ စာလုံးရေများအောင် လုပ်ကြံရေးထားတိုင်း စာကောင်းတစ်ပုဒ်ဟု မဆိုနိုင်ပါပေ။ သို့သော် ယနေ့အချို့သော စာစီစာကုံးပြိုင်ပွဲများ၌ စာမျက်နှာ၊ စာလုံးရေစသည့် အပေါ်ယံတို့ကိုသာ တန်ဖိုးထားစံသတ်မှတ်နေကြသဖြင့် အရည်အသွေးရှိသူ၊ လက်စလက်နရှိသူများ နေရာမရ ဖြစ်သွားကြရသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်နေရ၏။ စာစီစာကုံးဟူသည်ကား ကလေး၏ စိတ်ကူးစိတ်သန်း၊ အတွေးအခေါ်၊ အယူအဆ၊ တီထွင်ဖန်တီးနိုင်မှု၊ လောကသဘာဝ၊ လူ့သဘာဝတို့ကို သုံးသပ်ဆင်ခြင်နိုင်မှုတို့ကို ဖော်ထုတ်ပေးသော လေ့ကျင့်ရေးကွင်းဖြစ်သည်ဟု သတိပြုသင့်ပါသည်။

တစ်ဆက်တည်း ပြောလိုက်ပါရစေ။ အခြေခံပညာကျောင်းများ၌ နေ့ထူးနေ့မြတ်ဆိုင်ရာ စာစီစာကုံး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲများ ကျင်းပတတ်ကြပါသည်။ ရည်ရွယ်ချက်ကား ကောင်းမွန်ပါ၏။ သို့သော် အကောင်အထည်ဖော်မှုအပိုင်း၌ ချို့ယွင်းနေ၏။ ကျွန်တော်၏ ကိုယ်တွေ့၊ အသိဆရာအချို့၏ ကိုယ်တွေ့အရ ပြိုင်ပွဲဝင်ကဗျာကို ဆရာကရေး၏။ ပြင်ပ ကဗျာဆရာကိုရေးခိုင်း၏။ ပြိုင်ပွဲဝင်မည့် စာစီစာကုံးကို ဆရာက ရေးပေး၏။ မိဘက ရေးပေး၏။ စာရေးဆရာကရေးပေး၏။ ထိုရေးပြီးသား ကဗျာ၊ စာစီစာကုံးတို့ကို ကျောင်းသားများက ကျက်ကြ၏။ ကလေးကိုယ်တိုင် ရေးတတ်အောင် လေ့ကျင့်ပျိုး ထောင်ပေးမှု အားနည်း၏။ (ဆရာများသည် ထိုကဲ့သို့ လေ့ကျင့်ပေးနိုင် လောက်အောင် အချိန်မပေးနိုင်သည်လည်း ဖြစ်ပေမည်။) ထို့အတူ ကလေးကိုယ်တိုင် ရေးသားသည်ကလည်း ရှားပေသည်။ ဤသို့ဖြင့် ကိုယ်ပိုင်မဟုတ်သော စာကူးပြိုင်ပွဲများ

အဖြစ်သာ တွေ့မြင်ရပေ၏။ ကလေးများ၏ စိတ်၌ ကိုယ်တိုင် အားထုတ်မှုကြောင့် မဟုတ်ဘဲ ရရှိလာသည့် အောင်မြင်မှုကို တပ်မက်သည့်စိတ် (အချောင်ရလိုစိတ်) များ ဖြစ်ထွန်းလာပါက တိုင်းပြည်အနာဂတ်သည်ကား မတွေးဝံ့ စရာပါပေ။

(၃)

မြန်မာစာ သင်ကြားရခြင်း၏ ရည်ရွယ်ချက် ရှစ်ချက်ရှိပါသည်။ ၎င်းတို့ကား –

(၁) မြန်မာစာကို အခြေခံနိုင်ခံ့တောင့်တင်း၍ ကျွမ်းကျင်စွာ တတ်မြောက်ရန်၊

(၂) အသိပညာ၊ အတတ်ပညာများကို လေ့လာသင်ယူနိုင်ရန်၊

(၃) မိမိသိနားလည်သမျှကို မှန်ကန်တိကျရှင်းလင်းပြေပြစ်စွာ ရေးတတ်ရန်၊

(၄) အသိဉာဏ်နှင့် အတွေးအခေါ် တိုးတက်မြင့်မားရန်၊

(၅) မြန်မာဘာသာစာပေကို ချစ်မြတ်နိုးတတ်ရန်၊

(၆) စာပေ၏ အရည်အသွေးကို သိနားလည်စေရန်၊

(၇) မြန်မာနိုင်ငံ တိုင်းရင်းသားအသီးသီးတို့၏ ထိန်းသိမ်းထား သင့်သော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းတတ် ရန်နှင့်

(၈) စာရိတ္တမြင့်မားစေရန်၊ (စာရိတ္တမြင့်မားစေရန်ဆိုရာ၌ ကိုယ့်တိုင်းပြည်ကို ချစ်မြတ်နိုးတတ်ခြင်း၊ အများအကျိုးကို ဆောင် ရွက်တတ်ခြင်း၊ စုပေါင်းဆောင်ရွက်တတ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းကို အလေးအမြတ် စောင့်ထိန်းတတ်ခြင်း၊ အလုပ်၏ ဂုဏ်ကို တန်ဖိုး ထားတတ်ခြင်း စသည်တို့ကို ဆိုလိုသည်။)

အထက်ပါရည်ရွယ်ချက်များ ပေါက်မြောက်အောင် ကျွန်တော်တို့ သင်ကြားနိုင်ပြီလား။ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်သင့်လှ၏။ ရည် ရွယ်ချက် အားလုံးကို မဆိုထားဘိ။ ရည်ရွယ်ချက်တစ်ခုကိုပင်

ကောင်းကောင်းပေါက်မြောက်စေပြီလား။ ကျွန်တော် အာမမခံရဲပေ။ ပတ်ဝန်းကျင်ရှိ ဆိုင်းဘုတ်အချို့၌ သတ်ပုံအမှားများ၊ အခမ်းအနားများ၌ စကားအထားအသို အမှားများ၊ နိုင်ငံပိုင်မီဒီယာအချို့၌ပင် ပုဒ်အထားအသိုအလွဲများကို နေ့စဉ်မြင်တွေ့ နေရသောကြောင့် ဖြစ်ပါ၏။ ရည်ရွယ်ချက်နှစ်အတွက်ကော ကျွန်တော်တို့ တာဝန်ကျေပြီလား။ အာမမခံရဲပါ။ အသိပညာ၊ အတတ်ပညာများကို ကျွန်တော်တို့ တပည့်များ (ကျွန်တော်တို့ ဆရာများကိုယ်တိုင်) တက်တက်ကြွကြွ ဖတ်ရှုလေ့လာနေပြီလား။ ပတ်ဝန်းကျင်၌ ရသစာပေ မဂ္ဂဇင်းအချို့ တဖြုတ်ဖြုတ် ကြွေကျနေခြင်း၊ ထုတ်ဝေလိုက်သော စာအုပ် ၁၀၀၀ ပင် ရောင်းမကုန်နိုင်ခြင်းတို့က ကျွန်တော်တို့၏ ပညာလေ့လာဆည်းပူးမှု အားနည်းနေကြောင်း၊ မီးမောင်းထိုးပြနေပေ၏။ ကျန်ရှိသော ရည်ရွယ်ချက်များကိုလည်း ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ပြီး တပည့်များကို လေ့လာဆန်းစစ် သတိထားကြည့်ကြစေလိုပါ၏။ မှတ်စုလေးခေါ်ပေး၊ သင်ရိုးကုန်တွေ ချပေးရုံဖြင့် မြန်မာစာသင်ကြားခြင်း၏ ရည်ရွယ်ချက်များ ပေါက်မြောက်ပြီ၊ မြန်မာစာ ဆရာတစ်ယောက်၏ တာဝန်ကျေပြီဟု မဆိုနိုင်ကြောင်း ထင်ရှားပေ၏။

(၄)

အထက်ပါ ရည်ရွယ်ချက်တွေ ပေါက်မြောက်အောင်မြင်အောင် ဘယ်လိုလုပ်ဆောင်ကြမည်နည်း။ ကျွန်တော်၏အမြင်ကား ရှင်းပါ၏။ တပည့်များကို မြန်မာစာကို ချစ်မြတ်နိုးအောင် မသင်ကြားမီ ဆရာကိုယ်တိုင် မြန်မာစာကို ရှူးသွပ်နေရပေမည်။ ဆရာကိုယ်တိုင်က မြန်မာစာကို တန်ဖိုးထားလေးစားလျှင် သူ့တပည့်များကိုလည်း သူ့လိုဖြစ်လာအောင် ကြိုးစားအားထုတ်လာမည်။ သူ့တပည့်လေးတွေ မြန်မာစာကိုနှစ်သက်လာအောင် စာပါအကြောင်းအရာကို လက်တွေ့ဘဝနှင့် ချိတ်ဆက်ပေးလာမည်။ သင်ခန်းစာနှင့် နီးနွယ်ရာ ပုံတိုပတ်စလေးတွေ ဟောပြောပေးလာမည် စသည်ဖြင့် စေတနာအရင်းခံ

၌ ကြိုးစားကြမည်ဟု ယုံကြည်မိပါသည်။

ဆရာတစ်ယောက်၏ အဓိကတာဝန်ကား တပည့်များ၏ သိလိုစိတ်ကို နှိုးဆွပေးရန် ဖြစ်ပါ၏။ ဟင်းစားမပေးဘဲ ကွန်ချက်သာ ပြပေးရန်ဖြစ်ပါ၏။ ထို့ကြောင့် မြန်မာစာ၏ ရည်ရွယ်ချက်များ အထမြောက်စေရန်၊ မြန်မာစာမှ ပေးသည့် အကျိုးအာနိသင်များကို ရရှိစေရန်၊ ပညာပြည့်ဝ နှလုံးလှသော မျိုးဆက်သစ်များ ဖြစ်ထွန်းလာစေရန် တပည့်လေးများကို စာဖတ်အလေ့အကျင့် (စာဖတ်ဝါသနာ) ကို ပျိုးထောင်ပေးဖို့သာ လိုမည် ဖြစ်ပေ၏။

**ACADEMIC WEEKLY Educational Journal**
အတွဲ(၆)၊ အမှတ်(၂၂)၊ ၂၀၁၇

# ကဗျာခံစားမှုမှသည် အနာဂတ်လှုဘောင်ဆီသို့

(၁)

"ကဗျာလင်္ကာဆိုသည်မှာ စိတ်မဝင်စားဘဲ ခေါင်းမူးလောက်အောင် ကျက်ရသောအရာ၊ ဆရာရှေ့တွင် လက်ပိုက်၍ နှုတ်လွတ်ရွတ်ပြရသောအရာ၊ ဒါက ပေါ်ရာဏ၊ ဒါက ပါဠိပုဒ်ပျက်၊ ဒါက ဘာအဓိပ္ပာယ်ရှိသည်ဟု ဆရာက သင်ပြသည်ကို မှတ်သားရသည့်အရာ၊ မဖြေတတ်လျှင် ခုံပေါ်တက်၍ တစ်နာရီ ရပ်နေရသောအရာ၊ စာမေးပွဲတွင် ကတ်ကတ်သတ်သတ်မေးသော ပုစ္ဆာကို မဖြေနိုင်လျှင် အတန်းချခံရသော အရာသာဖြစ်သဖြင့် မကြားချင်လောက်အောင် ပင် ရွံမုန်းခဲ့လေသည်"

ဤကား မြန်မာ့မျက်ပွင့် ဆောင်းပါးပေါင်းချုပ်ကို ပြုစုသူ ဆရာကြီးဖေမောင်တင်၏ သူ့ခေတ် သူ့အခါက ကျောင်းသားလူငယ်တို့၏ ကဗျာအပေါ်ထားရှိသော စိတ်နေသဘောထားကို သုံးသပ်ပြထားခြင်း

ဖြစ်ပါသည်။ ကဗျာကို ခေါင်းခြောက်စရာအဖြစ် မြင်နေသော ကျောင်းသားလူငယ်တို့၏ ရင်တွင်း၌ ကဗျာကို ကြောက်ရွံ့ခြင်း၊ မနှစ်သက်ခြင်းတို့မှတစ်ပါး မည်သည့် ခံစားမှုရသ မျှ ကိန်းဝပ်လာနိုင်စရာမရှိပေ။ ချစ်ခြင်း၊ မုန်းခြင်း၊ ပြုံးခြင်းစသည့် စိတ်ခံစားချက်များ ဖြစ်ထွန်းခွင့်မရရှာသည့် လူသည် လူပီသပါလေစ။ လူမှန်လျှင် ချစ်စရာတွေ့က ချစ်တတ်ရမည်။ ရယ်စရာတွေ့က ရယ်တတ်ရမည်။ သနားစရာကောင်းလှသည့် ဆရာဇေယျတို့ခေတ်က အနာဂတ်မျိုးဆက်များ။

ယနေ့ခေတ် ကျောင်းသားလူငယ်များ၏ ကဗျာလေ့လာမှုအပေါ်ထားရှိသည့် စိတ်နေသဘောထားကကော မည်သို့ရှိသနည်း။ သေချာရေရာသည့် စစ်တမ်းပြုစုထားသည့်အဖြေကို မတွေ့ဖူးပါ။ သို့သော် ကိုယ်တွေ့နှင့် ဖြေရပါလျှင် ဆရာကြီးဇေယျ၏ အထက်ပါစကားအတိုင်းဟုသာ ဖြေမိပါလိမ့်မည်။ ကျောင်းသားအများစုမှာ ကဗျာလင်္ကာဟူသည် နူတ်တက် အာဂုဏ်ဆောင်ရုံမျှသာဟု မှတ်ယူနေဟန် ရှိပါသည်။ ကဗျာလင်္ကာဟူသည် ကျက်စာ၊ ကျက်ထားသမျှ ကဗျာအဖြေလွှာပေါ် ပြန်အံချနိုင်လျှင်ပြီးပြီဟု အထင်ရောက်နေသည်မှာ တိုင်းပြည်အနာဂတ်အတွက် စိုးရိမ်စရာအခြေအနေဖြစ်ပါသည်။ ကဗျာကို ခံစားဖို့ မေ့နေကြရှာပေသည်။ ကဗျာကပေးသည့် ကိုယ်ချင်းစာတရားက ဘယ်မှာမုန်းမသိ။ စွန့်လွှတ် အနစ်နာခံလိုစိတ်က ဘယ်မှာမုန်းမသိ။ ထိုသို့ ကဗျာက ပေးစွမ်းနိုင်သော ကောင်းမြတ်သည့် စိတ်နှလုံးကောင်းများ ကင်းမဲ့လာသည်နှင့်အမျှ အနာဂတ်လူ့ဘောင်တွင် မေတ္တာတရားတို့ ခန်းခြောက်ကာ အတ္တသမားများ များပြားလာနိုင်ပေသည်။

လွန်ခဲ့သော ၂ နှစ်ကျော်လောက်က ဖြစ်ပါသည်။ ကျွန်တော် မဟာပညာရေးဘွဲ့အတွက် ကျမ်းပြုစုနေသည့် ကာလလည်း ဖြစ်ပါသည်။ လိုအပ်သော အချက်အလက်ကောက်ယူရန် ရန်ကုန်တိုင်း

ဒေသကြီးအတွင်းမှ အထက်တန်းကျောင်း ၁၂ ကျောင်းသို့ ကွင်းဆင်းလေ့လာဖြစ်ပါသည်။ မြန်မာစာသင်ပြနည်းဖြင့် ကျမ်းရေးသောကြောင့် စစ်ဆေးလွှာတွင် နဝမတန်း မြန်မာစာတတ်ကျွမ်းမှု ကို စစ်ဆေးသည့် မေးခွန်းလွှာတစ်ခု ပါဝင်ပါသည်။ စစ်ဆေးသည့်လ၏ လပိုင်းမာတိကာအတိုင်း မေးခွန်းတည်ဆောက်ပါသည်။ မေးမည့်ပုံစံကိုပါ သက်ဆိုင်ရာ ဘာသာရပ်ပြဆရာများကို ကြိုတင်ပြောပြဖြစ်ပါသည်။ သို့နှင့် (၄၅) မိနစ်စာ စာမေးပွဲလေးစစ်ဖြစ်ပါသည်။

စာမေးပွဲစစ်ပြီးသည်နှင့် ကျမ်းကို အချိန်မီတင်သွင်းနိုင်ရန် အဖြေလွှာများကို အမြန်စစ်ဆေးရပါသည်။ အဖြေလွှာစစ်ဆေးသည်နှင့် "ဟာခနဲ၊ ဟင်ခနဲ" ဖြစ်သွားရပါသည်။ မေးခွန်းတွင် "လောကအလှဆင်နေ၏ ကဗျာကို ဖတ်ရှုပြီး သင် မည်သို့ ခံစားရသနည်း။ ကျိုးကြောင်းပြဖြေဆိုပါ" ဟူသော ကဗျာမေးခွန်းရှည် တစ်ပုဒ် ပါဝင်ပါသည်။ ကျောင်းသားအများစုသည် ထိုမေးခွန်းနှင့် ပတ်သက်၍ ကျက်ထားသမျှကိုသာ အန်ချထားသည်ကို ဝမ်းနည်းဖွယ် တွေ့ရပေသည်။ မေးခွန်းက မိမိ၏ ခံစားမှုကို မေးထားသော်လည်း အများစုဖြေထားသည်က အကြောင်းအရာမျှသာ ဖြစ်ပါသည်။ ကဗျာတွင် ပါဝင်သော ဇာတ်ကောင်များဖြစ်သည့် ငွေပိုးကောင်လေးတွေ၊ ပျားကောင်လေးတွေ၊ စာဖူးတောင်းငှက်လေးတွေ၊ လူသား လုပ်အားရှင်တွေ၏ အားကြိုးမာန်တက် လောကကို အလှဆင်နေကြောင်းကိုသာ အဓိက ဖြေဆိုထားကြသည်။ ထိုမြင်ကွင်းများကို မြင်ရပြီး မိမိ၏ ရင်တွင်းရိုက်ခတ်လာသည့် ခံစားချက်ကို မေးထားသော်လည်း ခံစားချက်ကို မဖော်ပြတတ်ကြပေ။ ဩော်–ကဗျာကို ခံစားဖို့ မေ့နေသော ကျွန်တော်တို့ မျိုးဆက်များ။

ကျောင်းသားလူငယ်များ ကဗျာကို မခံစားတတ်ခြင်း၊ ခံစားဖို့ မေ့နေခြင်း၏ အကြောင်းရင်းများစွာ ရှိနိုင်ပေသည်။ သင်ကြားသူဆရာ၏ သင်ကြားနည်း စနစ်ပိုင်းအားနည်းချက်ကြောင့်လား။

သို့တည်းမဟုတ် သင်ခန်းစာ လပိုင်းမာတိကာနှင့်အညီပြီးရေး၊ စာမေးပွဲအောင်ရေး၊ အမှတ်ရရေးတည်းဟူသော စနစ်ကြောင့်လား။ ဤသို့ဖြစ်ရသည့် အကြောင်းရင်းများနှင့် ပတ်သက်၍ ဆရာကြီးဇေယျ၏ သုံးသပ်ချက်သည် မှတ်သားစရာကောင်း၍ ဖော်ပြပေးလိုက်ပါသည်။

''ကျောင်း၌ ကဗျာလင်္ကာကို ကဗျာ လင်္ကာအဖြစ် သင်ကြားခြင်းမပြုဘဲ၊ ဘာသာစကားအဖြစ်ဖြင့်သာ သင်ကြားကြလေသည်။ ဘာသာစကားအဖြစ်သင်ကြားသောအခါ ကျောင်းသားများမှာ ကဗျာကို ကဗျာအဖြစ် မမြင်တော့ဘဲ ပေါ်ရာဏ၊ ဝေါဟာရအနေ၊ ကဗျာရေးနည်းအနေ၊ သဒ္ဒါအနေ၊ ဆန်းအနေဖြင့် အစိတ်စိတ် ခွဲသင်လိုက်သောအခါ နဂိုရုပ် အလွန် ချောမွေ့လှပ၍ ဝတ်ကောင်းတန်ဆာဆင်ယင်ထားသော ကညာပျိုကလေးအား သုံးဆယ့်နှစ် ကောဋ္ဌာသခွဲ၍ ပြလိုက်သောအခါ၊ ချစ်ခင်စဖွယ် အချောအလှများ ပျောက်သွားကာ အသားအရေ၊ အရိုး၊ အမြက်၊ သွေး၊ ပြည်၊ နှပ်၊ သလိပ်စသည်များကို မသတီဖွယ်မြင်ရသကဲ့သို့ ကဗျာမှာလည်း စိတ်ညွတ်ဖွယ်ရာ ကဗျာအလှများ ပျောက်ကွယ်သွားပြီးလျှင် ဝေါဟာရတွေ၊ စာစပ်နည်းတွေကိုသာ ငြီးငွေ့ဖွယ်ရာ မြင်နေရလေသည်''

မြန်မာစာသင်ပြသူဆရာ၊ ဆရာမများ စဉ်းစားချင့်ချိန်စရာများပင်ဖြစ်ပါသည်။ ကဗျာသည် ခံစားဖို့ဆိုတာကို မမေ့ဘဲ ကဗျာကပေးသော ခံစားမှုရသများ တပည့်တို့၏ နှလုံးသား၌ ရှင်သန်လာအောင်လည်း သင်ကြားပေးကြရပါမည်။

(၂)

ကဗျာလင်္ကာဟူသည် အဘယ်နည်း။ ဤမေးခွန်းအတွက် အဖြေအမျိုးမျိုး ရှိနိုင်ပါသည်။ ကွဲပြားနိုင်ပါသည်။ ''ကဝိနံ ကမ္မံ ကာဗျံ'' ကဗျာဟူသည် ပညာရှိ ဥစ္စာဟု စာပေကျမ်းဂန်တို့၌ ဖွင့်ဆိုကြသည်။ လူသာမန်တို့ ရေးဖွဲ့၍ မရနိုင်၊ လောကသဘော၊ လူ့သဘော

စောကြော နိုင်သည့် ပညာရှိ ကဝိတို့သာ ဖန်တီး ရေးဖွဲ့နိုင်သည်ဟု ဆိုလိုသည်။ တစ်ဖန် မြန်မာ့စွယ်စုံကျမ်းကလည်း အောက်ပါ အတိုင်း ဖွင့်ဆိုပြန်ပါသည်။

"ကဗျာလင်္ကာဟူသည်ကား လူတို့ နေ့စဉ် ပြောဆိုသုံးစွဲနေသော သာမန်စကား ကို တေးဂီတပမာ ပြေပြစ်ချောမောစွာ ချိုသာငြိမ့် ညောင်းအောင် စီကုံးရေးသားထားသော စာဖြစ်သည်။ ထို့ပြင် ပဒဒေါသ၊ ဝါကျဒေါသ စသောဒေါသတို့မှ ကင်းလွတ်၍ ပသာဒ ဂုဏ်၊ ဩဇဂုဏ် စသောဂုဏ်တို့နှင့် ပြည့်စုံအောင် ဖွဲ့စီသီကုံးသမျှ သော သက္ကဋဘာသာ မာဂဓဘာသာတွင် ဂါထာ၊ မြန်မာဘာသာ တွင် လင်္ကာသီချင်းများကို ကဗျာလင်္ကာဟု ခေါ်ဝေါ်ကြသည်"။

ထိုသို့ တေးဂီတ၊ အနုပညာသဘော သက်ဝင်သည့် ကဗျာ လင်္ကာသည်ကား နူးညံ့လှပါ၏။ စွမ်းအားကြီးမားလှပါ၏။ လူသား တို့ကို အဓိက ပဲ့ကိုင်နေသော စိတ်ကို လိုသလို ပြောင်းလဲပေးနိုင်သော ကြောင့်ဖြစ်ပါသည်။ ဆရာကြီးမင်းသုဝဏ် ၏ "ရွှေခဲကြက်တူရွေး" ကဗျာလေးသည် ရွတ်ဆိုခံစားသူ ကလေးသူငယ်တို့၏စိတ်၌ လူသား တို့ကဲ့သို့ စာရေးရန် လက်မပါသော ရွှေခဲကြက်တူရွေးလေးအပေါ် သနားစိတ်၊ စာနာစိတ်တို့ ရှင်သန်နိုးကြား လာစေနိုင်ပါသည်။ တစ်ဖန် "ပန်းကလေးများ ပွင့်တော့မည် ဖူးတံဝင့်လို့ချီ၊ နေခြည် မှာ ရွှေရည်လောင်း ငါတို့စာသင်ကျောင်း" ဟူသည့် ဆရာပျဉ်းမနား မောင်နီသင်း၏ တို့ကျောင်းကဗျာလေးကလည်း ကလေး သူငယ်တို့၏ စိတ်ကို ရွှင်မြူးစေသည်။ ပေါ့ပါးစေသည်။ ထိုမှတစ်ဆင့် ကျောင်းနေ ပျော်၍ ပညာချွန်သူ မျိုးဆက်သစ်လေးများ ဖြစ်လာစေနိုင်ပေ၏။ ထိုသို့ ကဗျာလင်္ကာသည် လူတို့၏ စိတ်ကို နူးညံ့လာအောင်၊ ပျော် ပျောင်းလာအောင်၊ ရိုးသားကြိုးစား၍ လောကကို အကျိုးပြုတတ် လာအောင်စသည့် လှပသည့်စိတ်ထားများ ဖြစ်ထွန်းကိန်းအောင်းလာ စေနိုင်ပေသည်။

ဤသို့ လူသားတို့၏စိတ်ကို ပဲ့ကိုင်ပေးနိုင်သော ကဗျာလင်္ကာ သင်ကြားခြင်းသည်ကား တိုင်းပြည်၏ အနာဂတ်ကို ပုံဖော်ခြင်းပင်ဖြစ်ပါ၏။ ထို့ကြောင့် ကဗျာသင်ကြားခြင်း၏ ရည်ရွယ်ချက်များကို သတိပြုသင်ကြားသင့်လှသည်။ ဆရာကြီးဦးကွန်းက သူ၏ မြန်မာစာသင်နည်း စာအုပ်တွင် ကဗျာသင်ကြားခြင်း၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(၁) စိတ်ကြည်နူး ရွှင်မြူးစေရန်

(၂) မိမိတွေ့နေကျ ပတ်ဝန်းကျင်ကို အခိုက်အတန့် မေ့ပျောက်စေရန်

(၃) စိတ်အပြောင်းအလဲရ၍ ငြီးငွေ့မှုပပျောက်စေရန်

(၄) ကဗျာကို နှစ်သက်မြတ်နိုးရာမှ မိမိတို့၏ ဘာသာစာပေကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်ဖြစ်ပေါ်စေရန်နှင့်

(၅) စာဆိုကဲ့သို့ပင် သဘာဝကို လေ့လာသုံးသပ်နိုင်၍ စာဆိုခံစားရသည့် ဝေဒနာကို ခံစားနိုင်ရန်- တို့ဖြစ်သည်။

ဆက်လက်၍ ကဗျာသင်ပြသူဆရာတို့ လိုက်နာသင့်သော အချက်တစ်ချက်ကိုလည်း ထောက်ပြထားပေသည်။ ကဗျာ သင်ကြားခြင်း၌ "သိဖို့ထက် ငြိဖို့က ပိုအရေးကြီးသည်"ဟု ဆိုထားပါသည်။ ရှေ့၌ ဆရာကြီးဇေယျက ကဗျာသင်ကြားခြင်းနှင့် ပတ်သက်၍ ဝေဖန်ထောက်ပြခဲ့သလို ကဗျာကို စပ်နည်းဟပ်နည်း၊ ဝေါဟာရခွဲခြမ်းစိတ်ဖြာခြင်းတို့ဖြင့်သာမပြီးစေဘဲ ရင်ထဲငြိအောင် သင်ကြားပြသပေးရပေမည်။

## (၃)

ကဗျာလင်္ကာဖန်တီးသူ စာဆိုတို့သည် စိတ် ၂ စိတ်ဖြင့် ရေးဖွဲ့ကြသည်ဟု မှတ်သားရပါသည်။ မေတ္တာစိတ်နှင့် အမြော်အမြင်စိတ်တို့ဖြစ်သည်။ ထို့ကြောင့် မေတ္တာဖြင့် ရေးသီသောကဗျာကို သင်ကြားလျှင် ကျောင်းသားလူငယ်တို့၌ မေတ္တာစိတ်ကိန်းအောင် သင်ပြပေးရပါမည်။ တစ်ဖန် အမြော်အမြင်စိတ်ဖြင့် ဖွဲ့ဆိုသောကဗျာကို

သင်ကြားလျှင် ကျောင်းသားလူငယ်တို့၌ အမြော်အမြင်စိတ်များ ဖြစ်ထွန်းလာအောင် သင်ပြပေးရပါမည်။ ထို့သို့ ကဗျာကို ခံစား တတ်ပြီး အနာဂတ်အတွက် လူတော် လူကောင်းများဖြစ်လာစေရန် ဆရာတို့အနေဖြင့် ကဗျာကို နည်းစနစ်တကျ၊ အစီအစဉ်တကျ သင်ကြားပေးရန် အရေးကြီးလှသည်။

ကဗျာသင်နည်း အစီအစဉ်တို့သည် တစ်ခုနှင့်တစ်ခု မတူနိုင်ပေ။ ကဗျာ အမျိုး အစား၊ ရည်ရွယ်ချက်တို့ကို လိုက်၍ ကွဲပြားနိုင်သည်။ မတူ၍ မကောင်းဟုလည်း မဆိုရာ။ နည်းစနစ်တိုင်းတွင် အားသာ ချက်၊ အားနည်းချက်တို့ရှိသည်။ ဆရာကြီး ဦးသန်းထွတ် (ပါမောက္ခ– ငြိမ်း) ပြုစုသော မြန်မာစာသင်ကြားရေး (အထက်တန်း) စာအုပ်မှ ကဗျာသင်နည်း အစီအစဉ်ကို ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။ ဆရာကြီး၏ ကဗျာသင်ကြားနည်း အစီအစဉ်မှာ

(၁) နိဒါန်းပျိုးခြင်း (ကဗျာနောက်ခံ၊ စာပေသမိုင်း၊ စာဆိုအကြောင်း– --)

(၂) ကဗျာဖတ်ရွတ်သီဆိုခြင်း (ကဗျာ့ အရသာပေါ်လွင်စေရန် အသံ နေအသံထား မှန်မှန်၊ ဌာန်ကရိုဏ်းကျကျ၊ အဖြတ် အတောက်မှန်မှန် ရွတ်ဆိုခြင်း–––)

(၃) ခက်ဆစ်အဓိပ္ပာယ်ဖွင့်ဆိုခြင်း (လိုအပ်ရုံမျှ ဖွင့်ဆိုခြင်း–––)

(၄) ဇာတ်ဆောင်နှင့် ကာလဒေသ ဖော်ထုတ်ခြင်း

(၅) စကားပြေပြန်ဆိုခြင်း (ဆရာကချည်း ဦးဆောင်ပြန်ဆိုပေးခြင်း မဟုတ်ဘဲ တပည့်တို့၏ အတွေးအရေးကို ဆွဲထုတ်ပေးရန်–––)

(၆) ကဗျာ့ရည်ရွယ်ချက်ကို ဖော်ထုတ်ခြင်း (တပည့်များကိုယ်တိုင် ခံစားနားလည်သလို ဖော်ထုတ်စေရန်–––)

(၇) အလင်္ကာ၊ ဂုဏ်၊ ရသတို့ကို ဖော်ထုတ်ခြင်းနှင့် (တပည့်များ ကိုသာ ဖော်ထုတ်ပြောစေရန်–––)

(၈) အကဲဖြတ်ခြင်း (အချက်အလက်၊ အကြောင်းအရာမျှ စစ်ဆေးခြင်း

မဟုတ်ဘဲ ကဗျာ့အရသာကို ခံစားနားလည်သလို ပြန်လည်ပြောပြစေရန်---) တို့ဖြစ်ကြပါသည်။

အနှစ်ချုပ်ရသော် ကဗျာသည် အလွတ်ကျက်မှတ်ပြီး အဖြေလွှာပေါ်ချရေးရုံမျှမဟုတ်။ ကဗျာသည် ကြောက်စရာ၊ ငြီးငွေ့စရာ မဟုတ်။ ထို့ထက် ကျယ်ဝန်းသည်။ လေးနက်သည်။ နက်ရှိုင်းလှပါသည်။ ထို့ကြောင့် ကဗျာမှပေးသော အဆီအနှစ်တို့ကို ကျောင်းသားလူငယ်များ အပြည့်အဝစားသုံးနိုင်ပြီး တိုင်းပြည် အနာဂတ်အတွက် အားထားရသော အဖိုးတန် လူသားမျိုးဆက်သစ်များ ဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းပေးကြဖို့ နှိုးဆော်တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပညာရတနာဂျာနယ်
အတွဲ(၃)၊ အမှတ်(၆)၊ ၂၀၁၇

# အရသာပျက်သွားသော ကော်ဖီတစ်ခွက်

(၁)

စာသင်ကျောင်းကလေးသည် တိတ်ဆိတ်နေ၏။ သစ်ရွက်ခြောက်တို့ မြေခနေကြ၏။ နွေရာသီကျောင်းပိတ်ထားရာမှ ပြန်ဖွင့်တော့မည်ဖြစ်၍ ဆရာများ ကြိုတင်ပြင်ဆင်စရာ၊ ညှိနှိုင်းစရာ အစည်းအဝေးရှိနေ၏။ သို့သော် ကျွန်တော့်ရင်အစုံတို့သည် တဒိတ်ဒိတ်ခုန်နေသည်။ ယခုကျောင်းသို့ ရာထူးတိုးအဖြစ် အလုပ်ဝင်ရောက်သော ပထမဆုံးရက်ဖြစ်သောကြောင့်ပါ။ နေရာအသစ်၊ အပေါင်းအသင်းအသစ်၊ တပည့်အသစ်၊ အထာအသစ်တွေနှင့် ကျွန်တော်ထိတွေ့ရတော့မည်။ ဆွေမျိုးနီးစပ်တော်သူ ဆရာမတစ်ဦးရှိနေတာပဲဆိုတဲ့ အသိဖြင့် ကျွန်တော် အားပြန်တင်းပြီး စိတ်ကိုတည်ငြိမ်အောင်

တည်ဆောက်လိုက်ပါသည်။

ကျွန်တော်တို့မြို့ကလေးမှ အရှေ့ဘက်၌ တည်ရှိသော ရေတွင်းကုန်းဆိုသည့်ရွာကြီး၊ ကရင်လူမျိုးများနေထိုင်ရာအရပ်။ ထိုရွာကြီးကို ကန်ကလေး၊ ဝက်ချဲ၊ ကျောင်းကုန်း၊ အင်းပရိစသည့် ကျေးရွာများက ဝန်းရံထားကြသည်။ အထက်တန်းကျောင်းခွဲကလေးဆီ ထိုရွာအားလုံးမှ မျိုးဆက်သစ်လေးများ၊ သူတို့၏ မိဘများကို စုဆုံစေသည့် တစ်ခုတည်းသော ပညာ့ဘုံဗိမာန် ဖြစ်သည်။

ကျွန်တော်သည် ဆရာများနားနေခန်းသို့ ခြေဦးတည်လိုက်ပါသည်။ တွေ့ပြီ။ ဆရာမများစကားလက်ဆုံကျနေကြ၏။ မဆုံဖြစ်သည့် ငယ်ပေါင်းများ ပြန်ဆုံ၍ စကားများ ပြောမကုန်နိုင်သကဲ့သို့ ဆရာမများသည် ရပ်ရေးရွာရေးမှစကာ အကြောင်းအရာစုံကို မကုန်နိုင်အောင် ဆွေးနွေးနေကြသည်။ အထူးသဖြင့် ယနေ့မှ အလုပ်စဝင်လာမည့် ဆရာသစ် ကျွန်တော့်အကြောင်းကိုလည်း သူတို့ချန်ထားခဲ့မည်မဟုတ်။ ရုတ်တရက် သူတို့အခန်းရှေ့ ကျွန်တော်ရပ်လိုက်တော့ ကျွန်တော့်ကို ကြောင်ငေးကြည့်နေမိကြသည်။ ထိုအခြေအနေ၌–

"လာ၊ လာ၊ ငါ့မောင်လာ"

"ကဲ ညည်းတို့ မှတ်ထားကြ၊ ဒါ ငါ့မောင်လေး၊ ခုမှ ပညာရေးတက္ကသိုလ်က မဟာတန်းပြီးလို့ ဒီကျောင်းမှာ အလုပ်လာဝင်တာ"

ဆရာမဒေါ်ဇင်မိုးခိုင်၏အသံက ကြည်ပါပေ့။ အခန်းလုံးဟိန်းထွက်နေ၏။ ဆရာမအသံပီသပါ၏။ ကျွန်တော်လည်း အခန်းထဲရှိ ဆရာမများကို ပြုံးပြနှုတ်ဆက်လိုက်ပါသည်။

"ငါ့မောင် ကော်ဖီသောက်မလား"

အိမ်ရှင်ပမာ ဖြစ်နေသည့် အစ်မမဇင်မိုးခိုင်က ညှို့ဝတ်ပြုပါသည်။ ပြောမနာသူတွေချည်းမို့ ကျွန်တော်လည်း ခေါင်းညိတ်ပြလိုက်သည်။ ထိုနောက်သူသည် ရေနွေးဓာတ်ဘူးထဲမှ ရေနွေးကို ကော်ဖီပန်းကန်လုံးထဲ ထည့်လိုက်သည်။ ကော်ဖီထုပ်ကိုဖောက်ကာ ရေနွေး

ထဲထည့်လိုက်ပြန်၏။ သူ၏ လုပ်ဆောင်နေသမျှကို ကျွန်တော်မြင်နေရ၏။ သို့နှင့်သူသည် ကော်ဖီဖျော်ဖို့ ဖွန်းကိုရှာမနေတော့ ။ကော်ဖီအိတ်ခွံကိုလိပ်ပြီး ရေနွေးထဲ ထည့်မွှေလိုက်တော့သည်။ ပြီးလျှင် ကော်ဖီခွက်ကို ကျွန်တော့်အား လာပေးသည်။ ဤတွင်ဖတ်ထားမှတ်ထားသည့် စာပေဗဟုသုတတွေက ကျွန်တော့်ကို သတိပေးနေသည်။ မသောက်ဖို့။ ရေနွေးအပူထဲ ကော်ဖီအိတ်ခွံထည့်မွှေလိုက်သည့်အတွက် ထိုအိတ်ခွံရှိ ခဲများသည် ကော်ဖီခွက်အတွင်း စိမ့်ဝင်နေသည်ဖြစ်ရာ သောက်သုံးလျှင် ကျန်းမာရေးအတွက် ထိခိုက်စေနိုင်သည်။

ကျွန်တော်သည် ကော်ဖီခွက်ကိုင်လျက် မဖင်မိုးခိုင်နား သွားလိုက်သည်။ ပြီးလျှင်–

"အစ်မ ကျွန်တော့်ကို ကော်ဖီအသစ်ဖျော်တိုက်ပါလား"

သူကြောင်နေ၏။

"အစ်မက အစောက ကော်ဖီကို ဖွန်းနဲ့မမွှေဘဲ အိတ်ခွံနဲ့ မွှေလိုက်တော့ အိတ်မှာရှိတဲ့ ခဲတွေက အပူနဲ့တွေ့တော့ ခွက်ထဲစိမ့်ပျော်နေနိုင်တယ်။ ကျန်းမာရေးကို ဒုက္ခပေးနိုင်တယ် အစ်မရဲ့။ အစ်မလည်းနောက်ဆို အဲ့လို မဖျော်နဲ့ဗျာ"

စတွေ့တွေ့ချင်း ကျွန်တော်ကတော့ အားမနာတမ်း လုပ်ချလိုက်ပြီ။ တတ်နိုင်ဘူး။ ကျောင်းဆရာဆိုတော့ ဆရာလုပ်တယ်ပဲပြောပြော၊ ကျွန်တော့်စကားကြောင့် ကြားရသူသည် ကျန်းမာရေးအသိလေး တစ်စွန်းတစ်စမျှ ရသွားလျှင် ကျေနပ်ပါ၏။ ထိုနေ့က အစ်မသည် ကျွန်တော့်စိတ်တိုင်းကျ ကော်ဖီအသစ်ဖျော်တိုက်ပါသည်။ သို့သော် ဖွန်းဖြင့် မွှေထားသော ကော်ဖီတစ်ခွက်။

(၂)

"အားလုံး မင်္ဂလာပါ"

"မင်္ဂလာပါ ဆရာ"

"ကဲ ထိုင်ကြ"

တနင်္ဂနွေနေ့ပင်ဖြစ်သော်လည်း ကျွန်တော်မနားအား။ အချိန်ပို ခေါ်ရသည်။ မြို့ပြနှင့်အလှမ်းကွာနေသည့် တောရွာမှ တပည့်ကလေး တွေကို ကျောင်းမှဆရာကလွဲ၍ သင်ပေးမည့်သူ မရှိ။ ကျူရှင်မရှိ။ ထို့အတူ ကျွန်တော်တို့လည်း ကျူရှင်မသင်။ တပည့်တွေကို အချိန်ပိုယူ ၍ ဆရာတွေက အလှည့်ကျသင်ပေးကြသည်။ ဆရာတွေ၏စေတနာ၊ အနစ်နာခံပုံတို့ကို မိဘတွေနှင့် တပည့်များက သိနားလည်ကြပါ သည်။ ထို့ကြောင့် ဆရာတို့၏ စေတနာစကားတို့ကို အလေးထားကြ ၏။ လိုက်နာကြ၏။ ထိုရပ်ဝန်း၌ ဆရာဖြစ်ရသည့်အတွက် ကျွန်တော် ဝမ်းသာမိသည်။ ကျေနပ်၏။ ကြည်နူး၏။ နံနက်အချိန်ပို၊ ညနေ အချိန်ပိုများ သင်ရသော်လည်း ပင်ပန်းသည်ဟု မမြင်မိပေ။

အချိန်တိုင်းသူတို့အတွက် စေတနာအတွေးဖြင့် ပြည့်နေတတ်၏။ ဘာတွေ သင်ရဦးမလဲ၊ ကျောင်းသင်ခန်းစာသာမက ပတ်ဝန်းကျင်မှ လူ့ လောကအကြောင်းတွေကိုလည်း ဘယ်လိုဘယ်ပုံပြောပြရဦးမည်။ စာချည်းလုပ်နေ၍ မရ။ အားကစားလည်း လုပ်ခိုင်းရဦးမည်။ သို့မှ ကျန်းမာ ကြံ့ခိုင်ပြီး ဉာဏ်ပွင့်မည်။ ပေါ့ပါးလန်းဆန်းလာမည်။ စိတ်အခြေပေါ့ပါး လန်းဆန်းမှ ကျောင်းသင်ခန်းစာတွေကို ကောင်းစွာ သင်ယူနိုင်ကြမည်။ ထို့အပြင် အတန်းအားချိန်နားချိန်တွေမှာ ကျောင်းစာကြည့်တိုက်မှ စာအုပ်တွေ ယူဖတ်လာအောင် ဆော်ဩရဦး မည်။ ဆရာတစ်ယောက်၏ အတွေးများသည် မေတ္တာ၊ စေတနာဖြင့် ထုံမွမ်းနေလေတော့၏။ ကျွန်တော်သည် အတန်းကို သေချာကြည့် တော့မှ ရှေ့ဆုံးခုံက တစ်နေရာလွတ်နေသည်ကို သတိထားမိသည်။

"ဟေ့ မင်းခန့်ဇော် မတွေ့ပါလား၊ ဘယ်လိုဖြစ်လို့တုန်း"

"ဆရာ မနေ့ကတည်းက သူနေသိပ်မကောင်းဘူး။ မသက်သာ လို့ နေမယ်ဆရာ"

တစ်ရွာတည်းသား နိုင်နိုင်သူက ထပြောသည်။ ဟုတ်သည်။ သည် ကလေးကို ကောင်းကောင်းသတိထားမိသည်။ စာကြိုးစား

သည်။ ဆရာ့ စကားလိုက်နာသည်။ သို့သော်လူက ဖလံလေး၊ ကျန်းမာရေးသိပ်ချူချာသည်။ အနည်းငယ်မျှနေမကောင်းလျှင် သူ အတန်းကို အပျက်မခံ။ တက်၏။

စာသာ ဆက်သင်နေလိုက်ရသော်လည်း ကျွန်တော့်စိတ်ထဲ၌ "မင်းခန့်ဇော် တစ်ယောက် သက်သာပါရဲ့လား" ဆိုပြီး တွေးနေမိသည်။ သို့နှင့် ညနေကျောင်းဆင်းလိုက်ပါသည်။

"နိုင်နိုင်သူ၊ မင်းဆရာ့ကို မင်းခန့်ဇော်တို့ အိမ်လိုက်ပို့ပေးကွာ"

နိုင်နိုင်သူက လိုက်ပို့ပေးသည်နှင့် ကျွန်တော်တို့ မင်းခန့်ဇော်ရှိရာ ကျောင်းကုန်းရွာသို့ ထွက်လာလိုက်သည်။ ဆိုင်ကယ် (၁၅)မိနစ်လောက် မောင်းလာလိုက်တော့ တပည့်အိမ်ကို ရောက်သွားသည်။ မပြုမပြင်ရသေးသည့်အိမ်ကလေးက ယိုင်နဲ့နေသည်။ ဝါးထရံလေးကာ သက်ကယ်မိုးထားသည့် အိမ်ကလေးက မိသားစု(၃)ယောက်အတွက် ဖူလုံရှာသည်။ အိမ်ရှေ့ သရက်ပင်လေးမှာတော့ ငါးဖမ်းပိုက်ကလေးကို ချည်ထားသည်။ ခပ်နွမ်းနွမ်း တရုတ်ဆိုင်ကယ်လေးက အိမ်အောက်မှာ။ ကျွန်တော်တို့ကိုမြင်တော့ မင်းခန့်ဇော်၏ မိဘတွေက အိမ်ထဲပြေးထွက်လာကြ၏။

"လာပါ ဆရာ၊ သားက ဆရာတို့အကြောင်းတွေ အမြဲပြောတယ်။ သူ့ဆရာတွေ တော်ကြောင်းအမြဲပြောတယ်။ ဆရာဦးသက်ထွေးက ဆယ်တန်းမှာ (၄)ဘာသာဂုဏ်ထူးပါတာ၊ မဟာတန်းပြီးထားတာ"

မင်းခန့်ဇော်၏မိဘများသည် အားရခြင်း၊ ဝမ်းသာခြင်းများဖြင့် ကျွန်တော့်ကို ကြိုဆိုကြလေသည်။ လှေကားကို သတိထားကာ အိမ်ပေါ်သို့ ကျွန်တော်တက်လိုက်သည်။ ထိုအချိန်၌ ဘုရားစင်ရှေ့ ဖျာခင်းပြီး အိပ်နေရှာသည့် မင်းခန့်ဇော်က နိုးလာပြီး ကျွန်တော့်ကို လက်အုပ်ကလေးချီပြီး အရိုအသေပေးရှာသည်။

မိဘတွေ၏ မျက်နှာသည် ဖိုးလမင်းကဲ့သို့ ကြည်လင်နေရှာသည်။

ခေါင်းရင်း၌ ဖျာကြမ်းကို ခင်းသူကခင်း၊ ရေနွေးကြမ်းချပေးသူက ချပေးနှင့် ကျွန်တော့်အတွက် အလုပ်ရှုပ်ကုန်ကြတော့သည်။ ထို့အတွက် ကျွန်တော့်မှာ အားနာရသည်။

မင်းခန့်ဇော်၏အဖေနှင့် စကားလက်ဆုံကျနေစဉ် အမေဖြစ်သူက ပဲလှော်သုပ်လေးယူလာသည်။ ပြီးလျှင် ရေနွေးပန်းကန်တစ်ခုထဲသို့ ကော်ဖီ ထုပ်ကို ဖောက်ထည့်၊ ရေနွေးထည့်ကာ ကော်ဖီအိတ်ခွံဖြင့် မွှေလေတော့ သည်။ ထိုကော်ဖီခွက်ကို ကျွန်တော့်ရှေ့သို့ လာပေး၏။ ကျွန်တော်ကို ထိုကော်ဖီကို မသောက်ဘဲ ပဲလှော်သုပ်နှင့် ရေနွေးကြမ်းကိုသာ စားသောက်ပါသည်။ သို့သော် "ဆရာ ကော်ဖီလေး ပူတုန်း သောက်ပါဦး"ဟု မင်းခန့်ဇော်၏အမေက အားရဝမ်းသာပြောနေရာသည်။ ဖခင်ဖြစ်သူကပါ "သောက်ပါဆရာရယ်"ဟု ထပ်ဆိုနေ၏။ မင်းခန့်ဇော်က ကျွန်တော့်ကို ငေးကြည့်နေရှာ၏။

ကျွန်တော်ကော်ဖီခွက်ကို ကောက်ကိုင်လိုက်ပါသည်။ ထို့နောက် မျက်စိမှိတ်ကာ တစ်ကျိုက်တည်းကုန်အောင် မော့လိုက်သည်။ ပြီးလျှင် ရေနွေးကို ဆင့်မော့လိုက်၏။ ကျွန်တော့်တပည့်တို့ မိသားစု ပြုံးပျော်သွားကြ၏။ စကားပြောဆိုနှုတ်ဆက်အားပေးကာ ကျွန်တော်တို့ ပြန်လာခဲ့တော့သည်။

အိမ်အပြန်လမ်းတစ်လျှောက်၌ "မနက်ဖြန် ကျောင်းဖွင့်လျှင် တပည့်တွေကို ကျန်းမာရေးအသိပညာပေးဖို့"အတွေးက ကျွန်တော့် စိတ်မှာ ကြီးစိုးနေလေ၏။

ထိုနေ့က ကော်ဖီအရသာကို ကျွန်တော်မခံစားမိတော့ပေ။

**Quality** ပညာရေးဂျာနယ်
ဇွန်၊ ၂၀၁၇

# စေတနာ

(၁)

စာသင်ကျောင်းကလေးသည် စနေနေ့မို့ ဆယ်တန်းမှ တစ်ပါး ကျန် အတန်းများ ပိတ်ထားသည့်အတွက် တိတ်ဆိတ်လျက်ရှိ၏။ သစ်ရွက်ခြောက်တို့ မြေမှာ ခနေကြ၏။ တစ်ခါတစ်ရံ စာသင်ခန်းမှ စာသင်၊ စာအံများ ထွက်ပေါ်လာတတ်ပါသည်။ ဆယ်တန်းအချိန်ပို အတန်းများကို တစ်နေ့လျှင် ၂ ဘာသာ၊ ဆရာက ၂ ယောက် တာဝန်ယူသင်ကြားကြသည်။ အထက ခွဲ၊ ရွာကျောင်းကလေးမို့ ဆယ်တန်း၌ နှစ်ကျနှင့် နှစ်တက်ပေါင်းမှ ၇၀ မပြည့်တတ်သည့် အတွက် စာသင်ခန်းတစ်ခန်း၌သာ ပေါင်းသင်ဖြစ်ကြသည်။ ဆရာ လိုအပ်ချက်အရမို့ အတန်းမခွဲနိုင်ကြပေ။

ကျောင်းဝန်းထဲသို့ ကျွန်တော် ဆိုင်ကယ်ကို မောင်းလာလိုက်ပါသည်။ ဆိုင်ကယ်စက်သံက စာသင်ခန်းအတွင်း ဖောက်ထွင်းသွားသည်။ စာသင်ခန်းအတွင်းမှ ကျောင်းသားတို့သည် ရှေ့က ဆရာမ စာသင်နေစဉ် အသံလာရာသို့ ငေးမိကြသည်။ သူတို့ ကျွန်တော့်ကို တွေ့သွားကြ၏။ ထို့နောက် သူတို့အားလုံး တိုင်ပင်မထားဘဲ စာသင်ခန်းအတွင်းမှ ဝမ်းသာအားရ ပြေးထွက်လာကြသည်။ ပွေ့ဖက်နှုတ်ဆက်ကြတော့သည်။

ဟုတ်ကဲ့။ ကျွန်တော်ဟာ တစ်ချိန်က သူတို့ရဲ့ ဆရာ။

(၂)

အ. ထ. က(ခွဲ)ရေတွင်းကုန်း။

ရေတွင်းကုန်းရွာကလေးသည် ကျွန်တော်နေထိုင်ရာ ပိန်းဇလုပ်မြို့နှင့် မဝေးလှ။ ဆိုင်ကယ်ဖြင့် ၁၅ မိနစ်၊ မိနစ် ၂၀ လောက် စီးရုံမျှသာ။ ကရင်ရွာကလေးပီပီ အေးချမ်းသည်။ ငြိမ်းချမ်းသည်။ ရပ်မိရပ်ဖတွေက ဆရာတွေကို အားထားသည်။ ကျောင်းသားတွေက ရိုးသားကြသည်။ နည်းပညာ၏ စက်ကွင်းမမိသေးသောကြောင့် ရွာသူ၊ ရွာသားများနှင့် ကျောင်းသားများမှာ အရိုးခံတို့များပါသည်။ ရေတွင်းကုန်း၏ ပတ်ဝန်းကျင်၌ ကန်ကလေး၊ ဝက်ချဲ၊ အင်ကုန်း၊ ကျောင်းကုန်း၊ အင်းပရိ စသည့် ကျေးရွာများ ရှိကြသည်။ ထိုရွာများမှ မူလတန်းဆင့်၊ အလယ်တန်းဆင့် လွန်မြောက်လျှင် ရေတွင်းကုန်းသို့ ကျောင်းလာတက်ကြရသည်။ တစ်ခါတလေ စစ်တောင်းမြစ် တစ်ဖက်ကမ်းရှိ လိန်ပင်ဝဲ၊ သစ်ဖယောင်းတန်း၊ ဟသ်ာဝဲ ကျေးရွာများမှလည်း ကျောင်းလာတက်ကြပါသည်။ ထို့ကြောင့် ရေတွင်းကုန်းကျေးရွာကလေးသည် အနီးဝန်းကျင်မှ ရွာများအတွက် ပညာဗိမာန်လေး ဖြစ်နေတော့သည်။

ကျွန်တော်သည် ထိုရွာကလေး၌ တစ်နှစ်ခွဲနီးပါး တာဝန်ထမ်းဆောင်ခဲ့သည်။ တာဝန်ထမ်းဆောင်ဆဲ၌ ကျွန်တော်ရန်ကုန်သို့

ပြောင်းလိုက်ရပါသည်။ စာသင်နှစ်တစ်ဝက်နှင့် ပြောင်းလိုက်ရပါသည်။ ထို့နောက် ကျွန်တော်လည်း ရေတွင်းကုန်းနှင့် အလှမ်းဝေးကွာသွားပါသည်။ ခရီးမတ်တတ် လမ်းခုလပ်မှ ခွဲခွာသွားမိသည့်အတွက် တပည့်လေးများအတွက် စိတ်မကောင်းဖြစ်ရသည်။ ကျွန်တော်ပြောင်းသွားပြီး သူတို့လေးတွေ ဘယ်လို ကျန်ခဲ့တယ်ဆိုတာ ကျွန်တော်သိပါသည်။ သူတို့နှင့် ကျွန်တော့်ကြားက သံယောဇဉ်ကြိုး ဘယ်လောက်ခိုင်လဲ ကြည့်လေ။ အခန်းထဲမှာ ဆရာမ စာသင်နေစဉ် ကျွန်တော့်ကို မြင်တော့ ပြေးထွက်လာကြသည် မဟုတ်လား။

သူတို့တွေနှင့် စကားလေးပြောချင်သည့်အတွက် အတန်းဝင်နေသည့် ဆရာမကို ခွင့်တောင်းရသည်။ ညှိသည်မို့ ဆရာမကလည်း ခွင့်ပြုရှာပါသည်။ သို့နှင့် ကျွန်တော် မကြားရတာကြာပြီဖြစ်သော သူတို့၏ ''မင်္ဂလာပါဆရာ''ဟူသော နှုတ်ဆက်သံလေးပြန်ကြားရတော့ စိတ်က အတိတ်က ပုံရိပ်တွေကို တမ်းတမ်းတတ ဖြစ်မိတာတော့ ဝန်ခံပါရစေ။ ''ကလေးတွေ မင်းတို့စာတွေ လိုက်နိုင်ရဲ့လား'' ဟု ကျွန်တော်မေးလိုက်သည်နှင့် အစောက ပြုံးနေကြသည့် သူတို့အသွင်တွေဟာ ပျောက်ကွယ်သွားပြီး ချက်ချင်း မျက်နှာလေးတွေ ညှိုးကျသွားသည်။ ကျွန်တော်သိလိုက်ပြီ။ ''မင်းတို့ ဘာအခက်အခဲရှိလို့လဲ၊ ဆရာ့ကို ပြောစမ်း'' လို့ ကျွန်တော် မေးတော့မှ သူတို့မှာ သင်္ချာဆရာနှင့် အင်္ဂလိပ်ဆရာမတို့ ဇနီးမောင်နှံ ၂ ဦးစလုံး မြို့သို့ ပြောင်းသွားကြ၍ သင်ပေးမည့်ဆရာ မရှိကြောင်း ဖွင့်ဟလာသည်။ သင်္ချာနှင့် အင်္ဂလိပ်စာသင်သည့် ဆရာမရှိဘဲ ကျောင်းတက်နေကြရရှာသည့် ကျေးလက်က ကျွန်တော့်တပည့်တွေအတွက် ရင်ထဲက ထိထိခိုက်ခိုက် ခံစားရသည်။ ထိုဆရာများ ပြောင်းသွားပြီးထဲက အစားထိုးဆရာ မချပေးတာ လနှင့်ချီလာပြီဖြစ်သည်။ မြို့ပြလို ကျူရှင်မရှိ၊ ဂိုက်မရှိ၊ ကျန်ရစ်သည့် ဆရာတွေကလည်း မကူနိုင်။ ကျေးလက်မှာ ချို့ချို့တဲ့တဲ့ နေရသည့် ကျွန်တော့်တပည့်တွေ၏

အနာဂတ်သည် ပျောက်သောလမ်းမှာ စမ်းတဝါး ဖြစ်နေရှာသည်။ သူတို့စိတ်ဓာတ်များ ကျလျက်ရှိသည်။ မျှော်လင့်ချက်များ မဲ့နေကြပြီ။ ကျွန်တော်ချက်ချင်း အခန်းထဲက ထွက်ကာ ကျောင်းအုပ်ဆရာမကြီး ရုံးခန်းဘက် ဦးတည်လိုက်သည်။

"အထက်က အစားထိုးဆရာချပေးအောင် ဆရာမကြီး မပြောကြည့်ဘူးလား။ TEO ကို မတင်ပြဘူးလား" ဟု ကျွန်တော် မေးတော့ ဆရာမကြီးက သူပြောပြတာကြာပြီ၊ ခုထိမရသေးကြောင်း၊ ပင်မ ကျောင်း အထက ပိန်းဇလုပ်ကလည်း မကူနိုင်သေးကြောင်း ပြောသည်။ ဆရာက ဘယ်အချိန်မှ ရောက်လာမည်မသိနိုင်ပေမယ့် ကြာလာရင် ကျွန်တော့် တပည့်လေးတွေ အနာဂတ်မှေးမှိန်လာမှာကိုတော့ အတိအကျ သိနေ၏။ အောင်ချက်ကျမှာ သိနေ၏။ အောင်ချက်ကျရင် အထက်က ထုချေလွှာ တင်နိုင်းဦးမည်။ ကျောင်းများအလယ် အရှက်ခွဲခံရဦးမည်။ သင်သည့် ဆရာတွေ ညံ့လို့ဟု အပြစ်တင်ကြဦးမည်တို့ကို ကြိုမြင်မိနေ၏။ မဖွံ့ဖြိုးသေးသည့် ကျေးလက်မှာ ဆရာမလုံမလောက်နှင့် ဒုက္ခရောက်နေကြောင်းကို ဘယ်လူကြီးကမှ အရေးတယူမရှိကြ။ ဆရာ ၂ ဦးစလုံးကို အပြောင်း ပေးလိုက်သည့်အတွက် ထိုဆရာများ၏နေရာကို ချက်ချင်းဆရာ မဖြည့်ပေးနိုင်သည့် မိမိတို့၏ အမြော်အမြင်နည်းပါးမှု၊ စီမံခန့်ခွဲပုံ ညံ့ဖျင်းမှုတို့ကိုကား သိကြမည် မဟုတ်ပေ။

နောက်ဆုံး၌ ပိန်းဇလုပ်မြို့က ဆရာငှားဖို့ ဆရာမကြီးနှင့် ထွက်လာလိုက်သည်။ မြို့က ဆရာအတော်များများသည် ဝိုင်းနှင့်၊ ဂိုက်နှင့် အလုပ် မအားရအောင် ရှိနေကြသည်။ ကူမည့်သူ မရှိအောင်ဖြစ်နေရာမှ ဆရာမကြီး၏ အသိဆရာတစ်ယောက်က သင်္ချာကူသင်ပေးမည်ဖြစ်ကြောင်း ပြောပါသည်။ သင်္ချာဘာသာအတွက် ဆရာရပြီ။ သို့သော် အဓိကဘာသာရပ်ဖြစ်တဲ့ အင်္ဂလိပ်စာ ဆရာကား မရသေး။ နောက်ဆုံး ဘယ်မှာမှ ရှာမရပေ။

"ဘယ်မှာမှ ရှာမရရင် ကျွန်တော်ပဲ ရန်ကုန်ကနေ အပတ်စဉ် ရုံးပိတ်တဲ့ စနေ၊ တနင်္ဂနွေ ၂ ရက် လာသင်ပေးပါ့မယ်" ရန်ကုန်မှ ပိန်းဇလုပ်သို့ မိုင် ၁၀၀ ကျော် ဝေးပါသည်။ ကားဖြင့်သွားလျှင် ၃ နာရီခွဲမျှ စီးရသည်။ ရထားဖြင့်မူ ၄ နာရီနီးပါး စီးရပါသည်။ သမိုင်းလမ်းဆုံမှ ညနေ ၃ ခွဲ ထွက်သည့် ကားသည် ပိန်းဇလုပ်သို့ရောက်သည်။ သို့သော် ကျွန်တော့် ရုံးချိန်က ၃ ခွဲမှ ဆင်းသောကြောင့် အဆင်မပြေပါ။ ထို့ကြောင့် ညနေ ၅ နာရီ၌ ရန်ကုန်မှထွက်သည့် အမှတ် ၃ အဆန်ရထားနှင့် ပိန်းဇလုပ်သို့ ပြန်ရသည်။ ကြာသပတေးနေ့ မနက်စောစောတွင် ဘူတာရုံ၌ လက်မှတ် ကြိုဝယ်။ သောကြာနေ့ ညနေ ၃ နာရီခွဲ ရုံးကဆင်း။ ဘူတာရုံသွား၊ ည ၉ နာရီဆို ပိန်းဇလုပ်ရောက်ပါသည်။

အိမ်ပြန်ရောက်၍ နောက်တစ်နေ့ မနက် ၈ နာရီ၌ ကျွန်တော့် အတန်း စပါသည်။ မနက် ၈ နာရီမှ ၁၀။ နေ့လယ် ၁ မှ ၃ ဟူသော နေ့ပိုင်း ၄ နာရီမျှ စာသင်ပါသည်။ ညပိုင်း၌ ကျွန်တော်တစ်ဦးတည်း အင်္ဂလိပ်စာတစ်ဘာသာပဲ သင်ပါသည်။ ည ၆ နာရီမှ ၉ နာရီအထိ ဖြစ်ပါသည်။ စာသင်ချိန် တစ်ချိန်လျှင် ၂ နာရီမျှ ကြာခြင်းသည် တကယ်တော့ ထိရောက်မှု၌ အားနည်းကြောင်း သိပါသည်။ သို့သော် စနေ၊ တနင်္ဂနွေ ၂ ရက်အတွင်း နောက်ကျနေသော သင်ခန်းစာများကို တွန်းသင်နေရသည့်အတွက် မကောင်းတာသိပေမယ့် လုပ်နေရပါသည်။ သို့သော် ၅၀ မိနစ်လောက် သင်ပြီးလျှင် ၁၅ မိနစ်လောက် အနားပေးပါသည်။ တစ်ခါတစ်ရံ ကစားခိုင်းသည်။ တစ်ခါတစ်ရံ ပုံပြင်ပြောပြသည်။ ငြီးငွေ့လာသော ဦးနှောက်ကို ထိုနည်းလေးများဖြင့် ကုစားပြီးမှ စာဆက်သင်ရပြန်ပါသည်။ ကျွန်တော် စာတစ်ချိန်သင်ပြီးလျှင် ခြေကုန်လက်ပန်းကျ သွားတော့သည်။ သို့သော် အနားယူပြီး နောက်တစ်ချိန် ထပ်သင်ပါသည်။ ကျွန်တော် ထိုသို့ စိတ်အေးလက်အေး သင်နိုင်အောင် ကျန်သော

ဆရာ၊ ဆရာမများကလည်း အစားအသောက်များ စီမံပေး၏။
ကလေးမိဘတွေက ထမင်းပို့ပေး၏။ အင်မတန်အလုပ်များသော
မိက အစ်မကြီးသည် ကျွန်တော်ပြန်လာလျှင် သူ့ဆိုင်ကယ်ကို
ကျွန်တော့်အား ပေးထား၏။ စိုင်းထီးဆိုင်သီချင်းထဲက အတိုင်း
စာသင်ရတာ "မောတော့ မောတာပေါ့၊ဒါပေမယ့် မမောဘူး" လို့ပဲ
ပြောရပါတော့မည်။ ဘယ်မောမလဲ။ ကျွန်တော်က စာသင်နေရရင်
လောကကို မေ့နေတတ်တဲ့ ကျောင်းဆရာလေ။ ဒီလိုနဲ့အပတ်စဉ်
သောကြာနေ့ ညနေရထားနှင့် ပြန်လာပြီး တနင်္လာနေ့ မနက် ၃း၄၀
ရရှိရထားဖြင့် ရန်ကုန်သို့ အစောထပြန် ရုံးတက်လာတာ ၁ လပင်
ကျော်လာခဲ့ပါသည်။ သူတို့ကို နေ့ရောညပါ အပြင်းအထန် သင်ကြား
လိုက်တော့ သင်ခန်းစာတွေ မီလာသည်။ ပင်မကျောင်းထက်ပင်
ကျောလာသည်။ စတွေ့စဉ်က ညှိုးငယ်နေသည့် တပည့်တွေ၏
မျက်နှာလေးတွေသည် ကြည်လင်ဝင်းပ တိမ်စင်ပမာ ဖြစ်လာကြ
သည်။ ဆရာတစ်ယောက်အနေနဲ့ ဝမ်းသာပီတိ ဖြစ်ရပါသည်။
တစ်နေ့။ ရင်ထဲမှာ စွဲကျန်နေမယ့်နေ့။ ကျောင်းဆရာဘဝရဲ့
ိုင်းတာလို့မရတဲ့ ကျေနပ်မှု ပီတိဖြစ်မိတဲ့နေ့။
ကျွန်တော်က အတန်းချိန်ကို ၈-၁၀ အစား ၁၀-၁၂ ယူလိုက်ပါ
သည်။ အတန်းချိန်တွင်း၌ ကျွန်တော်က အင်္ဂလိပ်စာ စာပိုဒ်တွေကို
မေးတတ်သည့် မေးခွန်းသဘောများနှင့် တွဲရှင်းပြပြီး၍ မေးခွန်း
ဟောင်းထဲက စာပိုဒ်များကို ဖြေခိုင်းထားပါသည်။ စာသင်ပြီး အတန်
ယ်မောသွားသည့်အတွက် ကျွန်တော်အတန်းထဲ လှည့်ပါသည်။
တပည့်တွေ၏ ကြိုးစားအားထုတ်မှုက အားရစရာကောင်း၏။ သူတို့
ဖြေမှားနေလျှင် တည့်ပေး၏။ ဘယ်လိုကြောင့် မှားတယ် ဆိုတာပါ
င်းပြ၏။
အတန်းထဲလှည့်ရင်း တပည့်တွေ၏ ထမင်းချိုင့်လေးတွေကို
င့်ကြည့် မိပါသည်။ ချိုင့်တွေကို ဖွင့်ကြည့်လိုက်တိုင်း ကျွန်တော်

စိတ်မကောင်း ဖြစ်ဖြစ်သွားမိသည်။ တချို့က အာလူးကြော်လေး ၁ ဆင့်နှင့် ထမင်း ၂ ဆင့်။ တချို့က ဘဲဥကြော်၊ တချို့က ပဲလှော်သုပ်။ ကြက်သားဟင်း၊ ဝက်သားဟင်း ထည့်လာနိုင်သူက အတော်ရှားပါသည်။ သူတို့၏ နောက်ခံ ပတ်ဝန်းကျင် အခြေအနေ တချို့ကို ကျွန်တော် ခံစားနားလည်မိလိုက်ပါသည်။ ကျွန်တော် ထမင်းချိုင့်လေးတွေ ဖွင့်သည့်အခါတိုင်း ပဲလှော်သုပ်လေး၊ ကြက်သွန် သုပ်လေးတွေဆို သူတို့ရှေ့မှာ ကျွန်တော်ကြိုက်ကြောင်း ပြောရင်း အနည်းငယ်စားပြဖြစ်သည်။

"ဆရာ ဆရာမဒေါ်စုက ထမင်းစားဖို့ ခေါ်ခိုင်းလိုက်လို့ပါ"

အခန်းပေါက်ဝ၌ ကလေးတစ်ယောက်လာခေါ်၍ လက်မှ နာရီကို ကြည့်လိုက်ရာ နေ့လယ် ၁၂ နာရီပင် ရှိနေပေပြီ။ သို့နှင့် နေ့လယ် ၁ နာရီမှ ပြန်စမယ့်အကြောင်းပြောကာ အတန်းလွှတ်လိုက်ပါသည်။

နေ့လယ် ၁ နာရီက ဘယ်လိုရောက်သွားသည်မသိ။ အတန်း ပြန်စ ဖြစ်ပါသည်။ သူတို့နှုတ်ဆက်ပြီးသည်နှင့် မနက်က သင်ခန်းစာ ကို ထပ်ဆက်ရပါသည်။ သို့သော် ကျွန်တော့်စိတ်ထဲ၌ ထူးခြားနေ၏ အသေအချာ သတိထားကြည့်တော့ အတန်းရှေ့က ဆရာစားပွဲ (ကျွန်တော့်စာအုပ်တင်ရာ) ပေါ်၌ ထမင်းချိုင့်လေးတစ်ချိုင့် ရောက်နေ ၏။ ကျွန်တော် ဖွင့်ကြည့်လိုက်တော့ ထမင်းနှင့်ဟင်းလေးတွေက နေရာမယွင်းရှိနေ၏။

"ဒီထမင်းချိုင့်က ဘယ်သူ့ဟာလဲ။ ဆရာ့စားပွဲပေါ် ရောက်နေလို့။ လာယူချေ"

တပည့်မလေး မြပိုးအိ ထလာသည်။ သူလေးက စာအတော်ဆုံး မဟုတ်ပေမယ့် ကြိုးစားရှာ၏။ သင်ပေးတာကို ဂရုတစိုက် မှတ်သား တတ်၏။

"ဆရာက ထမင်းမစားမီ သမီးချိုင့်လေးဖွင့်တုန်းက ကြက်သွန် သုပ်လေး ကြိုက်တယ်ပြောလို့ ဆရာ့အတွက် ထားပေးထားတာပါ"

"ဒါဆို သမီးက ဘာနဲ့စားတုံး"

"သမီးသူငယ်ချင်းတွေနဲ့ ကပ်စားလိုက်ပါတယ် ဆရာ"

တကယ်တော့ ကျွန်တော်က စားလိုစိတ်ဖြင့် ထမင်းချိုင့် ဖွင့်ခြင်း ဟုတ်ပါ။ စားလိုစိတ်ဖြင့် ပြောခြင်းမဟုတ်ရပါ။ သူတို့ကို အားမ ယ်စေလို၍ ပြောခြင်းမျှသာ ဖြစ်ပါသည်။ ဆရာဆိုတာ ကိုယ့်တပည့် လေးတွေ ဘယ်လိုစားနေရလဲ၊ သူတို့မိဘစီးပွားရေးတွေ ပြေလည်ရဲ့ သားစသည်ဖြင့် တပည့်တွေအကြောင်း သိထားသင့်သည် မဟုတ် သား။

အခုတော့ ကျွန်တော့်တပည့်မလေးခမျာ သူစားမယ့် ထမင်းချိုင့် လေးကို မစားဘဲ သူ့ဆရာအတွက်ဆိုပြီး စားပွဲပေါ်လာတင်ပေးရှာ သတဲ့။ ကျွန်တော်ကတော့ ဆရာမဒေါ်စုခေါ်ကျွေးလို့ စားပြီးနေပြီ။ ကျွန်တော့်ရင်ထဲ အမျိုးအမည်တပ်မရတဲ့ဝေဒနာ ခံစားမိလိုက်ပါ သည်။ ကျောင်းဆရာတို့၏ နှလုံးသားသည် နူးညံ့၏။ ပျော့ပျောင်း၏။ တပည့်လေးတွေ ထူးချွန်ထက်မြက်ပြီး ကောင်းစားရင် ကြည်နူးပီတိ ဖြစ်ရသည်။ တပည့်လေးတွေ ပညာတစ်ပိုင်းတစ်စဖြင့် စာသင်ခန်း မှ်ပရောက်၍ ဘဝအခြေအနေမလှနေတာ မြင်ရင် စိတ်ထဲထိနိုက် ခံစားရပါသည်။

အခုလည်း သင်ပေးမည့်ဆရာမရှိ၍ ကျွန်တော် ရန်ကုန်က ပြန် လာသင်ပေးဖြစ်ပါ၏။ ကျွန်တော်တို့ ကျောင်းဆရာများသည် ပစ္စည်း ပစ္စာ ဆင်းရဲပေမယ့် စေတနာမဆင်းရဲတတ်ကြပေ။ ထို့အတူ စေတနာ သည် တုံ့သောအကျိုးပေးတတ်ကြောင်းကိုလည်း ကျွန်တော့်အတွေ့ အကြုံလေးမှ သင်ခန်းစာရနေမိပါတော့သည်။

**ပညာ့ခေတ်**
**အတွဲ(၆)၊ အမှတ်(၇)၊**
**ဇူလိုင်လ၊ ၂၀၁၇။**

## မျိုးဆက်သစ်များ အတွေးမြင့်မားကြစေဖို့

ဤဆောင်းပါးသည် လက်ရှိ နွေရာသီ စာပေးစာယူ သင်တန်းသားများကို ကျွန်တော် ပို့ချပေးလျက်ရှိသော သင်ခန်းစာတစ်ခုကို မှီငြမ်းထားခြင်း ဖြစ်ပါသည်။ လုပ်ငန်းခွင်အတွင်းရှိ ဆရာ၊ ဆရာမများ၏ သင်ပြမှုအတွက် အထောက်အပံ့ ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားရခြင်းလည်း ဖြစ်ပါသည်။ တပည့်များအား အတွေးအခေါ်မြင့်မားပြီး လောကကို ကြည့်တတ်၊ မြင်တတ်၊ သင်ယူတတ်သူများဖြစ်အောင် ပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးနိုင်ရေးသည် ယနေ့ပညာရေး၏ အရေးပါသော အခန်းကဏ္ဍတစ်ရပ်လည်း ဖြစ်ပေ၏။

သင်ကြားမှုတစ်ခု၏ အဆုံး၌ ကျောင်းသားများ ရရှိသွားရမည့်

ကျွမ်းကျင်မှု ၃ ရပ် ရှိပါသည်။ ၎င်းတို့မှာ ဘာသာရပ် ကျွမ်းကျင်မှု (academic skill)၊ လူမှုဆက်ဆံရေး ကျွမ်းကျင်မှု (social skill) နှင့် အတွေးအခေါ် အမြော်အမြင် ကြီးမားမှု (thinking skill)တို့ ဖြစ်သည်။ ထိုကျွမ်းကျင်မှု ၃ ရပ်လုံးသည် အရေးကြီးလှသည်။ ဤဆောင်းပါး၏ ရည်ရွယ်ချက်မှာ အတွေးအခေါ် မြင့်မားသော မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန် ဖြစ်သည့်အတွက် အတွေးအခေါ်၊ အမြော်အမြင် ကြီးမားမှု (thinking skill) ကိုသာ တင်ပြသွားလိုပါသည်။

အတွေးအခေါ် တိုးတက်မြင့်မားစေရန် ဆရာတို့ လုပ်ဆောင်ကြမည့်အဆင့် (၉) ဆင့် ရှိပါသည်။ ၎င်းအဆင့်များမှာ စောင့်ကြည့်လေ့လာခြင်း၊ ပြန်လည်ဖော်ပြခြင်း၊ နှိုင်းယှဉ်ချိန်ထိုးကြည့်ခြင်း၊ သင်ခန်းစာထုတ်ယူခြင်း၊ ဝေဖန်ပိုင်းခြားခြင်း၊ ခြုံငုံသုံးသပ်ခြင်း၊ မှန်းဆခြင်း၊ အဆိုပြုခြင်းနှင့် ပြောင်းလဲဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ ဆက်လက်၍ အဆင့်တစ်ဆင့်ချင်းစီကို ဆွေးနွေးတင်ပြသွားပါမည်။

## (၁) စောင့်ကြည့်လေ့လာခြင်း (Observing)

ဤအဆင့်သည် အခြေခံအကျဆုံး ဖြစ်သည်။ အတွေးအခေါ် တိုးတက်မြင့်မားရေး၌ လောကအခြင်းအရာ၊ လူ့အခြင်းအရာများကို ကြည့်တတ်၊ မြင်တတ်၊ ခံစားတတ်ခြင်းသည် အရေးကြီးလှပေသည်။ လောကပတ်ဝန်းကျင်၊ လူ့ပတ်ဝန်းကျင်တို့အား လေ့လာခြင်းမှ ပညာရပ်များ ပေါ်ထွန်းလာခြင်းဖြစ်၏။ ထို့ကြောင့် ပတ်ဝန်းကျင်ကိုမှီ၍ ဖြစ်ပေါ်လာသော သင်ခန်းစာများဖြင့် တပည့်များအား ပတ်ဝန်းကျင်ကို ကြည့်တတ်၊ မြင်တတ်၊ ခံစားတတ်အောင် သင်ကြားပြသပေးရန် လိုပေသည်။ ဆိုလိုသည်မှာ သင်ခန်းစာအား လက်တွေ့ဘဝနှင့် ချိတ်ဆက် သင်ကြားပေးရန် ဖြစ်ပါ၏။ ထိုသို့သင်ကြားပေးခြင်းဖြင့် တပည့်များ၏ စိတ်၌ ပြဋ္ဌာန်းချက်ပါ သင်ခန်းစာများသည် မိမိတို့

ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများဖြစ်ကြောင်း သိရှိလာကာ သင်ကြားမှု၌ စိတ်ဝင်စားလာကြမည်။ ထို့ပြင် ပတ်ဝန်းကျင်ကို ဂရုတစိုက် သတိထားလေ့လာကြပေလိမ့်မည်။ သတိမူ၍ မြူမြင်တတ်လာကြပေမည်။

ကျောင်းသင်ခန်းစာများသည် စာမေးပွဲအတွက်သာ မဟုတ်။ စာအုပ်ထဲ၌သာ ပြီးပျောက်သွားဖို့မဟုတ်။ လက်တွေ့ဘဝ၌ အသုံးချရန် ဖြစ်ပါသည်။ ရေသည်ပြဇာတ်ပါ ရေသည်ယောက်ျားကို လေ့လာခြင်းမှ လောဘ၏ ကြောက်ရွံ့စရာကောင်းပုံကို လက်တွေ့ဘဝ၌ သတိပြုဆင်ခြင်တတ်အောင် သင်ပြပေးရမည်။ တစ်ဖန် တပည့်များအား မိမိတို့ပတ်ဝန်းကျင်၌ လောဘကြောင့် အမှန်ကို အမှား၊ အမှားကို အမှန်မြင်သွားပြီး ဘဝရေတိမ်နစ်သွားကြရှာသူများကို သတိပြုမိလာအောင် သင်ပြပေးရပေမည်။ (အရေးအကြီးဆုံးမှာ ဆရာက တပည့်များအား ပတ်ဝန်းကျင်ကို စောင့်ကြည့်လေ့လာဖို့ အခွင့်အလမ်းများ ဖန်တီးပေးရန် ဖြစ်ပါသည်။) သို့မှသာ ပညာသင်ကြားခြင်းသည် အဓိပ္ပာယ်ပြည့်ဝ၍ တပည့်များသည် ပတ်ဝန်းကျင်ကို စောင့်ကြည့် လေ့လာတတ်သော အမူအကျင့်ကောင်းများ မွေးဖွားရှင်သန်လာပေမည်။

## (၂) ပြန်လည်ဖော်ပြခြင်း (Describing)

သင်ခန်းစာပါ အကြောင်းအရာတစ်ရပ်ကိုလည်းကောင်း၊ အတွေးအခေါ် တစ်ရပ်ကိုလည်းကောင်း ဆရာက သင်ကြားလိုသောအခါ တပည့်တို့အား ထိုအကြောင်းအရာများကို စောင့်ကြည့်လေ့လာစေခြင်းသည်ကား အဆင့် (၁) ဖြစ်သည်။ အဆင့် (၂) သည်ကား အဆင့်တစ်၌ စောင့်ကြည့်လေ့လာထားသည်တို့ကို တပည့်များအား ပြန်လည်ဖော်ပြစေခြင်း ဖြစ်ပါသည်။ (လူတချို့ကား မိမိတို့ မြင်တွေ့ကြားသိခံစားမိသည်တို့ကို ပေါ်လွင်အောင် မဖော်ပြတတ်ပေ။) ထို့ကြောင့် ကိုယ်မြင်တာကို ပြန်ဖော်ပြတတ်ရန်လိုသည်။ ကိုယ်ကြားတာကို ပြန်

ဖော်ပြတတ်ရန်လိုသည်။ ကိုယ်ဖတ်ထားတာကို ပြန်ပြောပြတတ်ရန်လိုသည်။ (မိမိတို့မြင်တာ၊ ကြားတာ၊ ခံစားမိတာကို ပြန်လည်ဖော်ပြတတ်ခြင်းသည်လည်း အရေးကြီးလှပေ၏) ဆရာသည် တပည့်များ၌ ထိုအရည်အချင်းများ ဖြစ်ထွန်းလာစေရန် သင်ကြားပေးရပေမည်။

ဆရာ၏ အဓိကတာဝန်သည်ကား တပည့်များ မိမိတို့လေ့လာသိရှိထားသည်တို့ကို ရဲရဲဝံ့ဝံ့ ပြောဆိုလာအောင် အားပေးလှုံ့ဆော်ရန်ဖြစ်ပါသည်။ သာဓကဆောင် ပါဦးမည်။ ဆရာက ညနေဆည်းဆာအကြောင်း စာစီစာကုံး သင်မည်ဆိုပါစို့။ ထိုအကြောင်းအရာသည် တပည့်တို့နှင့် အကျွမ်းတဝင်ရှိပြီးလည်း ဖြစ်ပါသည်။ ဤတွင် ဆရာက "ညနေဆည်းဆာကို မြင်ဖူးကြလား။ သာယာသလား။ ညနေဆည်းဆာချိန်မှာ ဘယ်လိုခံစားမိလဲ။ ဘာတွေထည့်ရေးကြမလဲ" စသည်ဖြင့် ညနေ ဆည်းဆာကို ရုပ်လုံးကြွလာအောင် တပည့်များကို မေးပေးရမည်။ တပည့်များ ပြောရဲ ဆိုရဲလာအောင်လည်း အားပေးရမည်။ မှားနေ၊ လွဲနေလျှင် စိတ်ရှည်သည်းခံပြီး လမ်းမှန်ကို ညွှန်ပြပေးရမည်။ သို့မှသာ တပည့်များသည် မိမိတို့ မြင်၊ ကြား၊ သိ၊ ခံစားမိသည်တို့ကို ပီပီပြင်ပြင် ဖော်ပြတတ်လာပေမည်။ ထို့နောက် လူ့ပတ်ဝန်းကျင်၌လည်း မိမိပြောလိုသော အကြောင်းအရာများကို တစ်ဖက်သား နားလည်သဘော ပေါက်အောင် ပြောဆိုနိုင်စွမ်းများရှိလာပြီး အဟောအပြော၊ အရေးအသားကောင်း သူများ ဖြစ်လာနိုင်ပေမည်။

## (၃) နှိုင်းယှဉ်ချိန်ထိုးကြည့်ခြင်း (Comparing and Contrasting)

အဖြူကို အမည်းနှင့် ယှဉ်မှ အဖြူသည် ပိုပေါ်လွင်၏။ အရုပ်ပုသူကို အရပ် ရှည်သူနှင့်ယှဉ်မှ အရပ်ပုသူသည် ပိုပေါ် လွင်၏။ အမှားကို အမှန်နှင့်ယှဉ်မှ အမှားသည် ပိုထင်ရှား၏။ အဝမွဲကို ဝမွဲနှင့်ယှဉ်မှ

အစမွသည် ပိုရုပ်လုံးကြွ၏။ ထိုသို့ နှိုင်းယှဉ်ချိန်ထိုးခြင်းကြောင့် အရာရာသည် ပေါ်လွင်ထင်ရှားသည့်သဘော ရှိပေ၏။ ဆရာသည် ထိုသဘောတရားကို လက်ကိုင်ထားလျက် စာသင်ကြားသင့်ပေသည်။

လှည်းကုန်သည် သင်ခန်းစာ၌ ပညာမဲ့သူ၏ အတွေးအခေါ်၊ အမြော်အမြင် အားနည်းပုံကို ဘုရားလောင်းပညာရှိ၏ အတွေးအခေါ်၊ အမြော်အမြင်၊ စိတ်အထားအသိနှင့် ယှဉ်ပြထားသဖြင့် ပညာမဲ့သူ၏ လက္ခဏာသည် ပိုထင်ရှားလာရသည်။ ထို့အတူ ပညာရှိ၏ လက္ခဏာသည် ပိုပေါ်လွင်လာ၏။ ရေသည်ပြဇာတ်တွင် ရေသည် အိမ်ရှေ့မင်းသည် လောဘကြောင့် ကျေးဇူးရှင် ဥဒယမင်းကြီးအား သတ်ရန်ကြံစည်သည့် စိတ်ယုတ်နှင့် ကျေးဇူးတရားတို့ကို ထောက်ဆကာ သံသရာကိုမျှော်တွေးလျက် သတိသံဝေဂပြန်ရသည့် စိတ်ကောင်းတို့အားပြိုင်ပုံတို့ကို ယှဉ်တွဲပြထားသဖြင့် ထိုဇာတ်ကွက်သည် ပိုစိတ်ဝင်စားဖွယ်ကောင်း၏။ ထို့ကြောင့် ဆရာသည်လည်း သင်ခန်းစာကို ရုပ်လုံးကြွအောင်၊ တပည့်များ စိတ်ပါဝင်စားလာအောင် စာပါအကြောင်းအရာတို့ကို လက်တွေ့ဘဝနှင့် နှိုင်းယှဉ်ချိန်ထိုး ပြသင့်ပေသည်။ ဤသို့ဖြင့် တပည့်များသည် စာတွေ့နှင့် ငါတွေ့ကို နှိုင်းယှဉ်ချိန်ထိုးတတ်လာပေမည် ဖြစ်ပါသည်။

**(၄) သင်ခန်းစာထုတ်ယူခြင်း (Developing Concepts)**

တကယ်တော့ ဘဝအသိသင်ခန်းစာ ထုတ်ယူတတ်ဖို့သည် မလွယ်ပေ။ ပတ်ဝန်းကျင်ကို ကြည့်မြင်တတ်ရပေမည်။ စာတွေ့၊ ငါတွေ့ ရှိရပေမည်။ အကြောင်းအရာတစ်ရပ်ကို ရှုထောင့်ပေါင်းစုံ၊ အယူအဆပေါင်းစုံမှ ချဉ်းကပ်တတ်မှ ဘဝအသိ သင်ခန်းစာ ရရှိတတ်ကြပါသည်။ ဥပမာ ဆရာကတပည့်တို့အား ကြာနှင့်ပတ်သက်သော အတွေးအခေါ် ဒဿန (ဝါ) ဘဝအသိ သင်ခန်းစာရစေလိုသည် ဆိုပါစို့။ ပထမဦးစွာ ဆရာက တပည့်တို့အား "ကြာပန်းလေးတွေ မြင်ဖူးလား။ ဘယ်မှာ မြင်ဖူးလဲ။ ကြာက ဘယ်မှာ စပေါက်လဲ။

ပြီးရင် ဘယ်မှာ ဖူးပွင့်ရှင်သန်လဲ'' စသည့် ကြာနှင့်ပတ်သက်သော အခြေခံအသိလေးများကို မေးမြန်းရပေမည်။ ကြာ၏ ဝိသေသ လက္ခဏာရပ်များကို သတ်မှတ်တတ်အောင် လမ်းခင်းပေးရပေမည်။ ထို့နောက် ဗွက်နွံမှာ သန္ဓေတည်ခဲ့ရသော်လည်း ရေပြင်ပေါ်၌ ထည် ထည်ဝါဝါ ဖူးပွင့်တတ်သော ကြာ၏ ရှင်သန်ခြင်းကို တပည့်များအား သိစေရာ၏။ ထိုမှတစ်ဖန် မိမိတို့သည် အကြောင်းအမျိုးမျိုးကြောင့် မကောင်းသော ပတ်ဝန်းကျင်၌ ကျင်လည်ရသည့်အခါ မိမိကိုယ်ကိုယ် ပတ်ဝန်းကျင်၏ အရောင်ဆိုးခြင်းမခံဘဲ ကြာ၏ ရှင်သန်ခြင်းမျိုးကို လေးစားအတုယူကာ လောက၌ ကောင်းမွန်စွာ ရှင်သန်ရပ်တည်သွား သင့်သည်ဟူသော ဘဝအသိတစ်ခု၊ အတွေးအခေါ်တစ်ခုကို ထုတ်ယူ တတ်အောင် သင်ကြားပြသပေးရပေမည်။

## (၅) ဝေဖန်ပိုင်းခြားခြင်း (Differentiating and Defining)

ဤအဆင့်သည် စာတွေ့ကို လက်တွေ့ဘဝ၌ အသုံးချခြင်း ဖြစ်ပါ သည်။ သင်ခန်းစာပါ အသိပညာ၊ ဗဟုသုတများကို စာအုပ်ထဲ၌သာ မပိတ်ထားဘဲ နေ့စဉ်ဘဝ၌ပါ ပြန်လည်အသုံးပြုခြင်း ဖြစ်သည်။ စာထဲ၌ သင်ကြားခဲ့ရသည်တို့ကို အခြေခံ၍ လက်တွေ့လူ့လောကကို ဝေဖန်ပိုင်းခြားခြင်းလည်း ဖြစ်ပါသည်။ တပည့်တို့သည် ရွှေကုန်သည် သင်ခန်းစာမှ လောဘကြီးသူ၏ စရိုက်၊ လှည်းကုန်သည် သင်ခန်းစာ မှ ပညာမဲ့သူ၏ စရိုက်လက္ခဏာတို့ကို မိမိတို့ပတ်ဝန်းကျင်ရှိ လူ သားတို့၏ စရိုက်များနှင့် ချိန်ထိုးကြည့်တတ်မည်။ ထို့ပြင် ပတ်ဝန်း ကျင်မှ လူတို့၏သွင်ပြင်လက္ခဏာများကိုကြည့်၍ ဤကားမိတ်ဆွေစစ်၊ ဤကား ပညာရှိ၊ ဤကား ပညာမဲ့ စသည်ဖြင့် ဝေဖန်ပိုင်းခြား နိုင်လာပေလိမ့်မည်။ ဆိုလိုသည်မှာ အမှားနှင့် အမှန်၊ အဝမ္မနှင့် ဓမ္မတို့ကို ဝေဖန်ပိုင်းခြားနိုင်ခြင်း ဖြစ်သည်။ ထိုသို့ အတွေးအခေါ် မြင့်မားသော မျိုးဆက်သစ်များ ဖြစ်လာစေရန် ဆရာသည် စာပါ

အကြောင်းအရာများကို လက်တွေ့ဘဝမှ အကြောင်းအရာများဖြင့် ချဉ်းကပ်သင်ကြားပေးသင့်လှပါသည်။

**(၆) ခြုံငုံသုံးသပ်ခြင်း (Generalizing)**

လူ့သဘာဝသည်ကား မိမိတို့ မြင်မှု၊ ကြားမှု၊ သိမှုတို့အပေါ် အခြေခံလျက် လောကသဘာဝ၊ လူ့သဘာဝတို့ကို ခြုံငုံသုံးသပ်တတ်ကြပေ၏။ ကိုယ် မြင်၊ ကြား၊ သိသည့် အကြောင်းကိစ္စလေး တစ်ခုမျှကိုကြည့်၍ ခြုံငုံသုံးသပ်ခြင်းသည်ကား မသင့်တော်လှပေ။ ပုဂ္ဂလိဋ္ဌာန် ဆန်ပေလိမ့်မည်။ မိမိတစ်ဦးတည်း၏ အတွေ့အကြုံ အပေါ်ကိုသာ အခြေခံထားသဖြင့် ထိုသုံးသပ်ချက်သည်လည်း မခိုင်လုံပေ။ ထိုသို့ သုံးသပ်ခြင်း၊ ကောက်ချက်ချခြင်းသည်ကား ဝါးလုံးရှည်ဖြင့် ပတ်ရမ်းသလို ဖြစ်နေတတ်သည်။ ထို့ကြောင့် အခြေအနေအရပ်ရပ်၊ အဖြစ်အပျက် အချက်အလက် အဖုံဖုံ၊ ရှုထောင့်အစုံစုံတို့ကို အခြေခံပြီး ခြုံငုံသုံးသပ်တတ်အောင် လေ့ကျင့်ပျိုးထောင် ပေးရပေသည်။ သို့မှသာ ဓမ္မဋ္ဌာန်ကျသော ခြုံငုံသုံးသပ်ချက်များကို ပြုလုပ်နိုင်သော မျိုးဆက်သစ်များ ပေါ်ထွန်းလာပေမည်။

**(၇) မှန်းဆခြင်း**
**(Predicting and Explaining)**

ရှေ့ကို မျှော်တွေးတတ်သော၊ အနာဂတ်ကို ကြိုကြည့်တတ်သော မျိုးဆက်များ ပေါ်ထွန်းမှသာ တိုင်းပြည်သည်လည်း တိုးတက်ပေမည်။ ဆေးမြီးတိုဖြင့်သာ ကုသနေရသော နာတာရှည် ဝေဒနာသည် အမိတိုင်းပြည်၏ အနာဂတ်သည် ပြန်လည်ဦးမော့လာနိုင်ပေမည်။ ထိုသို့ ရေရှည်ကို ကြိုမြင်မှန်းဆရာ၌ ကိန်းဂဏန်း အချက်အလက်၊ အထောက်အထားများ ပါဝင်ရပေမည်။ မိမိတို့၏ မှန်းဆမှုနောက်တွင် ဖြေရှင်းချက်၊ အကြောင်းပြချက်တို့ အဆင်သင့်ရှိနေရပေမည်။ သို့မဟုတ်မူကား မှန်းဆခြင်းသည် ရမ်းချခြင်း ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဆရာသည် တပည့်တို့အား "ပညာရှိတို့ တွေးကြည့်လျှင်

ပြေးကြည့်တာထက် မှန်သည်" ဟူသော အဆင့်သို့ရောက်အောင် လေ့ကျင့်ပျိုး ထောင်ပေးရပေမည်။

### (၈) အဆိုပြုခြင်း
### (Hypothesizing)

အဆိုပြုခြင်းသည်ကား ဆက်လက် လေ့လာရှာဖွေရန် လိုအပ်သော မှန်းဆခြင်းပင် ဖြစ်ပါသည်။ အဆိုတစ်ခုကို မှန်၏၊ မှား၏ သက်သေပြရန် လိုပေ၏။ တစ်နည်းအားဖြင့် အဆိုပြုပြီးနောက်၌ ၎င်းအဆိုနှင့် ပတ်သက်၍ ဆက်လက်ရှာဖွေဖော်ထုတ် ရန်လိုကြောင်း သတိပြုရပေမည်။ မျက်မှောက်ခေတ် လွှတ်တော်များ၌ တင်သွင်းနေကြသည့် အဆိုများနှင့် အလားတူပါ၏။ အမတ်တစ်ဦး တင်သွင်းသော အဆိုကို ဆက်လက်ဆွေးနွေးရန် အတည်ပြုပြီးလျှင် ၎င်းအဆိုနှင့် ပတ်သက်သော အကြောင်းကိစ္စတို့ကို ရှာဖွေရ၏။ ဖော်ထုတ်ရ၏။ စင်စစ် အဆိုသည်ကား ဆက်လက်လေ့လာရန် လမ်းစပေးခြင်းပင် ဖြစ်ပါ၏။ မျိုးဆက်သစ်များ၌ မိမိတို့နှစ်သက်ရာ ပညာရပ်နယ်ပယ်တွင် အဆိုများပြုကြပြီး ပညာရပ်ကို ဆက်လက်ရှာဖွေ လေ့လာတတ်သည့် အမူအကျင့်များ ရှင်သန်လာစေရန် ဆရာများက လမ်းညွှန်ပြသ ပေးရပေမည်။ သို့မှသာ ပညာရပ်နယ်ပယ်အသစ်များ ချဲ့ထွင်နိုင်သော မျိုးဆက်များဖြင့် တိုင်းပြည်ကို ရှေ့တန်းအရောက် ပို့နိုင်ပေမည် ဖြစ်ပါသည်။

### (၉) ပြောင်းလဲဆောင်ရွက်ခြင်း
### (Offering Alternatives)

ပြဿနာရပ်တစ်ခု၊ ပုစ္ဆာတစ်ခုကို ချဉ်းကပ်ဖြေရှင်းရာ၌ နည်းလမ်းအမျိုးမျိုး ရှိနေတတ်ပါသည်။ တစ်နည်းဖြင့် မအောင်မြင်လျှင် တခြားနည်းဖြင့် ဆက်လက် ဖြေရှင်းသွားရန်သာ လိုသည်။ စိတ်ပျက် အားလျှော့တတ်သည့် စိတ်အစား "လဲကျလျှင် ပြန်ထတတ်သည့် သံမဏိစိတ်မျိုး" ထားရှိတတ်အောင်၊ အဆိုးလောကမံ၊

အရှုံးတို့ကို လက်ခံရင်ဆိုင်တတ်အောင် ဆရာက သွန်သင်ပေးရန် လိုပါသည်။ ထို့ပြင် အရေးကြီးသည်မှာ ဆရာသည် လောကပုစ္ဆာ၊ ဘဝပုစ္ဆာတို့ကို နည်းလမ်းအမျိုးမျိုးဖြင့် ချဉ်းကပ်ပေးရန် ဖြစ်ပါသည်။ တပည့်တို့အား ပုစ္ဆာတစ်ပုဒ်အတွက် အကြံဉာဏ် အမျိုးမျိုးပေးနိုင်ရန် လိုပေသည်။ တစ်ဖန် တပည့်များ၏ တစ်မူဆန်းသစ်သော အတွေးအခေါ်၊ အယူအဆများကို ဖိတ်ခေါ် ကြိုဆိုပေးမှသာ ပုံတူများမဟုတ်သော၊ အရောင်အသွေးစုံသော လူသားဥယျာဉ်များ ဖြစ်ထွန်းလာပေမည် ဖြစ်ပါသည်။

အတွေးအခေါ်၊ အမြော်အမြင် တိုးတက်အောင် စာသင်ချိန်ပြင်ပ၌ သီးခြားပြုလုပ်စရာမလိုပေ။ ကျောင်းသင်ခန်းစာများကို ချဉ်းကပ်သင်ကြားရင်းဖြင့် တပည့်များ၏ အတွေးအခေါ် တိုးတက်မြင့်မားအောင် ဆောင်ရွက်ရပေမည်။ ဆရာများအနေဖြင့် အထက်ဖော်ပြပါ အဆင့်များကို သတိပြုလျက် မိမိတို့လက်တွေ့ သင်ခန်းစာများကို ချဉ်းကပ်သင်ကြားရင်း တပည့်များအား အတွေးအခေါ် မြင့်မားလာအောင် လေ့ကျင့်ပေးနိုင်မည်ဟု ယုံကြည်မိပါသည်။ ။

**Ref: Necessary Skills for the Learners: General Methodology, B.Ed Correspondence Course (2nd year).**

ပညာရေးစာနယ်ဇင်း
အတွဲ(၄)၊ အမှတ်(၃)၊ ၂၀၁၇

# ပညာရေးမှာ ပြင်စရာ

(၁)

တကယ်တော့ ကိုယ့်အကြောင်း ကိုယ်ပြန်မပြောချင်ပါဘူး။ ကိုယ်ဘယ်လောက် ချော်ခဲ့တဲ့အကြောင်းပေါ့။ ဒါပေမဲ့ ပြောချင်တဲ့ဆန္ဒက တားမရတော့လို့ ရှက်ရှက်နဲ့ပဲ ကိုယ့်ပေါင်ကိုယ်လှန် ထောင်းပါရစေ။ ကိုယ့်ဘာသာပြန်ထောင်းတော့ သူများထောင်းတာထက်တော့ သက်သာသေးတယ် မဟုတ်လား။

ကျောင်းသားဘဝမှာ အကြောက်ဆုံး၊ အလန့်ဆုံး ဘာသာရပ်က မြန်မာစာ။ လွယ်မလိုနဲ့ခက်၊ တိမ်မယောင်နဲ့နက်တဲ့ ဘာသာရပ်ဖြစ်လို့ပါ။ မြန်မာစာမေးခွန်းထဲမှာ ကျက်ဖြေမှတ်ဖြေရတဲ့ မေးခွန်းတွေကို မမှု။ ကျက်အားက ဘာကောင်းလဲ မမေးနဲ့။ တွေ့တာနဲ့ ကျက်မယ့်အကျင့်က ယနေ့ထိတောင် အဖျားခတ်နေတုန်းပါ။ မေးခွန်းထဲမှာ စိတ်ဒုက္ခအပေးဆုံးက စာစီစာကုံး။ အမှတ်ခွဲတမ်းက အများ

ဆုံး။ စုစုပေါင်းပေးမှတ် ၁၀၀ မှာ သူက ၂၀ မှတ် တောင်။ ကိုယ်ပိုင်ရေးဟန် (လက်စလက်န) ရှိမှု၊ တင်ပြပုံ ကောင်းမွန်မှု၊ အကျိုးအကြောင်း ညီညွတ်မှု၊ စိတ်ကူးစိတ်သန်းကောင်းမွန်မှုတွေပါမှ အမှတ်ကောင်းကောင်းရမယ့်မေးခွန်း။ မလွယ်တာတော့ အမှန်။ စာပေမဖတ် ဗဟုသုတပြတ်လပ်နေတဲ့ ကျွန်တော် ဘယ်လိုကုံးရပါ့။

တက္ကသိုလ်ဝင်တန်းတုန်းက မေးခဲ့တဲ့ စာစီစာကုံးလေးကို ဒီတစ်သက်မမေ့။ ခေါင်းစဉ်က ညနေဆည်းဆာတဲ့။ တခြားခေါင်းစဉ်တွေက အချက်အလက်၊ အကိုးအကား၊ ပုံတိုပတ်စတွေ ထည့်မှဖြစ်မှာမို့ ညနေဆည်းဆာကို ရွေးခဲ့မိပါတယ်။ တောသားပီပီ ညနေဆည်းဆာနေဝင်ချိန်သာယာပုံကို တွေ့မြင်နေကျမို့ ရင်းနှီးနေတယ်။ မှတ်မိနေသေးပါတယ်။ ညနေဆည်းဆာကို သရုပ်ဖော်ခဲ့ပုံလေးတွေများ။ သူရိန်နေမင်းက တစ်နေ့တာ လောကဓာတ်တစ်ခွင်ကို အလင်းဆောင်တဲ့ သူ့လုပ်ငန်းပြီးဆုံးတော့မယ်။ နေအရှိန်မပြင်းတော့။ ရွှေအိုရောင်ညနေ။ တိမ်တွေက နီစွေးလို့။ တောသူတောင်သား လယ်သမားတွေက လယ်က ပြန်လာကြ။ နွားချူသံ တရွမ်းရွမ်း။ လှည်းလမ်းကြောင်းက ဖုန်တွေက ပတ်ဝန်းကျင်အနှံ့ ပျံ့လွင့်နေတယ်။ အဲဒီအချိန်မှာ ကျေးငှက်လေးတွေက ရွာဦးဝါးရုံတန်းသို့ ပြန်လာလေပြီ။ လုံမပျိုလေးတွေက ရေခပ်ကြပေါ့။ စသဖြင့် တောအလှနဲ့ ညနေဆည်းဆာအလှကို ညှစ်ထုတ်ခဲ့မိတယ်။ ဒီအထိ ဘာမှ မဖြစ်သေးဘူး။ နိဂုံးကျတော့ သူရိန်နေမင်းကြီးဟာ တဖြည်းဖြည်းနဲ့ ဗိုက်ကြီးမ တောင်တန်းကြီးထဲ တိုးဝင်ငုပ်လျှိုးသွားလေသတည်းလို့ ရေးထည့်လိုက်ပါတယ်။ ဒီနေရာမှာ စာဖတ်သူကို အနည်းငယ် ရှင်းပြပေးဖို့ လိုပါပြီ။ ငယ်ငယ်က အရှေ့ရိုးမတောင်တန်းကြီးတွေကို ဗိုက်ကြီးသည် အမျိုးသမီးကြီး လဲလျောင်းနေပုံနဲ့တူလို့ အရှေ့ရိုးမတောင်အစား ဗိုက်ကြီးမတောင်လို့ ဘယ်ပညာရှင်က အမည်မှည့်ခဲ့လဲမသိ။ အဲဒီအမည်ကို ကျောင်းသားကြီးတွေက ကျွန်တော်တို့ကို လက်ဆင့်ကမ်းခဲ့

လေရဲ့။ ကျွန်တော်တို့ကလည်း မစူးစမ်း မဆင်ခြင်တဲ့ ယုန်သူငယ်လို မျက်စိမှိတ်ယုံခဲ့၊ လက်ခံခဲ့တယ်။ ကဲ–နေကို အရှေ့အရပ်က ကွယ် နိုင်းခဲ့တာ။ ဘာမှတ်လဲ။

(၂)

အဲဒီလို ချော်ခဲ့တဲ့အကြောင်းကို အလျဉ်းသင့်တိုင်း တပည့်တွေကို ပြောပြဖြစ်ပါတယ်။ ရယ်စရာနောက်က မောစရာပါ။ သူတို့ကို ကျွန်တော့်လို နေကို အရှေ့အရပ်က မကွယ်စေချင်လို့ပါ။ နေကို အရှေ့အရပ်က ထွက်စေချင်ပြီး၊ အနောက်အရပ်ကသာ ကွယ်စေချင် တဲ့ စေတနာကြောင့်ပါ။

(၃)

ဒီလိုနဲ့ နေကို အရှေ့အရပ်က ကွယ်နိုင်းခဲ့ပြီးတော့ ကျွန်တော် ပညာရေးတက္ကသိုလ် တက်ဖြစ်ပါတယ်။ ပညာရေးဘွဲ့၊ မဟာပညာ ရေးဘွဲ့တွေ ရရှိခဲ့ပြီး အမိတက္ကသိုလ်မှာပဲ ဆရာပြန်လုပ်ဖြစ်ပါတယ်။ ပညာရေးအကြောင်းလေး အနည်းငယ်မျှ သိလာမိတော့ ငယ်ငယ်က ကိုယ့်အဖြစ်ကို ပြန်သုံးသပ်မိပါတယ်။

အရှေ့ရိုးမကို အရှေ့ရိုးမမှန်းမသိ။ နေဟာ အရှေ့ကထွက်၊ အနောက်ကို ဝင်တယ်ဆိုတာ မေ့သွားလောက်တဲ့ အဓိကအချက်က **အမှတ်ရရေး ဦးစားပေးစနစ်** ကြောင့်ဆိုတာ ပြက်ပြက်ထင်ထင် မြင်လာမိပါတယ်။ ဆယ်တန်းမှာ အမှတ်ကောင်းကောင်းရဖို့က အဓိက။ သိဖို့တတ်ဖို့က သာမည။ ခေါင်းထဲမှာ အမှတ်ရဖို့ပဲ အစဉ်သရွေ့ ကြိုးစိုးခဲ့ပါတယ်။ လူတစ်ယောက်ရဲ့ ရှေ့ဆက် ဘဝ ရပ်တည်ရေးကို အမှတ်နဲ့ဆုံးဖြတ်၊ ဆရာ့အရည်အသွေး၊ ကျောင်း အရည်အသွေးတွေကို အောင်ချက်နဲ့ တိုင်းတာနေတာကြောင့် ဆရာ တွေသည်လည်း စာပါအကြောင်းအရာအပြင် ပိုမပြောနိုင်၊ ပိုမဟော နိုင် ဖြစ်ကြရပါတယ်။ ဒါကြောင့် ကျွန်တော်တို့မှာ ကျောင်းစာကလွဲရင် အပြင်စာဖတ်ဖို့ အားပေးမခံခဲ့ရ။ ကျောင်းစာကလွဲပြီး ဘာမှမသိ။

မတတ်ခဲ့ကြပေ။ ကဗျာတွေကို အော်ကျက်ခဲ့၊ တစ်လုံးမမှားစေရ၊ ဒါပေမဲ့ ရင်ထဲမှာ ဘာ ခံစားချက်မှ မရှိ။ မငြိ။ ရေသည်ပြဇာတ်ထဲက ရေသည်ယောက်ျားရဲ့ စရိုက်တွေ။ မိတဆိုးရှင်ပြုထဲက ကိုထွန်းကျော်ရဲ့ အရိုးခံစရိုက်တွေ၊ မိခင်သောကထဲက မဒ္ဒီဒေဝီရဲ့ မိခင်မေတ္တာတွေဟာ စာထဲမှာပဲ တိတ်ဆိတ်စွာ ချုပ်ငြိမ်းခဲ့ကြတယ်။ အဲဒီဇာတ်ဆောင်တွေရဲ့ လေးစားဖွယ် စိတ်နေသဘောထားတွေနဲ့ အမူအကျင့်တွေဟာ ကျောင်းသားတွေရဲ့နှလုံးသားသို့ ရောက်မလာ။ စာတွေ့ကို လက်တွေ့နဲ့ရင်းနှီးခွင့်မရခဲ့ကြပေ။

တကယ်တော့ ကျွန်တော်တို့ဟာ အမှတ်ရရေး ပညာရေးစနစ်က မွေးထုတ်လိုက်တဲ့ စက်ရုပ်ဆန်ဆန် လူသားများ။

(၄)

လောကမှာ ကောင်းတယ်ဆိုတာ သိထားပေမဲ့ လက်တွေ့မှာ ပြန်အသုံးမချနိုင်တာတွေ ရှိပါတယ်။ ကိုယ်ကိုယ်တိုင် အခြေခံပညာရေးဌာနမှာ ဆရာလုပ်ခဲ့ပြီး လက်ရှိမှာ အဆင့်မြင့်ပညာရေးဌာနတွင် ဆရာအဖြစ် အမှုထမ်းနေတဲ့အတွက် ဆရာတွေရဲ့ ရင်တွင်းခံစားချက်တွေကို ခံစားနားလည်နိုင်လာပါတယ်။

ဆရာပဲ သိတာပေါ့။ စာတစ်ပုဒ်ကို ဘယ်လိုချဉ်းကပ်ရင် တပည့်တွေ စိတ်ဝင်စားမယ်ဆိုတာ။ စာတွေ့တွေကို ဗဲတွေ့လေးနဲ့ ပြောပြမှ တပည့်တွေ သဘောပေါက်သွားမယ်ဆိုတာ။ ဘယ် သင်ခန်းစာကို ဘယ်သင်နည်း သုံးရမယ်ဆိုတာ။ ဘယ်နေရာရောက်ရင် ဘယ် အကြောင်းအရာလေးတွေ ထည့်ပြောရမယ်ဆိုတာ။ တပည့်တွေနဲ့ အပြန်အလှန်ဆွေးနွေးခြင်းဟာ ကောင်းတယ် ဆိုတာ။ ဒါပေမဲ့ အမှတ်ရရေး ဦးစားပေးစနစ်အောက်မှာ လုပ်ချင်တာတွေ၊ သင်ချင်တာတွေဟာ ပျောက်ကွယ်ခဲ့ကြရတယ်။

(၅)

ဒီနေရာမှာ ကျွန်တော့်ရဲ့ ကိုယ်တွေ့လေးတစ်ခုကို ပြောပြချင်ပါ

ယ်။ ကျွန်တော်က တက္ကသိုလ်ကျောင်းသား ဆရာလောင်းလေးတွေ
မြန်မာစာသင်ပြနည်း သင်ကြားပို့ချပေးပါတယ်။
တစ်နေ့မှာ တတိယနှစ်၊ မြန်မာစာအထူးပြု ကျောင်းသားတွေနဲ့
မ်း အဖြေသဘောလေး ဆွေးနွေးဖြစ်ပါတယ်။ အကြောင်းအရာက
ားပြေ၊ ကဗျာသင်ကြားရန် ကြိုတင်ပြင်ဆင်ခြင်း။ စာပဲသင်သင်၊
ာပဲလုပ်လုပ် ကြိုတင်ပြင်ဆင်ခြင်းဟာ သိပ်အရေးကြီးကြောင်း
တို့ရဲ့ အမြင်လေးတွေကို ထုတ်ဖော်နိုင်း ဖြစ်ပါတယ်။ သူတို့အားလုံး
ုတင်ပြင်ဆင်ခြင်းဟာ အရေးပါကြောင်း တညီတညွတ်တည်း
ဆိုထောက်ခံကြပါတယ်။ သင်ခန်းစာရဲ့တစ်နေရာမှာ ကဗျာ(စ)
ားပြေတစ်ပုဒ်ကို မသင်မီ ထိုကဗျာ၊ စကားပြေတို့ရဲ့ ကောက်နုတ်
င်းကို ကြိုတင်ဖတ်ရှုလေ့လာထားရပါမယ်ဆိုတဲ့အကြောင်း ပါလာ
ယ်။ မှန်ပါတယ်။ ဆယ်တန်းထဲက စီးချင်းတိုက်ပွဲစကားပြေကို
င်မယ်ဆိုရင် ရာဇဝင်ရာဇ် အရေးတော်ပုံကျမ်းကို ဆရာက ကြိုတင်
တ်မှတ် လေ့လာထားရပါမယ်။ ဒါမှသာ ဇာတ်ရည်လည်အောင်
ပြနိုင်မယ်။ တပည့်များ စိတ်ဝင်စားပြီး မြန်မာစာပေကို တန်ဖိုး
ား နှစ်သက်လာမယ်။ အဲဒီသဘောလေးကို ပေါ်လွင်ဖို့ သူတို့ကို
မေးမိပါတယ်။

"ကဲ–လောကအလှ ဆင်နေဓါကဗျာကို မင်းတို့သင်ခဲ့ရတယ်
ုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"အေး–အဲဒီကဗျာကို ဘယ်သူရေးလဲ"

"ဆရာကြီး မင်းယုဝေပါဆရာ"

ဒီအထိ အားလုံးအဆင်ပြေနေသေးတယ်။ ဒီနေရာမှာ ကျွန်တော်
သူတို့ရဲ့ ဗဟုသုတကို စမ်းမိပါတယ်။

"အေး–ဆရာကြီးမင်းယုဝေက သက်ရှိထင်ရှားရှိသေးလား။
သွားပြီလား"

ကျွန်တော့်မေးခွန်းကြောင့် သူတို့ငိုင်သွားသည်။ အဲဒီနောက်

"ကဲ–ဆရာကြီးဆုံးပြီဆိုတဲ့လူတွေ လက်ထောင်"

ကျွန်တော့်မျက်လုံးပြူးသွားရသည်။ လက်ထောင်ထားတဲ့သူတွေ ၄၊ ၅၊ ၆ ယောက်လောက်တောင် ရှိနေတယ်။ စိတ်မကောင်း ဖြစ်သွားမိပါတယ်။ ဘယ့်နယ် သက်ရှိထင်ရှားရှိနေတဲ့ စာဆိုကြီးကို သေပြီပြောရက်လေခြင်း။ ဒါနဲ့လဲ ကျွန်တော် အမှတ်မရှိ၊ ထပ်မေးတယ်။

"အဲဒီကဗျာကို ဘယ်စာအုပ်က ကောက်နုတ်ထားတာလဲ" လို့ ကျွန်တော်က ကောက်နုတ်မူရင်းစာအုပ်ကို မေးကြည့်လိုက်ပါတယ်။ ပိုဆိုးသွားပြီ။ ဘာသံမှ မကြား။ လေတိုးသံတောင် အတိုင်းသားကြားနေရတယ်။ သူတို့ဆီက ဘာသံဆို ဘာသံမှ မကြား။ "ရေခပ်ချိန်ကဗျာများ" စာအုပ်ထဲကမှန်းလည်း မသိ။ ဆရာကြီး မင်းသုဝဏ်နဲ့ မှားလိုမှား။ ဆရာကြီး မင်းယုဝေကို သေခိုင်းလို ခိုင်းနဲ့။ အဲဒီနေ့က ရင်လေးစွာနဲ့ ကျွန်တော် စာသင်ခန်းထဲက ပြန်ထွက်ခဲ့တာ မှတ်မိနေပါတယ်။ အမှတ်ရရေး ပညာရေးစနစ်ကြောင့် သူတို့လည်း ကျွန်တော့်လို အပြင်စာပေမဖတ်ခဲ့ဘူးဆိုတာ စာနာနားလည်ပေးမိလိုက်ပါရဲ့။

(၆)

ကုန်ဈေးနှုန်းတွေက အကျမရှိ။ တက်ဆဲ။ တက်မြဲ။ မူးယစ်ဆေးဝါးအမှုတွေက တစ်မျိုးပြီးတစ်မျိုး တိုးနေဆဲ။ ရာဇဝတ်မှုတွေကလည်း အားကျမခံ တိုးပွားဆဲ။ ပညာရေးခမျာ အကြိမ်ကြိမ်ပြင်ပေမယ့်လည်း နိမ့်ကျဆဲ။ နိမ့်ကျနေတဲ့ ပညာရေးကို ဦးမော့လာစေချင်ရင်တော့ အမှတ်ရရေး ဦးစားပေး ပညာရေးကို ဦးစွာ လျှော့ချပြောင်းလဲစေချင်မိတာပါပဲ။ ။

ပညာရတနာဂျာနယ်
အတွဲ(၄)၊ အမှတ်(၅)၊ ၂၀၁၇

# ကိုယ့်ကိုယ်ကိုယ် ပျိုးထောင်ရေး

# ရွေးချယ်မှုနှင့် ကိုယ်ကျင့်တရား

(၁)

ဒီနေ့လေးကအင်မတန်အေးမြပြီး မင်္ဂလာရှိတဲ့ နေ့တစ်နေ့ပါပဲ။ အေးမြတဲ့ မိုးရေစက်တို့က တဖွဲဖွဲကျလို့နေပါတယ်။ ဝန်းကျင်တခို စိမ်းလန်းအေးမြလျက်ရှိကြတယ်။ တိမ်တွေက မလင်းလွန်း။ မရှင်းလွန်း။ မမှိုင်းလွန်း။ မထိုင်းလွန်း။ သာယာလှပေစွ။ သာယာအေးမြပြီး မင်္ဂလာရှိတဲ့ ကဆုန်လပြည့်နေ့ အခါသမယလည်းဖြစ်ပါပေတယ်။

(၂)

အများတကာတွေ ဘုရားသွားကြ၊ ညောင်ရေသွန်းကြနဲ့ ကုသိုလ်ပြုကြတာတွေကို မြင်ရကြားရတွေ့ရတော့ စိတ်ချမ်းသာမိပါတယ်။ သာရလည်း ခေါ်မိပါတယ်။ ကျွန်တော်ကတော့ ဘယ်မှ မထွက်ဖြစ်။ အဆောင်မှာပဲ စာအုပ်တစ်အုပ်ကို ဖတ်ရှုခံစား အတွေးပွားနေမိပါ

တယ်။ ခုဒီဆောင်းပါးလေးကို ရေးဖြစ်တာကလည်း အဲဒီစာအုပ်ထဲက စိတ်ဝင်စားစရာတချို့ကို ပြန်လည်မျှဝေချင်တဲ့အတွက်ပါ။ စာအုပ်က ဆရာကြီးဦးအောင်သင်းရဲ့ ကိုယ်ကျင့်နဲ့ပညာပါ။ ဒီစာအုပ်ကို သူရေးတာမဟုတ်ပြန်ဘူး။ (၁၇–၁၁–၁၉၉၄) ကြာသပတေးနေ့၊ နေ့လယ် ၁ နာရီမှာ မုံရွာမြို့ရာပြည့်ခန်းမမှာ သူဟောခဲ့တဲ့ ပညာနဲ့ ကိုယ်ကျင့်ဆိုတဲ့ ခေါင်းစဉ် ၂ ခုကို စာအုပ်အဖြစ် ပြန်လည်စုစည်းပေးထားတာပါ။ ကျွန်တော် စိတ်ဝင်စားမိတဲ့အပိုင်းက ပညာအကြောင်းဟောပြောမှုမှာပါတဲ့ တိရစ္ဆာန်နဲ့လူ နှိုင်းယှဉ်မှုလေးပါ။ အင်မတန်စိတ်ဝင်စားစရာပါပဲ။

(၃)

သာမန်အားဖြင့် လူတွေက တိရစ္ဆာန်ထက် သာတယ်လောက်ပဲ ကျွန်တော်သိခဲ့တယ်။ တိရစ္ဆာန်က လူတွေထက်သာတာတွေရှိကြောင်းကိုတော့ ဆရာကြီးပြောမှ သိခဲ့ရပါတယ်။ ခွန်အားအရာမှာ ဆင်ကို လူမမီနိုင်။ ရဲရင့်မှုအရာမှာ ခြင်္သေ့ကိုလူမမီနိုင်။ စည်းလုံးမှုအရာမှာ ပျားကို လူမမီနိုင်။ ကျွန်တော့်အသိကို လင်းလက်စေခဲ့တဲ့ ဆရာကြီးကို ကျေးဇူးတင်မိပါတယ်။

အဓိက ကျွန်တော် ဆွေးနွေးချင်တာက ခုမှလာပါပြီ။ အဲဒီခွန်အားကြီးတဲ့ ဆင်ကြီးတွေကို လူက ချွန်းပေါက်ပြီး စေခိုင်းနိုင်တယ်။ ခြင်္သေ့ကို လှောင်အိမ်ထဲ သွင်းထားနိုင်တယ်။ ပျားကို ဖွပ်ပြီး ပျားရည်လုပ်ယူနိုင်တယ်။ လူက တိရစ္ဆာန်ထက်သာတာ အငြင်းပွားစရာမရှိပေ။ ဒါဆို ဘယ်နေရာတွေမှာ ဘာတွေသာသလဲ။ ဆရာကြီးက လူက တိရစ္ဆာန်ထက် (၃)ချက် ပိုသာကြောင်း ပြောပါတယ်။

၁။ ကျိုးကြောင်းပညာရှိခြင်း။

၂။ ကိုယ်ကျင့်တရားရှိခြင်း။

၃။ အလှအပကို ခံစားတတ်ခြင်း။ ဖန်တီးခြင်းတို့ပါတဲ့။

မှတ်သားစရာကောင်းပေစွ။ ဆင်ခြင်တွေးတောစရာလည်းကောင်းတယ်။ အဲဒီထဲက ကိုယ်ကျင့်တရားနဲ့ပတ်သတ်ပြီး အကျယ်

ဆွေးနွေး တင်ပြချင်တာပါ။ ဒီဆောင်းပါးရေးရတဲ့ အကြောင်းရင်း လည်း ဖြစ်ပါတယ်။

(၄)

ရွေးချယ်မှုရှိတဲ့နေရာတိုင်းမှာ ကိုယ်ကျင့်တရားရှိတယ်တဲ့။ သိပ်မှန်တဲ့စကားပါပဲ။ ကျွန်တော့် စာတွေ၊ ငါတွေ့တို့နဲ့ ဆက်လက်ဆွေးနွေးသွားပါမယ်။ စာအုပ်တစ်အုပ်ဖတ်ဖူးတယ်။ ရေးသူက နန္ဒာသိန်းဇံ။ ခေါင်းစဉ်က မိတ်ကောင်းဆွေကောင်းနှင့်အတူ ခရီးသွားခြင်း။ အဲဒီစာအုပ်ထဲက ဇာတ်လမ်းတစ်ခုကို ပြန်ပြီး ဖောက်သည်ချပါရစေ။ လိုရင်းလေးကိုသာ ပြောပါ့မယ်။ အတိအကျမဖြစ်ခဲ့ရင် ခွင့်လွှတ်ပေးကြပါ။

တစ်ခါက မိတ်ဆွေနှစ်ယောက်ရှိတယ်။ မောင်ဖြူနဲ့ မောင်မဲဆိုပါတော့။ တစ်နေ့မှာ သူတို့နှစ်ယောက် တဖက်ရွာကို ကိစ္စတစ်ခုနဲ့ သွားရတယ်။ လမ်းမှာ တောအုပ်ကြီးတစ်ခုရှိတယ်။ ဒီလိုနဲ့ အထုပ်အပိုးကိုယ်စီနဲ့ ခရီးထွက်လာရာ တောအုပ်ထဲရောက်လာတယ်။ တောအုပ်ထဲရောက်တော့ ဝက်ဝံနဲ့တိုးတယ်။ အဲ့ဒီမှာ မောင်မဲက ချက်ချင်းသစ်ပင်ပေါ် တက်ပြေးတယ်။ မောင်ဖြူက သစ်ပင်ပေါ်မတက်တက်။ ဒုက္ခတွေ့ပြီ။ ဝက်ဝံက နီးလာနေပြီ။ သူမြေကြီးပေါ်လှဲချလိုက်တယ်။ လူသေဟန်ဆောင်နေလိုက်တယ်။ ဝက်ဝံက အနားလည်းရောက်ရော သူ့ခန္ဓာကိုယ်အနံ့ အနံ့ခံပါလေရော။ ဝက်ဝံဆိုတာက အသေကောင်ကို မစား။ ရန်မမူဘူး။ အဲ့ဒါကို သစ်ပင်ပေါ်က မောင်မဲက အသေအချာကြည့်နေတယ်။ ခဏနေ ဝက်ဝံထွက်သွားတော့ သူက သစ်ပင်ပေါ်က ဆင်းလာပြီး မောင်ဖြူကို မေးတယ်။

"အစောက မင်းကို ဝက်ဝံက အနားကပ်ပြီး ဘာပြောသွားတာလဲ"

အဲ့ဒီတော့ မောင်ဖြူက ပြန်ဖြေလိုက်တယ်။

"အေးကွာ ဒုက္ခတွေ့တဲ့အခါ ကိုယ်လွတ်ရှောင်တတ်တဲ့ လူနဲ့ အတူ

ခရီးမသွားပါနဲ့တဲ့"

ဇာတ်လမ်းလေးက ဒါပဲ။ ဘာပေးချင်တာလဲ။ ဝက်ဝံနဲ့တွေ့တော့ မောင်မဲမှာ ရွေးချယ်စရာ ၂ ခု ရှိလာပြီ။

၁။ ကိုယ်လွတ်ရုန်းမလား။

၂။ အတူတူရင်ဆိုင်မလား။

ဒီ၂ခုပါပဲ။ သူတစ်ခုကို ရွေးရတော့မယ်။ နောက်ဆုံး သူ့ရွေးချယ်မှုက သူ့စိတ်ဓာတ်၊ သူ့ကိုယ်ကျင့်ကို ဖော်ပြလိုက်တာပါပဲ။ ကျွန်တော်တို့အတွက် သင်ခန်းစာယူစရာ ဇာတ်လမ်းလေးဖြစ်ပါတယ်။

(၅)

ရွေးချယ်မှုနဲ့ ကိုယ်ကျင့်တရားအကြောင်းက သိပ်စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒီတခါ ကျွန်တော့်ကိုယ်တွေ့နဲ့ ပြောချင်ပါတယ်။ ကျွန်တော်က ကျောင်းဆရာတစ်ယောက်ပါ။ ဒီတော့ စာမေးပွဲအခန်းစောင့်တဲ့ အလုပ်လည်းပါသပေါ့။ အခန်းစောင့်ရတာ ပျင်းစရာကောင်းတဲ့ အလုပ်တစ်ခုပေါ့။ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ စိတ်ဝင်စားစရာပါပဲ။

တချို့ကျောင်းသားလေးတွေက သိပ်ပြီး လေးစားစရာကောင်းတယ်။ ကိုယ်ကျင့်တရားကောင်းတယ်။ စာမေးပွဲမှာ ကျက်ထားတာ မတိုးဘူး။ ဒါမှမဟုတ် မေ့သွားတယ်။ ဒီနေရာမှာ သူ့အတွက်ရွေးချယ်စရာ ၂ ခုပေါ်လာတယ်။

၁။ ခိုးချမလား။

၂။ မခိုးချဘူးလား။

ဒါပေမဲ့ သူတို့ မခိုးချဘူး။ မမေးဘူး။ ဘေးဘီမလှည့်ဘူး။ သိက္ခာကျမခံဘူး။ ကိုယ်ကျင့်တရားကို စောင့်ထိန်းကြတယ်။ တချို့ကျတော့ အဲ့လိုမဟုတ်ဘူး။ စာမရတော့ရင် ဘေးလှည့်ပြီး မျက်လုံးတွေစောင်းပြီ။ လည်တွေရှည်လာပြီ။ ဂနာမငြိမ်တော့ဘူး။ သူများကို မေးပြီ။ စာမေးပွဲစည်းကမ်းကို ဖောက်ပြီ။ ကိုယ်ကျင့်တရားကို ချိုးဖျက်ပြီ၊

စာမေးပွဲအောင်ဖို့ကို ရွေးချယ်ကြတယ်။ သိပ်ပြီး သနားဖို့ကောင်းတဲ့ ကလေးတွေပေါ့။ အဲဒီကလေးတွေနဲ့ တိုင်းပြည်ရဲ့အနာဂတ်ကို ဘယ်လိုတည်ဆောက်ကြမလဲ။

ဒါက ကျွန်တော်တို့ စဉ်းစားရမယ့် ပြဿနာပါ။ ကလေးတွေရဲ့ တန်ဖိုးထားမှုတွေ မှန်ကန်လာအောင်၊ ရွေးချယ်မှုတွေ မှန်ကန်လာအောင် ဆရာမိဘတွေအားလုံးက ဝိုင်းဝန်းလေ့ကျင့်ပေးကြရမှာပါ။ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ဦးဆုံး ကျွန်တော်တို့ ဆရာမိဘတွေကိုယ်တိုင်က စံပြဖြစ်နေဖို့လိုပါမယ်။ မဖြစ်သေးရင် ဖြင့်။ ဒါပဲရှိပါတယ်။

တိုင်းပြည်ကို အုတ်တွေ၊ ကျောက်တွေနဲ့ တည်ဆောက်ထားတာ မဟုတ်။ နိုင်ငံသားတွေရဲ့ ကိုယ်ကျင့်တရားနဲ့ တည်ဆောက်ထားတာပါဆိုတဲ့ ပညာရှင်တစ်ယောက်ရဲ့ စကားကို သတိပြုလိုက်နာသင့်ပါတယ်။

(၆)

စာအုပ်လေးက ဖတ်လို့ကောင်းဆဲ။ အပြင်မှာ မိုးလေးက တဖွဲဖွဲ။ မိုးခြိမ်းသံက တညံညံ။ ကျွန်တော့်အတွေးတွေက ပျံ့လွင့်ဆဲ။ အို‥ သာယာအေးချမ်းတဲ့ လောကနိဗ္ဗာန်ကို ခံစားနေရသလိုပါပဲလား။

ပညာရေးနာဂရာနယ်
အတွဲ(၅)၊ အမှတ်(၃)၊ ၂၀၀၇

# ရွေးချယ်မှုအနုပညာ

We are what we choose! ပြင်သစ်အတွေးအခေါ်ပညာရှင် စာရေးဆရာ Jean Paul Sartre (ရန်းပေါ်ဆပ်)ရဲ့ မှတ်သားလောက်တဲ့ အဆိုအမိန့်တစ်ခုပါ။ "ငါတို့ဟာ ငါတို့ရွေးချယ်ထားတဲ့အတိုင်း ဖြစ်တယ်" တဲ့။ မှန်ပါတယ်။ ကျွန်တော်တို့ဘဝမှာ ရွေးချယ်စရာတွေနဲ့ ရင်ဆိုင်ကြရတယ်။ ကိုယ့်ရွေးချယ်မှုအတိုင်း ရှင်သန်ရပ်တည်ကြတယ်။ ရွေးချယ်မှုအမှားတွေလည်း ရှိခဲ့ကြမှာပါ။ ကိုယ့်ရွေးချယ်မှုက ပေးတဲ့ နောက်ဆက်တွဲကောင်းကျိုး၊ ဆိုးကျိုးတွေကိုလည်း မလွှဲမသွေ ရင်ဆိုင်ကြရမှာ ဖြစ်ပါတယ်။

ဘဝမှာ ရွေးချယ်မှုဟာ အင်မတန်အရေးကြီးပါတယ်။ မှားယွင်းတဲ့ ရွေးချယ်မှုတွေမဖြစ်ဖို့ သတိထားရွေးချယ်ဆုံးဖြတ်ကြရမှာ

ဖြစ်ပါတယ်။ အရွေးချယ်မှားခြင်းရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို မခံစားကြရဖို့၊ မရွေးချယ်မီ ကြိုတင်စဉ်းစားချင့်ချိန်ကြရမှာ ဖြစ်ပါတယ်။ ဘုရားဟော ဇာတ်နိပါတ်တစ်ခုမှာ မင်းသမီးတစ်ပါးဟာ သတ်မိန့်ပေးထားတဲ့ ခိုးသားကို မေတ္တာသက်ဝင်ပြီး လင်ယောက်ျားအဖြစ် ပေါင်းသင်းဖို့ လူသတ်တွေကို လာဘ်ထိုးပြီး သူခိုးကိုရွေးခဲ့တယ်။ အဲဒီအရွေးမှားခြင်းရဲ့ အကျိုးဆက်အဖြစ် သူဟာအသက်ဘေးနဲ့ ရင်ဆိုင်ခဲ့ရတယ် မဟုတ်လား။ ဒါကြောင့် ရွေးချယ်မှုမမှားဖို့ အင်မတန် အရေးကြီးပါတယ်။ ကိုယ့်ရွေးချယ်မှုဟာ ကိုယ့်ကို လောင်မြိုက်မှုပေးတဲ့ ရွေးချယ်မှု မဖြစ်ဖို့ လိုပါတယ်။ ကာလသုံးပါး မိမိကို စိတ်ကျေနပ်မှုပေးနိုင်မှသာ မှန်ကန်တဲ့ ရွေးချယ်မှုဖြစ်ပါတယ်။

မှန်ကန်တဲ့ရွေးချယ်မှုဖြစ်ဖို့ စံသတ်မှတ်ချက်တွေက တစ်ဦးနဲ့တစ်ဦး မတူနိုင်ပါဘူး။ ဘယ်လိုအစားအစာကို ရွေးမှာလဲ၊ ဝက်သားကြိုက်တဲ့သူက ဝက်သား၊ ကြက်သားကြိုက်တဲ့သူက ကြက်သား၊ အသီးအနှံကြိုက်တဲ့ သူက အသီးအနှံကို ရွေးချယ်မှာ ဖြစ်ပါတယ်။ အဲဒီလိုပဲ မိမိရဲ့အိမ်ထောင်ဖက်ကို ရွေးချယ်ရာမှာလည်း တစ်ဦးနဲ့တစ်ဦးစံသတ်မှတ်ပုံချင်း တူညီကြမှာ မဟုတ်ပါဘူး။ ဒီနေရာမှာ အကြံပြုချင်တာက အပြင်ပန်းကို ကြည့်ပြီး မရွေးချယ်ကြဖို့ ဖြစ်ပါတယ်။ ပြင်ပအမူအရာ၊ အသွင်အပြင်တို့က လူတစ်ယောက်ရဲ့ စစ်မှန်တဲ့ အနှစ်သာရမဟုတ်လို့ပါပဲ။ အပြင်ပန်းမှာ ရွှေမှုန်တွေ ကြဲထားပေမယ့် အတွင်းစိတ်မှာ အညစ်အကြေးတွေ သုတ်လိမ်းထားသူတွေက လူ့ပတ်ဝန်းကျင်မှာ ဒုနဲ့ဒေးပါ။ ပြောချင်တာကတော့ ဘဝအတွက် ရွေးချယ်ကြတဲ့အခါ အရွေးမမှားကြဖို့ပဲ ဖြစ်ပါတယ်။

သူများတွေကို ပြောနေတော့ ကျွန်တော်ကိုယ်တိုင်ကကော ရွေးချယ်မှုတွေ မှန်နေပြီလားလို့ မေးစရာရှိပါတယ်။ ဟုတ်ကဲ့။ ကျွန်တော်လည်း ပုထုဇဉ်ပီပီ မှားနေဆဲ။ မှားနေမြဲပါ။ အမှားမကင်းပါဘူး။ တလောလေးကပဲ ရွေးချယ်မှုအမှားတစ်ခုလုပ်မိပါသေးတယ်။

အဲဒီအမှားကြောင့်ပဲ ယခု ဒီစာလေးကို ရေးနေမိတာပါ။

ဇန်နဝါရီလ (၉)ရက်နေ့ နံနက်ခင်း။ မနက်(၈)နာရီလောက်က ဘာတာမှတ်တိုင်ကနေ (၂၂၆)ဘတ်စ်ကားစီးပြီး လှည်းတန်းသွားပါတယ်။ မိတ္တူဆိုင်မှာ ပြောစရာလေးတွေ ရှိနေလို့ပါ။ ထုံးစံအတိုင်း အလုပ်သွားရုံးတက်ချိန်ဆိုတော့ ကားကျပ်ပါတယ်။ ကျွန်တော် ခုံမရ။ အနားက မိန်းမငယ်တစ်ယောက်နဲ့ မိန်းမလတ်တစ်ယောက်။ မိန်းမငယ်က အလုပ်သွားမလို့ထင်ပါတယ်။ လက်ထဲမှာ ထမင်းဘူးနဲ့ အသုံးအဆောင်ပစ္စည်းတွေပါတဲ့ ဆွဲခြင်းတစ်လုံးကိုင်ထားလို့။ နောက်တစ်ယောက်၊ အသက်(၄၀)ဝန်းကျင်ရှိ မိန်းမလတ်။ သူက စလင်းဘတ် အိတ်ကို လွယ်လို့။ လူလွတ် တစ်ယောက်ဆိုပါတော့။ ဒါနဲ့ မှတ်တိုင်တစ်ခုရောက်တော့ ကျွန်တော့် ရှေ့ခုံက လူဆင်းသွားတယ်။ ခုံကလွတ်နေပြီ။ အမျိုးသမီးတွေနဲ့လုပြီး နေရာမယူတာ အကျင့်ဖြစ်နေတဲ့ ကျွန်တော်။ ဘယ်သူ့ကို ရွေးချယ်ပြီး နေရာပေးမလဲ။ နောက်ဆုံးအသက်အရွယ်ကြီးသူကို နေရာပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူသာနေရာရသွားရင် အနားက မိန်းကလေး လက်ထဲကဆွဲခြင်းကို ကူသယ်ပေးကောင်းရဲ့ဆိုတဲ့ အတွေးနဲ့ပါ။ ကိုယ်နေရာရ သွားချိန်မှာ တစ်ချိန်က ကိုယ့်လို ဒုက္ခခံစားနေရသူတွေကို ကိုယ်ချင်းစာ တတ်လိမ့်မယ်လို့ ကျွန်တော် ရိုးရှင်းစွာပဲ တွေးလိုက်တာပါ။

အထင်နဲ့အမြင် လွဲတတ်တာ သဘာဝနိယာမတစ်ခုပဲ မဟုတ်လား။ ကျွန်တော့်ရွေးချယ်မှု မှားသွားတယ်။ နေရာရသွားတဲ့ အမျိုးသမီးဟာ သူ့ရဲ့ အိတ်ထဲလက်နှိုက်လိုက်ပါတယ်။ သူဘာလုပ်မလဲ။ ကျွန်တော်စိတ်ဝင်တစား စောင့်ကြည့်နေမိတယ်။ လက်ထဲ ဖုန်းပါလာတယ်။ ပြီးတော့ ဖုန်းကို လက်နဲ့တို့ထိကလိနေပါတယ်။ အရေးတကြီး ဖုန်းဆက်စရာရှိလို့ ထင်ပါရဲ့။ ကျွန်တော့်အထင် မှားပြန်ပါတယ်။ လက်စသတ်တော့ သူက ဂိမ်းဆော့နေပါလား။ ကျွန်တော် အကြီးအကျယ် စိတ်ပျက်သွားမိတယ်။ အနားက မိန်းကလေးအတွက်လည်း

စိတ်မကောင်းဖြစ်နေမိတယ်။ ကိုယ့်တစ်ယောက် ကောင်းစားရေး အတွက်သာ ကြည့်တတ်ပြီး သူတစ်ပါးကို မငဲ့တတ်သူကိုမှ ရွေးချယ် နေရာပေးမိတဲ့ ကျွန်တော့်အမှားပါပဲ။ နောက်နောင်ရွေးချယ်မှုတွေ ထပ်မမှားဖို့ သင်ခန်းစာရလိုက်ပါတယ်။

ပြင်သစ်စာရေးဆရာကြီးပြောသလို တကယ်တော့ လူတွေဟာ နေ့စဉ်နဲ့အမျှ ဘဝအတွက် ရွေးချယ်မှုတွေ လုပ်နေကြရပါတယ်။ ဒါတာသွားတာတွေကအစ ဘဝအတွက် အရေးပါတဲ့ ဆုံးဖြတ်ချက် တွေ ချမှတ်ကြတဲ့အခါ ရွေးချယ်မှုတွေ မမှားကြဖို့ သတိတရားလက် ကိုင်ထားပြီး ရွေးချယ်တိုက်တွန်းလိုက်ရပါတယ်။

Quality ပညာရေးဂျာနယ်
မေ၊ ၂၀၁၆

# အတွေ့အကြုံထဲက ၁၀၀၀ ကျပ် သင်ခန်းစာ

(၁)

ပါမောက္ခ (ဌာနမှူး) တစ်ယောက်က အမှိုက်ကောက်၊ တံမြက်စည်းလှည်း သန့်ရှင်းရေးသမားတွေနှင့် ဖက်လှဲတကင်း ပြောဆိုဆက်ဆံနေသည်ကို တွေ့ဖူးပါသလား။ တပည့်တွေကို အကြောက်တရားနှင့် မအုပ်ချုပ်ဘဲ မိတ်ဆွေကဲ့သို့ သဘောထားဆက်ဆံပေးသော ပါမောက္ခကို တွေ့ဖူးပါသလား။ လမ်းလျှောက်ရင်း တွေ့လိုက်သည့် တပည့်တို့ကို သူက စနှုတ်ဆက်တာ တွေ့ဖူးပါသလား။ လမ်း၌တွေ့၍ တပည့်တွေက မနှုတ်ဆက်ဖြစ်လည်း စိတ်မဆိုးတတ်သော ပါမောက္ခကို ကြုံဖူးပါသလား။ လက်အောက် ငယ်သားများအပေါ် ညှာတာသနား စာနာစိတ်ထားတတ်သော လူကြီးလူကောင်းကို မြင်ဖူးပါသလား။ ကျွန်တော်ဖြင့် ထိုသို့သော နှလုံးသားပိုင်ရှင် ပါမောက္ခကြီးတစ်ဦးကို မြင်ဖူးသည်၊ ဆုံဖူးသည်။ သူသည် ကျွန်တော်၏

ဘဝစာမျက်နှာများ၌ အတော်လေး ပါဝင်လွှမ်းမိုးလျက်ရှိပါသည်။ သူ၏ လောကကို အကောင်းမြင်တတ်ပုံ၊ အမှန်တရားကို ရဲရဲဝံ့ဝံ့ ပြောဆိုထောက်ပြတတ်ပုံစသည်တို့ကို Quality ပညာရေးဂျာနယ်၌ ဆောင်းပါးတစ်ပုဒ်ရေးဖူးပါသည်။ သူကား ရန်ကုန်ပညာရေးတက္ကသိုလ်၊ မြန်မာစာဌာန၏ အငြိမ်းစားပါမောက္ခ ဆရာကြီး ဒေါက်တာမောင်မောင် ဖြစ်သည်။

၂၈-၁-၂၀၁၇ နေ့သည် ရန်ကုန် ပညာရေးတက္ကသိုလ်၊ ကျောင်းသားဟောင်းများက အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျေးဇူးဆပ်သည့် အာစရိယ ပူဇော်ပွဲနေ့ဖြစ်ပါသည်။ ထိုကန်တော့ပွဲအပြီး၌ ချာန်လက်ဘက်ရည်ဆိုင်၌ ဆရာကြီးဒေါက်တာမောင်မောင်နှင့် တွေ့ဆုံမိရာမှ စကားလက်ဆုံကျဖြစ်ပါသည်။ ဆရာကြီး ပြောပြသည့်အထဲမှ သင်ခန်းစာယူရပါသည်။ မှတ်သားရပါသည်။ စာရေးလိုသူ ကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်သည့် ရတနာများလည်း ဖြစ်ပါသည်။

"မင်းရေးတဲ့စာလေး လိုင်းပေါ်တွေ့မိသေးတယ်ကွ။ ရေးပါ။ ငယ်တုန်း များများရေးကွာ။ စာရေးတဲ့အခါ သူများဟာ သိပ်ယူမရေးနဲ့ကွ။ ဟိုလူကလည်း ရေး၊ ဒီလူကလည်းရေးဆိုတော့ သုံးဖန်များလာတော့ ရိုးသွားတတ်တယ်။ အာနိသင် ကုန်သွားသလိုပေါ့ကွာ။ ဒါကြောင့် ကိုယ့်အတွေ့အကြုံလေးတွေထဲကပဲ ရေးကွာ"

ဆရာကြီး၏ ထိုစကားလေးက ကျွန်တော့်ကို လွန်ခဲ့သော တက္ကသိုလ်ကျောင်းသားဘဝကို ပြန်သတိရ အောက်မေ့စေပါတော့သည်။

(၂)

ပညာရေးတက္ကသိုလ်မှာ တတိယနှစ် ရောက်တော့ အထူးပြုဘာသာရပ်တစ်ခု ရွေးရသည်။ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သင်္ချာတို့ထဲမှ တစ်ခုကို အဓိကအထူးပြု ယူရသည်။ တက္ကသိုလ်ရောက်မှ စာဖတ်

ရကောင်းမှန်းသိသော ကျွန်တော်သည် မြန်မာစာကို ရွေးချယ်ခဲ့သည်။ ပတ်ဝန်းကျင်က မည်သို့မြင်မြင် ကိုယ်ယုံကြည်ရာကို လုပ်တတ်သည်က ကျွန်တော့်အကျင့်။ ထိုသို့ မြန်မာစာကို ချစ်တတ်လာစေသော အဓိကအားတစ်ရပ်မှာ ဒုတိယနှစ်၌ ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ်ကို ခံစားတတ်အောင် သင်ကြားပြသပေးသော ဆရာမ ဒေါက်တာ ဒေါ်ချောစုမာဝင်း၏ သင်ပြပုံ ကောင်းမွန်မှုကြောင့် ဖြစ်ပါသည်။ နောက်ဆုံး၌ ကျွန်တော်လည်း မြန်မာစာ မေဂျာသမားဖြစ်လာပြီး စာကဗျာလေးတွေ ရေးလာဖြစ်တော့သည်။

ဤနေရာ၌ ကျွန်တော်၏ မြန်မာစာ ချစ်စိတ်ကို ပျိုးထောင်ပေးခဲ့သူ ဆရာမ ဒေါက်တာ ဒေါ်ချောစုမာဝင်းအကြောင်း အနည်းငယ် ပြောပြချင်ပါသည်။ ဆရာမသည် အရပ်က (၅) ပေဝန်းကျင်မျှသာရှိပြီး လမ်းသွားလျှင် ယဉ်သည်။ အသားလေးက ညိုပြာညက်နှင့် သိပ်လှ၏။ အတန်းထဲ စာသင်လျှင် ပဝါလေးကိုခြုံ ထားတတ်သည်။ စာသင်လျှင် သင်ခန်းစာ၏ ရည်ရွယ်ချက်ကို အပိုအလိုမရှိ ပေးနိုင်၏။ တပည့်တွေရင်ထဲ ကျန်ခဲ့၏။ အမှတ်ရမိသေး၏။ ဗိုလ်ချုပ်အောင်ဆန်း အကြောင်းပြောရင်း ဆရာမအသံက ရင်ခေါင်းသံပေါက်လာပြီး မျက်ရည်များ လိမ့်ဆင်းလာသည်။ လုပ်ကြံယူခြင်းမဟုတ်။ ဆရာမ သည် ဝမ်းနည်းစရာအကြောင်းကို သင်လျှင် တပည့်တွေကိုသာ ဝမ်းနည်းစေရုံမက သူကိုယ်တိုင်လည်း ဝမ်းနည်းတတ်သည်။ တစ်နည်းဆိုသော် မြန်မာစာ အပေါ် သံယောဇဉ်ကြီးမားပြီး မြန်မာစာ နှင့် တစ်သားတည်းနေထိုင်သူသာ ဖြစ်သည်။

ဆရာမ စာသင်ချိန်ဆို လူပြည့်နေတတ်၏။ ဆရာမနှင့် စာသင်ရလျှင် တပည့်တွေ ပျော်ကြ၏။ ဆရာမ၏ ချိုသာအေးမြသောအပြုံး။ စာနာနားလည် ပေးတတ်သော နှုတ်စကားနှင့် ချစ်စရာ သွားတက်လေးတွေက ဆရာမကို သူမတူအောင် ထူးခြားစေသည်။ လမ်းမှာတွေ့လျှင် ကျွန်တော့်ကို ဆရာမပြောသည့် အားပေးစကားကို ကြည့်

ပါ။

''သားရေ မြန်မာစာအတွက် ကြိုးစားပေးပါနော်။ နိမ့်ကျနေတဲ့ မြန်မာစာရဲ့ အနာဂတ်အတွက် သားတို့ကို အားကိုးပါရစေ''တဲ့။

ဆရာမ၏ ထိုစကားတွေက ကျွန်တော်၏ မြန်မာစာချစ်စိတ်နှင့် စာဖတ်ချင်စိတ်တို့ကို ပိုမိုနှိုးဆွပေးနိုင်ခဲ့ပေသည်။

(၃)

ကျွန်တော်တို့ အပတ်စဉ်၌ လူဦးရေ ၃၀၀ ကျော်ရှိသည်။ ထိုအထဲမှ မြန်မာစာမေဂျာယူသူကား (၁၀) ယောက်ဝန်းကျင်မျှသာဖြစ်ပါသည်။ မြန်မာစာကို ဈေးတွက်တွက်၍ မယူသူများ၏။ ဂုဏ်ထူးတန်း ပါဖို့ ခက်လို့၊ အပြင်မှာ ကျူရှင်မရလို့၊ စာကျက်ရလို့ စသည်ဖြင့် အကြောင်းစုံဖြင့် မြန်မာစာကို မရွေးချယ်တတ်ကြ။ တချို့က တကယ် ဝါသနာမပါလို့ မရွေးချယ်သော်လည်း တချို့မှု မြန်မာစာကို ဝါသနာ ပါသော်လည်း အဆိုပါဈေးတွက်တွက်၍ မယူသူများကိုလည်း အံ့ဩ ဖွယ် မြင်တွေ့ခဲ့ရသည်။ လူငယ်ဟာ ကိုယ်ယုံကြည်ရာ၊ ကိုယ်ဝါသနာ ပါရာကို ရဲရဲဝံ့ဝံ့ ဆောင်ရွက်သင့်သည်ဟုသာ မြင်မိတော့သည်။ ဆရာကိုယ်တိုင်က ကိုယ့်ယုံကြည်ချက်ကို ပစ်ခွာ၊ ကိုယ့်ဝါသနာကို စွန့်ခွာကြလျှင် တပည့်တို့၏ ဗီဇဝါသနာမျိုးစေ့ကို မည်သို့ ပျိုးထောင် ပေးကြမည်နည်း။ ရင်လေးစရာဖြစ်ပါသည်။

တကယ်လည်း မြန်မာစာမေဂျာယူလျှင် စာအတော်ဖတ်ရသည်။ အထူးသဖြင့် စာရေးလိုသူ ကျွန်တော့်အတွက် ကျောင်းစာနှင့် မလုံလောက်။ ပြင်ပစာပေဗဟုသုတ အလို့ငှာ မုန့်ဖိုးထဲက စာအုပ် ဝယ်ရသည်။ စုရသည်။ စာအုပ်ဆိုင်ရှေ့ရောက်လျှင် ဆိုင်ထဲမဝင်ဘဲ မနေနိုင်အောင် ဖြစ်ရသည်။ စာဖတ်နေရလျှင် ပတ်ဝန်းကျင်ကို မေ့နေတတ်၏။ စာသမားတို့၏ သဘာဝဖြစ်ပါသည်။

(၄)

စာဖတ်ဝါသနာပါပြီး စာအုပ်စုတတ်သူ ကျွန်တော်သည် ပန်းဆိုး

တန်းလမ်းနှင့် မဟာဗန္ဓုလလမ်းများရှိ စာအုပ်အဟောင်းဆိုင်များနှင့် အကျွမ်းတဝင် ရှိနေတတ်ပါသည်။ အတန်းထဲ၌ စာသင်ရင်း ဆရာ ပြောခဲ့သော ဆောင်ထားသင့်သည့် တချို့ စာအုပ်များမှာ အသစ်ပြန် မထွက်။ ထို့ကြောင့် စာအုပ်အဟောင်းဆိုင်များဘက် ခြေဦးလှည့်ရ သည်။ ဟောင်းသော်လည်း ကောင်းနေတတ်ပါသည်။ ညနေကျောင်း ဆင်း (သို့မဟုတ်) ကျောင်းပိတ်သည့် နေ့များ၌ ထိုစာအုပ်ဆိုင်များသို့ သွားခဲ့ရသည်ကို ယနေ့တိုင် မမေ့နိုင်သေးပါ။ ထိုစာအုပ်ဆိုင်များနှင့် ပတ်သက်သည့် အတွေ့အကြုံ အဖြစ်အပျက်များသည်လည်း မနေ့က လို အာရုံမှာပြန်ပေါ်လာပါသည်။

တစ်ခါက စာအုပ်အဟောင်းတန်းသို့ စာအုပ်အရှာထွက်ရင်း ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းတို့ဘက် ရောက်ရှိလာပါ သည်။ မိမိလိုချင်သည့် စာအုပ်များကို ရှာရင်းဖွေရင်း စာပေဗိမာန် ရှေ့က စာအုပ်အဟောင်းဆိုင်များသို့ ရောက်ရှိလာပါသည်။ တစ်အုပ် (၁၀၀၀) ကျပ်ဟူသော ကတ်စိုက် ထောင်ထားသော စာအုပ်အပုံထဲ မွှေနှောက်နေမိသည်။ တစ်အုပ်ကိုင်လိုက် အကြိုက်မတွေ့ရင် ပြန်ချ လိုက်နှင့် အလုပ်ရှုပ်နေမိသည်။ ကျွန်တော့်အနားသို့ လူ (၂) ယောက် ရောက်လာပြီး စာအုပ်ပုံထဲ လှန်လှောကြ၏။ ကျွန်တော်ကား သတိ မထားမိ။ ခဏနေတော့ သူတို့လိုချင်သည့် စာအုပ်ရသွား၏။

"How much"ဆိုသော အသံကြားမှ ကျွန်တော် မော့ ကြည့်လိုက်တော့ နိုင်ငံခြားသား အမျိုးသားနှင့် အမျိုးသမီး ဖြစ်နေမှန်း သိလိုက်ရသည်။ စာအုပ်ကို လှန်ကြည့်ပြီး သူတို့အတော်လေးအကြိုက် တွေ့နေကြသည်။ စာအုပ်က အင်္ဂလိပ်လို ရေးထားသည့် ပညာရပ် စာအုပ်ဟုသာ သဘောပေါက်မိလိုက်ပါသည်။ ထို့နောက် ဆိုင်ရှင် အား ဈေးမေးလိုက်ခြင်းဖြစ်သည်။

"Ten Thousand Kyats"

ဆိုင်ရှင်၏ စကား။ ကျွန်တော် အံ့ဩသွားရသည်။ နိုင်ငံခြားသား

တွေ၏ စာအုပ်က ကျွန်တော်ရှာသည့် တစ်ထောင်တန် စာအုပ်အပုံထဲ ကသာ ဖြစ်ပါသည်။ ဘယ်လိုကြောင့် တစ်ထောင်က တစ်သောင်းဖြစ် သွားရသနည်း။ ကျွန်တော် ဈေးနှုန်းကတ်ပြားလေးကို အသေအချာ ပြန်ကြည့်လိုက်ပါသည်။ တစ်ထောင်မျှသာ။ မြန်မာလို (၁၀၀၀) ကျပ်ဟု တိတိကျကျနှင့် ပီပီသသ ရေးထားသည်။

ရှင်းပါသည်။ ဆိုင်ရှင်သည် အမိဘာသာစကား မတတ်ရှာသော ထို နိုင်ငံခြားသား (၂) ယောက်ကို ဈေးတင်ရောင်းခြင်း ဖြစ်ပါသည်။ တိတိကျကျ ပြောရရင် ကလိမ်ကျခြင်း ဖြစ်သည်။ ယုတ်မာခြင်း၊ စိတ်ဓာတ်ညံ့ဖျင်းခြင်း ဖြစ်ပါသည်။ မြန်မာစကားမတတ်ရှာသော ထိုနိုင်ငံခြားသားကြီးတို့သည် ဆိုင်ရှင်တောင်းသည့် ငွေတစ်သောင်းကို ကျေကျေနပ်နပ် ထုတ်ပေးခဲ့သည်ကို ယနေ့တိုင် သတိတရ ရှိနေမိ သည်။ အကယ်၍ ထိုသူများသာ မြန်မာ စကားတတ်လျှင် ဆိုင်ရှင်ကို ကြည့်ပြီး ကျွန်တော်တို့လူမျိုးကို အထင်သေးသွားကြမှာ သေချာပါ သည်။ ထိုအဖြစ်အပျက်ကိုမြင်ပြီး လက်ပိုက်ကြည့်နေခဲ့သည့် ကျွန် တော့်၌လည်း အပြစ်ရှိပါသည်။ မျက်စိရှေ့၌ မတရားတာကို မြင်သော် လည်း ကိုယ်နှင့်မဆိုင်သလို သဘောထားမိခဲ့သည့်အတွက် ပြန်တွေး တိုင်း အရှက်ရမိပါသည်။ (ထိုဆိုင်ရှင်တော့မသိ။ သတိမှုရပါလေစ)

(၅)

ထိုနေ့က ငှင်းဆိုင်မှ ဘာမှမဝယ်ဘဲ ပြန်လာခဲ့သည်။ အပြန်လမ်း ၌ ဘာကြောင့် ဒီလိုစိတ်ဓာတ်ညံ့ဖျင်းရတာလဲဟု တွေးနေမိသည်။ အဖြေရလာသည်။ စာရိတ္တပညာရေး (Moral Education) အား နည်းခြင်းကြောင့်ဟု သဘောပေါက်မိသည်။ ရုပ်ဝတ္ထုငွေကြေးဆင်း ရဲခြင်းထက် စိတ်နှလုံးသားများ မဆင်းရဲအောင် ပြုပြင်မပေးလိုက်နိုင် ခြင်းကြောင့် ဖြစ်ပါသည်။ ကိုယ်ကျင့်တရားကို အထိအခိုက်မခံဘဲ မှိုလည်း လက်မထောင်နိုင်အောင်၊ မွဲလည်း ပြောင်ပြောင်မွဲတတ် အောင် သွန်သင်ပြသမှု နည်းပါးခြင်းကြောင့် ဖြစ်ပါသည်။ ရိက္ခာထက် သိက္ခာကို

တန်ဖိုးထားတတ်အောင်၊ တစ်ဘဝစာမကြည့်ဘဲ သံသရာ အထိ ကြည့်တတ်အောင် မသင်ကြားပေးနိုင်ခဲ့ခြင်း၏ နောက်ဆက်တွဲ များလည်း ဖြစ်ပါသည်။ ကျွန်တော် ကျောင်းဆရာဖြစ်ရင် တပည့်တွေ ကို အဆိုပါဆိုင်ရှင်လိုမဖြစ်အောင်၊ ကျွန်တော့်လိုမဟုတ်ဘဲ အမှန် တရားကို ပြောရဲအောင် သွန်သင်ပေးသွားမည်ဟု ဆုံးဖြတ်လိုက်ပါ သည်။

စာရိတ္တမဏ္ဍိုင် နိမ့်ကျနေခြင်းသည် တိုင်းပြည်အဖက်ဖက်မှ နိမ့်ကျဖို့ အဓိက သော့ချက်လည်း ဖြစ်သည်။ ထို့ကြောင့် စာသင် ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအား ငယ်စဉ်ဘဝမှစ၍ တစ်ထောင်ကျပ်တန် စာအုပ်ကို တစ်ထောင်ကျပ်ဖြင့်သာ ရောင်းရမည် ဆိုသော အသိလေးတွေ စွဲမြဲသွားအောင် သင်ကြားပေးကြရမည် ဖြစ်ပါသည်။

(၆)

ဆရာကြီး ဒေါက်တာမောင်မောင်၏ စကားအတိုင်း ကိုယ့်အတွေ့ အကြုံလေးကိုသာ ပြန်ရေးလိုက်မိပါသည်။ ကြီးကျယ် ခမ်းနားသော အဖြစ်အပျက်မဟုတ်စေကာမူ ပညာရေး၌ စာရိတ္တမဏ္ဍိုင်ကို အဓိက ထူမတ်လာအောင် ဆောင်ရွက်သင့်ကြောင်းကိုတော့ ခံစားနားလည် သွားလျှင် ကျေနပ်မိပါတော့သည်။ ။

ပညာရတနာဂျာနယ်
အတွဲ(၃)၊ အမှတ်(၉)၊ ၂၀၁၇

# စာပေချစ်စိတ်မှသည် အနာဂတ်တိုင်းပြည်သို့

(၁)

''နှမြှုလက်နက်
စွမ်းအင်ထက်လည်း
မဖက်ပြိုင်ရာ
စိတ်ကသာ၏။''

ကျွန်တော် နှစ်ခြိုက်မိသော ကဗျာတစ်ပိုင်းတစ်စလေး ဖြစ်ပါသည်။ ရေးသူမှာ တက္ကသိုလ်မောင်သန့်စင်အမည်ခံ ဆရာကြီး ပါမောက္ခဦးအေးမောင် ဖြစ်ပါသည်။ ကဗျာခေါင်းစဉ်မှာ 'စိတ်' ဖြစ်ပါသည်။ ဆန်းကြယ်၍ ခွန်အားကြီးမားလှသော စိတ်အကြောင်းကို ဆန်းစစ်ပြထားခြင်း ဖြစ်ပါသည်။

မှန်ပေ၏။ စိတ်သည်ကား ဆန်းကြယ်ပါ၏။ စွမ်းအားကြီးလှပါ၏။ အရာရာကို စိတ်ကသာ ဦးဆောင်ပါသည်။ ထို့ကြောင့်လည်း ''စိတ်ထောင်းတော့ ကိုယ်ကြေ'' ဟု ဆိုကြသည်မဟုတ်လော။ ပြင်းပြသည့်

စိတ်ဆန္ဒသာလျှင် အောင်မြင်မှု၏ လမ်းစဖြစ်ပါသည်။

ဤနေရာတွင် စိတ်၏ အစွမ်းထက်သည့် အင်္ဂါရပ်တစ်ခုက လည်း စိတ်ဝင်စားစရာ ကောင်းလှပါသည်။ ကာလသုံးပါးစလုံးကို စိတ်က စိုးမိုးခြယ်လှယ်နိုင်ခြင်းပင် ဖြစ်ပေသည်။ စိတ်သည် အတိတ်ကို ပြန်လှည့်နိုင်သည်။ အတိတ်က လွမ်းစရာ၊ ဆွေးစရာ၊ ငေးစရာတို့ကို ပြန်လည် တွေးတောဆင်ခြင်နိုင်သည်။ သင်ခန်းစာယူနိုင်သည်။ ပစ္စုပ္ပန်တည့်တည့်ကိုလည်း စိတ်သည် အာရုံကျက်စားနိုင်ပေသည်။ လက်ရှိ လောကကြီးနှင့် အဆက်အသွယ်မပြတ်အောင် စိတ်က ထိန်းညှိပေးနေခြင်း ဖြစ်ပါသည်။ အောင်မြင်လိုသူများအတွက် ပစ္စုပ္ပန်ကို စူးစိုက်ဆောင်ရွက်တတ်ရန် အရေးကြီးလှသည်။ ထို့ပြင် စိတ်သည် မရောက်လာသေးသော၊ မဖြစ်လာသေး သော၊ ဘာမှန်းမသိသေး သော အနာဂတ်ကို မျှော်ငေးနေနိုင်ပြန်သည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ကို စုန်ဆန်သွားလာနိုင်သော စိတ်ပါတကား။

ယခုတလော ကျွန်တော်၏စိတ်တို့သည် အတိတ်နှင့် ပစ္စုပ္ပန်တို့အကြား ကူးချည်သန်းချည်နှင့် အလုပ်များလျက်ရှိပါသည်။ အတိတ်က လွမ်းစရာများ၊ ငေးစရာများ၊ တွေးစရာများ၊ ဆွေးစရာများသည် ကျွန်တော့်စိတ်၌ နေရာယူလျက် ရှိပါသည်။ ထို့အတူ ပစ္စုပ္ပန်အရှိတရားသည်လည်း ကျွန်တော့်စိတ်ကို ဝေဒနာတွေပေးလျက် အတွေးများနှင့် လွှမ်းမိုးလျက်ရှိပါသည်။

(၂)

၂၀၁၂ ခုနှစ်လွန် နေ့ရက်များ။

ပြန်စဉ်းစားမိပါသည်။ ထိုကာလ နေ့ရက်များအကြောင်း။ ထင်ထင်ရှားရှား ပြန်မြင်လာသည်က နိုင်ငံရေးဇာတ်ခုံပေါ်က အပြောင်းအလဲ ဇာတ်ကွက်များပဲ ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသည်။ NLD ပါတီက လွှတ်တော်အမတ်များ လွှတ်တော်ထဲသို့ စတင်ရောက်ရှိလာကြပါသည်။ ပါတီ

ဥက္ကဋ္ဌကြီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်သည်လည်း ကော့မှူးမဲဆန္ဒနယ်မှ အနိုင်ရကာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာပါသည်။ ယခင်စစ်အစိုးရအုပ်ချုပ်ရေးမှ ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးဆီသို့ စတင်ကူးပြောင်းလာသည့် အခါကာလလည်း ဖြစ်ပါသည်။

မဂ္ဂဇင်း/စာစောင်များတွင် ဒေါ်အောင်ဆန်းစုကြည် အကြောင်းတွေ အတော်များများ ဖော်ပြလာပါသည်။ သူ၏ နိုင်ငံရေး ဝိညာဉ်ပြင်းထန်ပုံ၊ နိုင်ငံအပေါ် သံယောဇဉ်ကြီးမားပုံ၊ အနစ်နာခံ စွန့်လွှတ်အနစ်နာခံပုံ၊ ရင်နှင့်လွယ်ဖွား သားသမီး ရတနာတွေကိုပင် စွန့်ခွာ၍ နိုင်ငံအတွက် ဆောင်ရွက်ပုံများကို ဖတ်ရှုလေ့လာမှတ်သားရပါသည်။ လေးစားအားကျစရာ၊ အတုယူစရာ၊ လိုက်နာဆောင်ရွက်ဖွယ်ကောင်းလှပါသည်။ စံထားအတုယူထိုက်သူတစ်ဦးအဖြစ် ခံယူမိပါသည်။

ကျွန်တော် လေးစားမိသည့် တခြားအချက်တစ်ခုလည်း ရှိနေပြန်ပါသည်။ ၎င်းကား သူသည် နိုင်ငံ့အာဇာနည်၊ မြန်မာ့နိုင်ငံရေးဗိသုကာကြီးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏(ဆရာကြီးမောင်ထင် စကားအရ) သမီးဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို လူချင်း မမြင်ဖူးခဲ့ပါ။ သို့သော် စာထဲပေထဲတွင် တွေ့မြင်ဖူးပါသည်။ ထိုအချိန်မှစ၍ သူ့နှလုံးသားကို ကျွန်တော်တို့ နှလုံးသားများထဲ၌ လေးစားခဲ့သည်။ လေးစားဆဲ။ လေးစားလတ္တံ့။ ထိုအမျိုး ကောင်းသမီးကို ကျွန်တော် ယုံကြည်လေးစားမိခြင်း ဖြစ်ပါသည်။ သူ၏ ဆောင်ရွက်ချက်များအပေါ် အကြွင်းမဲ့ယုံကြည်သည်။ ထိုကဲ့သို့ စွန့်လွှတ်အနစ်နာခံသူတို့အကြောင်းများကို ကျွန်တော်သည် စာအုပ်စာပေများမှ သိရှိခံစားခဲ့ရပါသည်။ ကျေးဇူးကြီးလှသည့် စာအုပ်စာပေများပင်။

(၃)

ကျွန်တော်သည် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင် ရန်ကုန်ပညာရေး တက္ကသိုလ်မှ ၄ နှစ်သင်တန်း ပြီးပါသည်။ ကျောင်းပြီးသည်

နှင့် အိမ်မှာပြန်နားရင်း အလုပ်စောင့်ရပါသည်။ ကျောင်းဆရာစိတ် က တားမရသည်နှင့် အလုပ်စောင့်ရင်း အိမ်၌ အနီးအပါးက ကလေး များကို စာပြပါသည်။ ကိုးတန်း၊ ဆယ်တန်းကျောင်းသားများ ဖြစ်ပါ သည်။ ၂ တန်းပေါင်း လူ ၁၄၊ ၁၅ ယောက်လောက်တော့ လာသင်ကြ ပါသည်။ တစ်ဖက်တွင်လည်း မိမိဆယ်တန်းအောင်ခဲ့ရာ အ. ထ. က-ဝိန်းဇလုပ်တွင် နဝမတန်း ရူပဗေဒကို ကူညီသင်ကြားလျက်ရှိပါ သည်။ ဤသည်မှာ ကျွန်တော်၏ ၂၀၁၁ ခုနှစ်လွန် နေ့ရက်များသာ ဖြစ်ပါသည်။

ကျောင်းမှာ စာသင်ပေးသည်။ အိမ်၌ စာသင်ပေးသည်။ စာသင်ရင်း စာဖတ်ရင်း ကျွန်တော့်ဘဝသည် ပြီးပြည့်စုံခဲ့သည်။ သင်ရသည့် ကလေးတွေနှင့် ပတ်သက်၍ အမှတ်ရစရာ စဉ်းစားစရာ တချို့သည် ကျွန်တော့်ဘဝတစ်လျှောက်လုံး ကပ်ပါလာခဲ့သည်။ ကျွန်တော့်ဘဝ နေ့ရက်များထဲမှ အိမ်၌ စာသင်ပေးခဲ့ရသည့် တပည့်များနှင့် အမှတ်တရတချို့သည် ယခုတိုင် မေ့မရခဲ့။ သတိတရရှိနေဆဲ။ ကျွန်တော် ဘာကြောင့် သတိရ၊ မမေ့နိုင်တာလဲ။

တစ်နေ့ ညနေကျောင်းဆင်းတော့ အိမ်မှာ ကိုးတန်းကျောင်းသား လေးတွေကို စာသင်ပေးနေသည်။ စာသင်ချိန် တစ်နာရီလောက်ကြာ လာတော့ ခဏအနားပေးပါသည်။ ဤတွင် တပည့်ကျောင်းသား ၃၊ ၄ယောက်သည် ကျွန်တော့်ထံ လာကြသည်။

"ဆရာ ဟိုနံရံမှာ ချိတ်ထားတာ ဘယ်သူတွေလဲ"

သူတို့ညွှန်ရာ ကျွန်တော် လှမ်းကြည့်လိုက်ပါသည်။ ကျွန်တော် အတော် အံ့သြသွားသည်။ ပုံကြောင့်မဟုတ်ပေ။ ထိုပုံထဲကလူတွေကို ကျွန်တော့်တပည့်လေးတွေ မသိခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်တော် သူတို့ကို စိတ်ဆိုးရမလိုပင်။ သို့သော် စိတ်မဆိုးရက်။ သူတို့ မသိတာ ကျွန်တော်တို့မှာ အပြစ်ရှိသည်။ ထိုသို့ မသိအောင် ဖန်တီးနေသည့် လူတချို့မှာ အပြစ်ရှိသည်။ ကျောင်းစာလောက်သာ အခရာထင် အောင် ဖန်တီးနေသည့် အမှတ်ပေးစနစ်ပညာရေးတွင် အပြစ်ရှိသည်။

ထိုပညာရေးမျိုးဖြစ်အောင် စီမံဖန်တီးသူတို့တွင် အပြစ်ရှိသည်။ သမိုင်း အမှန်တွေကို ထိန်ချန်ဖျောက်ဖျက်လိုသူတို့တွင် အပြစ်ရှိသည်။ ထို သူတို့သည် သမိုင်း၏ တရားခံများပင် ဖြစ်ပါ၏။

နံရံတွင် အမြတ်တနိုး ချိတ်ဆွဲထားသည်က တိုင်းပြည်၏ ကျေးဇူး ရှင် အထင်ကရ ပုဂ္ဂိုလ်ကြီးများဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏သမီး ဒေါ်အောင်ဆန်းစုကြည်တို့ သားအဖပုံသာ ဖြစ်ပါသည်။ အဖဖြစ်သူကား ကြွေလွင့်သွားခဲ့ပြီ။ သို့သော် ရန့်သင်းဆဲ။ သေသော် လည်း နာမည်ကျန်ဆဲ။ သမီးဖြစ်သူကား ရှင်သန်ဆဲ။ ဖူးပွင့်ဆဲ။ ရန့်သင်းဆဲ။ ပြစ်မျိုးမဲ့ နှစ်သက်စရာ သက်ရှိကဗျာတစ်ပုဒ်ဖြစ်သည်။

(၄)

သို့နှင့် အချိန်တွေရွေ့လျား။ ကျွန်တော်လည်း နေ့ရက်တွေကြား လွင့်ပါးခဲ့သည်။ ရှန်းလိုက်၊ ကန်လိုက်နှင့် ဘဝကို ကျော်ဖြတ် အမှား တွေလည်း ထပ်ခဲ့သည်။ ဘဝသင်ခန်းစာတွေလည်း အတော်ရ ခဲ့သည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာ (၃၀)။

ညောင်လေးပင်မြို့နယ်။ စာရေးဆရာအသင်းက ကြီးမှူးကာ စာပေစကားဝိုင်း 'တနင်္ဂနွေမြား'ကို စတင်ကျင်းပမှာ ဖြစ်သည့် အတွက် တက်ရောက်ရန် ဖိတ်ခေါ်ပါသည်။ ကျွန်တော်သည် ကျောင်း ဆရာတစ်ဦးဖြစ်ပါသည်။ ထို့အတူ စာပေကို ချစ်မြတ်နိုးသူလည်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုပွဲလေးသို့ ကျွန်တော် သွားရောက်နား ထောင်ဖြစ်ပါသည်။ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌဆရာကြီး ဒေါက်တာမြင့်သန်း (ညောင်လေးပင်)နှင့်တကွ စာရေးဆရာ၊ ကဗျာ ဆရာများ တက်ရောက်လာကြပါသည်။ ထိုနေ့ပွဲတွင် ပို၍ ထူးခြား သည်က အထက (၁) ညောင်လေးပင်မှ နဝမတန်း ကျောင်းသား၊ ကျောင်းသူ ၁၀ ယောက်ဝန်းကျင်လောက် တက်ရောက်လာခြင်းပဲ ဖြစ်ပါသည်။ စာပေကို ချစ်မြတ်နိုးသည့် လူငယ်များကို မြင်တွေ့လိုက်

ရသည့်အတွက် အင်မတန် ဝမ်းသာပီတိဖြစ်မိပါသည်။ "စာပေမြင့်မှ လူမျိုးမြင့်မည်။ စာအုပ်စာပေ လူ့မိတ်ဆွေ" မဟုတ်လား။ ကျွန်တော်တို့သည် အနာဂတ်ကြယ်ပွင့်လေးများ တောက်ပလာဖို့ စာပေ ချစ်စိတ်များ ပြုစုပျိုးထောင်ပေးရပါမည်။ စာပေချစ်တတ်သူသည် မြင့်မြတ်သူ မဖြစ်လျှင်လည်း ပတ်ဝန်းကျင်အတွက် အဖျက်သမား မဖြစ်တန်ရာ ဟု ယုံကြည်မိပါသည်။ စာပေချစ်စိတ်မှသည် တိုင်းပြည်နှင့် လူမျိုးတို့ကို ချစ်မြတ်နိုးလာမည်။ ဘာသာတရား၏ အဆုံးအမ၌ တည်လာကြမည်။ ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထား ထိန်းသိမ်းလာပေလိမ့်မည်။ ယနေ့ကဲ့သို့ တိုးတက်မှုများကြား တိမ်မြုပ်လာနေသည့် မိမိတို့ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်ပါသည်။ ထိုသို့သော အသိ စိတ်ဓာတ်များကို စာပေချစ်စိတ်မှ ပေါက်ဖွားလာစေနိုင်ပါသည်။ စာပေချစ်လျှင် နည်းပညာ၏ သားကောင်အဖြစ်မှ အရှင်သခင်အဖြစ်သို့ ရောက်ရှိကာ နည်းမှန် လမ်းမှန်သော တိုးတက်မှုကို ဦးဆောင်နိုင်ပေမည် ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ လူငယ်များတွင် စာပေကို ချစ်မြတ်နိုးစိတ် ရှိလာစေရန် ဝိုင်းဝန်းပျိုးထောင်ကြရပါမည်။

"တနင်္ဂနွေမြား" စာပေစကားဝိုင်းလေးကား စိုစိုပြေပြေ။ တက်ရောက်လာသူ စာပေဖန်တီးသူ၊ ခံစားသူတို့က တက်တက်ကြွကြွ။ ဝတ္ထုအကြောင်း ပြောသူပြော။ ကဗျာရွတ်သူရွတ်။ ခံစားချက်များ ဖလှယ်ကြ။ စာပေချစ်စိတ်များ ဝတ်မှုန်ကူးကြ။ လက်ဆင့်ကမ်းကြနှင့် အချိန်ကို တန်ဖိုးရှိရှိ ကုန်ဆုံးစေခဲ့ကြသည်။

အပြန်တွင် စာပေစကားဝိုင်းတက်ရောက်သူ ဆရာမတစ်ဦးက ဆိုင်ကယ် လူကြုံလိုက်ပါရစေဟု ဆိုလာသည်နှင့် နှစ်ယောက်သား စကားပြောဆိုလျက် ပိန်းဇလုပ်သို့ ပြန်လာကြသည်။ စာပေအကြောင်းပြောဆိုရင်း ထိုဆရာမသည် ကျွန်တော့်အား မေးသည်။

"ဆရာသစ္စာနီရဲ့ 'စာအုပ်များနှင့် လူ' ဝတ္ထုအကြောင်း ဆွေးနွေး

သွားတဲ့ လူဦးမင်း (ညောင်လေးပင်) ဆိုတာ ဖိုးသူတော်ဦးမင်းနဲ့ လူဦးမင်းတို့ထဲက လူဦးမင်းတော့ မဟုတ်ပါဘူးနော်''

သူ့အမေးကြောင့် ဆိုင်ကယ်မောင်းနေသူ ကျွန်တော် ဆွံ့အသွားသည်။ ကျွန်တော်တို့ရောက်ရှိနေသည်က ၂၀၁၆ ခုနှစ်။ ယခု သူမြင်ခဲ့ရသည့် လူဦးမင်းက သက်ရှိထင်ရှား ဝတ္ထုရေးသူတစ်ဦး။ သူပြောလိုသည့် ဖိုးသူတော်ဦးမင်းနှင့် ခေတ်ပြိုင်စာဆိုတစ်ဦးဖြစ်သည့် လူဦးမင်း (၁၁၆၂–၁၂၃၃)ကား ကုန်းဘောင်ခေတ်၊ သာယာဝတီမင်း၊ ပုဂံမင်းနှင့် မင်းတုန်းမင်းတို့ လက်ထက်က စာဆိုတော်။ ရွှေဘိုမြို့ မြောက်ဘက် ရှေးက 'ငါးရာနဲ' ခေါ် ယခု 'ငရနဲ' မြို့၌ ဖွားမြင်သူ။ သက္ကရာဇ်ချင်း အလှမ်းကွာလွန်းလှပါသည်။ ဒေသချင်း အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် အလှမ်းကွာလွန်းလှပါသည်။ လူ့သက်တမ်းကား နှစ် (၁၀၀) မျှသာ။ ကုန်းဘောင်ခေတ်က လူဦးမင်းက ၂၀၁၆ ခုနှစ်အထိ အသက်ရှင်သန်နိုင်ပါ့မလားဆိုတာ ထိုဆရာမ သတိမထားမိတာကြောင့်လားဟု စဉ်းစားမိပါသည်။ သို့တည်းမဟုတ် တမင်မေးတာပဲလားဆိုတာ ကျွန်တော် စဉ်းစားမရ။ သို့သော် စာပေသမိုင်း မဖတ်ထားသည့်အတွက် ယခုကဲ့သို့သော မေးခွန်းမေးလာသည်က ထင်ရှားပါသည်။ သူသည် မြန်မာစာသင်ကြားပေးနေသည့် ဆရာမတစ်ဦးလည်း ဖြစ်ပါသည်။ သူ့တပည့်လေးတွေ မြန်မာစာကို ရင်ထဲနှလုံးသားထဲ ရောက်ကြရဲ့လား။ မြန်မာစာပေကို ချစ်ချင်စိတ်ကော ရှိလာပါဦးမလား။ လားပေါင်းများစွာက ကျွန်တော့် အတွေးထဲ ရောက်ရှိလာကြသည်။ မည်သို့ဆိုစေ ယခုလို စာပေ စကားဝိုင်းကို လာရောက်နားထောင်သည်ကပဲ ကျေးဇူးတင်စရာ ကောင်းလှပါသည်။ သြော် စာဖတ်တတ်လျက် စာမဖတ်ခြင်းသည်ပင် အကန်းနှင့်တူနေသည် မဟုတ်လား။

(၅)

ယနေ့ခေတ်သည် ပညာခေတ်ဆိုတာ လူတိုင်းသိပါသည်။ ထို့ အတူ

နည်းပညာတို့သည်လည်း တစ်ဟုန်ထိုးတိုးတက် လာလျက်ရှိပါ သည်။ တစ်ဖက်က တိုးလာသလို မိမိဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုတို့သည် တဖြည်းဖြည်းဆုတ်ယုတ်လာသည်မှာ မျက်မြင် ပင်ဖြစ်ပါ၏။ ဘာသာစကားကို တန်ဖိုးထားခြင်း လျော့နည်းလာ ကြောင်း facebook စာမျက်နှာပေါ်က ကွီး၊ မွီး၊ ခေ၊ ညေးတို့ က သက်သေခံလျက်ရှိပါသည်။ ယဉ်ကျေးမှု ဆုတ်ယုတ်လာခြင်းကို နေ့စဉ် လူတို့ ဝတ်စားဆင်ယင်မှု၊ ပြောဆိုဆက်ဆံမှုတို့က သက်သေ ခံလျက်ရှိပါသည်။ အဆိုးတကာ့ အဆိုးဆုံးသည်ကား စာပေမဖတ် သည့်အတွက် အသိဉာဏ်ပညာ ကင်းမဲ့ခြင်းပင် ဖြစ်ပါ၏။ မှန်၏၊ မှား၏ကို စဉ်းစားဆန်းစစ်နိုင်ခြင်းမရှိသည့်အတွက် မသိခြင်းတရား များကြီးစိုးကာ အမှားသံသရာထဲက ရုန်းထွက်မရ ဖြစ်ကြမည်။ ထိုမှတစ်ဆင့် ၎င်းတို့၏ ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းကို ဒုက္ခပေး လာနိုင်ပေသည်။ ညစ်နွမ်းစေလာနိုင်ပါသည်။ နောက်ဆုံးတွင် မသိ တရားများ လွှမ်းမိုးလာပါက တိုင်းပြည်အနာဂတ်သည်လည်း မတွေး ဝံ့စရာပင်။ ထိုသို့သော အသိအမြင်၊ ဆင်ခြင်ဉာဏ်ကင်းမဲ့ခြင်းများ မဖြစ်ရအောင် အားလုံးကြီးငယ်ဟူသမျှတို့သည် စာအုပ်စာပေကို ချစ်မြတ်နိုးလျက် မပြတ်လေ့လာဖတ်ရှုသင့်ကြောင်း တိုက်တွန်းရင်း ကျွန်တော်၏ အတိတ်၊ ပစ္စုပ္ပန် စုန်ဆန်သွားလာနေသော အတွေးစိတ် တို့ကို ဖွင့်ချလိုက်ရပါသည်။ ။

ပညာရတနာရှာနယ်
အတွဲ(၃)၊ အမှတ်(၃)၊ ၂၀၁၇

# ကျွက်လပ်ပြည့်မှန်ပါစေ

(၁)

ယခုအချိန်မှာ ပထမဦးဆုံး တာဝန်ကျခဲ့ရာ စစ်တောင်းမြစ်ကမ်းပေါ်က ရွာကလေးကို သတိရနေမိပါသည်။ ဖွန်လ မိုးကလေးတဖွဲဖွဲကျနေချိန်မှာ ဆရာဘဝ နိဒါန်းစခဲ့ရာ တောရွာကလေးဖြစ်၏။ စစ်တောင်းမြစ်ကမ်းပေါ်၌ မြစ်ရေတိုက်စားမှုကို ကြံ့ကြံ့ခံရပ်တည်နေသော ထိုရွာကလေးသည် ရွာသူ၊ ရွာသားတို့၏ ပညာရေးအလေးထားမှုကြောင့် ထင်ရှား၏။ ဆရာတစ်ယောက်၏ဘဝကို ပီပြင်စေခဲ့သော ထိုရွာကလေး၌ နေ့ရက်တို့သည် ကုန်မှန်းမသိ ကုန်ဆုံးသွားခဲ့ရသည်။ ကျေးလက်၏ ရိုးရှင်းလှပမှုတို့ဖြင့် လွမ်းမောစရာအတိဖြစ်ခဲ့ပြီ။

အတန်းတက်ချိန်က ကျွန်တော့်အတွက် နံနက် ၈ နာရီဖြစ်လေ့ရှိပြီး အတန်းဆင်းချိန်ကား ညနေ ၄ နာရီခွဲလောက် ဖြစ်နေတတ်ပါ

သည်။ ကျောင်းဝင်းထဲရှိ အသုံးမပြုတော့သော ဆေးပေးခန်းလေး၌ ကျွန်တော်နေရ၏။ ထိုဆေးပေးခန်းလေး၏ ခေါင်းရင်း၌ စာအိမ်ဖြစ်သော စာရေးကြီးတို့အိမ်ရှိ၏။ မနက် ၇ နာရီလောက် အိပ်ရာထ။ မျက်နှာသစ်ပြီးလျှင် စာရေးကြီးတို့အိမ်၌ နံနက်စာစားပြီး စာသင်ခန်းဘက်သို့ ဦးတည်၏။ နံနက် ၈ နာရီ၌ စာသင်ချိန် စ၏။ ၈ နာရီ ၄၅ မိနစ်၌ အတန်းဆင်းပြီး ကလေးတွေက နိုင်ငံတော်သီချင်းဆို၊ ဘုရားရှိခိုးပြီး ကျောင်းတက်သည်။ ကျွန်တော်ကား ဆေးပေးခန်းပြန်၊ ရေချိုးပြီး ကျောင်းသွား၏။ ဆေးပေးခန်း နှင့် စာသင်ဆောင်များကား နှစ်မိနစ်မျှ လမ်းလျှောက်ရုံဖြင့် ရောက်နိုင်သည်။

ညနေ ၃ နာရီခွဲ ကျောင်းဆင်းလျှင် ကျွန်တော့်အချိန်ပိုရှိ၏။ ကျေးလက်က တပည့်လေးတွေကို အင်္ဂလိပ်စာ အခြေခံပါအောင် တတ်စွမ်းသလောက် ကြိုးစားသင်၏။ စာသင်တာငြီးငွေ့လျှင် ပုံပြင်ပြောရ၏။ ကစားခိုင်းရ၏။ သူတို့၏ဦးနှောက်ကို လန်းဆန်းအောင် လုပ်ပေး၏။ သို့နှင့် နေ့ရက်တိုင်းသည် ဤသို့ဤနှယ်ဖြင့်သာ ကုန်ဆုံးစေခဲ့သည်။ ပြန်တွေးလိုက်တိုင်း ကြည်နူးမိပါ၏။

အနေကြာလာတော့ ထိုရွာကလေး၏ အလေ့တစ်ခုကို သတိပြုမိလာသည်။ "တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း" ဆိုသလို ထိုရွာကလေး၏ အလေ့အထလေးတစ်ခုက ကျွန်တော့်ကို စဉ်းစားစရာဖြစ်စေခဲ့၏။ ဖွန်လတွင် ဆယ်တန်းအောင်စာရင်းထွက်ပြီးလျှင် အောင်မြင်သူ ကျောင်းသား၊ ကျောင်းသူအသီးသီးက ဆရာ၊ ဆရာမများကို အိမ်၌ ကျွေးမွေးညှိခံကြခြင်းပင် ဖြစ်၏။ အောင်မြင်သူအားလုံး စုပေါင်းလုပ်ခြင်းကား မဟုတ်။ တစ်အိမ်ချင်းစီက ဆရာ၊ ဆရာမတို့ကို ဖိတ်ကျွေးကြ၏။ "ဆရာ သမီးတို့အိမ်ကို ထမင်းစားကြွပါ"၊ "ဆရာ သားတို့အိမ် ထမင်းစားကြွပါ" ဟူ၍ လာဖိတ်ကြသည်မှာ မနည်းပေ။

ကျွန်တော် စဉ်းစားမိ၏။ အောင်မြင်မှု အထိမ်းအမှတ်အဖြစ်

အိမ်၌ ထမင်းကျွေး၏။ မုန့်ဟင်းခါးကျွေး၏။ ကျွန်တော်တို့ ဆရာများ ကလည်း ကြွရောက်အားပေးကြ၏။ စားနေသည့်အခိုက်၌သာ အရသာရှိ၏။ စားပြီးကြာလာတော့ ထိုအစာများသည် အရသာမဲ့ကုန် ၏။ နေ့ရက်တို့ ကြာလာတော့ ဘယ်သူမှ အမှတ်မရကြတော့။ သတိမရကြတော့။ ကြည်နူးဝမ်းမြောက်မှုက ခဏသာခံလိုက်၏။ ထိုအလှူမျိုးထက် ကြာရှည်ပီတိဖြစ်ရမည့်၊ ရေရှည်အကျိုးရှိစေမည့် အလှူမျိုးကို ပို၍ မျှော်လင့်မိပါ၏။ တစ်ဦးချင်းစီ ခွဲလှူနေခြင်းထက် စုပေါင်းအလှူမျိုးကို ပို၍မျှော်လင့်မိပေ၏။ တစ်နပ်စာ၊ တစ်ရက်စာ အရသာရှိမည့်အလှူထက် တစ်သက်တာ အကျိုးဖြစ်ထွန်းစေမည့် အလှူမျိုးကို ပို၍မျှော်လင့်မိပါ၏။ ရွာကျောင်း၏ စာကြည့်တိုက်လေး အသက်ဝင်လာအောင် စာအုပ်တွေ စုပေါင်းလှူဒါန်းခြင်းက နောင်လာ နောက်သားတွေအတွက် ပို၍ အကျိုးဖြစ်ထွန်းစေပါ၏။ စာသင် ကျောင်းကလေးမှာ ကလေးတွေ စာရေးခုံလိုနေသည့် ကွက်လပ်လေး ကို စုပေါင်းဖြည့်ဆည်းပေးလိုက်ခြင်းက ပိုမှန်မြတ်ပေ၏။ ကလေးများ သက်သောင့်သက်သာ၊ စိတ်ချမ်းချမ်းသာသာဖြင့် ပညာသင်ယူနိုင် မည်။ ကျောင်းနေပျော်၍ စာတော်လာကာ ပညာတတ်မျိုးဆက်သစ် လေးတွေ ပေါ်ထွန်းလာမည်။ ညကျောင်းခေါ်သည့်အခါ အသုံးပြုနေရ သည့် မီးစက်လေးက အိုမင်းနေ၍ မီးစက်အသစ်လေး စုပေါင်းလှူ ဒါန်းလိုက်ခြင်းက ပို၍အကျိုးများစေမည်ဟု ထင်မိပေ၏။ ပညာချွန် သော်လည်း ကျောင်းဆက်တက်ဖို့ ခက်ခဲနေသော မျိုးဆက်သစ်တို့ အတွက် ပညာသင်ထောက်ပံ့ကြေးပေးသည့်အဖွဲ့အစည်းလေး စုပေါင်း ထူထောင်လိုက်ခြင်းက ရေနစ်သူတို့အတွက် အားကိုးစရာ ကောက်ရိုး တစ်မျှင်၊ မြက်တစ်ပင် ဖြစ်စေနိုင်ပါ၏။ သြော် ကွက်လပ် ဖြည့်လေး တွေ မှန်စေချင်မိပါ၏။

(၂)

"တို့ရွာက ဦးချမ်းသာရဲ့ ကထိန်အလှူက စည်လိုက်တာ။ ဆင်

လည်း ပါတယ်။ နာမည်ကြီးဆိုင်။ အငြိမ့်လည်းပါတယ်။ ကျွေးတာလည်း အပျံစားပဲ။ ဆင်ငှားခ၊ ဆိုင်းငှားခတွေတင် သိန်းရာကျော်နေပြီ။ ကျွေးတာကောဆို သိန်းသုံး၊ လေးရာလောက် ကုန်တယ်ပြောတယ်''

''တို့ရွာက ဦးဘောဂရဲ့အလှူကတော့ မနိပ်ပါဘူးကွာ။ ဆင်မပါ။ ဆိုင်းမပါ။ အကျွေးသက်သက် ဗလာပါပဲကွာ''

တစ်ခါက ခရီးသွားဖို့ ကားဂိတ်၌ ကားစောင့်နေစဉ် လူနှစ်ဦး အပြန်အလှန်ပြောဆိုနေသည်ကို သတိရမိ၍ ပြန်လည်ဖောက်သည်ချမိခြင်း ဖြစ်ပါသည်။

ဂုဏ်ပကာသနပါမှ အလှူဟုထင်မြင်နေတတ်လေပြီ။ ဆိုင်းမပါလျှင် အလှူက အထမမြောက်တော့သလို၊ အငြိမ့်လေးမပါလျှင် အလှူကပဲ မစိုပြည်တော့သလို။ ချဲ့ချင်သူများက ချဲ့ကားနေသည်ကို ဘာမှမတွေး မဆင်ခြင်သူများက အဟုတ်ထင်ကုန်ကြ၏။ အမှန်ထင်ကုန်ကြ၏။ တန်ဖိုးထားမှုတွေ လွဲကုန်ကြ၏။ အယူအဆမှားပြီးနောက် သံသရာ၌ ငါးပါးမှောက်သွားမှာ စိုးရိမ်မိပါ၏။ ကျွန်တော်တို့ ပတ်ဝန်းကျင်၌ ဘယ်နေရာတွေမှာ ဘယ်လိုတွေ ချော်နေပြီလဲဆိုတာ လေ့လာဆန်းစစ်ကြည့်ကြဖို့ လိုလာပါသည်။ မှားနေလျှင် အမှန်ပြင်ဖို့လိုပါသည်။ သို့မှသာ မျိုးဆက်သစ်များအတွက် ကောင်းမြတ်သော အမွေကို ချန်ထားပေးနိုင်မည်ဖြစ်၏။

(၃)

နေရာတိုင်း၌ ကွက်လပ်ကလေးတွေ ရှိနေတတ်ပါ၏။ မြင်အောင်ကြည့်တတ်ဖို့သာလို၏။ တစ်နပ်၊ တစ်ရက်သာ အကျိုးဖြစ်ထွန်းစေမည့်အစား ရေရှည်မှာ အကျိုးများစေမည့် ကွက်လပ်ဖြည့်ပေးလိုက်ခြင်းဖြင့် နေရာလပ်ကလေးများ ရှားပါးသွားကြပေမည်။ ပြည့်စုံနေသော မြို့ပြက စာသင်ကျောင်းတွေကို ပံ့ပိုးမည့်အစား ကျေးလက်က စာသင်ဆောင်လေးတွေ ခနော်ခနဲ့၊ ယိုင်နဲ့နဲ့ဖြစ်နေရှာသည့် ကျောင်း

ကလေးတွေကို စာသင်ဆောင် ဆောက်လုပ်လှူဒါန်းပေးလိုက်ခြင်းက ပိုထိရောက်အကျိုးရှိစေပါသည်။ ဖွံ့ဖြိုးပြီး မြို့ပြ၏လမ်းများကို အကြိမ်ကြိမ်ခင်းနေမည့်အစား ရွံ့ဗွက်အလိမ်းလိမ်းဖြင့် ရုန်းကန်ပြီး ကျောင်းတက်နေရရှာသည့် ရွာလမ်းကလေးတွေကို ပြုပြင်ပေးလိုက်ခြင်းက ပိုမှန်မြတ်၏။ လိုအပ်သည့်နေရာ၌ ဖြည့်ဆည်းပေးလိုက်ခြင်းသည် အင်မတန်ကြည်နူးစရာ ဖြစ်ပါသည်။

အနာဂတ်ကို ကြိုမြင်လျက် အများအကျိုး ဖြစ်ထွန်းစေမည့် လုပ်ဆောင်ချက်မျိုးဖြစ်ဖို့ အရေးကြီးလှပါ၏။ မိုးများရာ မိုးမရွာဘဲ မိုးရှားရာ မိုးရွာပေးကြဖို့ လိုပါသည်။ အပေါ်ယံတွေကို ဂုဏ်တုဂုဏ်ပြိုင် နေမည့်အစား၊ ပလ္လာကြွားဝါနေမည့်အစား တကယ်လိုအပ်နေသည့် နေရာ၌ လိုအပ်ချက်များကို ဖြည့်ဆည်းပေးတတ်ဖို့ လိုပါသည်။ တစ်ခဏတာ ကြည်နူးမှုထက် တစ်သက်တာ ကြည်နူးမှုပေးစွမ်းနိုင်မည့် ဆောင်ရွက်ခြင်းများဖြင့် မိမိတို့ ပတ်ဝန်းကျင်ရှိ ကွက်လပ်ကလေးများကို ဖြည့်ဆည်းပေးကြပါစို့ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**ACADEMIC WEEKLY Educational Journal**
အတွဲ(၆)၊ အမှတ်(၂၆)၊ ၂၀၁၇

# ကလေးတွေ ကျောင်းနေပျော်ပါစေ

(၁)

"ဟေး ဟေး ဟေး"

"ဝေး ဝေး ဝေး"

"ဟား ဟား ဟား"

"ဂိုး --- ဂိုး---"

အဆိုပါ အသံများကြောင့် နံနက်စောစော မထတတ်သော ကျွန်တော် လန့်နိုးခဲ့ရသည်မှာ အကြိမ်မနည်းပေ။ အလုပ်မှာ ပင်ပန်း၍ နံနက်အိပ်ရာထ နောက်ကျမိပါသည်။ တစ်ခါတလေ ရုံးပိတ်ရက်မို့ နံနက်စောစော မထချင်သော်လည်း ထိုအသံများကြောင့် မနိုးချင်ဘဲ နိုးခဲ့ရပါ၏။ နံနက် ၅ နာရီခွဲလောက် လင်းရောင်ခြည် အစပျိုးချိန်မှာ ထွက်ပေါ်လာသော အသံဗလံများကြောင့် ကျွန်တော် စိတ်ဆိုးမိ၏။ နံနက် ၅ နာရီခွဲလောက်မှာ ဘောလုံးလာကန်ကြသည်တဲ့လေ။

ကျွန်တော်က တက္ကသိုလ်များ လှိုင်နယ်မြေထဲရှိ ပုပ္ပားဆောင်၌ နေပါသည်။ လှိုင်နယ်မြေထဲ၌ ခပေါင်းဆောင်၊ ပုပ္ပားဆောင်၊ ဒူးယားဆောင်နှင့် အုန်းတောဆောင်တို့သည် တစ်တန်းတည်းရှိနေကြ၏။ ပုပ္ပားဆောင်၏ရှေ့၌ အားကစားကွင်းငယ်လေး တစ်ခုရှိသည်။ ထိုအားကစားကွင်းကိုပင် နှစ်ပိုင်းခွဲထားပြန်၏။ ပုပ္ပားဆောင်၊ ဒူးယားဆောင်တို့မှ ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသားများက အနည်းငယ်ကျယ်သောကွင်း၌ ဘောကန်ကြသည်။ ကွင်းကျဉ်းလေး၌မူ ပြင်ပလူငယ်များ လာကစားတတ်ကြသည်။

အထက်ပါ အသံဗလံများသည်ကား ကွင်းငယ်တွင် ကစားသူများထံမှ လာခြင်းလည်း ဖြစ်ပါသည်။ လာရောက်ကစားသူများမှာ သူတို့အုပ်စုဖွဲ့ပြီး လာလေ့ရှိသည်။ လူငယ်၊ လူလတ်အရွယ်များလည်း လာရောက်ကစားတတ်ကြ၏။ သူတို့သည် ဘယ်အရပ်၊ ဘယ်ဌာနေမှ လာသည်မသိ။ စက်ဘီးလေးများဖြင့် လာကြ၏။ တစ်ခါတလေ ကားဖြင့်ပင် အုပ်စုလိုက်လာတတ်ကြပါသည်။ ဩော် ကစားစရာနေရာရှားပါးသည့် ရန်ကုန်မြို့မှ လူငယ်တွေ၏ အချိန်မတော် အော်သံဟစ်သံလေးများအပေါ် ကျွန်တော် စာနာသနားမိလာ၏။ သူတို့အတွက် ကျွန်တော့်အဆောင်ရှေ့က ကွင်းကျဉ်းလေးသည် အခပေးစရာမလိုသော လေ့ကျင့်ရေးဘုံဗိမာန်တစ်ခုပင် မဟုတ်လား။

(၂)

စီးပွားရေးမြို့တော်ကြီးဖြစ်သော ရန်ကုန်မြို့၌ လူနေထူထပ်၏။ ကျောချစရာရှားလာ၏။ နေစရာနေရာ ကျဉ်းမြောင်းလာ၏။ သေလျှင်ပင် အုတ်ဂူ လုပ်ဖို့မဖြစ်။ မီးသဂြိုဟ်ကြရမည် မဟုတ်လား။ ထို့ကြောင့် တောမှ တက်လာသူ ကျွန်တော်သည် ရန်ကုန်ရောက်ခါစ၌ နေရကျပ်ပါသည်။ အခန်းကျဉ်းလေး၌ အသက်ရှူကျပ်လှ၏။ မလွတ်မလပ်အနေကျဉ်းကျပ်လှသောဘဝဖြင့် နေသားကျအောင် အတော်လေ့ကျင့်ယူရသည်။

ထိုကဲ့သို့ နေစရာပင် ကျပ်တည်းလှသော ရန်ကုန်မြို့၌ အား ကစားကွင်းများ ရှားပါးသည်ကား မဆန်းပေ။ အချိန်ပိုင်းအခကြေးငွေ ဖြင့် ငှားယူရသော အားကစားကွင်းများကား ရှိပါ၏။ သို့သော် ငွေကြေးမတတ်နိုင်ရှာသူတို့အဖို့ ဘယ်မှာသွားကစားကြရပါမည်နည်း။ ထို့ကြောင့် လွတ်လပ်သော မြေနေရာလေးများ၌ ကစားကြရရှာလေ သည်။

ကျောင်းသားလူငယ်လေးများကို လေ့ကျင့်ပေးရမည့် ဗလ ငါးတန်ရှိသည်ဟု မှတ်သားမိပါသည်။ ထိုဗလငါးတန်ထဲတွင် ကာယ ဗလ၊ မိတ္တဗလ၊ ဉာဏဗလတို့လည်း ပါဝင်ပေ၏။ ကိုယ်ကာယဖွံ့ဖြိုးဖို့ အားကစားလေ့ကျင့်ရေးကွင်းများ မရှိမဖြစ်လိုပါ၏။ အားကစားမှ တစ်ဆင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်လာမည်။ အချင်းချင်း အပေးအယူ သဘော နားလည်လာမည်။ တစ်ကိုယ်ကောင်းစိတ်တို့ လျော့ပါးလာပြီး မိတ္တဗလ ဖွံ့ဖြိုးလာနိုင်မည်။ ကိုယ်ခန္ဓာသန်စွမ်း၍ ကျန်းမာလာကာ ကျောင်းစာများ၌လည်း မှတ်သားနိုင်စွမ်း မြင့်မားလာနိုင်မည်။ တချို့သော မိဘ၊ဆရာများက ကျောင်းသား များကို စာချည်းသာ လုပ်စေလိုသည်ကို တွေ့ရသည်။ စာသင်ခန်းထဲ နာရီပေါင်းများစွာ ထိုင်နေရသူတို့၏ စိတ်အခြေအနေ မည်သို့ရှိနေနိုင် သည်ကို သတိထားသင့်လှ၏။ လေးလံထိုင်းမှိုင်းနေရှာသော၊ နွမ်းလျနေသော စိတ်က ကျောင်းစာကို အာရုံစိုက်နိုင် ပါမည်လား။ အထက်၌ ဆိုခဲ့သော မိတ္တဗလ၊ ကာယဗလ၊ ဉာဏဗလတို့ကို ဖွံ့ဖြိုးစေဖို့ ညစ်နွမ်းနေသော စိတ်တို့ကို ပြန်လည်လန်းဆန်း တက်ကြွလာဖို့ အားကစားလုပ်စေခြင်းသည်သာ အကောင်းမွန်ဆုံးဟု ဆိုနိုင်ပါသည်။ ဆရာကြီး ဦးအောင်သင်းက လူငယ်တို့အတွက် အားကစားကွင်းတွေ လုပ်ပေးဖို့ သူ၏ဟောပြောပွဲများ၌ အလေးပေးဟောပြောလေ့ရှိသည်။ လူကြီးတွေဆော့တော့ အားကစား။ ကလေးတွေဆော့တော့ ကမြင်းကြောထတာဟု မြင်နေကြသည့်

လူကြီးတချို့ကို ဝေဖန်ထောက်ပြဖူးသည်။ အားကစားကွင်းများ မြို့ရွာတိုင်း၌ ရှိနေစေချင်မိပါသည်။

(၃)

ရန်ကုန်မြို့က အထပ်မြင့် စာသင်ကျောင်းတချို့ကို မြင်ရတော့ စိတ်မကောင်းဖြစ်ရ၏။ နေရာလေး ကျဉ်းကျဉ်းကျပ်ကျပ်တွင် စာသင်ကျောင်း ဆောက်ထားကြ၏။ နေရာက အခက်အခဲရှိတော့ အထပ်မြင့်ဆောက်ကြ၏။ လူဦးရေထူထပ်မှု၏ ပြယုဂ်တစ်ခုဟုပင် ဆိုနိုင်ပါသည်။ ထိုကျောင်းများက ကျောင်းသားလေးတွေ ဘယ်မှာသွားကစားရရှာမလဲ။ သူတို့ စိတ်ညစ်ညူးသည့်အခါ ဘယ်လိုလုပ်ရပါ့။ ဇီဝကမ္မသဘောအရ ကြီးထွားလာသည့် ကြွက်သားတို့ကို ဘယ်လိုလေ့ကျင့်ပေးရပါ့။ ကလေးတွေ ကျောင်းနေပျော်နိုင်ကြရှာပါ့မလား။ အသိဆရာတစ်ဦးကို သူ့တပည့်လေးက "ဆရာရယ် ကျောင်းမတက်ချင်ပါဘူး။ ပျင်းဖို့သိပ်ကောင်းတာပဲ"ဟု ဖွင့်ဟရှာသည်။ ထို့အတူ မိမိတို့ ပတ်ဝန်းကျင်၌လည်း ကျောင်းကိုငြင်းဆန်နေသော မျိုးဆက်သစ်လေးများ ဘယ်လောက်ရှိနေနိုင်မည်နည်း။ သေချာဆန်းစစ်မိကြစေလိုပါ၏။ ကျောင်း၌ ကစားခွင့်မရတော့ အိမ်မှာကော ကစားလို့ရနိုင်ပြီလား။ ပိုဆိုးသည်ဟု ဆိုရမည်။ တိုက်ခန်းကျဉ်းကျဉ်းလေးမှာ ပြွတ်သိပ်နေရသော ရန်ကုန်၏ လူနေမှုဟန်ပန်ကို အားလုံးသိပြီး ဖြစ်ပါသည်။

ကောင်းပြီ။ကျောင်းနေမပျော်သော ကျောင်းသားလူငယ်လေးများ။ သူတို့၏ စိတ်ထွက်ပေါက်ကို ဘယ်လိုပေးသနည်း။ မိဘများကကော ကစားကွင်းအစား သားသမီးများကို ဘာတွေ ဖန်တီးပေးသနည်း။ တီဗွီ၊ ဖုန်း၊ ဂိမ်း စသည်တို့ကို ဖန်တီးပေးကာ ကစားစေသည်ဟု ထင်မြင်မိပါသည်။ ထို့ကြောင့် ကျောင်းသားလေးများသည် ဂိမ်းစွဲသွားတတ်ကြကာ စာပေပညာဘက်၌ အာရုံစူးစိုက်မှု အားနည်းလာသည်။ နောက်ဆုံး၌ ပညာလမ်းမှ ဘေးထွက်သွားကြရသည့်အဖြစ်များ ဖြစ်လာနိုင်ပေသည်။ ကျောင်း၌ အားကစားကွင်းမရှိသော နောက်ဆက်တွဲ

များကို ကျွန်တော်တို့ မိဘဆရာများ၊ တာဝန်ရှိသူများ အလေးထား စဉ်းစားသင့်လှပါသည်။

(၄)

ကျွန်တော် ဖတ်ဖူး၊ ကြားဖူးတာလေး တစ်ခုရှိသည်။ စင်ကာပူ ဝန်ကြီးချုပ် လီကွမ်ယု၏ စကားဖြစ်ပါ၏။ "အားကစားကွင်းပါမှ ကျောင်းဆောက် ခွင့်ပေးမည်"ဟူသတတ်။ သူ၏ မျိုးဆက်သစ်တို့ အတွက် ထားရှိသော စေတနာ၊ အမြော်အမြင်ကြီးမားပုံတို့ကို ကျွန်တော် လေးစားမိပါ၏။ ကျောင်းဆိုတာ စာချည်းသက်သက် သင်သည့်နေရာ မဟုတ်သည်ကို သတိပြုရာ၏။ ကျွန်တော်တို့ မျိုးဆက်သစ်လေးများ ကျောင်းနေပျော်အောင်၊ ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် အားကစားကွင်းလေးများ ဖန်တီးပေးကြစို့လား။ ။

**ACADEMIC WEEKLY Educational Journal,**
**အတွဲ(၆)၊ အမှတ်(၂၅)၊ ၂၀၁၇**

# လူ့ဘာနိဗ်ိုး

(၁)

ကျွန်တော်သည် အလျဉ်းသင့်သလို စာတွေ့နှင့် ငါတွေ့လေးများကို ရေးဖြစ်နေမိပါသည်။ မိမိအတွေ့အကြုံများထဲမှ သတိပြုဆင်ခြင်စရာလေးများကို စာဖတ်သူများအား ပြန်လည်မျှဝေလိုသော ဆန္ဒကြောင့်သာဖြစ်ပါ၏။ ယခုလည်း ကျွန်တော်ဖတ်မိပြီး ရင်ထဲစွဲကျန်နေခဲ့သော အကြောင်းခြင်းရာလေးတစ်ခုအား ပြောပြချင်မိပါသည်။

ဖတ်ထားတာ အတော်လေး ကြာခဲ့ပါပြီ။ လွန်ခဲ့သည့် ငါးနှစ်လောက်က ဖြစ်သည်။ စာအုပ်က ပါးပါးကလေး။ ခေါင်းစဉ်က "လူဖြစ်ရကျိုးနပ်ပါစေနှင့် အခြားဆောင်းပါးများ" ဖြစ်ပါသည်။ ရေးသူကား ဆရာကြီးရွှေဥဒေါင်း ဖြစ်သည်။ ထိုစာအုပ်လေးထဲမှ အဖြစ်အပျက်ကလေးတစ်ခုကို စွဲစွဲမြဲမြဲ သတိတရရှိနေပါသည်။ အခါ

အခွင့်သင့်တိုင်းလည်း တပည့်လေးများကို ဖောက်သည်ချပေးဖြစ်ပါသည်။

ကျွန်တော့်ရင်ထဲစွဲနေမိသည့် ထိုအဖြစ်အပျက်ကလေးကား ရိုးရှင်းပြီး အနှစ်သာရရှိပေ၏။

တစ်ညနေ၌ ပါမောက္ခဆရာကြီးနှင့် တပည့်တစ်ယောက်တို့သည် လမ်းလျှောက်ထွက်လာကြ၏။ လူသူကင်းရာ ရွာထိပ်လယ်ကွင်းပြင်ဆီသို့ ဦးတည်လာခြင်း ဖြစ်သည်။ တစ်နေ့တာ ပင်ပန်းသမျှကို ညနေဆည်းဆာ အလှအပကို ခံစားကာ ဖြေဖျောက်လို၍ ယခုကဲ့သို့ လမ်းလျှောက်ထွက်လာခြင်း ဖြစ်ပါသည်။ ကျန်းမာရေးနှင့်လည်းညီပြီး နှလုံးသားအာဟာရလည်း ဖြစ်စေသည်။ အလှအပခံစားတတ်သူတို့၏ နှလုံးသားတို့သည် ဘယ်ပုံဘယ်နည်း ရှိမည်နည်း။

လယ်ကွင်းများသည် စိမ်းလန်းသော စပါးပင်များဖြင့် ပြည့်နက်နေ၏။ လေပြည်လေညင်းက ပြေပြေကလေး တိုက်ခတ်နေ၏။ နေရောင်က မှိန်ဖျော့ဖျော့။ ရွှေအိုရောင် ညနေဆည်းဆာအလှတို့ကို ကြည့်ရှုခံစားငေးမောကာ ဆရာကြီးကား ကျေနပ်ပီတိဖြစ်နေ၏။ သို့နှင့် ဆရာတပည့်နှစ်ဦးသား စကားတပြောပြောနှင့် လမ်းလျှောက်လာကြသည်။ ထိုစဉ် လယ်ကွက်ထဲမှ အလုပ်သိမ်းပြီးပြန်လာသည့် လယ်သမားကြီးတစ်ဦးနှင့်ဆုံသည်။

အင်္ကျီက စစ်အင်္ကျီလက်ရှည် နွမ်းနွမ်းကလေး။ ၎င်းအင်္ကျီ၌ ရွှံ့စက်တို့ မင်းမှူနေပြန်၏။ ပုဆိုးက ခပ်တိုတို။ တောစီးဘွတ်ကို စီးထား၏။ လက်ထဲ၌ ပေါက်တူးကို ကိုင်ထား၏။ သူ၏တစ်ကိုယ်လုံး၌ ချွေးနံ့များ သင်းလျက်ရှိ၏။ လယ်သမားကြီးသည် သူ၏ တစ်နေ့တာ အလုပ်ပြီးမြောက်သွားသဖြင့် မျက်နှာက အောင်ပွဲရ စစ်သားနှယ် ကြည်ရွှင်နေ၏။

ပါမောက္ခဆရာကြီးသည် လယ်သမားကြီးအား နှုတ်ခွန်းဆက်ကာ နှစ်ဦးသား သာကြောင်းမာကြောင်း၊ ကြီးပွားရေး၊ စီးပွားရေးတို့ကို

ပြောဆိုရင်း စကားလက်ဆုံကျလျက်ရှိနေ၏။ တပည့်ဖြစ်သူမှာကား ခပ်လှမ်းလှမ်းကသာ ဆရာကြီးကို စောင့်နေ၏။ သူ၏ မျက်နှာ၌ကား အလိုမကျခြင်း၊ သဘောမကျခြင်းတို့ပေါ်လွင်နေ၏။

ဆရာကြီးသည် လယ်သမားကြီးနှင့် အတန်ကြာ စကားပြောဆို နှုတ်ဆက်ပြီးလျှင် တပည့်ရှိရာသို့ လမ်းလျှောက်လာသည်။ တပည့်က ဆရာကို ကြည့်လျက် "ဆရာကြီး ဘာလို့ အဲဒီလို စုတ်ပေတေတဲ့လူနဲ့ စကားပြောရတာလဲ မသင့်တော်ပါဘူးဆရာကြီး"လို့ ပြောလိုက်သည်။ ဆရာကြီးသည် တပည့်အား အံ့ဩသည့်မျက်နှာဖြင့် ကြည့်လိုက်ပြီးပြော၏။

"ငါ့တပည့် မင်းက လူတစ်ယောက်ရဲ့ တန်ဖိုးအဆင့်အတန်းကို ရုပ်ဆင်းသဏ္ဍာန်ကို ကြည့်ပြီး သတ်မှတ်နေတာကိုး။ ငါက အဲဒီ လယ်သမားကြီးရဲ့ ရိုးသားမှု၊ ဖြူစင်မှုကို တန်ဖိုးထားလေးစားလို့ ခေါ်ပြောနေတာကွယ့်။

မင်းနဲ့ငါက ချိန်ခွင်တစ်ဖက်မှာထိုင်၊ ဟိုလယ်သမားကြီးက ချိန်ခွင်တစ်ဖက်မှာ ထိုင်ကြပြီး ရိုးသားမှုချင်းပြိုင်ရင် ချိန်ခွင်လျှာက အဲဒီလယ်သမားကြီးဘက်ကိုပဲ ရောက်နေမှာ သေချာတယ်"

ဩော် မိမိကိုယ့်မိမိ နှိမ့်ချတတ်သော ပါမောက္ခဆရာကြီး၏ လူ့တန်ဖိုးကို ရှုမြင်ပုံလေးက အချိန်ကာလတို့ကို ကျော်ဖြတ်၍ ကျွန်တော့်ရင်ထဲ စွဲကျန်နေဆဲ။ (လူ့တန်ဖိုးက ရုပ်ဝတ္ထုပစ္စည်းတွေ၊ အဝတ်အစားတွေမှာ မရှိဘူးဆိုတဲ့ အသိလေးနဲ့ ကျွန်တော်လည်း လောကကြီးထဲ ကြိုးစားဖြတ်သန်းဆဲ။)

ကျွန်တော်တို့ လူ့ဘောင်ပတ်ဝန်းကျင်၌ လူ့တန်ဖိုးအစစ်အမှန်ကို ဘယ်ပုံဘယ်နည်း ရှုမြင်သတ်မှတ်ကြလဲဆိုတာ ဆန်းစစ်ကြည့်စေချင်မိပါသည်။

ကျွန်တော့်အသိ ဆရာမတစ်ဦး၏ ကိုယ်တွေ့လေးကို ပြောပြချင်မိပါသည်။ သူက နယ်တက္ကသိုလ်က ကထိကတစ်ဦး ဖြစ်ပါသည်။

ဇာတိက ရန်ကုန်က။ မိဘတွေထံ ရုံးပိတ်ရက်လေးတွေမှာ ပြန်ဖြစ်၏။

၂၀၁၀–၂၀၁၁ ဝန်းကျင်ခန့်က ဖြစ်ပါသည်။ ပခုက္ကူကနေ ရန်ကုန် အသွားအပြန်ခရီးသည် သူ့အတွက် မဆန်းကြယ်လှတော့။ ပိတ်ရက်မှာ ပခုက္ကူမှကားစီး၊ ရန်ကုန်က မိဘအိမ်ပြန်။ အစုန်အဆန် ခရီးကြားမှာ ကြုံတွေ့ခဲ့ရပုံလေးတွေကို သူနှင့်ဆုံတိုင်း ပြောပြဖြစ်ပါသည်။ လူ့စရိုက်တွေကို အတွေ့အကြုံမှတစ်ဆင့် လေ့လာသတိထားမိသည်တို့ကို ကျွန်တော့်ကို ပြန်လည်မျှဝေ ပေးတတ်၏။ သူပြော၍ လူ့လောက၊ လူ့သဘာဝတချို့ကို သိနားလည်ခွင့်ရပါသည်။

တစ်နေ့ ကျောင်းပိတ်လို့ ပခုက္ကူကနေ အိမ်ပြန်ခရီး၌ သူသည် မြင်းခြံထွက် ဖျင်စလက်ရှည် အကျီအကွက်ကို ဝတ်ထား၏။ ကာလ တန်ကြေးအနေဖြင့် ကျပ် ၃၀၀၀ ဝန်းကျင်လောက်ရှိမည်။ လက်ထဲ၌ လည်း ဒေသထွက်လေးတွေကို အိမ်အပြန်လက်ဆောင်အဖြစ် ဝယ် လာသည့် အိတ်နှင့် အဝတ်အစားအနည်းငယ် ထည့်ထားသည့် လက် ဆွဲအိတ်ကလေးတွေကို ကိုင်ထား၏။ ကားဂိတ်ရောက်သော် ကားဆရာက သူ့ကို "အဒေါ်ကြီး ရန်ကုန်ဆို ဟိုးအနောက်ထဲထိ သွားပါ"ဟု ဆိုလေသည်။

သို့နှင့်သူသည် နောက်တစ်ကြိမ်၌ ပခုက္ကူမှ ရန်ကုန်ပြန်ရန် အခြေအနေ ဖြစ်လာပြန်၏။ ထိုအကြိမ်၌ သူသည် ယခင်နှင့် မတူသော အဝတ်အစားဖြင့် ပြန်လာမိသည်။ သူ၏ အသွင်အပြင်၊ အဝတ်အစားတို့ကို မြင်သည်နှင့် ကားဆရာလေးသည် သူ့ထံသို့ ပျာပျာသလဲ ပြေးလာပြီး "အစ်မကြီး လာ လာ ကျွန်တော့်ကို အိတ်ပေး။ ရန်ကုန် မဟုတ်လား။ ရှေ့နားမှာ ထိုင်ပါ" ဟု ညှိဝတ်ကျေပွန်စွာ ပြောဆိုလေတော့သည်။

"တီချယ့်ကို မမှတ်မိလို့နေမှာပေါ့"

"ဘယ်ကလာ ငါ ပိတ်ရက်တိုင်း ပြန်နေကျပါ။ မသိစရာလား။

အဲဒီနေ့က ငါ ဖျင်စမဝတ်ထားဘူး။ ဖျင်စနဲ့ သနပ်ခါးနဲ့ဆိုတော့ တောသူမပုံ ပေါက်နေတာကိုး။ ကုတ်အင်္ကျီနဲ့ဆိုတော့ လူက သားသား နားနားပုံပေါက်နေတာလေ''

သူ့အဖြစ်ကို ဆုံတိုင်း ရယ်စရာအဖြစ် ပြန်ပြောင်းပြောပြတတ်သည်။ သူ ကြုံတွေ့ရသည့် လူ့သဘာဝလေးကို ကျွန်တော် သဘောပေါက်နားလည်ခဲ့ရသည်။

''လူမှာ အဝတ် တောင်းမှာအကွပ်''ဆိုသည့်စကားကို လက်ခံမိပါသည်။ လူအမြင်သင့်အောင်၊ ကာလဒေသနှင့် လိုက်ဖက်အောင် နေထိုင်ဝတ်စားရ မည်ကိုသဘောတူမိပါသည်။ ဘုန်းကြီးကျောင်းသွားသည့် အဝတ်အစားနှင့် မင်္ဂလာပွဲတက်သည့် အဝတ်အစားချင်း မတူနိုင်တာကို လက်ခံပါသည်။ သို့သော် အဝတ်အစားကိုကြည့်ပြီး လူ့တန်ဖိုးကို သတ်မှတ်ပြဋ္ဌာန်းကာ လူတို့၏ အရောင်ပြောင်းလဲခြင်းကိုမူကား စက်ဆုပ်မိလေသည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်၌ လူ့တန်ဖိုးအစစ်အမှန်ကို ဘယ်ပေတံနှင့် စံထားသတ်မှတ်ပါသနည်း။ လူ့တန်ဖိုးသည် အဝတ်အစား၌ မတည်။ လူ့တန်ဖိုးသည် ဥစ္စာစည်းစိမ်၌ မတည်။ လူ့တန်ဖိုးသည် ရုပ်ရည်ရူပကာ၌ မတည်။ ဆရာကြီးပါရဂူကတော့ လူ့တန်ဖိုးကို ထိုလူ၏ ပရဟိတစိတ်ဓာတ်ဖြင့် အကဲဖြတ်သည်ဟု မှတ်သားဖူးပါသည်။ စံထားအတုယူ၊ တန်ဖိုးထားမှုများ မှန်ကန်ဖို့ လိုပါလိမ့်မည်။ သို့မှသာ ခေတ်စနစ်၏ သားကောင်အဖြစ်မှ ကင်းလွတ်ကာ ရေရှည်ရပ်တည်နိုင်ပေမည်။ ခေတ်ရေစီးကြောင်းကို အကြောင်းပြကာ ဆံပင်တွေ အရောင်မျိုးစုံဆိုးတာ စံထားစရာ မဟုတ်။ နားကပ်တွေ တစ်ခုမကပန်တာ အားကျစရာ အစစ်မဟုတ်။ အဝတ်အစားတွေ ဈေးကြီးဝတ်နိုင်ခြင်းသည် လူ့တန်ဖိုးအစစ်မဟုတ်။ ဇိမ်ခံကားကြီးတွေ၊ အိမ်တွေက လူ့တန်ဖိုးကို သတ်မှတ်ပြဋ္ဌာန်းနိုင်ခြင်း မရှိ။ ချစ်သူရည်းစား အများကြီးထားနိုင်တာ အတုယူစရာ မဟုတ်။ ခေတ်ရေစီး

ကြောင်းထဲ၌ အမှိုက်သရိုက်များကို ပယ်ရှားကာ ကောင်းတာတွေ အတုယူစံထားတတ်ဖို့တော့ လိုလာပါသည်။

ယနေ့ ပညာ့ခေတ်၌ ပညာဉာဏ်ချင်း ရင်ပေါင်တန်းနိုင်ဖို့ အရေးကြီးလှပါသည်။ ကိုရီးယားဇာတ်ကားများထဲက မင်းသား၊ မင်းသမီးတို့၏ အဝတ်အစားမျှသာ အတုမယူဘဲ သူတို့ဘယ်လို နေထိုင်ကြိုးစားကြလဲဆိုတာ အတုယူမိတတ်ဖို့ လိုပါသည်။ တိုင်းတစ်ပါးမှ လူငယ်၊ လူကြီးများ အချိန်ကို ဘယ်လိုအသုံးချနေကြသလဲ ဆိုတာ လေ့လာကြပြီး ကျွန်တော်တို့လည်း မိမိတို့အချိန်ကို အကျိုးရှိရှိ မှန်မှန်ကန်ကန် အသုံးပြုတတ်အောင် လေ့ကျင့်ကြရမည်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အချိန်တိကျသည့် အစည်းအဝေးက ရှားပါး၏။ ဟိုလူစောင့်၊ သည်လူစောင့်နှင့် သတ်မှတ်ချိန်ကို လွန်မှ အခမ်းအနား စဖြစ်သည်က များပါသည်။ အချိန်လေးစား တန်ဖိုးထားသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာအောင် ကျွန်တော်တို့ ပြုစုပျိုးထောင် ရပေဦးမည်။

အထက်၌ ပြောခဲ့သလို ကျွန်တော်တို့၏ တန်ဖိုးထားမှုတွေ မှန်ကန်ဖို့ အတွေ့အကြုံများမှ သင်ယူတတ်ဖို့ လိုသလို စာပေလေ့လာ ဖတ်ရှုခြင်းမှလည်း လေ့လာသင်ယူ သင့်လှသည်။ စာအုပ်စာပေထဲက အဖြစ်အပျက်များ၊ ဇာတ်ဆောင်စရိုက်များမှတစ်ဆင့် ကျွန်တော်တို့ သည် ကိုယ့်ပတ်ဝန်းကျင်ကိုသတိထား ဆင်ခြင်မိလာနိုင်သည်။ လူ့လောကသဘောကို စောကြောမိလာနိုင်ပြီး အမှား၊ အမှန်၊ ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိလာနိုင်ပါသည်။ ထိုမှတစ်ဆင့် လူ့တန်ဖိုး အစစ်အမှန်ကို မှန်မှန်ကန်ကန် သတ်မှတ်ကျင့်သုံးလာနိုင်ပါသည်။

ကိုယ့်အတွေ့အကြုံလေးကို ကြည့်ပြီး လူ့လောကတစ်ခုလုံးကို ခြုံငုံသုံးသပ်ခြင်းက ခိုင်လုံမှုမရှိနိုင်ကြောင်း သဘောပေါက်ပါ၏။ သို့သော် ကျွန်တော့်ပတ်ဝန်းကျင်မှ အတွေ့အကြုံကလေးများကို ဆင်ခြင်မိ၍ ဤဆောင်းပါးကို ရေးလိုက်ရခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်၌ တန်ဖိုးထားမှုများ မှန်ကန်ပြီး လူ့တန်ဖိုး အစစ်အမှန်ကို လေးစားတန်ဖိုးထား ကျင့်သုံးနိုင်ကြပါစေဟု ဆန္ဒပြု လိုက်ရပါသည်။ ။

**ACADEMIC WEEKLY Educational Journal,**
အတွဲ(၆)၊ အမှတ်(၂၃)၊ ၂၀၁၇

# လူထဲကလူတွေ

(၁)

လောကဌ် လူတွေကို အသိတရားမဲ့အောင် ယစ်မူးစေတတ်သည့် အရာ များစွာရှိ၏။ မူးယစ်ဆေးတို့သည် လူကို ယစ်မူးစေတတ်၏။ အရက်သေစာသည် လူကိုမူးယစ်စေတတ်၏။ သို့သော် ကုသရန် ဆေးရှိ၏။ လူကို ယစ်မူးစေပြီး လူပုံပျက်စေလောက်သော အရာတစ်ခု ရှိပေ၏။ ကုသရန် ဆေးကား မရှိ။ အာဏာ။ ရာထူး။ လုပ်ပိုင်ခွင့်။ တစ်နည်းအားဖြင့် အတိုချုပ်ပြောရလျှင် နေရာ။

ကာတွန်းတစ်ကွက်က ဆိုသည်။ ''လူကို လူပုံပျက်သွားအောင်။ လူ့ သိက္ခာကျသွားအောင် ထိုလူကို နေရာ (ထိုင်ခုံ) သာ ပေးလိုက်ပါ'' တဲ့။ ဟုတ်သည်။ နေရာသည် လူကို ယစ်မူးစေ၏။ တပ်မက်မှု မကင်းနိုင်သော လောကလူသားတို့ကို သံသရာထဲ လွှင့်မျောစေရန်

နေရာသည် ငါးစာ ဖြစ်၏။ ငါးစာသာမြင်၍ ဒစ်မမြင်သော လူတို့အတွက် နေရာသည် သောက်လေသောက်လေ ငတ်မပြေနိုင်သည့် ကျတ်တွင်းရေလည်းဖြစ်၏။

လူတို့သည် နေရာကို မက်မောကြ၏။ နေရာရဖို့ အမှန်တရားကို ချွန်းတတ်ကြ၏။ သံယောဇဉ်တို့ကို မျက်ကွယ်ပြုတတ်၏။ သွေးသားကို အရေးမထား၏။ သတ်ဖြတ်ဖို့၊ ချောက်ချဖို့၊ ခြေထိုးဖို့ ဝန်မလေးတတ်ပေ။ မြန်မာ့ရာဇဝင်။ ကမ္ဘာ့ရာဇဝင်ကို ပြန်ကြည့်လိုက်လျှင် နေရာအတွက် အဖက သားကိုသတ်၊ သားက အဖကိုသတ်၊ အစ်ကိုက ညီကိုသတ်၊ ညီက အစ်ကိုကို သတ်နှင့် လူ့ဂုဏ်သိက္ခာတို့ ကျဆင်းခဲ့ရ၏။ ဘုရားရှင် လက်ထက်က အဇာတသတ်မင်းက ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်တာ ဘာကြောင့်လဲ။ ရေသည်ပြဇာတ်ထဲက ရေသည်အိမ်ရှေ့မင်းသည် ကျေးဖူးရှင် ဥဒယမင်းကြီး သတ်ဖို့ကြံစည်တာ ဘာကြောင့်လဲ။ မြန်မာ့လွတ်လပ်ရေး သမိုင်းမှာ ဦးစောက နိုင်ငံ့ခေါင်းဆောင်တွေကို လုပ်ကြံတာ ဘာကြောင့်လဲ။ လုပ်ပိုင်ခွင့်အာဏာ နေရာကြောင့်ဆိုတာ ထင်ရှားလေ၏။

နေရာသည် လူ့စိတ်ကို ပြောင်းလဲစေတတ်၏။ နေရာမရမီ စိတ်သည် နေရာရပြီးစိတ်နှင့် ကွဲပြားတတ်၏။ မဲမရမီ အမတ်လောင်းသည် မဲရပြီး အမတ်နှင့် မတူတတ်ပေ။ မဲမရမီ၊ ရွေးကောက်ပွဲမနိုင်မီက ချောင်းပေါက်မတတ် ရောက်လာသော ပညာရှိအမတ်လောင်းကြီးသည် နေရာရပြီးလျှင် အလုပ်တွေ နစ်မြုပ်နေ၍ ပေါ်မလာတတ်ပေ။ မေ့တတ်တာ လူ့သဘာဝဟုသာ ဆိုရန်ရှိတော့သည်။

နေရာသည်ကား မသုံးတတ်လျှင် ဘေးဖြစ်၍ သုံးတတ်လျှင် ဆေးဖြစ်၏။ နေရာသည် လူကို ဂုဏ်တက်စေသလို ဂုဏ်ပျက်စေနိုင်၏။ နေရာကို ဘယ်လိုအသုံးချမလဲဆိုတာပေါ် မူတည်ပြီး လူတို့၏ တန်ဖိုးသည် ကွဲပြားခြားနားသွားတော့၏။ လူမှန်တို့သည် နေရာကို

သူတစ်ပါးအကျိုးအတွက် အသုံးချ၏။ လူ့အတ္တတို့သည် နေရာကို ကိုယ်ကျိုးအတွက် အသုံးချ၏။ ထို့ကြောင့် နေရာသည် လူမှန်တို့ လက်ထဲရောက်ရှိဖို့ သိပ်အရေးကြီးလှ၏။

လောကဓမ္မတာအရ လူသည် အမှန်တရားထက် ကိုယ့်ကို မြှောက်ပင့်စကားတို့ကို နှစ်ခြိုက်တတ်၏။ ကိုယ်ပြောသမျှ ခေါင်းညိတ်၍ လုပ်ဆောင်တတ်သူကိုသာ သဘောကျတတ်၏။ ကိုယ့်ကိုပြန်ထောက်၊ ဝေဖန်၍ မှန်ရာကို ပြောဆိုတတ်သူတို့ကို မနှစ်မြို့။ မှန်သောစကားကို ဆိုနေသည်ကို သိသော်ငြား နား၌ ခါးနေတတ်ပြီး ဦးနှောက်က လက်ခံဖို့ ငြင်းဆန်ကြ၏။ အမှန်တရားကို အသက်နှင့် ရင်းပြီး ပြောဆိုလုပ်ကိုင်ကျင့်ကြံသူတို့အတွက် နေရာရဖို့ ရှားပါးလှ၏။ အထူးသဖြင့် မြန်မာ့လူမှုအသိုင်းအဝိုင်း၌ ထိုအချက်သည် ပိုမှန်ပေလိမ့်မည်။ မင်းလိုလိုက် မင်းကြိုက်ဆောင်သူ။ ရပ်တည်ချက် ခိုင်ခိုင်မာမာမရှိဘဲ သာသည့်ဘက် ယိမ်းတတ်သူတို့ နေရာရလာလျှင်ကား လူ့လောကပျက်စီးဖို့ နီးစပ်လာ၏။ အဓမ္မသည် ဓမ္မဟု ထင်မှတ်လာကြမည်။ အမှားကြာ၍ အမှန်ထင်လာကြမည်။ သို့ဆိုလျှင် လူမှန်၊ နေရာမှန်ဖို့အရေးသည် လူ့လောက၏ အနာဂတ်ကို ပြဋ္ဌာန်းနေလေသည်။

ပတ်ဝန်းကျင်၌ အမှန်တရားကို လက်ကိုင်ထားပြီး အမှန်စကားကိုသာ ပြောဆိုတတ်သူတချို့ကို ကြုံတောင့်ကြုံခဲ ကြုံဆုံဖူး၏။ ဝမ်းနည်းစရာကောင်းသည်ကား သူတို့ကို အထက်လူကြီးမင်းများက သဘောမကျခြင်းပင်ဖြစ်၏။ သို့သော် သူတို့ကား မမှု။ အမှန်တရား၏ ထာဝရဘက်တော်သားများပီပီ ကိုယ့်အလုပ်ကိုယ်လုပ်၏။ ဘယ်လူကြီးကိုမှ မဖား။ မလိုအပ်ဘဲ မတွေ့။ မလိုအပ်ဘဲ မပြော။ ထိုအမူအကျင့်တို့ကြောင့် သူတို့ သည် နေရာမရ။ ချောင်ထိုးခံထားရ၏။ လူမှန်များကို နေရာမပေးခြင်း၊ ချောင်ထိုးထားခြင်းကား တိုင်းပြည်မျက်နှာကို မငဲ့ကွက်ခြင်း၊ တိုင်းပြည်အနာဂတ်ကို သတ်လိုက်ခြင်းလည်းဖြစ်သည်ကို

သတိပြုရာ၏။

"လုပ်ပိုင်ခွင့်မရှိရင် ကိုယ်လုပ်ပေးချင်တာတွေ ဘာမှလုပ်လို့မရဘူးကွ။ ဒါကြောင့် ငါ ရာထူးယူချင်တာ"

သူနှင့် လက်ဖက်ရည်ဆိုင်မှာတွေ့တိုင်း သူ့ဆီက ကြားရသောစကား ဖြစ်၏။ သူဆိုသော ရင်ထဲက လေးစားမိသော ပါမောက္ခကြီးတစ်ဦး၏ နှလုံးသားကို ခံစားတွေ့မြင်လိုက်ရ၏။ တစ်ဆက်တည်း ရင်ထဲနာကျင်မိသည်။ နေရာအာဏာကို ကိုယ့်အတွက်မဟုတ်ဘဲ အများအကျိုးအတွက် တောင်းဆိုနေသူကို ဘယ့်အတွက် နေရာမပေးကြသနည်း။ ကိုယ့်ထက် သာမှာ။ ကိုယ့်ထိုင်ခုံလုပ်မှာ စိုးသောကြောင့် ဖြစ်တန်ရာ၏။ ခုတော့ဖြင့် ထိုပါမောက္ခကြီးသည် အငြိမ်းစား ဖြစ်သွားလေ၏။ နေရာယူတတ်သူတွေ ပေါများလှသည့်လောက၌ သူ့အတွက် နေရာသည် ရှားပါးနေပြီထင်၏။ ဘဝဆက်တိုင်း လူမှန်များကို နေရာပေးသော ရပ်ဝန်းမှာ လူဖြစ်ပါစေဟု စိတ်မကောင်းစွာ ဆုမွန်တောင်းလိုက်ရပေသည်။

(၂)

လူ့ဘဝသည် တိုတောင်းလွန်း၏။ ရေပွက်ပမာ တစ်သက်တာဟု တင်စားတတ်ကြ၏။ အရွယ်သည် တဖြည်းဖြည်း ရင့်ရော်အိုမင်းလာ၏။ သို့သော် လူတို့သည် ဘဝကို မကုန်ခမ်းနိုင်အောင် ရှည်သည် ထင်၏။ အိုလာသည်ကိုလည်း ပျိုနေသည်ဟု ကိလေသာအမြင်ဖြင့် ကြည့်တတ်၏။ ထို့ကြောင့် သံသရာသည် ရှည်လာ၏။ လူတို့သည်လည်း ထိုသံသရာ ရေယာဉ်ကြော၌ မျောပြီးရင်း မျောပါနေတော့၏။

နေရာတည်းဟူသော ရာထူး။ အာဏာ၊ လုပ်ပိုင်ခွင့်တို့သည် လူတို့အား ကပ်ငြိတွယ်မိလျှင် ခွာရခက်၏။ အာဏာယစ်သည်ဟု ဆိုကြသည်။ လုပ်ပိုင်ခွင့်ပေးလိုက်လျှင် လူတို့၏ စရိုက်အမှန်သည် ထင်ရှားလာ၏။ လုပ်ပိုင်ခွင့်ကို အလွဲသုံးစား လုပ်သူလား။ မှန်မှန်ကန်ကန်ဖြင့် အများအတွက် အသုံးချတတ်သူလားဆိုတာ သိနိုင်၏။

လုပ်ပိုင်ခွင့်အာဏာအရှိန်အဝါကြောင့် အရောင်တောက်နေသူတို့သည် လုပ်ပိုင်ခွင့်၊ နေရာမရှိတော့လျှင် လောက၌ အထီးကျန်မှုကိုသာ အဖော်ပြုသွားရပေမည်။ အမှန်အကန်များနှင့် ကင်းဝေးလျက် အယောင်ဆောင်များနှင့်သာ မိတ်ဖွဲ့ခဲ့ရသော ထိုသူတို့၏ ဘဝနေဝင်ချိန်သည် သိမ်ငယ်စရာအတိ။

လူကို ယစ်မူးစေတတ်သော ရာထူး၊ အာဏာ၊ စည်းစိမ်၊ နေရာတို့ကို မတပ်မက်၊ မတွယ်တာသော လူသည် အာဂလူဖြစ်၏။ နေရာ၌ ယစ်မူးတတ်သူတို့ကြား၌ ထိုသူတို့သည် ထူးခြားလှ၏။ လေးမြတ်ကြည်ညိုစရာ ကောင်း၏။ ထိုသူများကား အလာကောင်းခဲ့သလို အနေကောင်းခဲ့သူများ ဖြစ်၏။ ထို့အတူ အပြန်လည်းကောင်းလှ၏။ ရာထူး၊ အာဏာ၊ နေရာတို့ကိုသာမက မိသားစုကိုပင် စွန့်လွှတ်ခဲ့သော သိဒ္ဓတ္ထမင်းသားကို ကြည်ညို၏။ ထို့အတူ လွတ်လပ်ရေးရပြီးရင် စာပဲရေးချင်တယ်ဟု ဆိုသွားရှာလေသူ ဗိုလ်ချုပ်အောင်ဆန်းကို ကြည်ညို၏။ မိမိရရှိနေသော နေရာ၌ မယစ်မူးတတ်သော လူထဲက လူတွေကို ရှားရှားပါးပါး ကြုံတွေ့ကြားသိရသည့်အတွက်ပင် စိတ်ထဲ၌ ကြည်နူးဝမ်းမြောက်ရ၏။ လေးစားအားကျရ၏။

(၃)

လူသည် ကြွားဝါခြင်းကို လက်စွဲထားတတ်ကြ၏။ မိမိရောက်ရှိ ရရှိနေသော နေရာကို ထုတ်ဖော်တတ်ကြ၏။ သာရေး၊ နာရေး ဖိတ်စာတို့၌ ဘာဘွဲ့ရ။ ဘာရာထူး စသည့် နာမဝိသေသနတို့ဖြင့် မိမိ၏နေရာကို မသိမသာ ဖော်ပြတတ်၏။ လူထုထပ်သည့် နေရာများ၌ ကိုယ် ဘာကြီးပါဟု ပြောဆိုတတ်သူများသည်ကား သိသိသာသာ ဖော်ပြသူများဖြစ်၏။ နားထောင်သူများ အထင်ကြီး လေးစားလာအောင် ထိုနည်းများဖြင့် လုပ်ဆောင်တတ်ကြ၏။ နေရာကိုကြည့်၍ ဆက်ဆံမှုအရောင်ပြောင်းတတ်သော လူ့လောက၌ နေရာကို ဖော်ထုတ်နေကြခြင်းကား တကယ်တော့ မဆန်းကြယ်လှပေ။

ကိုယ့်နေရာကို မလိုအပ်ဘဲ ဖော်ပြနေသူတို့အလယ်၌ ကိုယ့်နေရာကို မဖော်ထုတ်တတ်သူများကို ရံဖန်ရံခါ တွေ့ရတတ်၏။ ထူးခြားဖြစ်စဉ်ဟု ဆိုနိုင်၏။ တက္ကသိုလ်တစ်ခု၏ အဓိပတိ ပါမောက္ခချုပ်ကြီးက စာပေနယ်၌ ကျင်လည်ရာတွင် ကလောင်အမည်၌ ပါမောက္ခဟုသာ ဖော်ပြခြင်းက လေးစားစရာ ဖြစ်နေ၏။ မိမိကိုယ်ကိုယ် နှိမ့်ချရာရောက်ပေ၏။ "စီမံအုပ်ချုပ်ရေးတွေထက် ပညာရပ်ကို အမြဲထိတွေ့နေရတဲ့ ပါမောက္ခဘဝကို ပိုသဘောကျတယ်" ဆိုသော သူ့ခံယူချက်က ခိုင်မာ၏။ ပြတ်သား၏။ ထို့အတူ အခြေခံပညာဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်ကြီးက သူ့အမြတ်နိုးဆုံးက ပါမောက္ခပါဟု ပြောပြသည်ကို ကြားရဖူး၏။ ဤတွင် ဘာကြောင့် ပါမောက္ခ မလုပ်ဘဲ ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးချုပ် လုပ်တာလဲဟု မေးစရာ ရှိလာ၏။ ဤအဖြေကို သူတို့သာ ဖြေနိုင်ပါလိမ့်မည်။ ဤစာ၏ အထက်တစ်နေရာ၌ အများအတွက် နေရာလိုချင်ပါသည်ဟုဆိုသော ပါမောက္ခကြီးလို သူတို့၌ နေရာယူမှန်သော စိတ်ဓာတ်ကြောင့်ဖြစ်မည်ဟု ထင်မိပါ၏။ ကိုယ်ကျိုးအတွက် နေရာကို ခုတုံးလုပ်လိုသူတို့လက်ထဲ နေရာပေးရှိခြင်းထက် ထိုသူတို့လက်ထဲ နေရာရှိခြင်းက ပိုကောင်းမည်ဟု မြင်မိပါ၏။ အသုံးမပြုတတ်သူလက်ထဲ ရာထူး၊ အာဏာ၊ နေရာရှိသော်လည်း အများအတွက် အကျိုးဖြစ်ထွန်းလာမည် မဟုတ်သည့်အပြင် ဆိုးကျိုးများပင် ဖြစ်ထွန်းလာစေတတ်၏။ ထို့ကြောင့် လူမှန်တို့အား နေရာပေးခြင်းသည်သာ လောကကို စောင့်ရှောက်ခြင်းဖြစ်ပေ၏။

လောကတွင် နေရာ၌ မယစ်မူးတတ်သော လူတွေ လိုအပ်၏။ ရာထူး၌ မယစ်မူးတတ်သော လူတွေလိုအပ်၏။ လုပ်ပိုင်ခွင့်၌ မယစ်မူးတတ်သော လူတွေလိုအပ်၏။ အာဏာ၌ မယစ်မူးတတ်သော လူတွေလိုအပ်၏။ နေရာ၊ ရာထူး၊ လုပ်ပိုင်ခွင့်၊ အာဏာတို့ကို ကိုယ်ကျိုးအတွက်မဟုတ်ဘဲ အများအကျိုးအတွက်သုံးမည့် လူများကို အရေးတကြီး လိုအပ်၏။ ထိုသို့သော လူများဖြင့်သာ လောကသည် စည်ပင်

ဖွံ့ဖြိုး၍ သာယာအေးချမ်းနိုင်ပေမည်တကား။ ။

ACADEMIC WEEKLY Educational Journal
အတွဲ(၆)၊ အမှတ်(၂၇)၊ ၂၀၁၇

# အချိန်ယဉ်ကျေးမှု

(၁)

လူငယ်တွေကို အလေးထားပြီး လူငယ်တွေဘဝတိုးတက်ရန် အချိန်ကို တန်ဖိုးထားတတ်ဖို့အကြောင်း ဟောပြောလေ့ရှိသူမှာ ကွယ်လွန် သွားရှာပြီဖြစ်သော ဆရာကြီး ဦးအောင်သင်းပဲ ဖြစ်ပါသည်။ သူ၏ ကဲ့ကူလက်လှည့်၊ မျိုးဆက်သစ် တိုးတက်ရစ်ဖို့၊ အမွေ စသည်တို့မှာ ကျွန်တော် လက်ကမချနိုင်သော စာအုပ်များ ဖြစ်ပါသည်။ သူ့ကို အထူးမိတ်ဆက်ပေးစရာလိုမည်မထင်ပေ။ ကျွန်တော်တို့ ကြီးငယ်လတ်အားလုံး ကြည်ညိုလေးစားရသော စာရေးဆရာကြီးပင် မဟုတ်လား။

ဆရာကြီး၏ ဟောပြောပွဲများကို မကြာခဏ နားထောင်ဖြစ်ပါ သည်။ သူ့ဟောပြောပွဲများ၌ လူငယ်များဘဝကို တောက်ပြောင် လာရေးအတွက် အချိန်ကိုလေးစားတန်ဖိုးထားဖို့ အမြဲပြောလေ့ရှိ သည်။ သူ၏ စကားတချို့က ကျွန်တော်၏ နားထဲက မထွက်ပေ။

**"မင်းတို့တွေ ကိုယ့်အသက်ကို ကိုယ်ချစ်လား။ အသက်ဆို တာ အချိန်နဲ့ဖွဲ့စည်းထားတာကွ။ အသက်(၆၀)နှစ်။ ဒါအချိန် မဟုတ်ဘူးလား။ အေး ကိုယ့်အသက်ကို ချစ်ရင် အချိန်ကို တန်ဖိုးထားကြ"**

ဘဝကို အချိန်ဖြင့် ဖွဲ့စည်းထား၏။ တိုတောင်းလှသော လူ့ဘဝ ခဏတာ၌ အချိန်သည်အသက်။ အသက်သည် အချိန်ဖြစ်၏။ ထို့ကြောင့် အကန့်အသတ်ဖြင့် နေရသော လူ့ဘဝ၌ အချိန်ကို လေးစားတန်ဖိုးထားကာ အကျိုးရှိရှိ အသုံးချတတ်ရန်လိုပေ၏။ လောက၌ အထွတ်အထိပ်သို့ ရောက်ရှိနေသူတို့ကို ကြည့်လိုက်ပါ။ ထိုသူတို့သည် သူတို့၏ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်သော ကြောင့် အောင်မြင်လာကြသည်ကို တွေ့ရနိုင်သည်။ ကိုယ်ပိုင်အချိန် တို့ကို မည်သို့မည်ပုံ အသုံးချသလဲအပေါ် မူတည်၍ အောင်မြင်သူနှင့် ကျရှုံးသူဟူ၍ ကွဲပြားသွားရသည်။ ဘဝတိုးတက်ရေးအတွက် အချိန် ကို မှန်ကန်စွာ အသုံးချတတ်ရန် ဆရာကြီး ပီမိုနင်းကလည်း အား လပ်သောအချိန်အပိုင်း လေးများကို အဖိုးတန်ဆုံးသော အရင်း အနှီးအဖြစ် အသုံးပြုဖို့လိုကြောင်း အကြံပြုတိုက် တွန်းထားပါသည်။

မှန်ပါသည်။ အကန့်အသတ်ဖြင့်သာ ရရှိနိုင်သော အချိန်နာရီများ။ ပြန်လည်၍ မရနိုင်သော အဖိုးတန်ရတနာအချိန်၊ မွန်မြတ်လှသော လူ့ဘဝကို ပြောင်လက်တောက်ပလာစေနိုင်သောအချိန်။ ထိုကဲ့သို့ ဘဝ အတွက် အရေးပါလှသော အချိန်နာရီများကို တန်ဖိုးမထားခြင်း၊ အချည်းနှီး ကုန်ဆုံးစေခြင်းသည် ကိုယ့်ဘဝကို ကိုယ်တိုင် ဖျက်ဆီး လိုက်ခြင်းသာ ဖြစ်ပေသည်။

(၂)

တချို့သော လူ့အတွေ့များသည် ကိုယ့်အချိန်နာရီများကိုသာ အဖိုးထိုက်တန်သည်ဟုသာမြင်ပြီး သူတစ်ပါးတို့၏ အချိန်နာရီများ သည်ကား အဖိုးမတန်ဟု သဘောထားကြသည်ကို တွေ့မြင်နေရပေ၏။ ထိုသို့ သူတစ်ပါး၏ အချိန်ကိုမလေးစား၊ အလဟဿကုန်ဆုံးစေခြင်းသည်ကား သူတစ်ပါး၏ ဘဝကို ဖျက်ဆီးလိုက်ခြင်းမည်ပေ၏။ ကိုယ့်အတွက်နှင့် သူတစ်ပါးကို အချိန်ပေါင်းများစွာ စောင့်ခိုင်းခြင်း၊ ချိန်းထားသည့်အချိန်ကို တလေးတစားမရောက်လာခြင်း စသည်တို့သည် အကျင့်ပျက်စရိုက်များပင် ဖြစ်ပါသည်။ အချိန်ကိုမလေးစားသော ထိုစရိုက်များကြောင့် တိုင်းပြည်မတိုးတက်ရခြင်းသာ ဖြစ်၏။ ထို့ကြောင့် တိုင်းပြည်တိုးတက်စေလိုလျှင် ကိုယ့်အချိန်ကိုလေးစားဖို့ လိုသကဲ့သို့ သူတစ်ပါး၏ အချိန်ကိုလည်း တန်ဖိုးထားလေးစားတတ်ဖို့ လိုပေလိမ့်မည်။

ကျွန်တော်တို့ပတ်ဝန်းကျင်ကို သတိထားကြည့်ပါ။ ကိုယ့်အချိန်ကို တန်ဖိုးထားသူ၊ တန်ဖိုးမထားသူ၊ ကိုယ့်အချိန်ကို တန်ဖိုးထားပြီး သူတစ်ပါး အချိန်ကို မလေးစားသူ၊ ကိုယ့်အချိန်ကိုလည်း တန်ဖိုးထားပြီး သူတစ်ပါး အချိန်ကိုလည်း အလေးထားသူ၊ ကိုယ့်အချိန်ကိုလည်း မလေးစား၊ သူတစ်ပါးအချိန်ကိုလည်း မလေးစားသူများကို သေချာသတိထားကြည့်ပါ။ သတ်မှတ်အချိန်၌ စတင်သော အခမ်းအနားတစ်ခုကို မြင်ဖူးပါသလား။ လူကြီးမလာသေးလို့၊ ပရိသတ်မစုံသေးလို့ အခမ်းအနားမစနိုင်သေးတာတွေကို ကျွန်တော်တို့ပတ်ဝန်းကျင်၌ နေ့စဉ်ကြုံတွေ့နေရသည်။ အချိန်မလေးစားသည့်ပြယုဂ်များသာ ဖြစ်ပါ၏။

၁၀ မိနစ်သာမောင်းလျှင် ရောက်နိုင်မည့်ခရီးကို နာရီဝက်၊ တစ်နာရီ စီးသွားဖူးကြပေလိမ့်မည်။ ကားလမ်းရှင်းနေပါလျက် မှတ်တိုင်မှာရပ်နေတာ ငါးမိနစ်လည်းမက၊ ၁၀ မိနစ်လည်း မက။

လူမပြည့်မချင်း စောင့်ခဲ့ကြဖူးပါသလား။ ကိုယ့်ငွေရရေးတစ်ခုကိုသာ ကြည့်တတ်ပြီး ခရီးသည်တို့၏ အချိန်ကို မလေးစားတတ်သူတို့ကား သူတစ်ပါး၏ ဘဝတွေကို ဖျက်ဆီးနေသည်ဟုသာ ကျွန်တော်မြင်မိပါသည်။

သူတစ်ပါးသွားမည့်လမ်းကို ရှေ့ကပိတ်ဆို့ထားခြင်းသည်လည်း ယုတ်မာအောက်တန်းကျသည့် အမူအကျင့်ဖြစ်၏။ သူတစ်ပါး၏ လမ်းခရီးကို ကြန့်ကြာအောင်ပိတ်ဆို့ခြင်းသည် လူမပီသသော၊ အတ္တကြီးလွန်းသော စိတ်ဓာတ်သာဖြစ်ပေ၏။ အငှားကားက ကားမှတ်တိုင်မှာ ပိတ်ဆို့ရပ်ထားခြင်း၊ မြို့ပတ်ကားများက သူ့ထက်ငါ လမ်းစွမ်းပြခြေစွမ်းပြကာ လမ်းကို ရှေ့ကပိတ်ဆို့ခြင်း စသည်တို့ကို နေ့စဉ်နှင့်အမျှ တွေ့မြင်နေရတတ်ပါသည်။ အတ္တတွေ ကြီးစိုးအားများလာလျှင် ဤလူ့ဘောင်လောကသည် တိရစ္ဆာန် လောကမျှသာ ဖြစ်သွားရနိုင်ပါ၏။ လူသည် လူပီသစွာ ကိုယ့်လမ်းကို လျှောက်ရမည် မှန်သော်လည်း သူတစ်ပါး၏လမ်းကိုပိတ်ဆို့ကာ အချိန် ကြန့်ကြာအောင်မလုပ်မိဖို့ အရေးကြီးလှသည်။ ကျွန်တော်တို့ သူတစ်ပါး၏ လမ်းကို ပိတ်ဆို့နေမိပြီလားဆိုတာ ပြန်မေးကြည့်ကြစေလိုပါသည်။

ကျွန်တော်၏ ကိုယ်တွေ့လေးတစ်ခုကို မျှဝေလိုပါသည်။ ကိစ္စတစ်ခုအတွက် အစည်းအဝေးအဖိတ်ခံရပါသည်။ သို့နှင့် ဖိတ်စာပါအတိုင်း သတ်မှတ်နေရာသို့ သတ်မှတ်အချိန်မီအောင် သွားလိုက်ပါသည်။ အခမ်းအနားသည် သတ်မှတ်ချိန်ကိုပင် ကျော်လွန်နေသော်လည်း မစနိုင်သေး။ လူကြီး မလာသေး၍ ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါလူကြီးကို မိနစ် ၂၀ လောက် စောင့်လိုက်ရပါသည်။ အခမ်းအနားသို့ နောက်ကျရောက်လာသော ထိုလူကြီးသည် သူနောက်ကျ၍ အားမနာ။ မတောင်းပန်။ သူ၌တခြားအရေးကြီးကိစ္စရှိနေလျှင်လည်း အကျိုးအကြောင်းလေးပြောပြပြီး တောင်းပန်သင့်သည်မဟုတ်လား။ အမှားလုပ်ပြီး မသိသလိုနေတတ်သည့်

အကျင့်က ကျွန်တော်တို့လူမျိုး၌ အရိုးစွဲနေတော့လည်း အခက်သား။ ထို့ကြောင့် သူ မတောင်းပန်သည်ကို အပြစ်တော့မဆိုသာ။ ဤသို့ဖြင့် အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်ကို ကြေညာပြီး စဖွင့်သည်။ လူကြီးဆိုသော နောက်ကျသူကား အခမ်းအနားနှင့် ဆိုင်၏၊ မဆိုင်၏ ကို မစဉ်းစားဘဲ သူပြောချင်ရာ ပြောတော့၏။ ကျွန်တော်တို့မှာ တောင်စဉ်ရေမရ သူ့စကားတို့ကို သည်းခံနားထောင် နေရရှာသည်။ အချိန်အကြာကြီးပြောသော်လည်း လိုရင်းသို့ မရောက်ပေ။ အခမ်းအနားနှင့် သက်ဆိုင်သော ပြောရမည့် အကြောင်းအရာကို သေချာပြင်ဆင်ထားခြင်း မရှိကြောင်း သက်သေ ပြလျက်ရှိတော့သည်။ ကြာလာတော့ နားထောင်သူများမှာလည်း အနှစ်မဲ့ သူ့စကားများကို အာရုံမစိုက်ကြဘဲ ဖုန်းသုံးသူကသုံး၊ အိပ်ငိုက်သူကငိုက်နှင့် အခမ်းအနားသည် အရုပ်ဆိုးလွန်းလှ၏။ ကျွန်တော်သည်လည်း ထိုအခန်းထဲက ထပြေးချင်စိတ်ကို အတင်းမျိုသိပ်လိုက်ရသည်။ နှစ်နာရီ လောက်ကြာမှ အခမ်းအနားပြီးသွားတော့သည်။ ထိုအခါမှ သက်ပြင်း ကို မှုတ်ထုတ်ကာ ထိုအခန်းထဲက အမြန်ပြေးထွက်လိုက်ပါသည်။ အစည်းအဝေးနှင့် ပတ်သက်သည်တို့ကား ခေါင်းထဲဘာမှာ မကျန်ခဲ့ပေ။ အစည်းအဝေး တက်ရောက်သူများမှာ ပညာတတ်များသာ ဖြစ်ကြပါသည်။ ပြောလိုသည့် အကြောင်းရင်းကို လိုတိုရှင်းပြောလိုက်ပါက အားလုံးနားလည်နိုင်ပြီး အချိန်ကုန်လည်း သက်သာနိုင်ပေမည်။ သို့သော် ၁၅ မိနစ်ဖြင့် ပြီးနိုင်သော အစည်းအဝေးသည် နှစ်နာရီ ကြာသွား၍ ကျွန်တော်တို့၏ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာ သွား လေတော့သည်။ ကျွန်တော်တို့၏ အသက်တမျှ အဖိုးတန်သောအချိန်များ အချည်းနှီးကုန်ဆုံးသွားလိုက်ရ၍ နှမြောနေရုံမျှတစ်ပါး ဘာတတ် နိုင်ဦးမည်နည်း။ ကိုယ့်အချိန်ကို လေးစားတန်ဖိုးထားတတ်သလို သူတစ်ပါး အချိန်ကိုလည်း လေးစားတန်ဖိုးထားတတ်သူများဖြစ်ဖို့ ကျွန်တော်တို့ လေ့ကျင့်ရပေဦးမည်။

ကျွန်တော်သည် အစည်းအဝေးများကို မကြာခဏ တက်ရတတ်ပါသည်။ အတိုဆုံးအစည်းအဝေးများနှင့်လည်း ကြုံကြိုက်ရဖူးပါသည်။ အစည်းအဝေးကျင်းပသည့်ကိစ္စကို "ကျွန်တော် ဒါလေးပြောချင်လို့ပါ" ဆိုပြီး သူပြောချင်ရာလေးတွေကို လိုတိုရှင်းပြောပြတတ်သော ဆရာကြီးတစ်ဦးကို ယနေ့တိုင် အမှတ်ရနေမိပါသည်။ သူပြောတာဆုံးသွားလျှင် "ဆရာတို့ ဘာများပြောချင်တာရှိပါသလဲ" ဟု ဆိုပြီး ကျွန်တော်တို့ကို တင်ပြခွင့်ပေးသည်။ လေးစားရပြန်ပါသည်။ သူ့အစည်းအဝေးသည် တစ်ခါမျှ ၁၀ မိနစ်ထက် မပိုခဲ့ဖူးပေ။ သူတစ်ပါး၏ အချိန်ကို လေးစားတတ်သူပါတကား။

(၃)

သူတစ်ပါး၏ အချိန်ကို လေးစားတတ်သော၊ မိမိအချိန်နောက်ကျမိ၍ တောင်းပန်တတ်သော လူကြီးလူကောင်းတစ်ဦးကို ရှားရှားပါးပါးတွေ့ရဖူးပါသည်။ အစည်းအဝေးကား နေ့လယ် ၁၂ နာရီစမည်။ သူသည် ၁၂ နာရီခွဲလောက်မှ ရောက်လာသည်။ သူရောက်လာတော့ အခမ်းအနားက စနှင့်ပြီ။ "ဆရာတို့ ကျွန်မ နောက်ကျသွားလို့ တောင်းပန်ပါတယ်။ ဟိုဘက်က အစည်းအဝေးက လက်စမသတ်သေးလို့ နောက်ကျသွားတာပါ" ဟု မိမိ၏နောက်ကျမှုအတွက် တရိတသေ တောင်းပန်လေ၏။ (သူကား ရန်ကုန်ပညာရေးတက္ကသိုလ်၏ ဒုတိယပါမောက္ခချုပ် အငြိမ်းစားဆရာမကြီး ဒေါက်တာထူးထူးအောင်ပင် ဖြစ်၏။) သူတောင်းပန်သူများကား တစ်ချိန်က သူ၏တပည့်များသာဖြစ်ပါ၏။ ယနေ့ထိ ကျွန်တော်သည် သူတစ်ပါး၏ အချိန်ကို လေးစားတန်ဖိုးထားတတ်သော၊ ကိုယ့်ထက်ငယ်သူတပည့်များကိုပင် မိမိနောက်ကျခြင်းအတွက် တောင်းပန်ရှာသော ဆရာမကြီးအား ပြန်မြင်ယောင်နေမိတတ်ပါသည်။

မိမိ၊ သူတစ်ပါးတို့၏ အချိန်ကိုတန်ဖိုးထား၊ လေးစားသူများကို ကြည် ညိုမိပါသည်။ ဂါရဝပြုမိပါသည်။ ကျွန်တော်ဖတ်ဖူးသော

စာတစ်ပုဒ်ထဲက ဆရာကြီးဒေါက်တာသန်းထွန်းအကြောင်းလေး ကိုလည်း စာဖတ်သူများကို ပြန်လည်ဖောက်သည်ချပေးလိုပါသည်။ မင်္ဂလာဆောင်အခမ်းအနားတစ်ခု။ ထိုအခမ်းအနား၌ ဆရာကြီးက မင်္ဂလာဩဝါဒပေးရမည်။ သို့နှင့် အခမ်းအနားမှူးက ဆရာကြီးကို ဩဝါဒပေးဖို့ ပန်ကြားသည်။ ထိုအခါ ဆရာကြီး ပြောသောစကားလေး က ရိုးရှင်းလွန်းပြီး အတုယူထိုက်သည်။

"ကဲ လူလည်းစုံပြီ။ ကျွန်တော်လည်း ဆာလှပြီ။ အဲဒီတော့ အတူနေသူကို စိတ်ချမ်းသာအောင် ထားဖို့ပဲ ပြောချင်ပါတယ်"

ဆရာကြီးသည် ရရှိလာသည့် နေရာ၌ မိန်းမောပြီး ဆရာခန်း မထုတ်။ အာဏာပါဝါ(ဆေးသကြား)မပြ။ သူတစ်ပါး၏အချိန်ကို လေးစားတတ်သည့်စိတ်ဓာတ်လေးက မွန်မြတ်လှပါသည်။ ကျွန်တော် တို့အားလုံး အတုယူသင့်ပေ၏။ တစ်ဖန်"အတူနေသူကို စိတ်ချမ်းသာ အောင် ထားပါ"ဟူသော စကားလေးကလည်း အတော်လေးနက်လှ သည်။ ရိုးရိုးလေးနှင့် ထိမိ၏။ ပညာရှိပီပီ အသုံးတိကျ၏။ တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုဘယ်ညာ နေထိုင်ရမည်ဆိုတာ ပုံပြင်ဇာတ်ထုပ်တွေ၊ အချီးတွေ၊ နိဒါန်းတွေ၊ လင့်ဝတ္တရား၊ မယား ဝတ္တရားဘာညာအပိုမပါဘဲ "အတူနေသူကိုသာ စိတ် ချမ်းသာအောင် ထားပါ"ဟူသော စကားလေးတစ်ခွန်းတည်းဖြင့် မိမိ၊ သူတစ်ပါးတို့၏ အဖိုးတန်အချိန်တွေကို လေးစားကြောင်း ဖော်ပြလိုက်သကဲ့သို့ ထို စကားလေးကို ကြားရသူအပေါင်း၏ ရင်တွင်းနှလုံးဓာတ်၌လည်း နစ်မြုပ်စွဲမြဲနေမည်ဟု ယုံကြည်ပါသည်။

(၄)

ဆရာကြီး ဦးအောင်သင်းပြောသလို အချိန်သည် အသက်ဖြစ်၏။ အချိန်သည် အနာဂတ်ဖြစ်၏။ အချိန်သည် ရွှေလည်းဖြစ်၏။ သို့သော် ထိုအချိန်သည်ကား တရွေ့ရွေ့သွားနေမည်သာ ဖြစ်သည်။ ကုန်ဆုံးပြီး သော အချိန်တို့သည် ပြန်မရနိုင်တော့ပေ။ ထို့ကြောင့် အချိန်ကို

တန်ဖိုးထားသူသည် မိမိဘဝကို တန်ဖိုးထားရာလည်း ရောက်၏။ သို့ရာတွင် ကိုယ့်အချိန်ကို တန်ဖိုးထားသလို သူတစ်ပါး၏ အချိန်ကို လည်း လေးစားတတ်ဖို့တော့ လိုပေလိမ့်မည်။ ။

**DEMOCRACY today**

သောကြာနေ့၊ ဇွန် ၂၃၊ ၂၀၁၃ ။

# ပျက်အစဉ်ပြင်ခဏ

(၁)

ရွာအလယ်မှာ ဇရပ်အိုကြီးတစ်ခု ရှိပါသည်။ တာလမ်းမကြီးပေါ်၌ ခန့်ညားစွာ တည်ရှိပါသည်။ နှစ်အတော်ကြာ ဇရာဒဏ်ကို ခံရပြီးနောက် ခေါင်မိုးက သွပ်ပြားတချို့ကပေါက်နေ၏။ တချို့ကသွပ်ဟာပင် မထင် လောက်အောင် ပုံယွင်းလာခဲ့၏။ သို့သော် ထိုမလုံ့တလုံ ဇရပ်အိုကြီးသည် ခိုနားသူတို့အတွက် အေးမြမှုကို အတန်အသင့် ပေးစွမ်းနိုင်သေး၏။

ငယ်ငယ်က ကျွန်တော်တို့ ကလေးတစ်သိုက်သည် ထိုဇရပ်အိုကြီး၌ပင် ဆုံကြသည်။ ဇရပ်အိုကြီး၏ တမံသလင်းပေါ်၌ ကျွန်တော်တို့ ကလေးသဘာဝ ဆော့ကစားခဲ့ကြသည်။ ဇရပ်အိုကြီးခမျာ ကျွန်တော်တို့ ကလေးများ၏ဒဏ်ကို အတော်သည်းခံပေးရှာ၏။ အရုပ်များ

ထောင်ကာ ပစ်ကြ၏။ သားရေပင် ပစ်ကြ၏။ ကျောက်ခဲလုံးလေးများကို လက်ထဲထည့်ပြီး ကုလားကြားဂုက်ကြ၏။ လက်ထဲကခဲကို မှန်းဆပြီး လောင်းရသည်။ တစ်ခါတလေ ကျောက်ဒိုးပစ်တမ်း ကစားကြသည်။ ထိုဇရပ်အိုကြီးသည် ခရီးသွားများအတွက်သာမက ကျွန်တော်တို့အတွက် ဘုံဗိမာန်ကြီးတစ်ခု ဖြစ်တော့သည်။

(၂)

ဇရပ်အိုကြီးကို အမှီပြု၍ ဘဝရပ် တည်နေရသူ တစ်ဦးရှိပါသည်။ သူကား ထီးပြင်ဆရာကြီး ဦးသက်ရှည်။ အသက်က ၆ဝ စွန်းလုလု။ မိသားစုကို ထီးပြင်သည့် ဝင်ငွေဖြင့်သာ ရပ်တည်နေရသူဖြစ်သည်။ ဇနီးနှင့် သားသမီး ၇ ယောက်လောက်ရှိသည်။ သားသမီးတွေကတော့ အရွယ် ရောက်ကုန်ကြ၊ တချို့အိမ်ထောင်တွေကျလို့ သားသမီးတွေ ရနေလင့်ကစား ဦးသက်ရှည်က ထီးပြင်နေရဆဲဖြစ်သည်။

သူနှင့်ကျွန်တော်က မိတ်ဆွေလည်းဟုတ်၊ ကျွန်တော့်ဆရာလည်းဟုတ်၏။ သူသည် အဖေ့သူငယ်ချင်းဖြစ်၍ အိမ်ကို အရောက်အပေါက်များသည်။ ထို့မှစ၍ သူနှင့် ကျွန်တော် စသိခဲ့ကြ၏။ ကျွန်တော်ပျင်းလျှင် ဇရပ်သို့သွားပြီး သူနှင့် ကျားထိုး၏။ စစ်တုရင်ထိုး၏။ ကျား၊ စစ်တုရင်တို့ ကစားနေလျှင် ထီးလာအပ်သူ၊ လာယူသူကိုပင် မေ့နေတတ်သည်။ အသက်အရွယ်ချင်း ကွာလွန်းသော်လည်း သူက ကျွန်တော့်ကို တူသားတစ်ယောက်နှယ် သံယောဇဉ်ကြီးရှာပါသည်။ ထို့နောက် သူသည်သူ၏ ထီးပြင်နည်းများကို ကျွန်တော့်အား သင်ကြားပေးသည်။ ကျွန်တော်လည်း လေ့လာမှတ်သား နာယူသည်။ ထီးအရွက်ချုပ်လျှင် ဘယ်လိုချုပ်၊ ထီးကိုင်း ကျိုးလျှင် ဘယ်လိုဆက်စသည်ဖြင့် သူက စိတ်ရှည်လက်ရှည် ရှင်းပြတတ်သည်။ သို့နှင့် ကျွန်တော်လည်း ထီးပြင်တာ အတော်လေးတတ်လာသည်။ ထီးတချို့ကို ကျွန်တော့်ဆီ လွှဲပေးလာသည်အထိ ကျွန်တော် ထီးပြင်ပညာ တတ်လာသည်။

ဦးသက်ရှည်သည် နွေကို မရောက်လို။ ဆောင်းကိုလည်းမရောက်လို။ မိုးရာသီ တစ်ခုတည်းကိုသာ အလိုရှိပေ၏။ မိုးရာသီသာ သူ့ကျေးဇူးရှင်။ သူ့ထမင်းရှင်။ အကြောင်းမှာ မိုးတွင်းရောက်သည်နှင့် ထီးအစုတ်၊ အပဲ့၊ အရွဲ့၊ အစောင်း၊ အနွမ်းများကို သူ့ထံလာအပ်ကြသဖြင့် မိုးတွင်းကာလသည် သူလိုထီးပြင်ဆရာတစ်ယောက်အတွက် ဝင်ငွေအကောင်းဆုံးရာသီ ဖြစ်သည်။ မိုးဆက်တိုက်ရွာ၍ နေမထွက်လျှင် တခြားသူများမှာ အဝတ်များ လျှော်ဖွတ်ရေးအတွက် စိတ်ညစ်ရသည်။ ခရီးသွားလာရေးအတွက် ပူပန်ကြရသည်။ သို့သော် မိုးရွာလျှင် ဖားများလို သူကား ပျော်သည်။ မိုးတိမ်များမြင်လျှင် သူ ဝမ်းသာသည်။ မိုးခြိမ်းသံသည် သူ့အတွက် တေးဂီတသံပမာ နားဝင်ချိုလှသည်။ နေ့တိုင်း မိုးရွာပါစေဟုပင် ဆုတောင်းနေမလားမသိပေ။

(၃)

မိုးလေးက တဖွဲဖွဲကျနေ၏။ ပတ်ဝန်းကျင်အား အေးမြမှုက လွှမ်းခြုံနေသည်။ ဦးသက်ရှည်နှင့် ကျွန်တော်သည် ပတ်ဝန်းကျင်၏ တိတ်ဆိတ်မှု၊ အေးမြမှုတို့ကို ဖိမ်ယူပြီး စစ်တုရင်ကစားလျက်ရှိ၏။ ကျွန်တော်တို့သည် ပတ်ဝန်းကျင်အား မေ့ကာ ယှဉ်ပြိုင်ကစားနေကြသည်။ သူ့ အရွှေ့ကို မျက်ခြေမပြတ်စောင့်ကြည့်နေ၏။ ကိုယ့်ဘက်က ဘယ်လိုပြန်ကာကွယ်လိုက်မည်။ ကိုယ်က ဘယ်လို ထိုးစစ်ဆင်လိုက်မည် စသည်ဖြင့် ဦးနှောက်ကို မနားတမ်း အလုပ်ပေးလျက် ရှိကြသည်။ မိုးအေးအေး၌ စစ်တုရင်ကစားခြင်းသည် ကျွန်တော်တို့အတွက် မဟာစည်းစိမ်ကြီး တစ်ခုပင်ဖြစ်သည်။

''ဦးသက်ရှည်---''

ကျွန်တော်တို့ မကြား။ ထို့နောက် ပခုံးကို လာလှုပ်မှ ထီးလာအပ်သူကို သတိထားမိလိုက်ကြတော့သည်။ ကျွန်တော်တို့ စစ်တုရင်ခုံကို ခဏဘေးချထားလိုက်ကြသည်။

''ခင်ဗျားဆီမှာ ရွှေ့တစ်ပတ်ကပဲ လာပြင်ထားတာ။ ခုပြန်ပျက်

သွားပြီ။ ခင်ဗျား ဘယ်လို ပြင်ပေးလိုက်တာတုန်း''

ထီးလာအပ်သူ အမျိုးသားကြီးသည် ပြောရင်း စိတ်ဆိုးဒေါသ ထွက်လာသည်။ ထို့နောက် ထီးကို ဦးသက်ရှည်၏လက်ထဲ ထိုးထည့် ပေးလိုက်သည်။ ဦးသက်ရှည်သည် ထီးကို အသေအချာ ဖွင့်ဖြန့် ကြည့်လိုက်ပြီး

''ခင်ဗျားတို့ ကိုင်တာ ကြမ်းလို့ပါဗျာ။ ကျွန်တော် သေသေချာချာ ပြင်ပေး လိုက်ပါတယ်ဗျ။ နောက်ပြီး ခင်ဗျားတို့ ထီးက ဘယ်မင်း လက်ထဲကမှန်းမှ မသိတာ။ ကဲကဲ ထားခဲ့လေ ညနေကျ လာယူလိုက် ဗျာ'' ဟု ပြောလိုက်သည်။

ထီးအပ်သူလည်း ဘာမှ ပြန်မပြောတော့ဘဲ ပြန်သွား၏။ ထီးက ကိုင်း အဆက်ပြုတ်ရုံမျှသာ ဖြစ်၏။ ပြင်လိုက်လျှင် ခဏချင်း ပြီးနိုင်သည်။ အလုပ်လည်း ပါးနေလျက်နှင့် ဘာကြောင့် ချက်ချင်းပြင် မပေးလိုက်တာလဲဟု ကျွန်တော်သည် ဆယ်ကျော်သက်ကလေး အတွေးဖြင့် တွေးကာ ဦးသက်ရှည်ကို ကြည့်လိုက်သည်။ သူသည် ကျွန်တော့်အကြည့်ကို နားလည်သွားပုံရသည်။

''မင်းစိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ငါသိပါတယ်ကွ။ ချက်ချင်းပြင်လည်း ရပါတယ်။ ချက်ချင်းပြင်လိုက်ရင် ငါ့ပညာကို အလွယ်လေးလို့ တွေးသွားမယ်။ ပြီးတော့''

သူသည် စကားကို ခဏရပ်လိုက်ပြီး ကျွန်တော့်ကို တည့်တည့် ကြည့်လိုက်ပါသည်။ ကျွန်တော့်မှာမူ သူ့အကြည့်ကို အဓိပ္ပာယ်မဖော် တတ်ပေ။

''ပြီးတော့ကွာ ငွေတောင်းလို့ သိပ်မကောင်းဘူးလေကွာ။ ပြင်ရ တာ ခက်မယ် ကြာမယ် ပြီးရင် ပြင်ခလည်း တောင်းလို့ ကောင်းမယ် လေ''

''ရှိသေးတယ်ကွ၊ ငါ တစ်ခါတည်း ခိုင်ခိုင်မာမာဖြစ်အောင် ပြင်လိုက်ရင် ထပ်မပျက်တော့ဘူး။ ထပ်မပျက်တော့ ထပ်မအပ်တော့

ဘူး။ ထပ်မအပ်မှတော့ ငါလည်း ငတ်တော့မှာပေါ့ကွ”

သူက သူ၏အမြော်အမြင် ကြီးမားပုံကို ရယ်ကာမောကာဖြင့် ပြောပြပါသည်။ ဆယ်ကျော်သက်မျှသာရှိသေးသော ကျွန်တော်သည် သူ၏ အတွေး အခေါ်၊ အမြော်အမြင် ကြီးမားပုံတို့ကို နားမလည်ခဲ့ပေ။

တကယ်တော့ သူသည် အမြော်အမြင်ရှိတာလား။ အမြော်အမြင် ကင်းမဲ့လွန်းတာလား။ တဒင် ငွေရရေးအတွက်ကိုသာ ကြည့်ခဲ့သည်။ မျက်တောင်မွေးတဆုံးမျှလောက်သာ ကြည့်ခဲ့သည်။ ရေရှည်ကို ထည့်မစဉ်းစားခဲ့ဟန်ရှိပေ၏။

ဩော် ကြာတော့ ကြာခဲ့ပြီ။

(၄)

မြို့ပြတွင် ပညာသင်ကြားရာမှ ကျောင်းပိတ်သည်နှင့် ဇာတိမြေသို့ ကျွန်တော် ပြန်ရောက်ဖြစ်ပါသည်။ ဇာတိမြေသည်လည်း မြို့ကလေး ဖြစ်လာခဲ့သည်။ မြို့အဆင့်နှင့် လျော်ညီအောင် နိုင်ငံတော်က လမ်းတွေခင်းဖို့၊ တံတားတွေ ဆောက်ဖို့ ငွေချပေးခဲ့သည်။ လမ်းတွေ၊ တံတားတွေနှင့် မြို့ကလေးသည် ခန့်ထည်လာခဲ့၏။

သို့သော် လွန်ခဲ့သော လအနည်းငယ်ကမှခင်းခဲ့သော မြို့လမ်းမကြီးမှာ ချိုင့်ခွက်တွေ ထနေ၏။ ဒဏ်ရာတွေ ဗရပွနှင့် လမ်းမကြီးမှာ မည်သို့မှကြည့်၍ မတင့်တယ်တော့ပေ။ ထို့ကြောင့် သက်ဆိုင်ရာက လမ်းပြန်ပြင်နေကြ၏။ ဘာကြောင့် တစ်ခါတည်း ကောင်းမွန်ခိုင်ခံ့အောင် မလုပ်ခဲ့ကြတာလဲ။ နိုင်ငံတော်က ပေးသည့်ငွေနည်း၍ လမ်းကိုကောင်းမွန်စွာ မခင်းနိုင်ခဲ့တာလား။ သို့တည်းမဟုတ် ထီးပြင်ဆရာကဲ့သို့ ထပ်ခါထပ်ခါ ပြင်ရရေးအတွက် ဦးတည်နေကြတာလား။ ကျွန်တော့်မှာ အိမ်အပြန်၌ လားပေါင်းများစွာဖြင့် ပြည့်နှက်နေတော့၏။

ကျွန်တော့်အသိ ဆရာမတစ်ဦး ပြောပြတာကို အမှတ်ရမိပါသည်။ သူက ကျွန်တော်တို့မြို့ကလေး၏ အရှေ့ဘက်ရှိ ရွာကြီးတစ်ရွာ၌

တာဝန်ကျသည်။ သူ တာဝန်ကျသည့် ကျောင်းသည် အထက်တန်းကျောင်း (ခွဲ) ဖြစ်ပြီး ၎င်း ရွာ၏ အနီးဝန်းကျင်ရှိရွာများမှ ကလေးများသည် အထက်တန်းအဆင့်ရောက်လျှင် ထိုကျောင်းသို့ လာတက်ကြရသည်။ ကျောင်းသားအင်အားကများပြီး ကျောင်းဆောင်မလုံလောက်သည့်အတွက် နိုင်ငံတော်က နှစ်ထပ်စာသင်ဆောင် ကြီးတစ်ဆောင်ဆောက်ဖို့ ကျပ်သိန်းပေါင်း ၆၀၀၀ ခန့် ချပေးသည်။ ထိုစာသင်ဆောင်ကြီးချပေးသည့်အတွက် ရပ်သူရွာသား ဆရာ၊ ဆရာများနှင့် ကျောင်းသားများမှာ အပျော်ကြီးပျော်နေကြသည်။ မကြာမီ အထက်လူကြီးများ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက တာဝန်ယူဆောက်လုပ်ရာ နှစ်ထပ်ကျောင်းဆောင်ကြီး ပေါ်ထွန်းလာသည်။ ထိုကျပ်သိန်း ၆၀၀၀ တန် စာသင်ဆောင်ကြီးကို ဖွင့်ပွဲကျင်းပကာ ဖွင့်လှစ်ပေးလိုက်သည်။ ယခင်က စာသင်ခန်းအတွင်း ကျပ်တည်းစွာ ပညာသင်လာခဲ့ရသည့် ကျောင်းသားလေးများမှာ ခမ်းနားလှသော နှစ်ထပ်စာသင်ဆောင်ကြီးသို့ ပြောင်းရွှေ့ပညာသင်ရသဖြင့် ကျေနပ်နေကြသည်။ သို့သော် တစ်လလောက်အကြာတွင် ထို သိန်း ၆၀၀၀ တန် စာသင်ဆောင်ကြီးမှာ လူအိုကဲ့သို့ အရေးအကြောင်းများပေါ်လာသည်။ အုတ်နံရံများအစင်းကြောင်းများထကာ ကွဲအက်ကုန်ကြသည်။ ဆရာနှင့် ကျောင်းသားများမှာ ထိုစာသင်ဆောင်ကြီးပေါ်၌ မနေဝံ့အောင် ဖြစ်နေကြသဖြင့် အထက်လူကြီးများကလာရောက်ကွင်းဆင်းစစ် ဆေးကြရသည်ဟူ၏။ ဩော် နိုင်ငံတော်ကမျိုးဆက်သစ်တို့ အေးချမ်းစွာ ပညာသင်ယူနိုင်ဖို့ ထောက်ပံ့လိုက်သည့် ကျပ် သိန်း ၆၀၀၀ တန် ထိုနှစ်ထပ်စာသင်ဆောင်ကြီးသည်အမှန်တကယ် သိန်း ၆၀၀၀ တန်ပါရဲ့လား။ ကျွန်တော် အင်ဂျင်နီယာပညာရှင်မဟုတ်၍မသိ။ သို့သော် ထိုစာသင်ဆောင်ကြီးမှာ အန္တရာယ်ကျောင်းဆောင်ဆိုတာလောက်တော့ သိ၏။

ထီးပြင်ပြီး ပျက်လျှင် ထပ်ပြင်လိုက်၍ သိပ်ဆိုးဆိုးဝါးဝါး မဖြစ်

သော်လည်း ဆောက်ပြီးသည့် တိုက်၊ အိမ်များ၊ တံတားများ၊ လမ်းများ ပြိုပျက်သွားခဲ့လျှင်တော့ နေထိုင်သွားလာသူတို့အတွက် အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ပါသည်။

(၅)

ကျွန်တော်တို့သည် ဘဝတစ်ခုစီရရှိ ပိုင်ဆိုင်ထားကြပါသည်။ ထိုဘဝ တစ်ခုကို ရှင်သန်ရပ်တည်နိုင်ဖို့ အသက်မွေးဝမ်းကျောင်းမှုကို ပြုလုပ်ရသည်။ "ဘယ်သူ သေသေ ငတေမာပြီးရော"၊ "ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်" စသော အတ္တတစ်ခုသာကြည့်ပြီး မိမိတို့၏ ဘဝကို ရှင်သန်ရပ်တည်သွားခြင်းသည် လူ့အဖြစ် မတန်။ လူဖြစ်ရကျိုး မနပ်။ လူ့ဘဝသည် အတ္တနှင့် ပရမျှတဖို့ လိုသည်။ ရရှိထားကြသော မိမိတို့၏ ဘဝကို ရိုးသားခြင်း၊ ကြိုးစားခြင်း တို့ဖြင့် တည်ဆောက်ထားကြမှသာလျှင် လောကလူ့ရွာသည် အစဉ်ထာဝရ အေးချမ်းသာယာနိုင်ပါသည်။

"ပျက်အစဉ် ပြင်ခဏ" လောက သဘာဝနိယာမဖြင့် ကျွန်တော်တို့ ရှင်သန်ကြရသည်။ သေဆုံးကြရသည်။ ထိုဖြစ်ခြင်း၊ ပျက်ခြင်း သဘောကို ကျွန်တော်တို့ လက်ခံနှလုံးသွင်းကြရပါသည်။ သို့သော် သဘာဝအတိုင်း ဖြစ်ခြင်း၊ ပျက်ခြင်းမဟုတ်ဘဲ မိမိပယောဂဖြင့် ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားသော ဖြစ်ခြင်း၊ ပျက်ခြင်းတို့ကိုကား အလိုမရှိ။ ဖြစ်ပြီး မပျက်မီ ကြာရှည်တည်တံ့စေချင်ကြတာ လူ့သဘာဝတစ်ခုပင် မဟုတ်ပါလား။ ။

ပညာရတနာဂျာနယ်
အတွဲ(၃)၊ အမှတ်(၁၁)၊ ၂၀၁၇

စာဖတ်သူအား အထူးကျေးဇူးတင်ပါသည်။
**ကိုကိုလင်း (အမေ့အိမ်)**